www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်နေ့ဝင်း

# သူလိုမင်းသမီး

ပထမအကြိမ်၊ ၁၉၆၉-ခု၊ ဇူလိုင်လ

အုပ်ရေ ၂၀၀၀၊ ရောင်းဈေး ၃-ကျပ်

F-1

www.burmeseclassic.com

www.burmeseclassic.com

ပန်းချီ
သောင်းဟန်

ဘလောက်
ဦးကျော်စိန်

မျက်နှာဖုံးရိုက်
ကုလားမောင်ဝင်း

ထုတ်ဝေသူ ။ ။ ရွှေမန်းဝင်းမြင့် (ခေါ်) ဦးဝင်းမြင့် (စာနိုင်ငံ)။
စာနိုင်ငံစာပေတိုက် (၀၁၁၃၄) ယာယီ။
၂၇၀ (ခ)၊ လမ်း ၄၀၊ ရန်ကုန်မြို့။

ပုံနှိပ်သူ ။ ။ ဦးမိုးဟိန်း (၀၇၃၃)မြို
ချိုးဖြူပုံနှိပ်တိုက်၊ ၁၄၇၊ မြန်မာ့ဂုဏ်ရည်လမ်း၊
ကန်တော်ကလေး၊ ရန်ကုန်မြို့။

ဖြန့်ချိသူ ။ ။ စာနိုင်ငံစာပေတိုက်
၂၇၀ (ခ)၊ လမ်း ၄၀၊ ရန်ကုန်မြို့။

BURMESE CLASSIC

## စာရေးသူ၏အမှာ

စာရေးသူအနေဖြင့် ရှေးဦးစွာ ဖွင့်ဟဝန်ခံလိုသော အချက်တချက်ကား ဤစာအုပ်သည် ပင်ကိုစိတ်ကူးဉာဏ်ဖြင့် တီထွင်ရေးသားခြင်း မဟုတ်ပါဟူသော အချက်ပင်ဖြစ်ပါသည်။

အမှန်အားဖြင့် ဤစာအုပ်ပါ ဇာတ်လမ်းမှာ ကမ္ဘာကျော် စာရေးဆရာ (HAROLD ROBBINS) ၏ နာမည်အကြီးဆုံး ဝတ္ထုတပုဒ်ဖြစ်သော (THE CARPET BAGGERS) ဝတ္ထုထဲမှ "ရီတာမာလိုး" အမည်ရှိ ရုပ်ရှင်မင်းသမီး (၀ါ) အဓိကဇာတ်ဆောင်တဦး၏ ဘဝဖြစ်စဉ်ကိုမှီး၍ မြန်မာလိုဆီလျော်အောင် ဖန်တီးရေးသားလိုက်ခြင်းသာ ဖြစ်ပေသည်။

"သည်ကားပက်ဘက္ဂါးစ်" ဝတ္ထုကား ကမ္ဘာတဝှန်းလုံး ကျော်ကြားခဲ့သော ဝတ္ထုကြီးတပုဒ် ဖြစ်သည့်ပြင် မူရင်းစာရေးဆရာက ဇာတ်လမ်းဖန်ရာတွင် စိတ်ကူးယဉ်သက်သက်မဟုတ်ဘဲ အမေရိကန်ရုပ်ရှင်လောက၊ မီလျံနာသူဌေးကြီးများ၏လောက

www.burmeseclassic.com

အတွင်း တကယ်ဖြစ်ပျက်ခဲ့သည့်အကြောင်းအရာများကို အခြေပြု ရေးသားခဲ့သည်ဟု သိရပေသည်။

စာရေးဆရာ ဟဲရီးလ်ရော်ဘင်၏ ရေးသားပုံ "ဟန်" သည် အလွန်ကောင်းမွန်ပြီး ပွင့်လင်းရဲတင်းလှသဖြင့် စာဖတ်ပရိသတ်များကို ဆွဲဆောင်နိုင်ခြင်းဖြစ်သည်ဟုလည်း အချို့က ယူဆကြ၏။ အမှန်ကတော့ပုထုဇဉ် လူသားတို့ဘာဝ အသက်အရွယ်၊ အချိန်ကာလ၊ အဆင့်အတန်း၊ ဥစ္စာဓန ကြွယ်ဝမှု၊ ဆင်းရဲမှုတို့၏ ဟန့်တားမှုကို ဂရုမစိုက်နိုင်တော့ဘဲ အခါခပ်သိမ်း ဖေါက်ပြန်နိုင်သည်ဟူသော အချက်ကို ဝတ္ထုကြောင်းဖြင့် သရုပ်ဖေါ်တင်ပြထားခြင်းဖြစ်လေသည်။

မည်သို့ပင်ဖြစ်စေ အဆိုပါ ဝတ္ထုကြီးသည် ကမ္ဘာ့အင်္ဂလိပ် စာဖတ်ပရိသတ်အဖို့ အလွန်နာမည်ကြီးသော၊ လူတိုင်းစိတ်ဝင်စားသော ဝတ္ထုတပုဒ်ဖြစ်ကြောင်း ယုံမှားဘွယ်မရှိချေ။

အင်္ဂလိပ်ဘာသာအပြင် ပြင်သစ်ဘာသာ၊ စပိန်ဘာသာ၊ ဂျာမန်ဘာသာများသို့ပင် အသီးသီး ပြန်ဆိုထုတ်ဝေခဲ့ခြင်းအားဖြင့် ဤဝတ္ထု၏ဆွဲဆောင်မှု အင်အားကို ခန့်မှန်းကြည့်နိုင်ပေသည်။

မူရင်းစာအုပ်တွင် ရေးသားပုံဟန်က ပွင့်လင်းလွန်းသဖြင့် 'ကြမ်းသည်' ဟုပင် ဝေဖန်ခံရသော်လည်း စင်စစ် စာရေးဆရာက သူတို့ အမေရိကန် လူ့အဖွဲ့အစည်းအတွင်း တကယ်ဖြစ်ပျက်နေတတ်သည်တို့ကို ဟန်ဆောင်ဖုံးကွယ်မှု မပါဘဲ တစ်တစ်ခွခွရေးသားလိုက်ခြင်းသာ ဖြစ်လေသည်။

ဤမျှ ပြင်းထန်သော ဖေါက်ပြန်မှုမျိုးတွေ ကျွန်တော်တို့ မြန်မာ့ လူ့အဖွဲ့အစည်းအတွင်းမှာတော့ မဖြစ်နိုင်ဟု ဆိုစရာရှိပါသည်။ ကျွန်တော်၏ရည်ရွယ်ချက်ကလည်း 'ချက် မှောက် ခေတ် မြန်မာလူမျိုးများ အလားတူဖေါက်ပြန်တတ်သည်ဟု မဆိုလိုပါ။ သူတို့ အမေရိကန် လူ့အဖွဲ့အစည်းအတွင်း၌ မည်မျှ ရှုပ်ထွေးဖေါက်ပြန်နေကြသည်ကို မြန်မာစာဖတ်ပရိသတ်အနေဖြင့် သိရှိနားလည်ကာ သင်ခန်းစာယူနိုင်ရန်သာ ရည်ရွယ်ပါသည်။

တိုက်ရိုက် မြန်မာပြန်ရေးလျှင် မြန်မာစာဖတ်ပရိတ်သတ်အဖို့ နိုင်ငံခြားနာမည်များနှင့် အသုံးအနှုန်း၊ ဓလေ့ထုံးစံများကြောင့် အရသာအပြည့်အဝ ခံစားနိုင်မည် မဟုတ်ဟု ယူဆမိသဖြင့် ကျွန်တော်၏ စိတ်ကူးဉာဏ်ဖြင့်သင့်သလိုမှီးကာ ဝတ္ထုဇာတ်လမ်း ဖန်တီးရေးသားလိုက်ခြင်းဖြစ်ပါသည်။

ဤဝတ္ထုရေးသားရာ၌ ကျွန်တော်၏ စိတ်ကူးဖြင့် တီထွင်ဖန်တီးရေးသားချက် လုံးဝမပါဟူ၍လည်းမဆိုနိုင်ပါ။ မင်းသမီး မေသက်ဝင်းအနေဖြင့် လောက၌ တကယ့်ချမ်းသာမှု အစစ်အမှန်ကို မရရှိသဖြင့် ကျေနပ်ရောင့်ရဲမှုမရှိပုံ၊ ဖခင်ဦးစံရှိန်က သံသရာဝဋ် ဆင်းရဲကို ကြောက် ပြီး ဝိပဿနာတရား အားထုတ်ခဲ့ပုံတို့ ဆိုလျှင် ဇာတ်လမ်းနှင့်ဆီလျော်အောင် ဖန်တီးရေးသားခဲ့ခြင်းဖြစ်ပါသည်။

ထို့ပြင် ဇာတ်သိမ်းကို ရုပ်ရှင်လောကအကြောင်း နောက်ကျောခံရာတွင် ကျွန်တော်ကိုယ်တိုင် မြန်မာရုပ်ရှင်လုပ်ငန်း နယ်ပယ်၌ ကျင်လည်ရင်းရရှိခဲ့သော ဗဟုဟုသ အတွေ့အကြုံများကို အခြေပြုကာ မူရင်းဝတ္ထုမှ အဖြစ်အပျက်များနှင့် အံဝင်အောင် ရေးသားခဲ့ခြင်းဖြစ်ပါသည်။

သို့ရာတွင် မင်းသမီးမေသက်ဝင်း၏ ဘဝခရီး တလျှောက် တွေ့ကြုံခံစားခဲ့ရသော ဖြစ်ရပ်များကိုကား မူရင်း အင်္ဂလိပ်ဝတ္ထု

www.burmeseclassic.com

မှ မင်းသမီး "ရိတာမာလီး"၏ ဖြစ်စဉ်များကို အများဆုံးအသုံးပြု ထည့်သွင်းရေးသားခဲ့ပါသည်။

အထူးကြို့တင်တောင်းပန်လိုသည်ကား ဤဝတ္ထုထဲမှ ပါဝင်သူ ဇာတ်ကောင်အားလုံးကို စိတ်ကူးသက်သက်ဖြင့် တီထွင်ထားခြင်းသာဖြစ်၍ မည်သူ တဦးတယောက်ကိုမျှ ရည်ရွယ်ခြင်း၊ သို့မဟုတ် "စောင်းမြောင်း" ရေးသားလိုခြင်း မရှိပါဟူ၍ပင် ဖြစ်ပါသတည်း။ ။

တက္ကသိုလ် နေဝင်း

ရန်ကုန်မြို့။
၃၁-၅-၆၉



# အပိုင်း (၁)

www.burmeseclassic.com

www.burmeseclassic.com

# (၁)

"ဟေ့….မီးတွေအားလုံးဆင်မပြီးသေးဘူးလားကွ….၊ ဖိုတိုဖလပ်နဲ့ တူးကေမီးလုံးကြီးတွေကလဲ အခုမှ ဝိုင်ဟာကြိုးဆက်တုန်းဘဲလား…. အားလုံးအဆင်သင့် ဖြစ်နေအောင် ခပ်မြန်မြန်ကလေး ဝိုင်းလုပ်ကြစမ်းပါကွာ…. ဒီနေ့ရိုက်ရမဲ့အခန်းက မပြတ်ရင် နက်ဖြန်ဆက်ရိုက်လို့ ဖြစ်တာမဟုတ်ဘူး၊ ဟိုဘက်ကဆောင်းဆရာတွေကလဲ မိုက်ကရိုဖုံးတွေဘာတွေ အဆင်သင့်လုပ်ထားတို့တော်ပြီထင်တယ်ဟေ့ …."

အသက်၅၀-ကျော်အရွယ်ခန့် ဝဝဖိုင့်ဖိုင့် ဗိုက်ရွဲရွဲ ကျဲကော်ကိုင်းမျက်မှန်တပ် ထိပ်ပြောင်ပြောင် လူကြီးတယောက်သည် အော်ကျယ်ဟစ်ကျယ်နှင့် ဆော်ဩလျက်ရှိလေသည်။

သူပြောသွားသောစကားထဲမှ "တူးကေ"၊ "ဖိုတိုဖလပ်"၊ "ဆောင်း"စသော စကားလုံးများကို သာမန်စာဖတ်သူတို့အနေနှင့် နားလည်ချင်မှ နားလည်မည်ဖြစ်သော်လည်းရုပ်ရှင်ရိုက်ကူးရာစတူဒီယိုအတွင်း၌မူ အော၊ဘီ၊စီ၊ဒီတလုံးမျှ မတတ်သော အလုပ်သမား သူငယ်ကလေးများပင် နားလည်ကြလေသည်။

www.burmeseclassic.com

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ထိပ်ပြောင်ပြောင်၊ ဗိုက်ရွှဲရွှဲလူကြီး အော်ကြီးဟစ်ကျယ် ပြောနေသော နေရာကလည်း ရန်ကုန်မြို့ဆင်ခြေဖုံး မရမ်းကုန်းအနီးရှိ ရုပ်ရှင်ခြံကြီး တခြံပင် ဖြစ်လေသည်။

ထိုလူကြီးကား "လဗိုမာန်ရုပ်ရှင်ကုမ္ပဏီ" ပိုင်ရှင်ဦးတုတ်ခိုင်ဆိုသူဖြစ်ပြီး သူ့ကုမ္ပဏီမှ ငွေကုန်ကြေးကျခံကာ အထူးစပယ်ရှယ်အကယ်ဒမီရွေစင်ရုပ်ဆုချိန်ပြီး ရိုက်ကူးနေသည့် "မိုးနတ်ဒေဝီ" ဇာတ်ကားမှ အရေးကြီးသော အခန်းတခန်းရိုက်ရန် ကြိုတင်ပြင်ဆင် ဆော်ဩနေခြင်းပင်ဖြစ်လေသည်။

ရုပ်ရှင်လောကတွင် မော်တော်ကားစက်ပြင်ဆရာ (မက္ကင်းနစ်)များလောကမှာကဲ့သို့ အင်္ဂလိပ်ဘာသာ အသုံးအနှုန်းများကို လူတိုင်းနားလည် အသုံးပြုနေကြသဖြင့် အေ၊ ဘီ၊ စီ၊ ဒီပင် မတတ်လင့်ကစား ဘာပစ္စည်းက ဘာခေါ်တယ်ဟူ၍ ရုပ်ရှင်အလုပ်သမားအားလုံးက နားလည်နေကြပြီး ဖြစ်လေသည်။

ဤနည်းအားဖြင့် လျှပ်စစ်ဝပ်အား(၂၀၀၀)ရှိသော ရုပ်ရှင်စတူဒီယိုသုံး မီးလုံးကြီးများကို "တူးကေ"ဟူ၍၎င်း၊(၅၀၀၀)အားကို "ဖိုက်ကေ"ဟူ၍၎င်း၊ အသံဖမ်း အသံသွင်းဘက်ဆိုင်ရာကို "ဆောင်း"ဟူ၍၎င်း ခေါ်ဝေါ်သုံးစွဲနေကြလေသည်။

ရုပ်ရှင်ကားများတွင် စကားပြောသံမပါဘဲ အရုပ်ချည်းသက်သက် အသံတိတ်ရိုက်ကူးရသည့်အကွက်များရှိရာ ထိုသို့ရိုက်ကူးသည့် ရိုက်ကွက်များကို အသံတိတ်ဟုမခေါ်ဘဲ "ဆိုင်းလင်းရှော့"ဟု ခေါ်ဝေါ်သုံးစွဲကြလေသည်။

"ဟာ ဦးလေးတုတ်ကလဲ ကျွန်တော်တို့ကိုချည့် ဖိလောနေတာဘဲ၊ ဦးလေး မင်းသမီးကဖြင့် အိမ်မှာ မိတ်ကပ်လိမ်းပြီးသေးမှာတောင်မဟုတ်ဘူး...."

အသက် ၂၀ ကျော်အရွယ်ခန့် ပိန်ပိန်ဖြူဖြူသူငယ်တဦးသည် ကင်မရာ ထရော်လီလိုင်းသံလမ်များရွှေ့နေရာမှ လှမ်းပြောလိုက်လေသည်။

သူကတော့ ကုမ္ပဏီပိုင်ရှင်များ၊ ဒါရိုက်တာများနှင့် ရင်းနှီးကျွမ်းဝင်လျက် ပြောရဲဆိုရဲရှိသူ မ်ုါတ်ပုံဆရာ၏အကူအညီ အလုပ်သမား မောင်းထွန်းဆိုသူဖြစ်လေသည်။

မောင်ထွန်းက ရယ်စရာပြောသလိုလိုနှင့် ဦး တုတ် ခိုင် အားအော်ပြောလိုက်သည်ကို ဓါတ်ပုံနှင့် အသံဖမ်းဘက်အလုပ်သမားများက သဘောကျဟန်ဖြင့် ပြုံးနေကြလေသည်။

သို့သော် ကုမ္ပဏီပိုင်ရှင် ဦးတုတ်ခိုင်ကမူ သဘောမကျနိုင်ဘဲ မျက်နှာထားတည်တည်ဖြင့်....

"ဟေ့ မောင်ထွန်း၊ မင်းသမီး မိတ်ကပ်လိမ်းပြီးတာ မပြီးတာ မင်းတို့အလုပ်မဟုတ်ပါဘူးကွ၊မင်းတို့တာဝန်က သူ ရောက်လာတာနဲ့ ချက်ချင်းစ ရိုက်နိုင်အောင် အားလုံး ပြင်ဆင်ထားဘို့ဘဲ။ တော်တော်ကြာ သူလာတော့မှ မင်းတို့က မီးလုံးရွှေ့တုန်း၊ ကင်မရာနေရာချတုန်းဆိုရင် ဘယ်လိုပြဿနာ ပေါ်တတ်တယ်ဆိုတာလဲ မင်းတို့အသိသားနဲ့။ အားလုံးသာ ရယ်ဒီ ဖြစ်အောင် လုပ်ထားကြ...."

ဟု ပြောပြီး စတူဒီယိုတဖက်ထောင့်တွင် ထိုင်နေသူ ဒါရိုက်တာနှင့် ဧည့်သည်လေးငါးဦးရှိရာသို့ လျှောက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဒါရိုက်တာ ဦးတင်ထူးကား ဆေးပေါ့လိပ်တလိပ်လက်ကြား ညှပ်လျက် သူ၏ ဇာတ်ညွှန်းစာအုပ်ကိုကြည့်နေလေသည်။

ဦးတင်ထူးမှာ နာမည်ကြီးဝါရင့်သူ ဒါရိုက်တာကြီးတဦး ဖြစ်၍ ရုပ်ရှင်ခြံထဲစကားများများမပြော ခပ်အေးအေးနေတတ်သူဖြစ်၏။ မင်းသမီး မင်းသားများနှင့် ဆက်ဆံရေးကိစ္စမှန်သမျှကိုလည်း ကုမ္ပဏီပိုင်ရှင်ကိုသာ တာဝန်လွှဲထားပြီး သူကိုယ်တိုင်ကတော့ ဇာတ်ကားရိုက်ကူးရေးနှင့် ပတ်သက်သည့် ရိုက်ကွင်းရိုက်ကွက်လှပစေရန်နှင့် ဇာတ်လမ်းသရုပ်ဖေါ်နည်းဟန် ကောင်းမွန်စေရန်သာ အာရုံစိုက်လုပ်တတ်လေသည်။

တနည်းအားဖြင့် ဦးတင်ထူးသည် ဒါရိုက်တာ အလုပ် သက်သက်လုပ်သူ ရုပ်ရှင်ဒါရိုက်တာတဦးဖြစ်၏။ စတူဒီယို အတွင်း ဆက်တင်အခမ်းအနား ပြင်ဆင်မှု၊ သရုပ်ဆောင်သူဇာတ်ကောင်များ၏ မိတ်ကပ်အလှပြင်နည်းများ မှန်မမှန်ကြည့်ရှုခြင်းကအစ၊ မင်းသမီး အချိန်မှန်လာရောက်ရေးကိစ္စ၊ မင်းသမီး စိတ်ကောက်လျှင် ချော့မော့နှစ်သိမ့် ချွေးသိပ်ခြင်းကိစ္စအားလုံးကို သူ့အနေနှင့် လုံးဝလှည့်မကြည့်ဘဲ ကုမ္ပဏီပိုင်ရှင် ဖက်တီးဦးတုတ်ခိုင်ကြီးကိုသာလွှဲထားလေသည်။

အထူးသဖြင့် "မိုးနတ်ဒေဝီ" ဇာတ်ကားမှ မင်း သ မီး ကို ဒါရိုက်တာဦးတင်ထူးက ကားရိုက်ခြင်းအလုပ်ကိစ္စမှလွဲ၍ လုံးဝ မပတ်သက်အောင် ခပ်အေးအေးနေချင်ပုံရလေသည်။

"ဟုတ်သားဘဲ ဦးတုတ်ခိုင်ရဲ့၊ ခင်ဗျားကသာ နှင်းကန်လာနေတာ၊ ခင်ဗျာ့ မင်းသမီးက ဘယ်မှာမှန်းတောင် မသိဘူး...."

တက်ဘာရက်စ်ဘောင်းဘီရှည်၊ ဒက္ကရွန် ဟာဝေယံရှပ် ဝတ်ထားသူ ငယ်ရွယ်သည်တဦးက လှမ်းပြောလိုက်ရာ ဦးတုတ်ခိုင်သည် ထိုလူအနီးသို့ ကပ်လာပြီး....

"ဦးလှမင်းက ကျွန်တော်တို့ မင်းသမီးအကြောင်း မသိလို့ပါ။ သူက တခြားမင်းသမီးတွေလို စတူဒီယိုထဲ အစောကြီးခေါ်ထားလို့ မရဘူးဗျ။ အိမ်မှာဘဲ နေတယ်၊ ဒီမှာ ကျွန်တော် တို့အားလုံး အဆင်သင့်ဖြစ်နေပြီဆိုမှ ဖုံးဆက်ခေါ်လိုက်ရင် သူ့ကားနဲ့ သူလာတယ်၊အေး....သူရောက်လာလို့ ဒီမှာကင်မရာတွေ မီးတွေအဆင်သင့်မဖြစ်ရင် နဲနဲမှ သဘောမကျဘူး၊ ဒါကြောင့် ကျွန်တော်က မင်းသမီးအိမ်ဖုံးမဆက်မီ အားလုံးရယ်ဒီဖြစ်အောင် တွန်းနေရတာဗျ။ ရှင်းရှင်းပြောရရင် ကျွန်တော်တို့ အနေနဲ့ ဒီမင်းသမီး စိတ်ဆိုးတာ, စိတ်ကောက်တာတို့ အဖြစ်မခံနိုင်ဘူး၊ မင်းသမီးစိတ်ကောက်မှာ 'အကြောက်ဆုံးဘဲ...."

ဟု ခပ်ရှင်းရှင်းပင် ဖွင့်ပြောလေသည်။

ထိုအခိုက် မောင်ထွန်းအမည်ရှိ သူငယ်ရောက်လာပြီး....

"ဦးလေး....ကျွန်တော်တို့ကင်မရာရော, မီးတွေရော အားလုံး ရယ်ဒီဘဲ...."

ဟု ပြောသဖြင့် ဦးတုတ်ခိုင်လည်း မင်းသမီးထံ တယ်လီဖုံးဆက်ရန် ကပျာကယာထွက်သွားလေသည်။

ဦးလှမင်းဆိုသူ ငယ်ရွယ်သူ သည် မောင်ထွန်း အား လှမ်းခေါ်၍....

"နေပါအုံး သူငယ်ရ၊ မင်းတို့ရုပ်ရှင်မင်းသမီးက တယ်ဒေါ်ဝါကြီးပုံရပါကလား...."

ဟု ပြောလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟာ... ပါဝါရှိတာလဲ မပြောနဲ့လေ၊ နာမည်ကျော် မင်းသမီး မေသက်ဝင်းဆိုတာ ဆရာကြီးတို့ကောင်းကောင်းမသိဘူးနဲ့တူတယ်။ ဗမာပြည်မှာ သူ့လိုမင်းသမီးတယောက်ထဲရှိတယ်ဗျ၊ နှစ်ယောက်မရှိဘူး...."

မောင်ထွန်းက သူ့ဝါသနာအတိုင်းအားရပါးရပြောပြသည်တွင် ဦးလှမင်းသာမက အနီးရှိ အခြားဧည့်သည်များပါ စိတ်ပါဝင်စားစွာဖြင့် နားစိုက်ထောင်နေကြလေသည်။

"ဟော- ဟုတ်လား၊ ဒါဖြင့် ဒို့ ကောင်းကောင်း မ သိ လို့ မင်းသမီးမေသက်ဝင်းအကြောင်း ပြောပြစမ်းပါအုံးကွာ...."

ဦးလှမင်းက ထပ်မေးလိုက်သောအခါ မောင်ထွန်းကလည်း ဒါရိုက်တာ ဦးတင်ထူးဘက် တချက်လှည့်ကြည့်ပြီးနောက် မင်းသမီး မေသက်ဝင်းအကြောင်း "လက်ချာ" ဆက်ပေး ပြန်လေသည်။

"မင်းသမီးအကြောင်း ပြောရရင်တော့ ဆုံးမှာမဟုတ်ဘူးဗျာ၊ ဟောဒီက ကျွန်တော်တို့ဆရာ ဦးတင်ထူးလဲ သိပါတယ်၊ ကျွန်တော်တို့ရုပ်ရှင်နယ်မှာ မေသက်ဝင်းလောက် ပါဝါကြီးတဲ့ မင်းသမီးမရှိတာတော့ အမှန်ဘဲ။ ပါဝါကြီးတာလဲ မပြောနဲ့လေ။ မေသက်ဝင်းပါတဲ့ဇာတ်ကားဆိုရင် သတင်းစာထဲကြော်ငြာလိုက်တာနဲ့ ကားငှားကတ်ထရိုက်တွေ သူ့ထက်ငါ အလုအယက် ပြေးလာပြီး ငှားကြတယ်။ ဒါဟာလဲ သူပါတဲ့ဇာတ်ကားကို ပရိသတ်က ကြိတ်ကြိတ်တိုးကြည့်ကြတော့မှာ သေချာတာကိုးဗျ။ နောက်ပြီး မင်းသမီးက သူ့လာငှားတိုင်း လိုက်တာမဟုတ်ဖူး၊ စတ္တူ ဇာတ်ညွှန်းကိုဖတ်ကြည့်ပြီး သူကြိုက်မှလက်ခံတယ်။ နောက်ပြီး



ဒါရိုက်တာကိုလဲ သူ့သဘောကျတဲ့လူကို ငှားမှဖြစ်တယ်။ ဘာဘဲဖြစ်ဖြစ်လေ....သူ စန်းထနေတဲ့ခေတ်ဆိုတော့ ကုမ္ပဏီပိုင်ရှင်တွေက မင်းသမီးအကြိုက် လိုက်လျှောကြတာဘဲ...."

"မင်းပြောတဲ့အတိုင်းဆိုရင်တော့ ဟုတ်မှာပါဘဲ၊ ဒါထက် အဲ့ဒီ မေသက်ဝင်းက တကယ်ကော စွံ့ရဲ့လား၊ လှတာချည့်ဘဲလား၊ အိုက်တင်ကောင်းတာလား...."

ဧည့်သည် တယောက်က ဝင်မေးလိုက်ရာ မောင်ထွန်းက....

"စွံ့ မစွံ့တော့ခင်ဗျားတို့ ကိုယ်တိုင် အခု ကားရိုက်တော့ အကဲခတ်ကြည့်ကြပေါ့၊ ဟော....ပြောရင်းဆိုရင်း ရွှေမင်းသမီး ကြွလာပါပြီဗျာ...."

ပြောပြောဆိုဆို မောင်ထွန်းသည် စတူဒီယိုဝင်ဝဘက်ဆီသို့ ညွှန်ပြလိုက်သဖြင့် အားလုံး လှည့်ကြည့်လိုက်ကြလေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

# (၂)

စတူဒီယိုအဝသို့ ထိုးဆိုက်လာသော မော်တော်ကားမှာ မလိုင်နှစ်ရောင်"ကာမင်ဂေဟာ" အမျိုးအစားဗောက်စ်ဝက်ဂွန်းကားဖြစ်လေသည်။

"ကာမင်ဂေဟာ" အမျိုးအစားဆိုသည်ကား ရိုးရိုးလိပ်ခုံးပုံ၊ ပေါင်မုန့်ပုံ ဗောက်စ်ဝက်ဂွန်းကားမျိုး မဟုတ်ဘဲ ပြိုင်ကားအင်ဂျင်စက် တပ်ဆင်ထားပြီး စက်အား အလွန်ကောင်းသော စပယ်ရှယ်ကားမျိုးပင်ဖြစ်၏။ သည်လိုကားမျိုးကို မြန်မာပြည်တွင် သံရုံးတရုံး၌သာ မြင်ဘူးကြသည်။

ဦးလှမင်းဆိုသူမှာ ကုန်သည်လုပ်ရင်း ကားပွဲစားလည်းလုပ်သဖြင့် မော်တော်ကားမျိုးစုံအကြောင်း ကျွမ်းကျင်နားလည်သူဖြစ်၍ သည်လိုကားမျိုး အလွန်ရှားမှန်းသိလေသည်။ နိုင်ငံခြားသံရုံးအဖွဲ့ဝင်ထဲမှ တယောက်တလေသာ စီးသည်ကို မြင်ဘူးခဲ့ရာ ယခုတော့ ရုပ်ရှင်မင်းသမီး မေသက်ဝင်းက "ကာမင်ဂေဟာ"ကားကို ကိုယ်တိုင်မောင်းလာသဖြင့် အံ့အားသင့်မိလေသည်။



ဘယ်ပုံဘယ်နည်းနှင့် ရရှိထားသည်မသိ။ မေသက်ဝင်းက ဗောက်စ်ဝက်ဂွန်း "ကာမင်ဂေဟာ"ကို ပိုင်ဆိုင်ရရှိနေသည်မှာ အသင်အရှားဖြစ်နေပေပြီ။

"အဲဒါဘဲဗျာ၊ ကျွန်တော်တို့ရဲ့ နာမည်ကျော်မင်းသမီး မေသက်ဝင်းဆိုတာ...."

ဇာတ်ညွှန်းဖိုင်တွဲကို ပိတ်လိုက်ရင်း ဒါရိုက်တာဦးတင်ထူးက ဧည့်သည်များအား လှမ်းပြောလိုက်၍ အားလုံးအာရုံစိုက်ကြည့်နေစဉ်မှာပင် မေသက်ဝင်းသည် မော်တော်ကားတံခါးကို ဖွင့်၍ဆင်းလာလေသည်။

ဦးလှမင်းနံဘေးမှ တရုပ်ကပြား နိုင်လွန်စက်သူဌေး ဦးကျင်သောင်းဆိုသူမှာ မင်းသမီးကို ကြည့်နေရာမှ....

"ဟာ....တကယ်လှတာဘဲဗျို...."

ဟု ပါးစပ်မှ ရေရွတ်လိုက်လေသည်။

ဦးလှမင်းကတော့ ဘာမှမပြောဘဲ မင်းသမီးကိုသာ ရွှန်းရွှန်းစားစား စူးစိုက်ကြည့်နေလေသည်။

ဝတ်စားဆင်ယင်ထားပုံကပင်လျှင် စိတ်ဝင်စားဘွယ်[illegible]ခြင်နေပေသည်။

မေသက်ဝင်းသည် ခရမ်းရောင် ၂-ထပ်ဇာအင်္ကျီ၊ ခရမ်းနုရောင် နောက်ခံတွင် ငွေချည်ပန်းပွင့်ကြီးများ ဖော်ထားသော ဖဲဘန်ကောက်လုံချည်တို့ ဝတ်ဆင်ထားပြီး ခေါင်းပေါ်တွင်လည်း ခရမ်းရောင် ဒေလီယာပန်းပွင့်ကြီးတပွင့် ထိုးစိုက်ပန်ထားလေသော အလွန်ဖက်ရှင်ကျ "ရှိုး"လှသည်ဟု ဆိုရပေမည်။

www.burmeseclassic.com

သည်လို ဖက်ရှင်ကျကျ ဝတ်ထား၍ ကြည့်ကောင်းအောင်လည်း သူမ၏ကိုယ်လုံးကိုယ်ပေါက်က အချိုးကျ လှပကြော့ရှင်းပါပေသည်။

ဘရာဇီယာပုံသဖွယ် ဇာဘော်လီပုံအဆန်းထွင် ဝတ်ထားသဖြင့် ပြည့်ဖြိုးမောက်ဆွက်နေသော ရင်သားအစုံကို အပေါ်မှ ဇာအင်္ကျီက လုံအောင်မဖုံးကွယ်နိုင်ပေရာ ဤသည်ပင်လျှင် မြင်ရသူ ဖိုသတ္တဝါ ယောကျ်ားထု၏ စိတ်ဓာတ်ကို ချောက်ချားစေနိုင်စွမ်း အပြည့်ရှိနေပေသည်။

စိတ်ထဲရှိသမျှ မျိုသိပ်မထားတတ်သူ ဦးကျင်သောင်းသည် ဦးလှမင်းအား လက်ကုပ်ရင်း....

"အင်း....ဘတ်စ်ကြီးကတော့ ၃၇-လက်မထက် မငယ်ဘူးထင်တယ်ဗျို...."

ဟု ခပ်တိုးတိုးမှတ်ချက်ချလိုက်လေသည်။

ပြည့်ဖြိုးလွှားလှသော ရင်သားမှဆင့် အောက်ဘက်ဆီသို့ ကြည့်လိုက်ပါမူ သေးသွယ်သောခါးနှင့် ဖေါင်းအိပြီး ကားနေသော တင်ပဆုံတို့ကလည်း မျက်စိအာရုံကို ဆွဲဆောင်လျက်ရှိပေသည်။

မေသက်ဝင်း၏ ကိုယ်လုံးကိုယ်ဟန် အချိုးအစား လှပမှုနှင့်တကွ သူ့နေရာနှင့်သူ ဖေါင်းဖေါင်းကြွကြွ အဖုအထစ်များတို့သည် ဆန့်ကျင်ဘက် လိင်ယောကျ်ားတို့အား စိတ်တွေဖေါက်ပြား ချောက်ချား အောင် ညှို့နိုင်စွမ်းရှိကြောင်းကား ယုံမှားဘွယ်မရှိချေ။

စောစောက မေသက်ဝင်းလှပုံအကြောင်း၊ ချီးမွမ်းခန်းဖွင့်ခဲ့သူ နိုင်လွန်စက်သူဌေး ဦးကျင်သောင်းပင်လျှင် ယခုတော့ ကားမပြောနိုင်တော့ဘဲ ပါးစပ်အဟောင်းသားနှင့် ငေးစိုက်ကြည့်နေပါတော့သည်။

နာမည်ကြီး ရုပ်ရှင်မင်းသမီးပီပီ မိတ်ကပ် အလှပြုပြင်နည်း ဦးလည်း ကျွမ်းကျင်သည့်အလျောက် နိုင်ငံခြားမိတ်ကပ်ပစ္စည်း ားဖြင့် ခြယ်သထားသော သူမ၏မျက်နှာကား ဘာမှဆိုဘွယ် ို။ မျက်ခုံး၊ မျက်လုံး၊ နှာတန်တို့က ပင်ကိုယ်သဘာဝအား င့် လှပသည့်အပေါ်တွင် မိတ်ကပ်အစွမ်းဖြင့် ရှုမငြီးအောင် ပကြည့်ကောင်းနေလေသည်။

မေသက်ဝင်း၏မျက်နှာမှ အစွမ်းအထက်ဆုံး လက်နက်များ ား အဘယ်နည်းဟု မေးလာလျှင် သူမမျက်လုံးနှင့် နှုတ်ခမ်း င်ဖြစ်သည်ဟု ဆိုရပေမည်။

"ရွှေသမင်သူ့ မျက်လုံး သုံးပန်လှရယ်....အလှရယ်...."စသော ယ်ဘွဲ့တေးသီချင်းအတိုင်း သမင်မပျို၏မျက်လုံးပမာ လှပသည် ာမက ထိုမျက်လုံးအစုံဖြင့် စူးစိုက်ကြည့်ခြင်းခံရသူ ယောကျ်ား ယောက်အဖို့ အသဲနှလုံးတိုင်အောင် ထိုးဖေါက်ခြင်းခံရသလို စ်သွားနိုင်ပေသည်။

မထူမပါး နီထွေးလှပသော နှုတ်ခမ်းအစုံနှင့် အမြဲလိုလို မပွင့်တပွင့်နေသည့် ပါးစပ်တို့သည်လည်း ဖိုသတ္တဝါတို့အား ဖိတ်ခေါ်နေသကဲ့သို့ မှတ်ထင်ရပေသည်။

(နာမည်ကျော် အမေရိကန်ရုပ်ရှင်မင်းသမီးထဲမှ အလားတူ နှုတ်ခမ်းမပွင့်တပွင့်နှင့် ယောကျ်ားတွေကို ချောက်ချားစေခဲ့သူများမှာ "ဘာဘာရာစတင်းဝစ်နှင့်" နှင့် "မာရီလင်မွန်ရိုး" တို့ဖြစ်ကြသည်။ ။စာရေးသူ)

www.burmeseclassic.com

မေသက်ဝင်းသည် ကားပေါ်မှ ဆင်းဆင်းချင်း ညှော်သည်များရှိရာဘက်သို့ တချက်မျှလှမ်းကြည့်လိုက်ရာ စက္ကန့်ပိုင်းမျှသာကြာသော ထိုအကြည့်ကို မြင်လိုက်ရုံနှင့် ဦးလှမင်း၊ ဦးကျင်သောင်းတို့လူစုက သူမ၏မျက်လုံးအလှ စူးရှမှုနှင့် နှုတ်ခမ်းအလှ ဆွဲဆောင်မှုတို့ကို ချက်ချင်း သတိပြုမိလိုက်ကြပေသည်။

"အော်....မသက်.... ချက်ချင်းဘဲ ရောက်လာတာကိုး၊ ဒီမှာတော့ အားလုံးအဆင်သင့်ပါဘဲ။ ထမင်းစားပြီးခဲ့ပလား၊ ရှုတင်မစခင် တခုခုစားအုံးမလား၊ နန်မ်ဆင်းက ဘဲပေါင်းမှာပေးမယ်လေ....၊ အားနာစရာမရှိပါဘူး....ဟဲ....ဟဲ...."

ကုမ္ပဏီပိုင်ရှင် ဦးတုတ်ခိုင်သည် မေသက်ဝင်းအားကုန်းကုန်းကွကွနှင့် ခရီးဦးကြိုပြုရင်းလောကွတ်ချော်နေလေရာ မောင်ထွန်းဆိုသူသူငယ်က ဓါတ်ပုံဆရာ ကိုအုံးကြည်အား အသာလက်ကုတ်၍ ပါးစပ်မဲ့ရွဲ့ပြလိုက်လေသည်။

"အေးပေါ့ကွာ.... နှစ်သောင်းကျော်ကြီးများ ပေးငှားရတဲ့ မင်းသမီးကျတော့ နန်မ်ဆင်းက ဘဲပေါင်း စား အုံးမလားတဲ့၊ ခြောက်ပြားလောက်ရတဲ့ ဗိုက်နေ့စားတွေကိုတော့ အမဲအူပြုတ်တခွက်တောင် မတိုက်ဘူး...."

မောင်ထွန်းသည် သူ့ဝါသနာအတိုင်း နောက်သလို ပြောင်သလိုနှင့် ပြောလိုက်သဖြင့် ကင်မရာမင်း ကိုအုံးကြည်က ညှော်သည်များရှိရာဘက်သို့ မေးငေါ့ပြပြီး ဆိတ်ဆိတ်နေရန်လက်ဟန်ခြေဟန်ဖြင့် ပြလိုက်လေသည်။

ဦးတုတ်ခိုင်က စေတနာရေစီးဘမ်းပြိုလိုက်၍ လောကွက်ချော်နေသော်လည်း မေသက်ဝင်း ကမူ ဘာမှ ပြန်မပြော။ ပြုံး၍ခေါင်းခါပြပြီး စတူဒီယိုအတွင်းဘက်ဆီသို့ ဆက် လျှောက် လာလေသည်။

မေသက်ဝင်းနှင့်အတူ အဝတ်အစားနှင့် မိတ်ကပ် သေတ္တာကိုင် မိန်းကလေးတဦးလည်းပါလာလေရာ ရုပ်ရှင် ရိုက်ရာ တွင် မင်းသမီးအား လိုအပ်သောအကူအညီများကူညီလုပ်ကိုင်ပေးရန် အမျိုးတော် သို့မဟုတ် ရံရွေတော်သဘောဖြစ်လေသည်။

ကင်မရာရှေ့ရောက်နေသော မင်းသမီးသည် မျက်နှာတွင်ချွေးထွက်နေသဖြင့် အလှပြုပြင်ရန် လိုအပ်ခဲ့သော် ရံရွေတော်မလေးက ပေါင်ဒါ ပတ်(ဖ်)၊ မှန်၊ ဘီး စသည်တို့ကို ယူပေးရလေသည်။

ဒါရိုက်တာ ဦးတင်ထူးရှိရာဘက်သို့လျှောက်သွားသူ မေသက်ဝင်းအား ကြည့်ရင်း ဦးကျင်သောင်းဆိုသူသည်....

"အင်း.... လမ်းလျှောက်သွားပုံကလဲ လှပါ့ဗျာ...."

ဟု မှတ်ချက်ချလိုက်ပြန်လေသည်။

မိန်းမတို့၏အလှကို ဖွဲ့ဆိုဖေါ်ကျူးရာ၌ ကိုယ်လုံး ကိုယ်ဟန်အချိုးကျပြေပြစ်မှု၊ မျက်ခုန်း,မျက်လုံး,နှာတံနှင့် မျက်နှာ၏ လှပချောမောမှုတို့အပြင် လမ်းသွားပုံ, ခြေလှမ်းလှမ်းပုံတို့၏ လှပမှုသည်လည်း အရေးပါသော အချက်တချက်ဖြစ်သည်ဟု ဆိုကြပေသည်။

လမ်းလျှောက်သွားသည်ကို မြင်ရရုံနှင့် ယောကျ်ား တို့၏စိတ်ကို ယိုဖိတ်အောင် ဆွဲဆောင်နိုင်စွမ်းရှိသူ မိန်းကလေးမျိုးကား များများစားစားမရှိ။ တထောင်တွင် တယောက်တွေ့ရန်ခဲယဉ်းသည်ဟုလည်းဆိုကြ၏။

www.burmeseclassic.com

www.burmeseclassic.com

ကွယ်လွန်သူ ကမ္ဘာကျော် အမေရိကန်ရုပ်ရှင်မင်းသမီး မာရီလင်မွန်ရိုး၏ လမ်းလျှောက်ပုံဟန်ကို ကြည့်ဘူးသူ များအဖို့ အထက်ပါလမ်းလျှောက်ပုံ လှပမှုအကြောင်း သဘော ပေါက်ပြီး ဖြစ်ပေလိမ့်မည်။

ဦးလှမင်းဆိုသူမှာလည်း မင်းသမီးမေသက်ဝင်း လမ်းလျှောက်သွားပုံကိုသာ ငေးမောကြည့်ရှုနေမိလေသည်။

မေသက်ဝင်းသည် ဒါရိုက်တာ ဦးတင်ထူးရှိရာဘက်သို့ ဆက်လျှောက်လာရာ ဦးတင်ထူးကလည်း ထိုင်ရာမှသလျက် ပြုံး၍ နှုတ်ဆက်လေသည်။

"အော်...မသက် ရောက်လာပလား၊ ဒီမှာတော့ အားလုံး အဆင်သင့်ဖြစ်နေပြီ။ ရိုက်လိုက်ကြရုံဘဲ...."

(မေသက်ဝင်းသည် စကားပြောလျှင် သူ့ကိုယ်သူ "သက်" ဟုပြောတတ်ရာ ရုပ်ရှင်လောကမှ သူမအား "မသက်"ဟုခေါ်လေ့ရှိကြသည်။ ခြံတွင်းရှိ ကလက်ရိုက်၊ မှန်ထိုး၊ မီးသမား၊ ဓာတ်ပုံဆရာ လက်ထောက်စသော စတူဒီယိုအလုပ်သမားလူငယ်များကမူ "မမသက်"ဟု ခေါ်ကြသည်။)

မေသက်ဝင်းသည် လက်ကိုင်အိတ်ထဲမှ ရွှေရောင်စီးကရက်ဗူးကလေးကို ဆွဲထုတ်လိုက်ပြီး စီးကရက်တလိပ် ယူ၍မီးညှိဖွာနေလေသည်။

စီးကရက်အမျိုးအစားကတော့ မြန်မာပြည်တွင် အလွန်ရှားသော (၉၉၉) ရွှေရောင် ဖေါ့ပတ်နှင့် စီးကရက်ဖြစ်သည်။

ငွေကြေးတတ်နိုင်သူ ကုန်သည်ပွဲစား သူဌေးကြီးများပင် မသောက်နိုင်သော (၉၉၉) စီးကရက်ကို ဘယ်ပုံဘယ်နည်းနှင့်



ရသည်မသိ။ မင်းသမီး မေသက်ဝင်းကတော့ မပြတ်သောက်နိုင်ပေသည်။

စီးကရက်ကိုဖွာပြီး မီးခိုးတွေမှုတ်ထုတ်လိုက်ရင်း မေသက်ဝင်းသည် ဒါရိုက်တာ ဦးတင်ထူးနှင့် စကားဆက်ပြောလေသည်။

"သက်ကလဲ ခြံထဲရောက်လာရင် ချက်ချင်း စ, ရိုက်နိုင်မှ သဘောကျတယ်ဆရာ၊ တချို့ကတော့ သက်ကိုကြီးကျယ်တယ် ဘာညာနဲ့ ပြောချင်ကြတယ်။ ဆရာသိတဲ့အတိုင်း ရုပ်ရှင်လောကမှာ ကားရိုက်တာကနဲနဲ အချိန်ဖြုန်းတာတွေက များနေတယ်။ ဇာတ်ကောင်တွေအားလုံးရောက်ပြီးခါမှ ကင်မရာပစ္စည်းရှာတာနဲ့၊ မီးလုံးတွေဆင်နေတာနဲ့ အချိန်အလဟသကုန်နေတာကို သက်တို့က ထိုင်စောင့်နေရတာလောက်စိတ်ပျက်စရာကောင်းတာ မရှိဘူး...."

"ဟုတ်ပါတယ်ကွယ်၊ ဆရာကိုယ်တိုင်ကလဲ အချိန်အလဟသကုန်တာ မကြိုက်ပါဘူး။ ဒါကြောင့် ဒီနေ့ကြိုတင်ပြီး အားလုံးအဆင်သင့်လုပ်ထားခိုင်းတာပေါ့...."

ခပ်လှမ်းလှမ်းမှ ရပ်ကြည့်နေသူ ဦးလှမင်း၊ ဦးကျင်သောင်းနှင့် ညွှန်သည်တဝိုမှာ မေသက်ဝင်း၏ စကားပြောသံကို ကြားရသောအခါ ရုပ်ချောသလောက် အသံကပါ သာယာလှကြောင်း သတိပြုမိကြလေသည်။

အချို့မိန်းကလေးများမှာ ရုပ်ရည်ချောမောလှပသော်လည်း စကားပြောလိုက်သည့်အခါ အသံက သာယာနာပျော်ဘွယ်မရှိ ဖြစ်နေတတ်၏။ ထိုကြောင့်ပင်လျှင် ရုပ်ချော၊ အသံကောင်းသူ မိန်းကလေးများအား "မျက်နှာမြင် ချစ်ခင်ပါစေ၊ အသံကြား

www.burmeseclassic.com

www.burmeseclassic.com

သနားပါစေ" ဆုတောင်းနှင့် ပြည့်စုံသည်ဟု ဆိုလေ့ရှိကြပေသည်။

မေသက်ဝင်း၏အသံကား နားထောင်ကောင်းရုံ သာယာနာပျော်ဘွယ်ရှိရုံမက ယောကျ်ားများ၏ စိတ်ကိုဆွဲဆောင်နိုင်သည့် ညို့ဓာတ်တမျိုးပါရှိသဖြင့် ထူးခြားနေ၏။ ရှင်းရှင်းဆိုရလျှင် လူကိုမမြင်ရသေးဘဲ အသံကြားရရုံနှင့် ယောကျ်ားများအဖို့ သူမအား ပြစ်မှားချင်စိတ် ဖြစ်ပေါ်လာစေနိုင်ပေသည်။

သူမ၏အသံမှာ ရုပ်ရှင်အသံဖမ်းဆရာတို့ ကြိုက်သော အသံမျိုးလည်း ဖြစ်ပေသည်။

(မေသက်ဝင်း ရုပ်ရှင်မင်းသမီးဖြစ်ရခြင်း အကြောင်းများ အနက် သူမ၏အသံ ထူးခြားကောင်းမွန်မှုသည် အဓိကအချက် တချက်ဖြစ်ကြောင်း ရှေ့လာမည့်အခန်းများတွင် ပေါ်လွင်လာမည် ဖြစ်ပေသည်။)

ရုပ်ရှင်ကုမ္ပဏီပိုင်ရှင် ဦးတုတ်ခိုင်သည် မင်းသမီး မေသက်ဝင်း ရောက်လာသည့်အချိန်မှစ၍ ပျာပျာသလဲဖြစ်နေလေသည်။ ဓါတ်ပုံဆရာ, အသံဖမ်းဆရာများဆီပြေးလိုက်၊ ဓါတ်မီး သမားများကို သတိပေးဆော်ဩလိုက်၊ ဆက်တင် အခမ်းအနား ပြင်ဆင်ထားသည်ကို ပြေးကြည့်လိုက်နှင့် ဗျာများနေပုံမှာ သူ၏ ခန္ဓာကိုယ်ဝဝကြီးကြောင့် မြင်ရသူများပင် စိတ်မောစရာဖြစ်နေပါတော့သည်။

ထိုနောက် ဒါရိုက်တာနှင့် မင်းသမီး စကားပြောနေရာသို့ လာပြီး....



"ကိုင်း....ဆရာဦးတင်ထူး၊ ဆက်တင်၊ ကင်မရာ၊အသံမီးတွေတော့ အားလုံးအဆင်သင့်ပါဘဲ။ မသက်လာတာနဲ့ အတော်ဘဲ၊ ချက်ချင်းစရိုက်နိုင်အောင် လုပ်ထားပါတယ်....ဟဲ....ဟဲ...."

ဟု ဒါရိုက်တာကို ပြောရင်းက မင်းသမီး မေသက်ဝင်း ကိုပါ မျက်နှာချိုသွေးနေလေသည်။

ဦးတင်ထူးသည် သူ၏ လက်ထောက်မှတ်တမ်းရေးသူမောင်ကိုလေးအား အဆင်သင့်ပြင်ရန် အမိန့်ပေးပြီးနောက်....

"ကိုင်း....ဒီလိုဆိုရင် ရိုက်လိုက်ကြတော့ဘဲ၊ ရိုက်မဲ့အခန်းကတော့ မနေ့က ကြိုတင်ပြောထားတဲ့ အတိုင်းပေါ့၊ မသက်က အဓိက ဇာတ်ကောင်ဘဲ...."

ဟု မေသက်ဝင်းအား လှမ်းပြော၍ လူကုံထံအိမ် ဧည့်ခန်း သဏ္ဌာန်ပြုလုပ်ထားသည့် ဆက်တင်ရှိရာသို့ ထသွားလေသည်။

"ဒါဖြင့် ဦးလှမင်းတို့ကလဲ ကားရိုက်တာကြည့်ရအောင် ဟိုဘက်နားကိုကြွကြပါ။ ကင်မရာနောက်နားကကြည့်ရင် လွတ်ပါတယ်...."

ဦးတုတ်ခိုင်က ဧည့်သည်များကို ပြောလိုက်သဖြင့် ဦးလှမင်းတို့ လူသိုက်လည်း ဓာတ်ပုံဆရာနှင့်ကင်မရာရှိရာဘက်သို့ အသာ ထွက်သွားကြလေသည်။

ထိုနေ့က ရိုက်ကူးသည့် အခန်းမှာ မေသက်ဝင်းက နာမည်ကျော်အဆိုတော်ဖြစ်နေချိန်တွင် သူမအားငွေနှင့်ပေါက်၍ အပိုင်စီးရန်ကြံသူ ဓာတ်ပြားကုမ္ပဏီသူဌေးနှင့် ရင်ဆိုင်ခန်း၊ ပထမငွေ့ ချော့သလိုလေသံပျော့နှင့် ပြောရာမှ နောက်ပိုင်း ခါးခါးသီးသီး ဘုပြောကာ အိမ်ပေါ်မှနှင်ချသည့် အခန်းပင်ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

ခတ်ပြားကုမ္ပဏီသူဌေးလုပ်သူ ဇာတ်ရုံ လူကြမ်း မင်းသား ဦးညိုမောင်မှာလည်း အဆင်သင့် ဆက်တင်ပေါ်သို့ရောက်ရှိနေပေပြီ။

ပထမဆုံးစရိုက်မည့်ရိုက်ကွက်(ကပ်)နှင့် ပတ်သက်၍ ဒါရိုက်တာ ဦးတင်ထူးက အသေးစိတ်ညွှန်ကြားပြောဆိုပြီးနောက်!...

"ဆောင်းနဲ့ ကင်မရာ ရယ်ဒီဘဲနော်.... ဒါဖြင့် ရိုက်မယ်.... အားလုံးတိတ်ကြပါခင်ဗျား...."

မှတ်တမ်းသမား မောင်ကိုလေးက အသံ ကျယ်ကျယ်ဖြင့် အော်လိုက်ရာ စတူဒီယိုတခုလုံး တိတ်ဆိတ်ငြိမ်သက်သွားပါတော့သည်။

*　　　*　　　*

# (၃)

ညွှန်ခန်းဆောင်အတွင်းရှိ အိစက်ညက်ညောသော ဆိုဖါကြီးပေါ်တွင်ထိုင်နေသူ မေသက်ဝင်းအား "တူးကေ"ခေါ် ဝပ် (၂၀၀၀)အား လျှပ်စစ်မီးလုံးကြီးများဖြင့် ထိုးလိုက်သောအခါ သူမ၏အလှသည် ပို၍ပင် ပေါ်လွင်ကြွားဝင့်လာသည်ဟု ထင်ရသသည်။

ခတ်ပုံဆရာ၏ စိစဉ်ညွှန်ကြားချက်ဖြင့် မီးအလင်းအမှောင်ပေးထားပုံက တကယ်ပင်အနုပညာဆန်သဖြင့် ပင်ကိုယ်ကလှပြီးသား မေသက်ဝင်း၏မျက်နှာကလေးမှာ လျှပ်စစ် မီးရောင်တွင် မြိုးအောင် ချောမောလှပနေပါတော့သည်။

"ဘဲ နဲ့ လဲဗျ။ ကျွန်တော့် မင်းသမီးက မလှဘူးလား...."

ကုမ္ပဏီပိုင်ရှင် ဦးတုတ်ခိုင်က ကြွားသလိုလို၊ ဂုဏ်ယူသလိုလိုနှင့် ခပ်တိုးတိုးမေးလိုက်သောအခါ နိုင်လွန်စက်သူဌေးဦးကျော်သောင်းက သူ၏ရွှေသွားများပေါ်အောင် ပြုံးလျက်....

"လှတယ်....လှတယ်....အားကြီးလှတယ်။ ကျွန်တော်ကတော့ သိပ်သဘောကျတယ်...."



www.burmeseclassic.com

www.burmeseclassic.com

ဟု ပြန်ပြောလိုက်လေသည်။

ဦးလှမင်းအပါအဝင် အခြားဧည့်သည် များကား ဟန်အမူ အရာလုပ်ရန် ပြင်ဆင်နေသူ မင်းသမီး မေသက်ဝင်းကိုသာ မျက်တောင်မခတ် ငေးစိုက်ကြည့်နေကြလေသည်။

"ရိုဟာဇယ်"ခေါ် အစမ်းလေ့ကျင့်ပုံကို ဒါရိုက်တာက ကျေနပ် သဘောကျပြီး ခတ်ပုံဆရာ၊ အသံဖမ်းဆရာတို့က "ရယ်ဒီ"ဟု အော်ပြော၍ ဦးတင်ထူးက ခေါင်းညိတ်ပြလိုက်သောအခါ လက်ထောက် မောင်ကိုလေးသည်ကျောက်သင်ပုန်း သဏ္ဌာန်နံပါတ်ပြားတခုကို ကင်မရာ ရှေ့တည့်တည့်တွင် ထားလျက်....

"စင်း တွင်တီ၀မ်း-အော ကပ်ဝမ်း"

ဟု အော်ရင်း ဖြန်းကနဲ ကလက်ကိုရိုက်ချလိုက်လေသည်။

တချိန်တည်းမှာပင် ကင်မရာနှင့်အသံဖမ်းစက်များ လှုပ်ရှားလည်ပတ်လာလေသည်။

မေသက်ဝင်းသည် ရှေ့တည့်တည့်တွင်ထိုင်နေသူ ဦးညိုမောင်အား ခပ်ပြုံးပြုံးကလေးကြည့်ရင်း စီးကရက်ကို ဟန်ပါပါ ဖွာနေလေသည်။

ကြည့်နေသော သူမ၏မျက်လုံးအစုံကား ညို့ခက်အပြည့်ပါရှိလျက် အရောင်တဖျတ်ဖျတ် ထွက်အောင် တောက်ပလျက်ရှိလေသည်။

ကင်မရာနောက်နား၌ရပ်ကြည့်နေသူ ဦးလှမင်းနှင့် ဦးကျင်သောင်းတို့လူစုမှာ မေသက်ဝင်းကို ရှေ့တည့်တည့်မှမြင်နေရလေရာ သူမ၏ မျက်လုံးများ မည်မျှစူးရှပြီး ဆွဲငင်ခတ် ပြင်းထန်ပုံကို ကောင်းစွာသိရပေသည်။

"အကိုးကြီးရဲ့ ခေတ်နောက်ကို နားလည်ပါတယ်။ အကိုကြီးတို့ခေတ်ပြားကမ္ဘာက ရှေ့ရှောက် တိုးတက်ကြီးပွားဘို့ အလားအလား ဘယ်လောက်ကောင်းနေတယ်ဆိုတာလဲ ကျမသဘောပေါက်ပါတယ်...

မေသက်ဝင်းက မျက်နှာထား ချိုချိုနှင့်ပင် ပြောလိုက်ရာ ခေတ်ပြားသူဌေးလုပ်သူ ဦးညိုမောင်ကလည်း ပြုံးဖြီးဖြီးနှင့်....

"ဝမ်းသာပါတယ် မေရယ်။ အကိုကြီး အနေနဲ့က မေ့အပေါ် အထူးစာလည်း စေတနာထားတာကို သိတယ်ဆိုရင် ကျေနပ်လှပါပြီ...."

ဟု ပြန်ပြောလိုက်ပြီး မေသက်ဝင်းအနီးသို့ ခြေတလှမ်းတိုးလိုက်ချိန်တွင် ဒါရိုက်တာ ဦးတင်ထူးက အချက်ပြလိုက်သဖြင့် မောင်ကိုလေးက "ဂျပ်"သို့မဟုတ် ကလက်ဝင်ရိုက်ရာ ကင်မရာနှင့် အသံဖမ်းစက်များအားလုံးရပ်သွားလေသည်။

ခတ်ပုံဆရာ ကိုအုန်းကြည်က....

"မီးတွေအောက်လိုက်တော့ဟေ့...."

ဟု လှမ်းပြောလိုက်ချိန်တွင် စောစောက တခန်းလုံးထိန်လင်းအောင် ထွန်းထားသော မီးလုံးကြီးများလည်း ချက်ချင်းမှောင်ကျသွားလေသည်။

ထိုနောက် ဒါရိုက်တာသည်ကြားချက်ဖြင့် ကင်မရာကို နေရာရွှေ့ပြောင်းပြီး မီးလုံးကြီးများ အသစ်ပြန်ချိန်ကြရပြန်လေသည်။

ဆရာဦးတင်ထူးသည် ဧည့်သည်များရှိရာဘက်သို့လျှောက်လာပြီး မင်းသမီး မေသက်ဝင်းအကြောင်းထပ်လောင်းပြောပြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

"မင်းသမီးက အခကြေးငွေသူများထက်ပိုပေးရတာမှန်တယ်။ မာနကြီးတယ်၊ ဆက်ဆံရ ဘုကျတယ်ဆိုတာလဲ ဟုတ်တယ်.... ဒါပေမဲ့ ကားရိုက်တဲ့ နေရာ ကျတော့ အလုပ်ကို အလုပ်နဲ့တူအောင် တကယ်လုပ်တယ်ဗျ။ မှတ်ဉာဏ်ကလဲ အလွန်ကောင်း။ သူနဲ့ကားရိုက်တုန်း စကားမှားတာတို့၊ မေ့လို့ ပြန်ရိုက်ရတာတို့ မရှိသလောက် နဲတယ်။ ဟန်အမူအရာဘက်ကလဲ ဒါရိုက်တာက သဘောလောက်ပြောပြရုံနဲ့ အကောင်းဆုံးအိုက်တင်ဖြစ်အောင် ကြိုးကြိုးစားစား သရုပ်ဆောင်နိုင်တယ်။ ဒါကြောင့်လဲကုမ္ပဏီပိုင်ရှင်တွေက မေသက်ဝင်းဆိုရင် ဖူးဖူးမှုတ် အရေးပေးနေကြတာပေါ့။ မင်းသမီးထဲမှာတော့ တကယ်ရှားပါတယ်ဗျာ...."

စောစောက ရိုက်ကွက်တကွက်ကို မြင်လိုက်ရပြီးသူ ဦးလှမင်းတို့လူစုကား ဒါရိုက်တာ ဦးတင်ထူး၏စကားတွင် အပိုတလုံးမှ မပါဘဲ အမှန်ချည့်ဖြစ်ကြောင်းသိပြီးဖြစ်နေပေသည်။

နောက်တကပ်(ရိုက်ကွက်)တွင် သူဌေးဦးညိုမောင်က ချိတ်တိတ်တိတ်စကားပြောနေခိုက် မေသက်ဝင်း မျက်နှာအားဟန် အမူအရာလှုပ်ရှားပုံကို အသားပေးဖေါ်ပြသည့် ရိုက်ကွက်ဖြစ်၍ ကင်မရာကို ဦးညိုမောင်၏ နောက်ကျောဘက် ဆီမှ မင်းသမီး မျက်နှာကို ချိန်ထားလေသည်။

(ဝတ္ထုဇာတ်လမ်းတွင် မင်းသမီးနာမည်ကို ခင်မကြည်ဟု ပေးထားသဖြင့် ဦးညိုမောင်က 'မေ'ဟု ရင်းရင်းနှီးနှီးခေါ်ပြောရခြင်းဖြစ်လေသည်။)

"စင်း တွင်တီဝမ်း- ဘီ"

မောင်ကိုလေးက အော်ပြီး ကလက်ရိုက်ချလိုက်၍ စက္ကန့်ပိုင်းအတွင်းမှာပင် ဦးညိုမောင်သည် ဆရာဦးတင်ထူးသင်ကြားထားသည့်အတိုင်း စကားစ,ပြောလေသည်။

သူ၏ မျက်နှာအမူအရာကား မေသက်ဝင်းက ညှုတုတု ပြုံးနေသည်ကို သဘောကျ ပီတိဖြစ်ဟန်ရှိနေလေသည်။

"မေ့ကို အကိုကြီး ဒီစကားပြောမယ်ပြောမယ်နဲ့ကြံနေတာ တော့ အတော်ကြာပါပြီ။ အခါအခွင့်မသင့်လို့ မပြောခဲ့ရဘူး၊ ဒီနေ့တော့ အခုလို မေနဲ့လွတ်လွတ်လပ်လပ်တွေ့ရတုန်း ကြုံကြိုက်လို့ ပြောရအုံးမယ်။ အကိုကြီးဟာ မေ့အပေါ်မှာ စေတနာရှိရုံ မကဘူး၊ မေတ္တာပါ တနေ့တခြား ပိုလို့လာပါတယ်။ မေ့ရဲ့ သီချင်းဆိုတဲ့ အသံရော, ရုပ်ရည် အဆင်းလှပပုံကိုပါ အကိုကြီး စိတ်ထဲ အမြဲလိုလိုစွဲလန်းနေမိတယ်။ မေနဲ့ ဆက်ဆံရတာ ရိုးရိုး အဆိုတော်တယောက်နဲ့ ဓါတ်ပြား ကုမ္ပဏီ ပိုင်ရှင်တို့ အလုပ်သဘောဆက်ဆံရတာမျိုးနဲ့ မကျေနပ်အားမရလဲ ဖြစ်မိပါတယ်။ လိုရင်းကို ပြောရရင် အကိုးကြီးနဲ့မေ့ကို အခုလို အလုပ်သဘောဆက်ဆံတာထက် တဆင့်တိုးပြီး ရာသက်ပန် ရင်းရင်းနှီးနှီး...."

ဦးညိုမောင်သည် စကားကို တပိုင်းတစဖြတ်လျက် မေသက်ဝင်း၏ မျက်နှာရိပ်မျက်နှာကဲကို ကြည့်နေလိုက်လေသည်။

သူစကားပြောနေခိုက် မေသက်ဝင်း၏ မျက်နှာ အမူအရာလှုပ်ရှားပုံ ပြောင်းလဲပုံများကို အသားပေး ဖေါ်ပြသည့် ရိုက်ကွက်(ကပ်)ဖြစ်သည့်အလျောက် ဒါရိုက်တာ ဦးတင်ထူးနှင့်တကွ စတူဒီယိုတွင်းရှိ လူအားလုံးသည် သူမ၏မျက်နှာကိုသာ အာရုံစိုက်ကြည့်နေကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com

မေသက်ဝင်းကလည်း မိမိ၏ သရုပ်ဆောင်မှု ဟန်အမူအရာ မည်မျှပိုင်နိုင်ကြောင်း သိသိသာသာ အစွမ်းပြ 'အိုက်တင်' လုပ်သွားလေသည်။

ဦးညိုမောင်၏ စကားအစပိုင်းတွင် ဂရုမစိုက်သလို စီးကရက်ကို ဖွာနေလိုက်၏။ နောက်တော့ သူမ၏ စူးရှလှပသော မျက်လုံးအစုံဖြင့် ဦးညိုမောင်ကို ရှန်းရှန်းစားစား ကြည့်နေလိုက်သည်။ တချိန်တည်းမှာပင် သူမ၏ နှုတ်ခမ်းများ မပွင့်တပွင့်ဟကာ ပြုံးယောင်သန်းလာသည်။ ဦးညိုမောင်က "မေတ္တာတွေ တနေ့တခြား ပိုလို့လာပါတယ်" ဟူသော စကား ပြောနေချိန်တွင် မေသက်ဝင်းသည် သဘောကျသလိုလိုနှင့်သွားများပေါ်အောင်ပင် ပြုံးလိုက်ပါသေးသည်။ ပြီးတော့ လက်ကြားမှ စီးကရက်ကို အားရပါးရဖွာလိုက်သည်။ သူမ၏ မျက်လုံးများကား ညှို့ဓါတ် အပြည့်အဝနှင့် ဦးညိုမောင်အား စိုက်ကြည့် လျက် ပင်ရှိနေဆဲဖြစ်သည်။

ဦးညိုမောင်က....

"အလုပ်သဘော ဆက်ဆံရတာမျိုးနဲ့ မကျေနပ် အားမရဖြစ်မိပါတယ်...."

ဟု ပြောသောအခါ၌ဆိုလျှင် သူမသည် အပြုံး မပျက်ဘဲ နားလည်သဘောပေါက်ဟန်ဖြင့် ခေါင်းညိတ်လိုက်လေသည်။

"ရာသက်ပန် ရင်းရင်းနှီးနှီး" ဟု ဦးညိုမောင်က စကားကို ဖြတ်ချလိုက်ချိန်တွင် မေသက်ဝင်းသည် စီးကရက်တိုကို ပြာခွက်ထဲ ပစ်ချလိုက်ပြီးနောက် ခပ်ရဲရဲနှင့်ပင် ဦးညိုမောင် အနီးသို့ ခြေတလှမ်းတိုးကာ ခပ်မော့မော့ကလေး ပြုံး နေ လိုက် လေသည်။

ကင်မရာနောက်မှကြည့်၍ မြင်ရသောမြင်ကွင်းကား- နောက်တော့ ရုပ်ရှင်ပိတ်ကားပေါ်၌ မြင် ရ မည့် အတိုင်း ဖြစ် သည့်အလျောက် ဦးလှမင်းနှင့် ဦးကျင်သောင်းတို့လူသိုက်မှာ မေသက်ဝင်း၏ ဟန်အမူအရာသရုပ်ဆောင်မှု မည်မျှကောင်းမွန်ကြောင်း သေချာစွာသိသွားကြလေသည်။

သူမ၏မျက်လုံးများဖြင့် စူးစိုက်ကြည့်ပုံ၊ နှုတ်ခမ်းမပွင့်တပွင့်နှင့်ပြုံးပုံတို့မှာ ဦးညိုမောင်အား ညှို့နေသလိုရှိသော်လည်း ဘေးပရိသတ်အနေဖြင့် သရော်သလို၊ လှောင်နေသလိုအမူအရာ လုပ်နေသည်ဟုထင်ရအောင်လည်း မသိမသာ ပြနေပေသည်။

မေသက်ဝင်း၏ ဟန်အမူအရာ မျက်နှာပေးမှာ ပိုင်နိုင်ကောင်းမွန်အသက်ပါလှသည်ဟု ရဲဝံ့စွာ အာမခံချက်ပေးနိုင်မည့် အခြေအနေမျိုးဖြစ်နေပေသည်။

ကင်မရာ နောက်တည့်တည့်မှ ရပ်ကြည့်နေသူ နိုင်လွန်စက်သူဌေး ဦးကျင်သောင်းဆိုလျှင် မေသက်ဝင်း၏ မျက်လုံးမျှ မှ ညှို့ဓါတ်ကြောင့် ကျောချမ်းသလို၊ ကြက်သီးထချင်သလို၊ ထွက်ပြေးချင်သလိုလို ဖြစ်မိသည်နှင့်အမျှ "ဟယ်....ဖြစ်ချင်တာဖြစ်" ဟူသော သဘောဖြင့် မေသက်ဝင်းအား အတင်းသိမ်းကျုံး ပွေ့ဖက်လိုက်ချင်သလိုလိုပင် ဖြစ်မိလေသည်။

သူ့အနေနှင့် မေသက်ဝင်း၏ မျက်လုံးနှင့် နှုတ်ခမ်းများ ကို ကြည့်ရင်း အသက်ရှူကျပ်လာသလို ဖြစ်မိလေသည်။

ဦးလှမင်းကတော့ စောစောက ဒါရိုက်တာ ဦးတင်ထူးက....

"မင်းသမီးထဲမှာတော့ ရှားပါတယ်ဗျာ...."

ဟု ပြောခဲ့သည်ကို ပြန်သတိရရင်း မင်းသမီး မေသက်ဝင်း၏ အစွမ်းကို စိတ်ထဲမှ ကျိတ်ချီးကျူးနေမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com

မိန်းမတို့၏သဘာဝအကြောင်း ဏ္ဍတ္တိသျှတ္တရကျမ်း ကျေသူများအဖို့ ရုပ်ရည်ချောမောလှပသူ၊ ကြည့်၍ယဉ်သူ မိန်းကလေးများအပြင် ဖိုသတ္တဝါယောကျ်ားထုအား ဆွဲငင်နိုင်သည့် ညို့ဓါတ် (SEX APPEAL) သို့မဟုတ် ဖိုမ,စိတ်ဆိုင်ရာ လိင်ဆွဲဆောင်မှုအစွမ်းရှိသူ ထူးခြားသော မိန်းမမျိုးလည်း ရှိ သေးကြောင်း နားလည်ကြပေသည်။

မင်းသမီး မေသက်ဝင်းကား ယင်း ညို့ဓါတ်အစွမ်းကောင်းကောင်းကြီးပြည့်စုံသူ မိန်းမတယောက်ဖြစ်သည်ဟု ဦးလှမင်း၏စိတ်ထဲ၌ တထစ်ချ ဆုံးဖြတ်မှတ်သားထားလိုက်ပြီ ဖြစ်ပေသည်။

"အင်း....မင်းသမီး မေသက်ဝင်းနာမည်ကြီးတာ ဒါကြောင့်ကိုး...."

ဟူ၍လည်း ကောင်းစွာ နားလည် သဘောပေါက်လာမိပါတော့သည်။

× × ×

ထို့နောက် ဒါရိုက်တာ ဦးတင်ထူးသည် ရိုက်စရာကျန်သည့် ရိုက်ကွက်များ တခုပြီးတခု ဆက်တိုက်ရိုက်သွားလေသည်။

ရုပ်ရှင်ရိုက်ရာတွင် ပါဝင်သရုပ်ဆောင်သူ ဇာတ်ကောင်က စကားမှားသွား၍ဖြစ်စေ၊ ဟန်အမူအရာလုပ်ပုံကို ဒါရိုက်တာက စိတ်တိုင်းမကျ၍ဖြစ်စေ၊ အသစ်တဖန် ပြန်ရိုက်ရသည်ဖြစ်ရာ မူလရိုက်ကွက်ကို ပယ်လိုက်ရသဖြင့် "ရီဂျက်ရှော့"ဟု ခေါ်လေ့ရှိကြသည်။

အမှန်အားဖြင့် အင်္ဂလိပ်လို (REJECT) မကြိုက်၍ပယ်ခြင်းကို ရုပ်ရှင်ဝေါဟာရအဖြစ် သုံးစွဲနေကြခြင်းသာ ဖြစ်လေသည်။

ယခု "မိုးနတ်ဒေဝီ"ဇာတ်ကားမှ မေသက်ဝင်းနှင့် ဦးညိုမောင်တို့အခန်းကို ရိုက်သွားရာတွင် ရိုက်ကွက်တခု၌ စကားမဆိုမိ ကင်မရာထဲ ဖလင်ကုန်သွား၍ နောက်ထပ် ပြန်ရိုက်ရသည်ကလွဲ၍ "ရီဂျက်ရှော့"ခေါ် ပယ်ရသည့်ရိုက်ကွက်တခုမှ မရှိပေ။

ဖလင်ကုန်သက်သာ၊ အချိန်လည်း မလစ်ဟင်းသဖြင့် ကုမ္ပဏီပိုင်ရှင် ဦးတုတ်ခိုင်က ဝမ်းသာကျေနပ်သကဲ့သို့ ဒါရိုက်တာမှအစ ရုပ်ရှင်အလုပ်သမား အားလုံးကလည်း ယခုလို အဆင်ပြေစွာ ကားရိုက်နိုင်သည့်အခါ စိတ်ချမ်းသာကြလေသည်။

မေသက်ဝင်း၏ သရုပ်ဆောင်မှု ဟန်အမူအရာကတော့ ပြောစရာမရှိ။ ရိုက်ကွက်တိုင်းတွင် သဘာဝကျပြီး အသက် ပါလှပေသည်။

သူမက မာယာဖြင့် ညုတုတုလုပ်ပြသည်ကို အဟုတ်မှတ်၍ ဓါတ်ပြားကုမ္ပဏီသူဌေးဦးညိုမောင်က အငမ်းမရပွေ့ဖက်နမ်းရှုပ်ရန် ကြံသောအခါ မေသက်ဝင်းက ပက်ပက်စက်စက် ပြောရုံမက ဦးညိုမောင်အား ပါးရိုက်ပြီး အိမ်ပေါ်မှနှင်ချခန်းဆိုလျှင် တော့ဒီယို အလုပ်သမားများပင် အံ့အား သင့်လောက် အောင်ကောင်းလှပေသည်။

ထိုရိုက်ကွက် ရိုက်ခါနီး မေသက်ဝင်းသည် ဦး ညို မောင်အား....

"ဦးလေး....ကန်တော့နော်၊ နောက်တခါပြန်မရိုက်ဘဲ တခါထဲနဲ့ကိစ္စပြတ်အောင် သက်က ခပ်နာနာရိုက်လိုက်မယ်၊ သက်ကို ခွင့်လွှတ်ပါ...."

ဟုပြောပြောဆိုဆို ကန်တော့ပြီးမှ ထိုရိုက်ကွက်ကို ရိုက်ခဲ့လေသည်။ ပြောသည့်အတိုင်းလည်း ဦးညိုမောင်၏ပါးပြင်ကို



www.burmeseclassic.com

www.burmeseclassic.com

တအားလွဲရိုက်လိုက်ပုံကလည်းနှဘေးမှကြည့်သူများပင် ကြက်သီးထစရာ ကောင်းလှပေသည်။

ကားရိုက်ပြီး၍ စတူဒီယိုမှ ပြန်ခါနီး ဦးလှမင်းက....

''ခင်ဗျားရဲ့ 'မိုးနတ်ဒေဝီ' ကားတော့ မချစ်ပါတယ်ဗျာ၊ ဒီနေ့ရိုက်တာ မြင်ရရုံနဲ့ ကျွန်တော်တို့တထစ်ချ ပြောနိုင်ပါတယ်''

ဟု ဦးတုတ်ခိုင်အား နှုတ်ဆက်ရင်းပြောခဲ့လေသည်။

*　　　*　　　*



# (၄)

ရန်ကုန်မြို့ ရွှေတောင်ကြား ရပ်ကွက်နှင့် တက္ကသိုလ်ရိပ်သာလမ်းအကြားတွင် တည်ရှိသော အင်းယားမြိုင် ရပ်ကွက်ကား ဒုတိယကမ္ဘာစစ်ကြီးအပြီး သည်ဘက်ခေတ်ကျမှ ဖြစ်ပေါ်လာသော ရပ်ကွက်သစ်တခုဖြစ်လင့်ကစား ခေတ်မှီ ခန့်ညားသော ဝင်းခြံကျယ်ကျယ်နှင့် နေအိမ်တိုက်တာများ၊ သာယာလှသော ပန်းဥယျာဉ်များဖြင့် တကယ့်လူကုံထံရပ်ကွက်တခု ဖြစ်နေပေသည်။

ထိုရပ်ကွက်တွင် နေထိုင်ကြသူများကို လေ့လာကြည့်လိုက်လျှင်လည်း နိုင်ငံခြားသံတမန်အဖွဲ့ဝင် အရာရှိများ၊ အင်ပို့လိုင်စင်ခေတ်ဟောင်းကိုမှီလိုက်၍ အကြီးအကျယ် ချမ်းသာကြွယ်ဝလာသူ ကုန်သည် သူဌေးကြီးများ၊ နိုင်လွန်စက်, စောင်စက်, အထည်စက်ရုံများပိုင်ရှင် တရုပ်ကပြား သူဌေးများ တို့သာ အများဆုံးနေထိုင်ကြသည်ကို တွေ့ရမည်ဖြစ်ပေသည်။

www.burmeseclassic.com

ရပ်ကွက်အတွင်းရှိ အိမ်တိုင်းလိုလို တယ်လီဖုန်းရှိ ရုံမက တအိမ်လျှင် မော်တော်ကား အနည်းဆုံး ၂-စီးတော့ရှိတတ်ကြလေသည်။

ထို့ကြောင့် ရန်ကုန်မြို့တွင် ဤရပ်ကွက်မျိုး၌ လာရောက်နေထိုင်နိုင်ရန်မှာ တော်ရုံတန်ရုံချမ်းသာ၍ မဖြစ်နိုင်ဟု ဆိုလေ့ရှိကြပေသည်။

သို့ရာတွင် နိုင်ငံခြားသံအဖွဲ့ဝင်လည်းမဟုတ်၊ ကုန်သည်သူဌေး စက်မှုလက်မှု လုပ်ငန်းပိုင်ရှင်လည်း မဟုတ်ဘဲ အဆိုပါရပ်ကွက်အတွင်း လှပသပ်ယပ်သော တိုက်အိမ်တအိမ်၌ အဆင့်အတန်းမှီမှီ နေနိုင်သူတဦးတော့ ရှိလေသည်။

အဆိုပါ ထူးခြားသော တိုက်အိမ်ပိုင်ရှင်ကား မလိုင်နှစ်ရောင် "ကာမင်ဂေဟာ" မော်တော်ကားကိုလည်း ပိုင်ဆိုင်သူ နာမည်ကျော် ရုပ်ရှင်မင်းသမီး မေသက်ဝင်းပင်တည်း။

မူလတိုက်ပိုင်ရှင်ကား နိုင်ငံခြားသို့ ဆန်ထွက်ပစ္စည်းများ ရောင်းချရင်းဖြင့် အကြီးအကျယ် "ပွ"ခဲ့သူ တရုပ်ကပြားသူဌေးတဦးဖြစ်သည်။ တိုက်ပုံစံကိုလည်း စင်္ကာပူမှ ဗိသုကာကျော်တဦးအား အထူးစပယ်ရှယ် တည်ဆောက်စေခဲ့သဖြင့် ရန်ကုန်မြို့တွင် ခေတ်အမီဆုံး, အလှဆုံးတိုက်တလုံးဖြစ်လေသည်။

ထိုတိုက်ကို မျက်စိကျသူ မေသက်ဝင်းက ဝယ်ယူရန် စကားကမ်းလှမ်းပြောဆိုသောအခါ တိုက်ရှင်သူဌေးက ရုပ်ရှင်မင်းသမီးတယောက်အပေါ် အထင်သေးပြီး မပေးနိုင်မည့်ဈေး တောင်းလိုက်မည်ဟုစိတ်ကူးကာ တိုက်ကို လေးသိန်းခွဲရလျှင် ရောင်းမည်၊ တပြားမျှမလျော့နိုင်ဟု ခပ်ပြတ်ပြတ်ပင်ပြောခဲ့လေသည်။



သို့သော် မေသက်ဝင်းက (၉၉၉) စီးကရက် အဖွာမပျက်ဘဲ....

"ဟုတ်ကဲ့....ပြောတဲ့ဈေးအတိုင်း လေးသိန်းခွဲဘဲပေးဝယ်ပါ့မယ်၊ နက်ဖြန်ဘဲ အရောင်းအဝယ် စာချုပ်ချုပ်ပြီး ငွေချေပါ့မယ်...."

ဟု ပြော်ရုံမက နောက်တနေ့ တကယ်ပင် ဝတ်လုံတဦးနှင့်အတူ လာရောက်ငွေချေသွားသဖြင့် တိုက်ပိုင်ရှင်သူဌေးမင်းမှာ အလွန်အံ့အားသင့်ခဲ့ရလေသည်။

"ရုပ်ရှင်မင်းသမီး မေသက်ဝင်းက အင်းယားမြိုင်ကတိုက်ကို လေးသိန်းခွဲ ပေးဝယ်လိုက်တယ်" ဟူသော သတင်းမှာလည်း ရန်ကုန်မြို့လူကုံထံရပ်ကွက်တွင် ဟိုးလေးတကျော်ဖြစ်သွားခဲ့လေသည်။

ဤသို့လျှင် မေသက်ဝင်းသည် အင်းယားမြိုင်ရပ်ကွက်လူကုံထံတို့၏ပတ်ဝန်းကျင်သို့ ရောက်လာခဲ့ခြင်းဖြစ်လေသည်။

လေးသိန်းခွဲပေး၍ ဝယ်လိုက်ပြီးမှ ထိုတိုက်၏ အတွင်းခန်းများကို စိတ်တိုင်းကျ ထပ်မံပြုပြင်လိုက်ပါသေးသည်။

လျှပ်စစ်မီးများ တပ်ဆင်ထားပုံဆိုလျှင် မီးလုံး၊ သို့မဟုတ် မီးချောင်းများကို မမြင်ရအောင် မှန်ရောင်ဝှက်များ၌ ထားပြီး အလင်းရောင်ခပ်မှိန်မှိန်သာထွက်အောင် အထူး စီမံဖန်တီးထားပေသည်။

အိပ်ခန်းအပြင် မေသက်ဝင်းအဖို့ တယောက်ထဲ လွတ်လပ်စွာ အပန်းဖြေအနားယူနိုင်ရန်အတွက် သီးသန့်စပယ်ရှယ်အခန်းတခန်းရှိပါသေးသည်။ စာရေးစားပွဲ၊ ကုလားထိုင်၊ လက်ကုလားထိုင်နှင့် အင်္ဂလိပ်လို "ကောက်ချ်"ခေါ်သည့် မွေ့ရာ

www.burmeseclassic.com

www.burmeseclassic.com

တပ်ဆင်ထားသော ကွပ်ပျစ်လိုလို၊ ကုတင်လိုလို တခုလည်းထားရှိလေသည်။

ထိုအခန်းထဲမှ စာကြည့်ရန် မီးလုံး(၁၀၀)အားတလုံးမှလွဲ၍ ကျန်တအိမ်လုံးရှိ အခန်းများတွင် မီးရောင်သည် မထင်မရှား ခပ်မှိန်မှိန်သာ လင်းအောင်စီစဉ်ထားလေသည်။

မေသက်ဝင်းကား အလင်းရောင်ကို မကြိုက်၊ အမှောင်ကြိုက်သော အမျိုးသမီးတဦးပေတည်း။

× × ×

ရုပ်ရှင်ရိုက်ရာမှအပြန် မေသက်ဝင်း၏ "ကာမင်ဂေဟာ" မော်တော်ကား အိမ်ရှေ့ဆင်ဝင်အောက်သို့ ထိုးဆိုက်လာသောအခါ အချိန်မှာ ည၆-နာရီနီးပါးရှိနေပေပြီ။

သူမ၊ ရုပ်ရှင်ရိုက်သွားရာတွင် လိုက်ပါရသော မယ်တင်အမည်ရှိမိန်းကလေး အိမ်ဖေါ်အပြင် မေသက်ဝင်းနှင့်အတူနေသူ ရင်ရင်အမည်ရှိ ပိန်ပိန်ပါးပါး အမျိုးသမီးတဦးရှိလေသည်။

အိမ်ပေါ်တွင် သုံးတိုးသုံးဦးသာရှိပြီး နောက်ဖေးအစေခံတန်းလျားတွင်မူ ပန်းခြံကြည့်ရသူ မာလီကုလားနှင့် မော်တော်ကားကို ရေဆေး၊ ဆီထည့်ပြုပြင်ပေးရသူ စက်ပြင်ဆရာ ကိုနီတို့လင်မယား နေကြသည်။

ကားဆိုက် ဆိုက်ချင်းပင် ရင်ရင်က အိမ်ဝမှ ဆီးကြိုနေလေသည်။

မျက်နှာပေါ်မှ မိတ်ကပ်များ မဖျက်ရသေးဘဲ ချွေးကလေးတစိုစိုနှင့် ပိုရှ်ပင်လှပနေသည်ဟု ထင်ရသော မေသက်ဝင်းအား ရင်ရင်သည် လူပျိုက အမျိုကိုကြည့်သလို မျက်တောင်မခပ် ငေးစိုက်ကြည့်နေမိလေသည်။

ရင်ရင် ဝတ်စားထားပုံကား ယောကျ်ားဝတ် ရှပ်အင်္ကျီနှင့် ထမီကို ယောကျ်ားလုံချည်သဖွယ် ဝတ်ထားလျက် ခါးတွင်လည်း ခါးပတ်၊ ပတ်ထားလေသည်။

ရင်ရင်ကား သာမန် မိန်းမတဦးမဟုတ်၊ ယောကျ်ားစိတ်ပေါက်၍ မိန်းကလေး ချောချောလှလှကိုမှ "ငမ်း" ချင်သူ (LESBIAN) ခေါ် ယောကျ်ားရှာတဦးပေတည်း။

(ရင်ရင်နှင့် မေသက်ဝင်းတို့၏ သီးခြားလျှို့ဝှက်ဇာတ်လမ်းတခုလည်းရှိသေးရာ နောက်ပိုင်းအခန်းများ၌ ဖေါ်ပြသွားမည်ဖြစ်သည်။ ။စာရေးသူ)။

"ဒီနေ့ သက် ထမင်းစောစော စားပါလားကွယ်၊ သေလောက်အရိုးနူးပေါင်းထားတယ်...."

အိမ်ဖေါ်မယ်တင် အဝတ်အစားနှင့် မိတ်ကပ်ပစ္စည်းသေတ္တာကိုဆွဲ၍ အိမ်ထဲဝင်သွားချိန်တွင် ရင်ရင်က လှမ်းမေးလိုက်လေသည်။

သို့သော် မေသက်ဝင်းက ခေါင်းခါလျက်....

"ထမင်းမစားချင်သေးပါဘူး ရင်ရင်ရယ်၊ ဒီနေ့ ကားရိုက်ရတာ ပူအိုက်လွန်းလို့ ရေဝဝချိုးချင်သေးတယ်၊ ထမင်းတော့ အေးအေးဆေးဆေးမှဘဲ စားတော့မယ်...."

ဟုပြောပြီး အိပ်ခန်းထဲသို့ တောက်လျှောက် ဝင်သွားလေသည်။

သူမ၏အိပ်ခန်းတွင် "အဲ ကွန်ဒစ်ရှင်း" လေအေးစက်တပ်ဆင်ထားသဖြင့် ဝင်ဝင်ချင်း အေးသွားလေသည်။

မေသက်ဝင်းရုပ်ရှင်ခြံထဲတွင်းက လျှပ်စစ်မီးလုံးကြီးများထိုး၍ ဆက်တိုက် ကားရိုက်ခဲ့ရသောကြောင့် ချွေးတလုံးလုံးနှင့် ဖြစ်

www.burmeseclassic.com

နေ၍ လေအေးစက်တပ်ထားသည့် အခန်းကိုပင် အိုက်သေးသည်ဟု ထင်မိလေသည်။

ထို့ကြောင့် အိပ်ခန်းထဲ ရောက်ရောက်ချင်းပင် "အိုက်လိုက်တာနော်"ဟု ပါးစပ်ကရေရွတ်ရင်း အဝတ်အစားများချွတ်လဲလေသည်။

အဝတ်လဲသည်ဆိုရာ၌ အသစ်ချွတ်၍ အဟောင်းလဲဝတ်ခြင်းမဟုတ်၊ ဝတ်ထားသည့် အင်းကျီ၊ ဘော်လီ၊ လုံချည်၊ အတွင်းခံအားလုံး တခုမကျန်ချွတ်ချလိုက်ခြင်း ဖြစ်ပေသည်။

မေသက်ဝင်းသည် မိမွေးတိုင်း ဖမွေးတိုင်း ဗလာကျင်းနေသော သူမ၏ ကိုယ်ကို အဝတ်ဘီရိုမှ ကိုယ်လုံးပေါ် မှန်ကြီးရှေ့တွင် ရပ်ပြီး ခေတ္တမျှကြည့်နေလိုက်သေးသည်။

ပန်းချီ ပန်းပု အနုပညာရှင်များအကြိုက်၊ ဖေါင်းသည့်နေရာဖေါင်း၊ သိမ်သည့်နေရာသိမ်လျက် အလွန်ပြည့်ဖြိုး လှပအချိုးကျနသော သူမ၏ခန္ဓာကိုယ်အလှကို စက္ကန့်အနည်းငယ်ကြည့်၍ ကျေနပ်သဘောကျဟန်ဖြင့်ပြုံးပြီး ရေချိုးခန်းထဲဝင် သွားလေသည်။

ဤနေရာတွင် ပရိသတ်ကသိထားသင့်သော အချက်တချက်မှာ မေသက်ဝင်းသည် "အထီးဆို ယင်ဖိုမှ မနားရသေးသည့်" အပျိုစင်တယောက်မဟုတ်ဟူသော အချက်ပင်ဖြစ်ပါသည်။

"အပျိုမဟုတ်၍သာ ဤမျှရဲတင်း အရှက် ကင်းတာပေါ့" ဟုလည်း ဆိုချင်ဆိုနိုင်ပါ၏။ သို့ရာတွင် ယခုကိုယ်တုံးလုံး ရေချိုးနေသော သူမ၏ ခန္ဓာကိုယ်ကို နီးနီးကပ်ကပ် စေ့စပ်စွာ ကြည့်ရမည်ဆိုလျှင် မည်သည့် မယ်ရွေးပွဲတွင်မဆို အပျိုစင် များနှင့် အလှချင်းယှဉ်ပြိုင်နိုင်သည့် ကိုယ်လုံးမျိုးဖြစ်ကြောင်း ဝန်ခံကြရပေလိမ့်မည်။

ဥရောပတိုက်မှ အချို့ ပန်းပုဆရာ၊ ကျောက်ဆစ် ဆရာတို့က အဝတ်မပါ ဗလာကျင်းလျက် ဂုတ္တိသဘာဝ အလှကိုဖေါ်ကျူး ထုလုပ်ရမည့် အရုပ်အတွက် ပုံစံကြည့်ရမည်ဆိုပါက အပျိုစင်ထက် အအိုမိန်းမလှတို့၏ ကိုယ်လုံးကမှ ပိုမိုပြည့်ပြည့်ဝဝ အချိုးကျ လှပသည်ဟုဆိုတတ်ကြပေသည်။

ယခု မေသက်ဝင်း၏ကိုယ်လုံးကလည်း အဆိုပါ ဥရောပတိုက်မှ အနုပညာရှင်ကြီးများအကြိုက် ကိုယ်လုံးမျိုးနေသလော ဟူ၍ကား မပြောတတ်ပေ။

မေသက်ဝင်းသည် ရေချိုးနေရင်း မိမိ၏ခန္ဓာကိုယ် အလှကို တစိမ့်စိမ့်ကြည့်ကာ ကျေနပ်ပီတိဖြစ်နေလေသည်။

ရေချိုးခန်းနံရံတခုတွင် ကိုယ်လုံးပေါ် မှန်ကြီး တခု ရှိရာ မေသက်ဝင်းသည် ရေချိုးနေရင်းတန်းလန်းမှ မှန်ရှေ့သို့သွား၍ သူ့ကိုယ်သူ ခြေဆုံးခေါင်းဆုံး ကြည့်နေပြန်လေသည်။

ဤခန္ဓာကိုယ်၏ သဘာဝအလှသည်ပင်လျှင် သူမ အနေဖြင့် ဖိုသတ္တဝါယောကျ်ားထုအပေါ် လွှမ်းမိုးအနိုင်ယူနိုင်သည့် အဓိကလက်နက်ဖြစ်ကြောင်း မေသက်ဝင်းက ကောင်းစွာ သဘောပေါက်မိလေသည်။

ယင်းသို့ အစွမ်းထက်မြက်လှသော လက်နက်ဖြစ်သည့် မိမိ၏ ခန္ဓာကိုယ်အလှ တနေ့ချတ်ယွင်း အလှ ပျက်သွားမည် ကိုလည်း စိုးရိမ်မိလေသည်။ တနည်းအားဖြင့် အချိန်တန်လျှင် ဇရာထောင်း၍ ခန္ဓာကိုယ်အချိုးကျနလှပမှုသည် ပုံပျက်ပမ်းပျက်ဖြစ်လာမည်ကို ကြောက်လေသည်။

လောလောဆယ်အားဖြင့်ကား အထူးစိုးရိမ်စရာ မရှိသေးပါချေ။ ယခု မေသက်ဝင်းသည် အပျိုစင် မဟုတ်တော့သော်ငြားကစား



www.burmeseclassic.com

www.burmeseclassic.com

အသားအရေ ချောမောလှပရုံမက ခန္ဓာကိုယ်၏ အပေါ်ပိုင်း အပ, အဖုအထစ်တို့သည် တင်းတင်းရင်းရင်းရှိနေပါသေးသည်။ ယောကျ်ားတွေမြင်လိုက်လျှင် ရင်ဖိုပြီး အသက်ရှူမှားလောက်အောင်၊ စိတ်တွေလှုပ်ရှား တက်ကြွလာအောင် ဖန်တီးနိုင်စွမ်း ရှိနေပါသေးသည်။

ဤအတိုင်းဆိုလျှင် သူမ၏ခန္ဓာကိုယ်အလှအပနှင့် ယောကျ်ားများ*အပေါ်ဆွဲဆောင်နိုင်မှု ညို့ဓါတ်အစွမ်းသည် ရုတ်တရက်* လျော့ပါး၊အားနည်းသွားလိမ့်မည်မဟုတ်သေးဟု စိတ်ချလောက်ပေသည်။

မေသက်ဝင်းသည် နာရီဝက်နီးပါးခန့်မျှ ရေကို ဝအောင်ချိုးပြီးနောက် ရေချိုးခန်းထဲမှ ထွက်လာလေသည်။

ထိုနောက် အင်္ကျီ လုံချည် မဝတ်သေးဘဲ "ပဂျာမာ" ခေါ် ညအိပ် ဝတ်ရုံအင်္ကျီရှည်ကြီး တထည်ကောက်ဝတ်ကာ သီးသန့် အနားယူအခန်းထဲရှိ ကွပ်မျစ်(ကောက်ချ်)ပေါ်တွင် အသာပက်လက်လှဲရင်း စီးကရက် သောက်နေလေသည်။

စင်စစ် သူမ ဝတ်ထားသော ဝတ်စုံမှာ (ဂေါင်း)ခေါ် ရင်ခွဲ အင်္ကျီရှည်ကြီးသာဖြစ်ရာ အတွင်း၌ ဘာမျှမရှိ ဗလာ နီတွတ်ကိုယ်လုံးအပေါ်မှ လွှမ်းခြုံရုံ ခြုံထားသကဲ့သို့ ရှိနေပေသည်။ ခါးတွင် ချည်ထားသော ခါးပတ် သို့မဟုတ် ခါးစည်းကြိုးကို ဖြေလိုက်ရုံနှင့် မိမွေးတိုင်း ဖမွေးတိုင်း ဗလာကျင်းသွားနိုင်သည့် ဝတ်ရုံမျိုးလည်း ဖြစ်နေပေသည်။

"အော်....သက်ရေ....အိမ်ရှေ့မှာ ဧည့်သည် ရောက်နေတယ်၊ ဘာပြောလိုက်ရမလဲ...."



အပါးတော်မြဲသဖွယ် ဖြစ်သူ ရင်ရင်က အခန်းဝသို့လာပြီး ပြောရာ မေသက်ဝင်းသည် စီးကရက်အဖွာမပျက်ဘဲ ပြန်ပြောလေသည်။

"ဟုတ်လား....ဘယ်သူများပါလိမ့်...."

"တခြားလူ မဟုတ်ပါဘူး။ ကိုဆန်နီပါ။ ဦးဘအေးကြီးရဲ့တူ ကိုဆန်နီလေ...."

ဦးဘအေးဆိုသူကား - ရုပ်ရှင်လောကတွင် အတော်ပင်ဩဇာရှိသူ ရုပ်ရှင်ထုတ်လုပ်သူတဦးဖြစ်ပြီး မေသက်ဝင်းအပေါ် အထူးအယောဇဉ်ရှိစွာဖြင့် ဇာတ်ကားအတော်များများ လက်ခံရိုက်ကူးရအောင် ကူညီပေးခဲ့သူဖြစ်သည်။ မေသက်ဝင်းနာမည်ကြီးလာအောင် မြှောက်စားပေးခဲ့သူများထဲတွင်လည်း အပါအဝင် ဖြစ်လေသည်။

ဆန်နီကတော့ ဦးဘအေး၏တူ၊ နာမည်ကျော် ဘောလုံးသမား အားကစားသမား လူငယ်တဦးဖြစ်သည်။ ဦးဘအေး၏ ရုပ်ရှင်ထုတ်လုပ်ရေး ဖြန့်ချိရေးလုပ်ငန်းတွင် ဝင်ရောက်ကူညီ လုပ်ကိုင်နေရသူဖြစ်၍ မေသက်ဝင်းတို့အိမ်သို့ အလုပ်နှင့်ပတ်သက်ပြီး ဝင်ထွက် သွားလာနေကျ ဖြစ်လေသည်။

"အော်....ကိုဆန်နီလား....၊ဒီကိုဘဲခေါ်လာခဲ့ပါ...."

"ဒီအခန်းထဲ ခေါ်လာရမယ်ဆိုရင် သက်က အင်္ကျီအဝတ်အစား လဲအုံးမလား...."

ရင်ရင်က မေသက်ဝင်း၏ ပဂျာမာဝတ်စုံကိုကြည့်ရင်း ပြောလိုက်လေသည်။

"ကိစ္စမရှိပါဘူးရင်ရင်၊ ဒီကိုသာခေါ်ခဲ့ပါ...."



www.burmeseclassic.com

www.burmeseclassic.com

သည့်တော့မှ ရင်ရင်ကလည်း ထွက်သွားပြီး မကြာမီ ဆန်နီဆိုသူကိုခေါ်လာလေသည်။

"အော်.... ကိုဆန်နီ.... လာပါ။ ဒီနားမှာဘဲ လာထိုင်ပါ။ သက်တော့အိုက်လွန်းလို့ အင်းကျီတောင်မဝတ်နိုင်တော့ဘူး...."

မေသက်ဝင်းသည် ကုတင်ဘေးနားရှိ ကုလားထိုင်တလုံးကို ညွှန်ပြရင်းပြောလိုက်လေသည်။

သူမ၏မျက်လုံးများကတော့ ဆန်နီအား ရှန်းရှန်းစားစား စိုက်ကြည့်နေလေသည်။

အားကစားသမား တယောက်ပီပီ ရင်အုပ် ကျယ်ကျယ်နှင့် တောင့်တင်းသော ဆန်နီ၏ကိုယ်လုံးကိုယ်ပေါက်ကို မေသက်ဝင်းက စိတ်ဝင်စားနေပုံရလေသည်။

ဆန်နီမှာ လူပျိုတဦးဖြစ်ရာ ပဂျာမာအင်းကျီ အပေါ်ပိုင်းကဟနေ၍ မလုံတလုံပေါ်ထွက်နေသော မေသက်ဝင်း၏ရင်သားကို မြင်ပြီး ဒူးတုန်ချင်သလိုလို၊ စိတ်ချောက်ချားသလို ဖြစ်နေလေသည်။

"ဆိုစမ်းပါအုံးရှင် - လာတဲ့ကိစ္စက...."

"တခြား မဟုတ်ပါဘူး၊ ဦးလေးက ကုမ္ပဏီအသစ် တခုနဲ့ စာချုပ်ဖို့ကိစ္စနဲ့ ပတ်သက်ပြီး မသက်ကို နက်ဖြန်အလုပ်တိုက် ခဏလာခဲ့ပါလို့ ပြောခိုင်းတာပါဘဲ...."

"အော်....ဒီကိစ္စလား.... ဟုတ်ကဲ့ သက်လဲ သိပြီးပါပြီ။ နက်ဖြန် ၁၀နာရီလောက် လာခဲ့ပါ့မယ်...."

"ဟုတ်ကဲ့.... ကိစ္စကတော့ ဒါပါဘဲ။ ကျွန်တော်သွားတော့မယ်နော်...."

ဆန်နီသည် မေသက်ဝင်းနှင့် နီးနီးကပ်ကပ် ကြာရှည်မနေဝံ့ဟန်ဖြင့်နှုတ်ဆက်ပြီးပြန်မည်ပြုလေသည်။

"နေပါအုံးရှင့်။ ကိုဆန်နီကလဲ လောလိုက်တာ။ ဒါထက် ဦးလေးဘအေးကြီးက တခြားဘာများပြောလိုက်သေးလဲ...."

"တခြားတော့ ဘာမှမပြောလိုက်ပါဘူး...."

"ဟုတ်လား....သက်စိတ်ထင်တော့ ရှင့်ဦးလေးကြီးက ကျမနဲ့ တချီလောက် အိပ်ချင်နေပုံရတယ်...."

မေသက်ဝင်းသည် အပြုံးမပျက် ဆန်နီအား စေ့စေ့ကြည့်ရှုပင် ပြောလိုက်လေသည်။

ဆန်နီမှာ "ဒီမိန်းမက အပြောရဲလှချည့်လား"ဟု စိတ်ထဲမှ တွေးမိလိုက်ပြီး သူလည်း ဘာဘဲဖြစ်ဖြစ် ပြောလိုက်ရန် စိတ်ကူးလျက်....သူ့စိတ်ထဲရှိသမျှကို ပြောချလိုက်သည်။

"အော် ဒါတော့ သက်လိုမိန်းခလေးမျိုးနဲ့ ဘယ်သူကမအိပ်ချင်ဘဲရှိပါ့မလား၊ဦးလေးတင်မကဘူး မေသက်ဝင်းနဲ့အတူ အိပ်ချင်တဲ့ယောကျာ်းပေါင်း တသိန်းလောက်ရှိမယ်...."

"ဟုတ်ကဲ့လား.... အဲဒီယောကျာ်း တသိန်းလောက်ထဲမှာ ကိုဆန်နီကော မပါဘူးလား-ဟင်...."

ဆန်နီနှင့် စကားပြောနေစဉ် အခန်းဝ၌ ရင်ရင်ရှိနေရာ မေသက်ဝင်းက လုံးဝဂရုမစိုက်ဘဲ ပြောချင်ရာ ခပ်ပြောင်ပြောင်ပင် ပြောနေလေသည်။

ဆန်နီမှာ ရှက်သွေးမှန်သလို မျက်နှာများ နီလျက်ရှိနေပေပြီ။ သို့သော် မေသက်ဝင်း၏ မပေါ်တပေါ် ကိုယ်လုံးနှင့် သူမပြောပုံဆိုပုံ ဟန်အမူအရာကြောင့် စိတ်တွေလှုပ်ရှားထကြွလျက်ရှိပေသည်။ ယောကျာ်းတို့သဘာဝ မေသက်ဝင်း၏မျက်လုံးအမူ

www.burmeseclassic.com

အရာနှင့် မပွင့်တပွင့် နှုတ်ခမ်းများ၏ ဖိတ်ခေါ်မှုကိုလည်း ရိပ်မိသလို ရှိနေပေသည်။

"ဟာ....ဘယ်မပါဘဲနေပါ့မလဲ၊ ကျွန်တော်သိ ပါတာပေါ့ဗျ...."

"ဒါဖြင့် ရှင်က တခါမှ ကျမကိုမပြောဘူးပါလား...."

"မပြောဝံ့လို့ မပြောတာဗျ။ တနေ့နေ့တော့ အရဲစွန့်ပြီး ပြောအုံးမှာဘဲ...."

ဆန်နီက ရယ်မောနောက်ပြောင်သလို ပြောပြီး လှည့်ထွက်မည်အပြု မေသက်ဝင်းသည် လက်ကို ရုတ်တရက် လှမ်းဆွဲလိုက်လေသည်။

သူမ၏ မျက်လုံးများက ဆန်နီအား စိုက်ကြည့်လျက်ပင် တံခါးဝမှ ရင်ရင်အား....

"ကိုင်း ရင်ရင်....အခန်းတခါး ပိတ်ထားလိုက်ပါ၊ ပြီးတော့ အိမ်ရှေ့ခန်းမှာ သွားနေလိုက်အုံးနော်...."

ဟု လှမ်းပြောလိုက်လေသည်။

ရင်ရင်က စိတ်ထဲမကျေနပ်ဟန်ဖြင့်ထွက်သွားတော့မှ မေသက်ဝင်းသည် ဆန်နီအား ညို့မဲ့ပါတ်ပါပါကြည့်ရင်းက....

"တနေ့နေ့ အရဲစွန့်ပြောနေဘို့မလိုပါဘူး ကိုဆန်နီရယ်၊ အခုချက်ချင်းဘဲ ကိစ္စပြီးနိုင်ပါတယ်...."

ဟု ပြောပြောဆိုဆို ပဂျာမာအင်္ကျီ၏ခါးစီးကြိုးကို ဖြေချလိုက်၍ သူမ၏ ကိုယ်လုံး ဗလာကျင်းသွားချိန်တွင် ရုတ်တရက်ပင် ဆန်နီအား အိပ်ရာပေါ်သို့ အတင်းဖက်လှဲ့ ဆွဲချ လိုက်ပါတော့သတည်း။

* * *

## ( ၅ )

အချိန်ကာလ သုံးလမျှကြာသွားလေသည်။

မိုးတပြိုက်နှစ်ပြိုက် ရွာချပြီး အပူရှိန်လျော့လာသော ရန်ကုန်မြို့၏ ရာသီဥတုမှာ နေသာထိုင်သာ ရှိလာသည်နှင့်အမျှ ရုပ်ရှင်သမားတို့ အယူအဆအရ ဇာတ်ကားသစ်ရိုက်တင်ပြ၍ အကောင်းဆုံး ရာသီဟုဆိုသော အချိန်ပင်ဖြစ်လေသည်။

ဤအချိန်ကာလကိုပင်ရွေး၍ လဗီမာန် ရုပ်ရှင်ကုမ္ပဏီပိုင်ရှင် ဦးတုတ်ခိုင်သည် သူ၏ "မိုးနတ်ဒေဝီ" ဇာတ်ကားကို ရုံတင်ပြလေသည်။

ဇာတ်ကားမပြမီကပင် နာမည်ကြီး နေသည့်ပြင် အထူးပွဲဖိတ်ကြားပြသပြီးနောက် သတင်းစာနှင့် ရုပ်ရှင်စာစောင် အသီးသီးတို့ကလည်း "မိုးနတ်ဒေဝီ" ဇာတ်ကား နှင့် တကွ အဓိကဇာတ်ဆောင်မင်းသမီး မေသက်ဝင်းအကြောင်း ချီးကျူး ရေးသားပေးကြခြင်းကြောင့် ပရိသတ်က ပို၍ပင် စိတ်ဝင်စားကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် စတင်ပြသည့် ရက်သတ္တတပတ်လုံးလုံး မြို့လယ်ရှိ ၂-ရုံနှင့် ဆင်ခြေဖုံးမှ ရုံ ၃-ရုံ စုစုပေါင်း ရုပ်ရှင် ၅ ရုံ စလုံး နေ့တိုင်း ပွဲတိုင်း "ရုံပြည့်ပြ" ဟူသော ဆိုင်းဘုတ်ချိတ်ရသည် အထိ "စွံ" ခဲ့လေသည်။

"မေသက်ဝင်.ဒီကားမှာ သိပ်ကောင်းတာဘဲဟေ့"ဟူသော ချီးကျူးသံက ပွဲကြည့်ပရိသတ်၏ ပါးစပ်ဖျားမှတဆင့် ရန်ကုန်တမြို့လုံး ပဲ့တင်ရိုက်သွားတော့လေရာ ရန်ကုန်ရောက်နေသူ နယ်မှ ကားငှား ကိုယ်စားလှယ်များကလည်း "မိုးနတ်ဒေဝီ" ဇာတ်ကားကို အလုအယက် ဈေးနှုန်းပိုပေး၍ ငှားကြသဖြင့် ကုမ္ပဏီပိုင်ရှင် ဦးတုတ်ခိုင်အဖို့ ပျော်လို့မဆုံး တပြုံးပြုံးဖြစ်နေပါတော့သည်။

ဇာတ်ကားပြရာရုံရှေ့၌ တိုးဝှေ့ပြည့်ကျပ်နေသော ပရိသတ်နှင့် ကုမ္ပဏီအလုပ်တိုက်တွင် စည်ကားနေသော ကားငှားကံထရိုက်များကိုကြည့်ရင်း ဦးတုတ်ခိုင်၏စိတ်ဝယ် ယခင် ဇာတ်ကားရိုက်စဉ်က မင်းသမီးကိုချော့ရသမျှ၊ အနူးအတာ ခံရသမျှ အားလုံး "ဖါး" ရကျိုးနပ်သည်ဟု ယူဆမိလေသည်။

ရုပ်ရှင်ကြည့် ပရိသတ်သည် ဝတ္ထုဇာတ်လမ်း ကောင်းခြင်း၊ ဒါရိုက်တာ၏ သရုပ်ဖေါ် တင်ပြနည်းဟန် ပိယိသုပ်ယပ်ခြင်း စသောဇာတ်ကားကောင်းတို့၏ အင်္ဂါအချက်အလက်များထက် ဇာတ်လိုက်မင်းသမီး၊ မင်းသားတို့အပေါ် ပုဂ္ဂိုလ်စွဲသံယောဇဉ်ဖြင့် အားပေးကြည့်ရှုလိုစိတ်က ပိုများကြောင်း သိသာထင်ရှားလှပေသည်။

သူ့ခေတ်နှင့်သူ "စန်း" ထနေသော နာမည်ကြီးမင်းသမီးကို မရရအောင် ငှားရိုက်ပါက ဇာတ်ကား မုချ "စွံ" တတ်သလိုပင် ဖြစ်နေပါတော့သည်။



ယခု "မိုးနတ်ဒေဝီ" လို မင်းသမီးနှင့် ဇာတ်လမ်း ကိုက်ညီဟပ်မိသည့် ဇာတ်လမ်းမျိုးဆိုလျှင်ကား အထူးဆိုဘွယ်မရှိ၊ ရာခိုင်နှုန်းပြည့် ပရိသတ်အကြိုက်တွေ့ကာ ထူးထူးခြားခြားအောင်မြင်သော ဇာတ်ကားမျိုးဖြစ်လာရပေသည်။

ဤသို့လျှင် ကုမ္ပဏီပိုင်ရှင် ဦးတုတ်ခိုင်သည် သူ၏အောင်မြင်မှုအကြောင်း ပြန်လည်တွေးတောသုံးသပ်နေမိလေသည်။

သူဆင်ခြင်သုံးသပ်နေသော နေရာကား ရန်ကုန်မြို့ကမ်းနားလမ်း စထရင်းဟိုတယ် ခန်းမဆောင်ပင် ဖြစ်လေသည်။

"မိုးနတ်ဒေဝီ" ဇာတ်ကား အထူးအောင်မြင်ခြင်းကို အကြောင်းပြု၍ ဒါရိုက်တာ၊ ဇာတ်ညွှန်းဆရာ၊ သရုပ်ဆောင်သူများကအစ ဓာတ်ပုံဆရာ့အသံဖမ်းဆရာအဖွဲ့၊ ဖလင်အယ်ဒီတာအဖွဲ့၊ ကားကူးကားဆေး အလုပ်သမားများပါမကျန် ကုမ္ပဏီအနေဖြင့် ချီးကျူးဂုဏ်ပြုညစာစားပွဲတရပ်ကို စထရင်းဟိုတယ်၌ ပြုလုပ်စဉ် ဦးတုတ်ခိုင်သည် ပြင်ပဧည့်သည် မိတ်ဆွေများအား ခရီးဦးကြိုပြုရင်း သူ၏အောင်မြင်မှုအကြောင်းတွေးနေမိခြင်းဖြစ်လေသည်။

ထိုနေ့က သီးသန့်ဖိတ်ကြား၍ လာရောက်သူ ဧည့်သည်များတွင် ဦးတုတ်ခိုင်၏မိတ်ဆွေရင်းများဖြစ်သူ ကုန်သည်ဦးလှမင်းနှင့် နိုင်လွန်စက်သူဌေး ဦးကျင်သောင်းတို့လည်းပါဝင်လေသည်။

ရုပ်ရှင်စေ ဒီယိုထဲကားရိုက်စဉ် ကြည့်ခဲ့ရသူ ဦးလှမင်း၊ ဦးကျင်သောင်းတို့အနေနှင့်ကား "မိုးနတ်ဒေဝီ" ဇာတ်ကား အထူးလူကြိုက်များပြီး အောင်မြင်ခြင်းကို အံ့သြခြင်းမဖြစ်မိကြချေ။

www.burmeseclassic.com

သူတို့သည် မင်းသမီး မေသက်ဝင်း၏ ညို့ဓာတ်အစွမ်းနှင့် သရုပ်ဆောင်မှု အရည်အချင်းများကို အကဲခတ်မိခဲ့ကြပြီးဖြစ်၍ ဇာတ်ကားရိုက်ကွက် တစိတ်တဒေသမြင်ခဲ့ရရုံနှင့် "မိုးနတ်ဒေဝီ" သည် ကေန်မုချ "စွံ" ရမည်ဟု တထစ်ချတွက်ထားကြပြီး ဖြစ်ပေသည်။

ယင်းသို့ တွက်ခဲ့သည့် အတိုင်းလည်း ယခု "မိုးနတ်ဒေဝီ" ဇာတ်ကားသည် အကြီးအကျယ် "စွံ" နေပေပြီ။

ဦးတုတ်ခိုင်သည် ရောက်လာသူ ဧည့်သည်များအား ဖေါ်ရွေစွာ နှုတ်ဆက်နေရာမှ တစုံတယောက်ကို လှမ်းမြင် လိုက်သဖြင့် ကပျာကယာ အခန်းဝဆီသို့ ထွက်သွားလေသည်။

သူ့အနေနှင့် ပျာပျာသလဲ ပြေးထွက် ကြိုရလောက်အောင် ကြီးကျယ်သောဧည့်သည်တော် တဦးပေလားဟု မေးစရာရှိပေသည်။

ကြီးကျယ်သော ဧည့်သည်ဟုတ်,မဟုတ်ကား မပြောတတ်ပါ။ ဦးတုတ်ခိုင် ပျာပျာသလဲ ထွက်ကြိုသူကတော့ "မိုးနတ်ဒေဝီ" ဇာတ်ကားမှ မင်းသမီးမေသက်ဝင်း ပေတည်း။

ခန်းမဆောင်ထဲသို့ ရောက်ရှိ နေနှင့်ကြသူ အားလုံးသည် မေသက်ဝင်းဝင်လာရာဘက်ဆီသို့ အာရုံစိုက် ကြည့်နေကြလေသည်။

ယနေ့အဖို့ တခုထူးခြားသည်ကား မေသက်ဝင်းသည် ခါတိုင်းလို တယောက်တည်းမဟုတ်ဘဲ အဖေါ်တဦးနှင့်အတူ တွဲဝင်လာခြင်းပင် ဖြစ်လေသည်။



မေသက်ဝင်းနှင့်အတူ တွဲလာသူကတော့ စွန့်စား လှုပ်ရှားခန်းများ အထူးကျွမ်းကျင် နိုင်နင်းသည်ဟု နာမည်ကြီးသူ စတန့်ရုပ်ရှင်မင်းသားကြီးကိုဇော်ဟိန်းပင်ဖြစ်လေသည်။

မင်းသားဇော်ဟိန်းဆိုလျှင် အသက်အံဖွယ်ရာ စွန့်စားခန်းများ မိုက်မိုက်ကန်းကန်း လုပ်ဝံ့သူအဖြစ် လူငယ် ရုပ်ရှင်ပရိသတ်က အထူးနှစ်သက် သဘောကျကြပေသည်။ အချို့သောစွန့်စားခန်း "စတန့်" များ၌ဓါတ်ပုံဆရာနှင့် ဒါရိုက်တာတို့ပင်လျှင် ကောင်းကောင်း မကြည့်ရဲလောက်အောင် အသဲထိတ် ရင်ဖိုနေသည့်ကြားက ဇော်ဟိန်းက ခပ်အေးအေး လုပ်သွားတတ်လေသည်။

သူ၏ စွန့်စားခန်းများမှာ အသက်ဘေးနှင့် နီးလွန်းသဖြင့် ရုပ်ရှင်ကုမ္ပဏီတခုက ဇော်ဟိန်းအတွက် အသက်အာမခံ ထားရန် စီစဉ်ရာ သက်ဆိုင်ရာ အာမခံကုမ္ပဏီက လက်သင့်မခံဟု သိရပေသည်။

ယခုမူ ဇော်ဟိန်းသည် အသက်အနည်းငယ် ကြီးလာပြီဖြစ်၍ စတန့်မင်းသားမလုပ်တော့ဘဲ ရုပ်ရှင်ကားများတွင် လူကြီးခန်းမှ ရံဖန်ရံခါ ပါဝင် သရုပ်ဆောင်နေလေသည်။ အဓိက အလုပ်အားဖြင့်ကား- ရုပ်ရှင်ကားများ ဖြန့်ချိရေးလုပ်ငန်းတခုကို ဦးစီးလုပ်ကိုင်လျက်ရှိလေသည်။

ယနေ့ ဧည့်ခံပွဲသို့ ဇော်ဟိန်းနှင့် မေသက်ဝင်းတို့ တွဲလာသည်ကို အချို့က ဆန်းသည်ဟု ထင်ရသော်လည်း အကြောင်းသိသူများအဖို့မှာမူ အံ့သြခြင်းမဖြစ်ကြချေ။

ဇော်ဟိန်းသည် မေသက်ဝင်းအား ရုပ်ရှင်လောကသို့ မရောက်မီကပင် သိကျွမ်းခဲ့ရုံမက တအိမ်ထဲ အတူနေခဲ့ဘူးသူ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

မေသက်ဝင်းနှင့် ဇော်ဟိန်းတို့သည် တယောက်အကြောင်း တယောက် အတွင်းရေးကအစ သိပြီးသူများဖြစ်ကြသည်ဟုလည်း အကြောင်းသိသူများက ဆိုကြလေသည်။

"ကြွပါခင်ဗျား၊ ကြွပါ.... ဦးဇော်ဟိန်းကိုယ်တိုင် အခုလို လာချီးမြှင့်တာ အထူး ကျေးဇူးတင်ပါတယ်။ မသက်ကလဲ ဒီလို ရှိုးရှိုးကလေးဝတ်ထားတော့ တမျိုးလှတာဘဲ....ဟဲ....ဟဲ...."

ဦးတုတ်ခိုင်သည် ဇော်ဟိန်းနှင့်မေသက်ဝင်းတို့အား ရောနှော နှုတ်ဆက်ရင်း ခန်းမဆောင်၏ အတွင်းဘက် ထိပ်ဆုံးစားပွဲဆီသို့ ခေါ်သွားလေသည်။

ဥခဆုပတိုက်သားဝတ်စုံဝတ်လာသူဇော်ဟိန်းမှာ ယောကျ်ား ပီသပြီး ကာယဗလ တောင့်တင်းသူဖြစ်၍ ယခု အရွယ်အတော် ကြီးလာသည့်တိုင်အောင် ဖျတ်လတ် ကြည့်ကောင်း နေဆဲပင် ဖြစ်လေသည်။

ဧည့်သည်များစုံလောက်ပြီဖြစ်၍ ဦးတုတ်ခိုင်က အချက်ပေး လိုက်သည်တွင် စားစရာ သောက်စရာများ ရောက်လာကာ အားလုံး တပျော်တပါး စားလိုက်သောက်လိုက်, ရယ်စရာ မောစရာ စကားတွေပြောလိုက်နှင့် ပျော်နေကြလေသည်။

"ဒီမယ်- ဦးတုတ်ခိုင် - ခင်ဗျာ့မင်းသမီးကတော့ မျက်နှာမှာ မိတ်ကပ်မလိမ်းဘဲနဲ့လဲ ကြည့်လို့ လှနေတာဘဲနော်...."

နိုင်လွန်စက်သူဌေးဦးကျင်သောင်းက ခပ်လှမ်းလှမ်းရှိမေသက် ဝင်းကိုကြည့်ရင်းချီးကျူးလိုက်လေသည်။

ထိုနေ့က မေသက်ဝင်းသည် ရုပ်ရှင်ရိုက်ရာတွင်သုံးသည့် မိတ် ကပ် ခြယ်မသားဘဲ "ကရင် (မ်)ပတ်ဖ်"ခေါ် တို့ပတ်သာလျှင် မျက်နှာပေါ် ခပ်ပါးပါး ရိုက်၍လာခဲ့ခြင်းဖြစ်သည်။



သို့သော် ပင်ကိုယ် အသားအရည်က လှပချောမွတ်နေသဖြင့် မိတ်ကပ်မပါလင့်ကစား ကြည့်ကောင်းနေလေသည်။

"ဟာ....လှတာတော့မပြောနဲ့ ဦးကျင်သောင်းရေ့ မေသက် ဝင်းက အချိန်မရွေး,အခါမရွေး၊မိတ်ကပ်လိမ်းလိမ်း,မလိမ်းလိမ်း၊ အဝတ်အစား ပါပါ,မပါပါ၊ ကြည့်,မဝအောင်လှတဲ့မင်းသမီး ကိုးဗျ...."

ဝီစကီအရက် ၂ခွက်မျှသောက်ထားပြီး၍ အာသွက်လျှာသွက် ဖြစ်နေသူ ဦးတုတ်ခိုင်က ခပ်တိုးတိုးပြန်ပြောလိုက်ရာ အနီးရှိ ယောကျ်ားပရိသတ်အသိုက်တွင် ပွဲကျသွားလေသည်။

"ဒါထက်-မေသက်ဝင်းနဲ့ မင်းသားဇော်ဟိန်းနဲ့က ဘယ်လို လဲဗျ။ သူတို့ကြည့်ရတာတော့ အတော်ရင်းနှီးပုံရတယ်...."

ဦးလှမင်းက မေးလိုက်၍ ဦးတုတ်ခိုင်က ပြန်မဖြေရသေးမီ အနီးရှိ ဒါရိုက်တာဦးတင်ထူးက....

"ရင်းနှီးဆို....ဇော်ဟိန်းက တချိန်တုန်းက မေသက်ဝင်းနဲ့ အတူကို နေခဲ့ဘူးတာကိုးဗျ။ မေသက်ဝင်းရဲ့ ပထမဆုံးအိမ် ထောင် သူဌေးကြီးရှိစဉ်က ဇော်ဟိန်းက သူတို့ဆီမှာ အလုပ်လုပ် ခဲ့ဘူးတယ်လို့ ပြောတာဘဲ...."

ဟု ဝင်ဖြေလိုက်လေသည်။

"နောက်ပြီး.... မေသက်ဝင်း ရုပ်ရှင်ထဲရောက်လာတာဟာလဲ ဇော်ဟိန်းကိုအကြောင်းပြုပြီး ရောက်လာတယ်ဆိုရင် မမှားဘူး။ ဇော်ဟိန်းက ရုပ်ရှင်မင်းသားဖြစ်နေလို့ အတော်ကြာမှ မေသက် ဝင်းက ရောက်လာတယ်။ သူတို့ချင်းလဲ နဂိုကရင်းနှီးပြီးသားဖြစ် ကြတယ်...."



www.burmeseclassic.com

www.burmeseclassic.com

"အော်....ဟုတ်လား.... ဒါကြောင့်ထင်ပါရဲ့၊ မေသက်ဝင်းက ဇော်ဟိန်းကို အတော်ရင်းရင်းနှီးနှီး ဆက်ဆံပုံရတယ်...."

ဦးလှမင်းနှင့် ဒါရိုက်တာ ဦးတင်ထူးတို့ ပြောနေကြချိန်တွင် မေသက်ဝင်းနှင့် မင်းသားကြီး ဇော်ဟိန်းတို့သည်လည်း ခန်းမဆောင်တဖက်အစွန်၌ စကားလက်ဆုံကျနေလေသည်။

လူချင်းမတွေ့ရသည်မှာ အတော်ကြာပြီဖြစ်၍ ပြောစရာစကားတွေ မကုန်နိုင်အောင်ပင် ဖြစ်နေကြလေသည်။

သူတို့နှစ်ယောက်စလုံး၏စိတ်ဝယ် ကြံစည်တွေးတောခြင်းမရှိဘဲလျက် အတိတ်ကဖြစ်ရပ်များကို ပြန်လည် သတိရနေကြလေသည်။

အထူးသဖြင့် မေသက်ဝင်းအဖို့ အတိတ်ကို ပြည်ဖုံးကားချထားခဲ့ပါပြီဟု သူ့ကိုယ်သူ ဆိုလေ့ရှိသော်လည်း စထရင်းဟော်တယ် ညစာစားပွဲမှပြန်သွားပြီးနောက် အိမ်ပြန်ရောက်၍ အိပ်ရာထဲပစ်လှဲရင်း အတိတ်ကာလအကြောင်း ပြန်ပြောင်း၍ တွေးတောနေမိပါတော့သတည်း။

*　　　*　　　*

# အပိုင်း ( ၂ )



www.burmeseclassic.com

www.burmeseclassic.com

# (၁)

“ဇင်စက်မှုလက်မှုလုပ်ငန်း”ဟူသော ထယ်ဝါခန့်ညားသည့် ဆိုင်းဘုတ်ကြီးတခုသည် ရန်ကုန်-အင်းစိန်လမ်း၊ သမိုင်းလမ်းဆုံ ဆက်ခါနီးတနေရာတွင် ဖြတ်သန်းသွားသူများ သတိမပြုမိဘဲ မနေနိုင်လောက်အောင် ထင်ရှားစွာ တည်ရှိလေသည်။

စက်မှုလက်မှုဆိုင်းဘုတ်ကိုကြည့်၍ သာမန် တွင်ခုံ၊ သို့မဟုတ် ဘက်ပြင်ဝပ်ရှော့တခုသာဖြစ်လိမ့်မည်ဟု ထင်မိပါမူ တကယ်တက် ဇင် လွဲပေလိမ့်မည်။

အကြောင်းမှုကား “ဇင်စက်မှုလက်မှုလုပ်ငန်း”သည် မြန်မာ နိုင်ငံတွင် အကြီးအကျယ်ဆုံး နိုင်ငံခြားစံချိန်မှီ တကယ့်စက်ရုံ ကြီးတခုဖြစ်သောကြောင့်ပင်တည်း။

မော်တော်ယာဉ် အပိုပစ္စည်းများက အစ သဘော်ာ စက် ယန္တရား အစိတ်အပိုင်းများအထိ အဆင့်အတန်းမြင့်မြင့် ထုတ် လုပ်နိုင်သဖြင့် ရန်ကုန်မြို့ရှိ ဝီလျံ ဂျက်၊ မက်ဆင့်ကုမ္ပဏီ စသော နိုင်ငံခြားစက်ပစ္စည်း ကုမ္ပဏီကြီးများကပင် အံ့ဩ ချီးကျူးရ လောက်အောင် စွမ်းဆောင်နိုင်သဖြင့် “ဇင်”ဟူသော အမည်မှာ



www.burmeseclassic.com

www.burmeseclassic.com

မြန်မာနိုင်ငံ စီးပွားကုန်သွယ်ရေးနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များရပ်ကွက်တွင် အလွန်ထင်ရှား ကျော်ကြားလျက် ရှိပေသည်။

အဆိုပါ စက်မှုလက်မှုလုပ်ငန်းကြီး ဤမျှ တိုးတက်ကြီးပွားလာရခြင်းမှာ တဦးတည်းပိုင်ရှင်ဖြစ်သူ ဦးဘဇင်၏ ကြိုးစားမှုနှင့် တီထွင်မှုအစွမ်းကြောင့်ပင်ဖြစ်သည်ဟု ဆိုရပေမည်။

ဦးဘဇင်သည် ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီက စက်မှုလက်မှု ထွန်းကားတိုးတက်နေသော ဂျာမနီနှင့် ဂျပန်နိုင်ငံများသို့ သွားရောက်လည်ပတ်ရင်း နိုင်ငံခြားသားတို့၏ လုပ်နည်းလုပ်ဟန်များကိုလေ့လာခဲ့ရာမှ အားကျစိတ် ဖြစ်ပေါ်ပြီး စစ်ပြီး ခေတ်တွင် ကိုယ်ပိုင် စက်မှုလက်မှု လုပ်ငန်းတခု တည်ထောင်လုပ်ကိုင်ရာမှ သူ၏ကြိုးစားမှု, တီထွင်မှု အစွမ်းကြောင့်ရင်း၊ အစိုးရကလည်း အားပေးမှုကြောင့်ရင်း၊ တနေ့တခြား တိုးတက် ကြီးပွားလာခဲ့ခြင်းဖြစ်လေသည်။

အစိုးရကအားပေးသည်ဆိုရာ၌ ဦးဘဇင်၏ စက်ရုံမှ တီထွင်ထုတ်လုပ်နိုင်သော စက်ကိရိယာ အပိုပစ္စည်းမျိုးဆိုလျှင် နိုင်ငံခြားမှ မှာယူတင်သွင်းခြင်း မပြုတော့ဘဲ သွင်းကုန်လိုင်စင် ပိတ်သည်အထိ တိုင်းရင်းသားလုပ်ငန်းကို အားပေးရမည် ဟူသောမူအရ ကူညီခဲ့ခြင်းဖြစ်လေသည်။

ထိုကြောင့်လည်း ဦးဘဇင်မှာ တနေ့တခြား ကြီးပွားချမ်းသာလာခဲ့ရာ မြန်မာနိုင်ငံတွင် အကြွယ်ဝဆုံးပုဂ္ဂိုလ်တဦး ဖြစ်လာလေသည်။

အမေရိကန်တွင် ဒေါ်လာငွေ တသန်း(၁၀-သိန်း)ကျော် ချမ်းသာသူများကို မီလျံနာသူဌေးကြီးများဟု ခေါ်လေ့ရှိရာ ဒေါ်လာ မဟုတ်သော်လည်း ကျပ်ငွေ အားဖြင့် သန်းကျော် သူဌေး မြန်မာမီလျံနာရှိပါသလားဟုမေးပါက ရှိသည်ဟုဆိုပြီး သူဌေးဦးဘဇင်ကို ညွှန်ပြရမည် ဖြစ်ပေသည်။

ဦးဘဇင်မှာ စီးပွားရေးတခုတည်းကိုသာ အာရုံစိုက် လုပ်ကိုင်နေရင်း ဇနီးကွယ်လွန်ပြီး မုဆိုးဖို ဖြစ်ခဲ့ပေသည်။ သားသမီးဆို၍လည်း မောင်မျိုးဇင်အမည်ရှိ သားယောကျ်ား တဦးသာ ရှိလေသည်။

ဇနီး ဒေါ်ခင်ခင် ကွယ်လွန်သွားချိန်၌ မောင်မျိုးဇင်မှာ အသက် ၁၀-နှစ်သားအရွယ်မျှသာရှိသေး၏။ ထိုအချိန်လောက်တွင်ပင် ဦးဘဇင်သည် အလွန်အားကိုးစိတ်ချရသော တပည့်လူယုံဘော်တဦး ရရှိခဲ့လေသည်။

သူကတော့ တနေ့ မြန်မာရုပ်ရှင်နယ်တွင် စတန့်မင်းသားအဖြစ် နာမည်ကြီးလာမည့် ဇော်ဟိန်းဆိုသူပင်ဖြစ်လေသည်။

ဇော်ဟိန်းမှာ ဖအေ မြန်မာ၊ မအေ ရှမ်းမှပေါက်ဖွားလာသူ တိုင်းရင်းသားကပြားတဦးဖြစ်၏။ ငယ်စဉ်ကပင် မိဘများကွယ်လွန်ပြီး ညောင်ရွှေမြို့ ဘုန်းကြီးကျောင်း တခုကျောင်းတွင် ကြီးပြင်းလာခဲ့ရသူဖြစ်သည်။ အရွယ်နှင့် မလိုက်အောင် ဖျတ်လတ်သန်စွမ်းပြီး ဒါးသိုင်း-လှံသိုင်း၊ ဗန်တို-ဗန်ရှည် ကိုယ်ခံပညာများ၊ ဂျမ်းဘားပညာများ ထူးချွန်စွာတတ်မြောက်ခဲ့လေသည်။ ရှမ်းပြည်ဘက် ရောက်လာသူ သစ်တောအရာရှိ တဦးနောက်တပည့်အဖြစ်လိုက်ရင်းက သေနတ်ပစ်တတ်ရုံမက အလွန် လက်ဖြောင့်သော သေနတ်ပစ်သမားတဦးလည်း ဖြစ်လာလေသည်။

ထိုနောက် ဖက်ဆစ်တော်လှန်ရေးစစ်ပွဲတွင်အနောက်မြောက်တိုင်းတနေရာတွင် ရှတ်ရှတ် ချွံချွံ အမှုထမ်းခဲ့ ဘူးသေးသည်။ စစ်ပြီးသွားသောအခါ ၁၉-နှစ်သား အရွယ်မျှသာ ရှိသေး၍



www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်မြို့သို့ အလုပ်အကိုင်ရှာဖွေရန် ထွက်လာရင်း ဘာရယ်လို့မဟုတ်၊ အလုပ်ရလိုရငြားသဘောဆား၍ ဦးဘဇင်ထံ ရောက်လာခြင်းဖြစ်လေသည်။

ထိုအချိန်၌ ဦးဘဇင်မှာ ဇနီးမရှိတော့သည့် နောက်ပိုင်း၌ သားလူမမယ် မောင်မျိုးဇင်အတွက် အဖေါ်ကောင်းတယောက် ရှာနေခိုက်နှင့်ကြုံနေလေသည်။ သူလိုချင်သောအဖေါ်ကလည်း မောင်မျိုးဇင်အားယောကျ်ားပီသအောင် လေ့ကျင့်နည်းပြနိုင်ရုံမက မိမိတို့၏ အသက်အိုးအိမ် စည်းစိမ်ကိုပါ ကာကွယ် စောင့်ရှောက်ပေးနိုင်မည့် လူယုံတော် သက်တော်စောင့်တဦး သဖွယ်လည်း အားကိုးရလောက်မည့် လူငယ်တဦးဖြစ်နေရာ အထက်ပါ အရည်အချင်းများနှင့်ပြည့်စုံနေသူ ဇော်ဟိန်းအား တွေ့သည်တွင် ဦးဘဇင်အဖို့ အကြိုက်တွေ့သွားလေသည်။

ဇော်ဟိန်းရောက်လာသောနေ့က ဦးဘဇင်သည် သူ၏ လိုင်စင်ရခြောက်လုံးပြူးသေနတ်ကို ခါးတွင်ချိတ်ထားရာ ဇော်ဟိန်းက သေနတ်ကို ခေတ္တတောင်းကြည့်သဖြင့် အံ့အား သင့်မိလေသည်။

"ဘာလဲ...မင်းက သေနတ်ပစ်တတ်လို့လားကွ...."

"ဟုတ်ကဲ့...ကျွန်တော် တော်တော်လေးကျွမ်းကျင်ပါတယ်၊ ဦးမယုံရင် စမ်းကြည့်ပါလား...."ဟု ပြောပြော ဆိုဆို ခြောက်လုံးပြူးသေနတ်ကို ကိုင်ထားပြီး ဦးဘဇင်အား အနီးရှိ နို့ဆီဗူးခွံ အလွတ် ၂-လုံးကို မြှောက်ခိုင်းလေသည်။

ဦးဘဇင်ကလည်း မယုံတဝက်၊ ယုံတဝက်နှင့် နို့ဆီဗူးခွံများကို ကောင်းကင်သို့မြှောက်ပစ်လိုက်ရာ ဇော်ဟိန်းသည် လျှပ်တပြက် လျှင်မြန်သောအဟုန်ဖြင့် သေနတ်ကိုဆွဲ၍ ၂-ချက်ဆင့်ပစ်လိုက်လေသည်။

နို့ဆီဗူးခွံ ၂-လုံးစလုံး မြေသို့ပြန်မကျမီ သေနတ်ကျည်ဆံတချက်စီ တည့်တည့်မတ်မတ်ထိမှန်သွားလေသည်။

သည်လို သေနတ်ပစ်ကျွမ်းကျင်ပုံမျိုးကို အမေရိကန် ကောင်းဘွိုင် ရုပ်ရှင်ကားများ၌သာ မြင်ဘူးသဖြင့် ဦးဘဇင်မှာ အထူးပင် အံ့သြသင့်သွားလျက်....

"ကိုင်း....မင်းရဲ့အစွမ်းကိုတော့ကြိုက်ပြီ၊ ဒီနေ့ကစပြီး အလုပ်ဝင်ပေတော့...."

ဟု ချက်ချင်းပင် အလုပ်ခန့်လိုက်လေသည်။

နောက်များမကြာမီ ဇော်ဟိန်းအား သေနတ်ကိုင်ဆောင်ခွင့်လိုင်စင်ပါ တရားဝင်ယူပေးပြီး ခြောက်လုံးပြူး သေနတ်တလက်ပါ ဝယ်ပေးထားလေသည်။

ဦးဘဇင်အဖို့ သား မောင်မျိုးဇင်အတွက် အဖေါ်ကောင်းဖြစ်ရုံမက မိမိတို့အတွက် အရေးကြုံလျှင် အားကိုးရမည့် လူယုံတော်ကောင်းတဦး ရသွားပေပြီ။

ဇော်ဟိန်းနှင့် လက်ပွန်းတတီးနေရသဖြင့် မောင်မျိုးဇင်မှာလည်း ဗန်တို-ဗန်ရှည် ကိုယ်ခံသိုင်းပညာနှင့် ရေကူး၊ သေနတ်ပစ်ကျွမ်းကျင်ကာ ယောကျ်ားပီသသော လူငယ်တဦး ဖြစ်လာလေသည်။

သို့နှင့်ပင် အချိန်ကာလ ၈-နှစ်ခန့် ကြာသွားလေသည်။

မောင်မျိုးဇင်မှာလည်း ကိုယ်လုံးကိုယ်ဟန် တောင့်တင်းခဲ့လောက် ရုပ်ရည်ခန့်ညား ချောမောသော လူပျိုကြီးဖြစ်လာပေပြီ။



www.burmeseclassic.com

www.burmeseclassic.com

ဥစ္စာပေါ ရုပ်ချော ဟူသော စာဆိုနှင့်အညီ ဖခင်က ကျိုကျို တက်ချမ်းသာကြွယ်ဝပြီး တသက်တာ ဖြုန်းမကုန်အောင် ငွေကြေးပေါများသူ လူပျိုချောတယောက်အနေဖြင့် မိန်းကလေးများ၏ ပတ်ဝန်းကျင်တွင် အလွန်ခေတ်စား "ပေါပြူလာ" ဖြစ်လာလေသည်။

ဆင်းရဲနွမ်းပါးသူ မိဘများ၏ သားသမီးများထက် လူချမ်းသာ သားသမီးများက ပိုပျက်စီးလွယ်သည် ဟူသော စကားမှာ မောင်မျိုးဇင် အတွက် တိုက်ရိုက်မှန်သလို ဖြစ်နေပေသည်။

မျိုးဇင်သည် ပညာလည်းတော်၏၊ အားကစား ဘက်တွင်လည်း ထူးချွန်သူ ဖြစ်သည်။ သို့သော် မိန်းမပျို ချောချောလှလှများ၏ အရေးပေးခြင်း၊ ငမ်းငမ်းတက် ဝိုင်းခြင်းဒဏ်ကိုမူ မခံနိုင်ရှာပေ။

သူ့တွင် ဖခင်ကြီးထံမှ အမွေရထားသည့်အလား ခေါင်းမာခြင်း၊ လုပ်ချင်တာ တခုခုရှိလျှင် လုပ်လိုက်ရမှ ကျေနပ်ခြင်း တည်းဟူသော ညာဉ်ရှိလေသည်။

သူ တက္ကသိုလ်ကျောင်းသို့ ရောက်လာသောအခါ "အမ်ဂျီ" အမျိုးအစား တံခါး နှစ်ပေါက်နှင့် မော်တော်ကားကလေးကို ကိုယ်တိုင် မောင်း၍ ကျောင်းတက်လေ့ရှိရာ ကျောင်းမှအပြန် သူ့ကားနှင့် ကားကြုံလိုက် ပြန်ချင်သူ ကောလိပ် ကျောင်းသူတွေကလည်း ပေါလှသည်။ ညှော်ခံပွဲ၊ မွေးနေ့ပါတီ၊ ဒန့်စ်ကပွဲ (ပွတ်သဘင်) ပါတီများသို့ ဖိတ်ချင်သူတွေလည်း အလွန်များလှပေသည်။

ယင်းသို့သော အခြေအနေ အသိုင်းအဝိုင်းကြားဝယ် မျိုးဇင်သည် "မ" နှင့် ပတ်သက်၍ ရှောင်နိုင်စွမ်း မရှိရာမှ သူ၏ တဖွတ်ထိုး လုပ်တတ်သော ညာဉ်ကြောင့် "ရမ်း" စ, ပြုလာပေသည်။

မိန်းကလေးများ ကိုယ်တိုင်က လိုက်လိုက် လျှောလျှော ရှိသည်ကို အကြောင်းပြု၍ ရည်းစားတွေ မှိုလိုပေါက်အောင် ထားလာသည်။ သူ့တွင် မော်တော်ကား ကိုယ်ပိုင် ရှိသည့်ပြင် ခေတ်အလျောက် မိန်းကလေးများ လွတ်လပ်စွာ တယောက်တည်း သွားလာနိုင်ခွင့် ရှိသဖြင့် မျိုးဇင်အဖို့ ရည်းစားထားပြီး နှစ်ယောက်ချင်း ချိန်းတွေ့ရန် လွယ်ကူ နေလေရာ ရုံဖန်ရံခါ "ပါတီ" မှ အပြန် သူ၏ ရည်းစား မိန်းကလေးကို တိုက်ရိုက် အိမ်ပြန်မပို့ဘဲ အင်းယားကန်စောင်းလို ချောင်ကောင်းကောင်း နေရာသို့ ခေါ်သွားပြီး ချစ်တင်းနှီးနှော၍ပြီးမှ ပြန်ပို့တတ်လေသည်။

သူ ချစ်တင်းနှီးနှောပုံကား ရိုးရိုးတန်းတန်း ချစ်တင်းဆိုခြင်းမျိုးမဟုတ်။ မိန်းကလေးအဖို့ အပျိုရည်ပျက်အောင် လွန်လွန်ကျူးကျူး "ချစ်" ပစ်လိုက်ခြင်းမျိုး ဖြစ်လေသည်။

မိန်းကလေးများ အနေနှင့်ကား ကိုယ့်အပြစ်နှင့်ကိုယ် ဖြစ်၍ တကြောင်း၊ လူသိမည်ကို ရှက်၍ တကြောင်း၊ ထုတ်ဖော်မပြောဘဲ ကျိတ်၍ ခံထက်ကြလေသည်။

မျိုးဇင်ကား ကောင်းမှန်းသိ သာအိတစိုစို ဖြစ်ကာ မိန်းကလေးတယောက်က နှစ်ယောက် စသဖြင့် ရည်းစားလဲပြီး အခြေအနေအရ လစ်လျှင် လစ်သလို "စား" ခဲ့ပေသည်။

ဤနည်းအားဖြင့် သူဌေးသား မျိုးဇင်သည် "လူသားစား" တတ်သူ တယောက် ဖြစ်လာလေသည်။

www.burmeseclassic.com

သူ့အနေနှင့် ငွေကို ရေလို ဖြုန်းနိုင်သည့် အခြေအနေက လည်း ရှိသဖြင့် မိန်းကလေးများအား အဝတ်အစား၊ ရေမွှေး၊ အလှကုန် စသော အဖိုးတန် လက်ဆောင်များ ဝယ်ပေးခြင်း အားဖြင့် သူ၏ ရမ်းကားမှုကို ဖုံးကွယ်ထားနိုင်လေသည်။

သို့ရာတွင် တခါတရံ လက်ဆောင် ပစ္စည်းဖြင့် ဖုံးကွယ်မရ သည့် အဖြစ်မျိုး ကြုံတတ်ပုံကား သူ၏ လွန်လွန် ကျူးကျူး "ချစ်" မှုကြောင့် မိန်းကလေးတွင် ကိုယ်ဝန်ရှိလာတတ်ခြင်းပင် ဖြစ်၏။

သည်လိုအခါမျိုးတွင် မျိုးဇင်သည် သူ့ဖခင် ဦးဘဇင်အား ဖွင့်ပြော၍ ငွေအမြောက်အမြား ကုန်ကျခံပြီး မိန်းကမလေး၏ ကိုယ်ဝန်ကို တိတ်တိတ်ပုန်း ဖျက်ချလိုက်တတ်လေသည်။

အမှန်အားဖြင့် မျိုးဇင်အနေနှင့် သူနှင့် ရည်းစားဖြစ်သော မိန်းကလေးများအား လက်ထပ်ယူရန် လုံးဝ မရည်ရွယ်ပေ။ သူ့အဖို့ သွေးသားသောင်းကျန်းမှု (ဝါ) ရာဂစိတ် ပြေငြိမ်းမှု ရရှိရုံ အပျော်သက်သက် ကြံခြင်းသာဖြစ်၏။ တနည်းအားဖြင့် သူ၏ မနေအင်အားကို ခုတုံးလုပ်ကာ ပြည့်တန်ဆာ မ,များထံ သွားမည့်အစား မိကောင်းဖခင် သမီးပျိုကလေးများနှင့် "ပျော် ပါး" နေခြင်းသာ ဖြစ်လေသည်။

သူ့အနေနှင့် တကယ်တမ်း စွဲစွဲ လန်းလန်း ချစ်ချင်သည့် မိန်းကလေး မတွေ့သေး၍သာ ဤသို့ ပြုမူ နေခြင်းပေ လောဟု တွေးစရာရှိပေသည်။

သည်လို နေလာရင်းနှင့်ပင် တနေ့ မျိုးဇင်သည် စိတ်ထဲ ထူးထူး ခြားခြား လှုပ်ရှားကာ သသောကျမိသူ မိန်းကလေး တဦးကို ပါတီတခု၌ ဆုံတွေ့မိလေသည်။



မိန်းကလေး၏အမည်က "သက်သက်" ဖြစ်ပြီး ရင်ကုန်မြို့ ဆံပင်အလှပြုပြင်ရေး ဆိုင်ကြီးတဆိုင်၌ အလုပ်လုပ်သည်ဟု သိရ သည်။

သက်သက်သည် ခေတ်ဆန်ဆန် ဝတ်စား အလှ ပြုပြင်တတ် ရုံမက ကိုယ်လုံးကိုယ်ပေါက်နှင့် ရုပ်ရည်ကလည်း ထူးထူးခြားခြား လှပ ကြော့ရှင်းသူ မိန်းကလေး တဦး ဖြစ်သည်။ အထူးသဖြင့် သူမ၏ စူးရှသော မျက်လုံးများနှင့် မထူမပါး နီတွေးတွေး နှုတ် ခမ်းများက ယောကျ်ားတို့၏ စိတ်ကို အလိုလို ဆွဲဆောင်နိုင် သော ညို့မာတ် အစွမ်း ရှိလေရာ ယင်းညို့မာတ်ကပင်လျှင် သူဌေးသား လူလည် မျိုးဇင်အား တွေ့တွေ့ချင်းပင် သံလိုက် ဓာတ်လို ဆွဲငင် လိုက်ပါတော့သည်။

မည်မျှလောက် အထိ ဆွဲငင်နိုင်ပါသနည်း ဟူမူ မျိုးဇင်၏ စိတ်ထဲ၌ သက်သက်ကို မြင်မြင်ချင်းပင် မရရအောင် ယူမည်ဟု စိတ်ပိုင်းဖြတ်လိုက်မိသည်အထိ ဖြစ်သွားလေသည်။

ငယ်စဉ်က စ၍ လိုချင်တာရှိလျှင် မရရအောင် လုပ်တတ်သူ ဖြစ် မျိုးဇင်သည် ချက်ချင်းပင် အသိ မိန်းကလေးတဦး၏ အကူ အညီဖြင့် သက်သက်နှင့် မိတ်ဆက် အသိအကျွမ်း ဖွဲ့လိုက်လေ သည်။

နောက်ပိုင်းတွင်လည်း အခြား မိန်းကလေးများကို ဘေးချိတ် ကာ သက်သက်၏ အိမ်သို့ နေ့စဉ်နှင့်အမျှ သွားရောက် လူမျို ကျသွဲ့လေသည်။

ဇင်စစ် သက်သက်၏ မျိုးရိုးဇာတိနှင့် တကူ အတိတ်မှ ဖြစ်စဉ် များအကြောင်း သူလုံးဝမသိချေ။ သို့သော် ဒါတွေကို မျိုးဇင် အနေနှင့် ဂရုမစိုက်၊ မိမိ၏စိတ်ကို ထူးထူးခြားခြား ဆွဲဆောင်

www.burmeseclassic.com

www.burmeseclassic.com

နိုင်သည့် မိန်းကလေး ဖြစ်ခြင်းကိုပင် ကျေနပ်ကာ လက်ထပ်ယူမည်ဟု စိတ်ပိုင်းဖြတ်လိုက်လေသည်။

အခု ထူးခြားသည်ကား မျိုးဇင်သည် သက်သက်နှင့် ရင်းနှီးလာပြီးနောက် အခြား သူ၏ ရည်းစားများကဲ့သို့ လွန်လွန်ကျူးကျူး "လူသာ‌စား" ရန် မကြိုးစားခြင်းပင် ဖြစ်၏။

သူ့အနေနှင့် သက်သက်အပေါ် တန်ဘိုးထားကာ လက်ထပ်ပြီးသည့် အချိန်အထိ စောင့်စည်းလိုသော သဘောထားမျိုး ရှိဟန်တူပေသည်။

သက်သက်၏ ဆက်ဆံပုံကား မျိုးဇင်ကို ကောင်းမွန်စွာ လက်သင့်ခံနေသော်လည်း သူမ၏ လှပသော မျက်လုံးကြီးများနှင့် ကြည့်ရင်း နှုတ်ခမ်းမပွင့်တပွင့် ဟ,ကာ ညုတုတု လုပ်နေရုံမှတပါး ချစ်ကြိုက်ပါသည် ဟူ၍ မပြောချေ။

သည်လို လုပ်နေခြင်းကြောင့်ပင်လျှင် မိန်းမပျိုတွေ အဝိုင်းခံနေရသည့် သူဌေးသား တယောက် အနေနှင့် မျိုးဇင်မှာ စိတ်ထဲ မချင့်မရဲ ဖြစ်နေမိလေသည်။

ထိုကြောင့် တနေ့ သူ့စိတ်ထဲ ရှိသမျှ သက်သက်အား ပြောကြည့်လေသည်။

"ဒီမယ်သက်သက်....ကိုမျိုးဇင်အနေနဲ့ သက်သက်ကို လက်ထပ် ယူချင်တယ် ဘဲ့နဲ့လဲ...."

သည်လို ဒဲ့ဒိုးကြီး ပြောလိုက်သောအခါ၌မူ သက်သက်က အ[illegible]ပျက်ဘဲ....

"ရှင့်အဖေကြီးကို ပြောကြည့်ပါအုံးလေ....သူက သက်လို မိန်းခလေးတယောက်နဲ့ သဘောတူတယ်ဆိုရင်တော့ သက်သက်က ဘာငြင်းစရာ ရှိသလဲ...."



ဟုပင် ပြန်ပြောခဲ့လေသည်။

ခြေမြန်လက်မြန်ရှိသူ မျိုးဇင်သည် နောက်တနေ့ ဆက်သက်အား ဖခင် ဦးဘဇင်ကြီးထံ ခေါ်သွား၍....

"ဖေဖေ....ကျွန်တော် သူ့ကို လက်ထပ် ယူချင်တယ်...."

ဟု ရှေပြောပါတော့သည်။

ဦးဘဇင်သည် သက်သက်အား ခြေဆုံး ခေါင်းဆုံး သေချာစွာ ကြည့်ပြီးနောက် စကားကို မရှုပ်မလွန် ပြောကာ ပြန်လွှတ်လိုက်လေသည်။

သားအဖ နှစ်ယောက်တည်း ကျန်တော့မှ အဖိုးကြီးက သူ၏ သဘောထားကိုပြောပြလေသည်။

"ဒီမယ်ငါ့သား....မင်းမိန်းခလေးတွေနဲ့ ဘယ်လိုဘဲ ရှုပ်ရှုပ် ဖေဖေဘာပြောခဲ့သလဲ၊ ခြေလွန်လက်လွန်ဖြစ်လို့ ကိုယ်ဝန်ရှိလာတဲ့ကိစ္စမျိုးတွေတောင်မှ ဖေဖေကဝင်ကူညီ ဖြေရှင်းခဲ့သေးထယ် မဟုတ်လား။ ငါ့သား တရားဝင်လက်ထပ် အိမ်ထောင်ပြုဘို့ကတော့ စောသေးတယ်ထင်ပါတယ်၊ ခဏနေလိုက်ပါအုံး သားရယ်။ နောက်ပြီး ရှေ့အပတ်ထဲမှာဘဲ သားကို ဂျပန်ပြည်ကို အကြီးစား စက်မှုလုပ်ငန်းလေ့လာဘို့အတွက် လွှတ်မလို့ ဖေဖေ စီစဉ်ထားတယ်။ ဒီတခါတော့ ဖေဖေ့စကားနားထောင်စမ်းပါ သားရယ်...."

ယင်းသို့ ဖျောင်းဖျပြောပြီးနောက် ဦးဘဇင်သည် တကယ်ပင် မျိုးဇင်အား ရက်သတ္တ တပတ်အတွင်း ဂျပန်ပြည် ဖူဂျီ သံမဏိကုမ္ပဏီကြီးသို့ ပညာသင်လွှတ်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com

မျိုးဇင် ဂျပန်ပြည်ရောက်ပြီး ၂-လမျှအကြာတွင် ဦးဘဇင်ထံမှ စာတစောင်လက်ခံရရှိသောအခါ မယုံကြည် နိုင်လောက်အောင်ပင် အံ့အားသင့်သွားမိတော့သည်။

အကြောင်းမူကား ထိုစာတွင် သူ၏ဖခင် ဦးဘဇင်နှင့် သက်သက်တို့ ရန်ကုန်မြို့ တရားရုံးတခု၌ သဘောတူလက်ထပ်ထိမ်းမြားလိုက်ပြီဟူ၍ ပါရှိသောကြောင့်ပင် ဖြစ်ပါသတည်း။

* * *



# (၂)

သူသဘောကျတပ်မက်၍ လက်ထပ်ယူရန်ကြံခဲ့သူ သက်သက်သည် ယခုတော့ သူ့ဖခင်ကြီး၏ဇနီး၊ သူ့မိထွေး၊ သို့မဟုတ် "အမေ" ဖြစ်သွားလေပြီ။

မျိုးဇင်သည် တိုကျိုမြို့ အိုတာနီဟော်တယ် အောက်ဆယ်ရှိ "ဘား"တွင် ဘီယာတလုံးမှာသောက်ရင်း ငိုင်နေမိလေသည်။

သူရန်ကုန်မှ ထွက်လာခါနီး ရက်သတ္တပတ်အတွင်းက အဖြစ်အပျက်များအကြောင်းကိုလည်း ပြန်ပြောင်း တွေးတောမိလေသည်။

သက်သက်ကို ဖခင်ကြီးထံ ခေါ်သွားပြီး လက်ထပ်ယူချင်ကြောင်းပြောစဥ်က ဦးဘဇင်က အိမ်ထောင်မပြုသေးရန် ပြောသည်ကိုမနာခံဘဲ ဇွတ်အတင်းပင် သူ့သဘောနှင့်သူ လက်ထပ်ယူရန် စိတ်ကူးခဲ့မိပါသေးသည်။

သို့ရာတွင် မိမိအပေါ် တသက်လုံး အလိုလိုက်ခဲ့သူ ဖခင်ကြီးအား ရုတ်တရက် အတိုက်အခံ မပြုလိုသည်တကြောင်း၊ သူငယ်ချင်းလို့ အကိုကြီးအရင်းလိုနေသော ကိုဇော်ဟိန်း၏ ဖျောင်းဖျ



www.burmeseclassic.com

www.burmeseclassic.com

ပြောဆိုချက်ကြောင့်တကြောင်း၊ မျိုးဇင်သည် ဖခင်ကြီး စိတ်ကြိုက်အတိုင်း ဂျပန်သို့သွားရန် လက်ခံသဘောတူလိုက်ခြင်း ဖြစ်ပေသည်။

"အဖိုးကြီး ဒီတချီကျမှ ဘာဖြစ်လို့ ကျွန်တော့်အလိုမလိုက်တာလဲမသိပါဘူး ကိုဇော်ရာ၊ ကျွန်တော်က မသက်သက်ကို တကယ်စွဲနေတာဗျ၊ ဒါကြောင့် လက်ထပ်ယူချင်တယ် ပြောတာပေါ့...."

မျိုးဇင်က ညဘက်တွင် ဇော်ဟိန်းနှင့် နှစ်ယောက်ချင်းပြောသောအခါ ကိုဇော်ဟိန်းက လေသံခပ်အေးအေးနှင့်ပင်....

"ဒါတော့ မင်းအတွက် သူ့မှာ အစီအစဉ်တွေ လုပ်ပြီးသားရှိနေတုန်း အိမ်ထောင်ပြုပေးလိုက်ရင် သူ့အစီအစဉ်တွေ ပျက်ကုန်မှာစိုးလို့နဲ့တူပါတယ်ကွာ။ မင့်အဖိုးကြီးက မင့်အတွက် အကျိုးရှိမယ်ဆိုရင် ဘာမဆို လုပ်ပေးခဲ့သားဘဲ မဟုတ်လား။ အိမ်ထောင်ပြုဘို့ကိစ္စကတော့ သူ့စိတ်ထဲ အချိန်နဲ့နဲ စောသေးတယ်လို့ ယူဆနေပုံရပါတယ်။ သူပြောသလိုခဏဆိုင်းလိုက်တာကောင်းပါတယ်။ တနေ့ မင်းသဘောကျတဲ့ မိန်းခလေး ရမှာပါဘဲ၊ စိတ်ပူမနေစမ်းပါနဲ့"ဟု ပြောခဲ့လေသည်။

ယခုတော့ သူဂျပန်ပြည်ရောက်၍ ၂-လမျှ ရှိသေးချိန်တွင် သူအလွန်လိုချင်တပ်မက်ခဲ့သော သက်သက်အား ဖခင်ကြီးက လက်ထပ်ယူလိုက်ပေပြီ။

သူ့ဖခင်ကြီးသည် တဦးတည်းသော သားအဖြစ် သူ့အားအလွန်ချစ်ခဲ့သည်ဟု ကိုဇော်ဟိန်း မကြာမကြာ ပြောခဲ့သည်မှာ ဟုတ်မှန်ပါလေစဟုပင် သံသယ ဖြစ်မိလေသည်။



သူ့ကိုချစ်သည်ဆိုလျှင် သူအလွန်မက်မောသော မိန်းကလေးကို အဖိုးကြီးက သေခါနီးအရွယ်ကျမှ ဘာကြောင့် လုယူရလေသနည်း။

မျိုးဇင်၏ စိတ်ထဲတွင် သူအလွန်မြတ်နိုး နှစ်သက်နေသော စားစရာအရုပ်ကလေးတခုကို သူတပါးက အတင်းလုယူခြင်း ခံလိုက်ရသည့် ကလေးငယ်တဦးပမာ ဖြစ်ပေါ်ခံစားနေရလေသည်။

ထိုကြောင့်ထိုနေ့ညကစိတ်ပျက်ပျက်နှင့်အရက်တွေဖိသောက်နေပါတော့သည်။

× × ×

စင်စစ် ဦးဘဇင်သည် သူ့သား မျိုးဇင် လက်ထပ်ယူချင်ပါသည်ဆိုသော "သက်သက်"အမည်ရှိ မိန်းကလေးအား ရုတ်တရက် ယူလိုက်ခြင်းမှာ အကြောင်းရှိပေသည်။

မျိုးဇင်ခေါ်လာ၍ သက်သက်အား မြင်မြင်ချင်း သူသည် ကလေးမ၏ အင်္ဂါရုပ်နှင့်တကွ စိတ်နေဓိတ်ထားကို သေချာစွာဂရုစိုက်အကဲခတ်ကြည့်ခဲ့၏။ သက်သက်၏ တပ်မက်ချင်စဘွယ် ကိုယ်လုံးကိုယ်ပေါက်, ရင်သားတင်သား အဖုအထစ်တို့သည် မညီမျှဆွဲဆောင်မှု အင်အားရှိသည်ကိုဂ၎င်း၊ သူမ၏ စူးရှသော မျက်လုံးများမှ ညို့ဓာတ်ကိုဂ၎င်း၊ အမြဲလို မပွင့်တပွင့် ဟနေသော သူမ၏ ပါးစပ်နှင့် နှုတ်ခမ်းများသည် ယောကျ်ားတို့အား ဖိတ်ခေါ်သလို နေသော်လည်း အရေးကြုံလျှင် ရက်စက် ကြမ်းကြုတ်နိုင်သည့် အစွမ်းရှိသည်ကိုဂ၎င်း၊ ချက်ချင်း အကဲခတ်မိခဲ့ပေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဦးဘဇင်အဖို့ ဇနီးသည် ဒေါ်ခင်ခင်ကွယ်လွန်ပြီးသည့်နောက် အချိန်မှ စ၍ သူ၏ နှလုံးသားထဲ၌ အချစ် လုံးဝ မရှိတော့ပေ။ တဦးတည်းသောသား မောင်မျိုးဇင်ကိုသာ ပုံ၍ ချစ်ခဲ့ပေသည်။

မျိုးဇင်က လူငယ်ဘာဝ မိန်းကလေးများနှင့် "ရှုပ်" ခြင်း၊ ပေ့ခြင်းကိုလည်း သူ ဂရုမစိုက်။ မျိုးဇင် အနေဖြင့် မည်သည့် မိန်းကလေး အပေါ်ကိုမှ လေးလေး နက်နက် သဘောမထား တတ်ကြောင်းလည်း သူသိထားလေသည်။

သို့ရာတွင် ယခု "သက်သက်" အမည်ရှိ သူငယ်မကို မြင်ရသောအခါ၌မူ ဦးဘဇင်မှာ သား အတွက် စိုးရိမ်မိလေသည်။ မိန်းကလေးများကို ကစားစရာသဖွယ် သဘောထားခဲ့သူ မျိုးဇင်သည် သက်သက်နှင့် နဖူးတွေ့ ဒူးတွေ့ တွေ့ရလျှင် "မြင်းကောင်းခွာလိပ်" ဖြစ်သွားနိုင်သည်ဟု တွေးမိလာသည်။

မိန်းကလေး ချော့ချော့လှလှ အတော်များများ အပေါ် "ဗိုလ်ကျ" နိုင်ခဲ့သူ မျိုးဇင်သည် သက်သက်၏ ညို့ဓာတ် အစွမ်းအောက်ဝယ် ကျေးကျွန်သဖွယ် ဖြစ်သွားလိမ့်မည်ဟု စိတ်ပူမိလေသည်။

လောလောဆယ် မိမိက စီစဉ်၍ ဂျပန်ပြည်သို့ သွားသော်လည်း တနေ့ ဂျပန်မှ ပြန်လာသည့်အခါ မျိုးဇင်သည် သက်သက်ကိုပင် စွဲမက်ဦးမည်ဟု ခန့်မှန်း တွက်ဆ မိသဖြင့် ၎င်းအဖြစ်ကို ကာကွယ် တားဆီးရန် တခုတည်းသော နည်းလမ်းကို စိတ်ကူးမိလေသည်။

ထိုနည်းကတော့ သားဖြစ်သူ အလွန် လိုချင် မက်မောသော သက်သက်အား သူကိုယ်တိုင် အပိုင် သိမ်းယူလိုက်ရန်ပင် ဖြစ်လေသည်။



ယင်းသို့ သူကိုယ်တိုင် လက်ထပ် ယူလိုက်ခြင်းအားဖြင့် မိမိ၏ စည်းစိမ်-ချမ်းသာ တစိတ်တဒေသကို သက်သက်က တရားဝင် ပိုင်ဆိုင်ရရှိသွားမည် ဖြစ်သည်။ သို့သော် ပစ္စည်းတွေရခြင်းက ကိစ္စမရှိ။ သူ ချစ်သောသား မျိုးဇင် အနေဖြင့် ဤမိန်းကလေး၏ ဩဇာခံမဖြစ်လျှင် တော်လှပြီဟု သဘောရမိရာမှ ဦးဘဇင်သည် သက်သက်နှင့် ရင်းနှီးအောင် ကြိုးစားခဲ့လေသည်။

မိန်းကလေးများ အကြိုက် အဝတ်အစား၊ အလှကုန် လက်ဆောင်ပစ္စည်းတွေ တောင်လိုပုံအောင် ဝယ်ခြမ်းပေးခြင်း၊ ဟော်တယ်ကြီးများသို့ ထမင်းစားဖိတ်၊ ရုပ်ရှင်ပြ၊ဘုရားဖူးခေါ် စသည်ဖြင့် လုပ်ရိုးလုပ်စဉ် ချဉ်းကပ်နည်းများ ကျင့်သုံးပြီးနောက် တလအတွင်းပင် ဦးဘဇင်သည် သက်သက်အား လက်ထပ် ယူလိုကြောင်း ဖွင့်ပြောခဲ့လေသည်။

သက်သက် အနေနှင့်ကား အဖိုးကြီးက ဘယ်လို ရည်ရွယ်ချက်နှင့် ကြံစည်သည်ကို ရှည်ရှည် ဝေးဝေး မတွေးတော့ဘဲ မြန်မာနိုင်ငံတွင် အကြွယ်ဝလုံး သူဌေးတဦးနှင့် လက်ထပ်ခြင်းအားဖြင့် ရွှေငွေ ဥစ္စာ ပစ္စည်း တသက်တာ အတွက် ဖူလုံအောင် ရရန် သေချာသည်ဟုသာ တွက်ကာ....

"ဟုတ်ကဲ့.... အကိုကြီး စိတ်ဆုံးဖြတ် ပြီးရင်တော့ သက်အနေနဲ့ ငြင်းစရာ မရှိပါဘူး...."

ဟု လိုက်လိုက်လျောလျောပင် ပြောခဲ့လေသည်။

ဤနည်းအားဖြင့် အသက် ၁၉ နှစ်ရွယ် နုနယ်ပျိုမြစ် ချစ်ချင့်စဖွယ် မိန်းကလေး သက်သက်သည် အသက် ၅ဂ နှစ်ရွယ် သူဌေး ဦးဘဇင်၏ တရားဝင် ဇနီး ဖြစ်လာခဲ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဦးဘဇင်၏ အပြုအမူကို တောက်လျှောက် ဘာမှ မပြောဘဲ အကဲခတ်ကြည့်နေခဲ့သူကတော့ လူယုံတော် ဇော်ဟိန်းပင် ဖြစ်လေသည်။

သူသည်လည်း "သက်သက်" အမည်ရှိ မိန်းကလေးကို မြင်မြင်ချင်း....

"အင်း....ဒီမိန်းမတော့ ယောကျ်ားတွေကို ကောင်းကောင်းကြီး ဒုက္ခပေးနိုင်မဲ့ မိန်းမဘဲ...."

ဟု အကဲခတ်မိရုံမက သူ့ကျေးဇူးရှင် ဆရာသမား အဖိုးကြီးက သက်သက်အား လျင်မြန်စွာ လက်ခံ ယူလိုက်ခြင်း၏ ရည်ရွယ်ချက်ကိုပါ ရိပ်စားမိခဲ့လေသည်။

တနည်းအားဖြင့် မျိုးဇင်အတွက် ရန်အေးတာဘဲလေဟုသာ သဘောထားကာ သက်သက် အားလည်း တကဲ့ ဆရာကတော်၊ သူဌေးကတော်အဖြစ် လေးစားစွာ ဆက်ဆံခဲ့လေသည်။

ရံဖန် ရံခါ နှစ်ယောက်ချင်း ဆုံသည့် အခါ သက်သက်က ဇော်ဟိန်း၏ ရင်အုပ် ကျယ်ကျယ် ကိုယ်လုံးကြီးကို ကြည့်ရင်း ညုတုတု စကားပြောတတ်ရာ အတော် ကြောက်စရာ ကောင်းလေသည်။

သည် မိန်းမမျိုးနား ကြာကြာ နေလျှင် ဗုံးအား (၃၀၀၀) ရှိ လျှပ်စစ်ဓာတ်ကြိုးလို အန္တရာယ် ကြီးလှသည်ဟု တွေးကြောက်ကာ ဇော်ဟိန်းသည် ခပ်သုတ်သုတ် ရှောင်ထွက် သွားတတ်လေသည်။

သို့သော် သူ့အနေနှင့် သက်သက်အား မိတ်ဆွေသဘော ရိုးရိုး ခင်မင်စွာဖြင့် ဆက်ဆံခဲ့လေသည်။



မည်သို့ပင်ဖြစ်စေ၊ ဆံပင်ကောက်ဆိုင်မှ ရိုးရိုးလခစား အလုပ်သမကလေး သက်သက်သည် နေ့ချင်းညချင်းဆိုသလို ဇင် စက်မှုလက်မှု လုပ်ငန်းပိုင်ရှင် ဦးဘဇင်၏ ဇနီး သူဌေးကတော် အဖြစ်သို့ ရောက်ရှိသွားခဲ့လေသည်။

ဦးဘဇင်မှာ အစစအရာရာ စည်းကမ်းစနစ်ကျနစွာ စီမံခန့်ခွဲတတ်သူဖြစ်သည့်အလျောက် သူလက်ခံပြီးသည့်နောက် နေရေးထိုင်ရေးကိုပါ တမျိုးစီစဉ်လေသည်။

မူလက သူတို့ အားလုံး အတူနေကြသော သမိုင်း စက်ရုံအတွင်းမှ တိုက်အိမ်ကြီးကို ဇော်ဟိန်းနှင့်မျိုးဇင်တို့နေရန်ထားပြီး သူနှင့် သက်သက်တို့ကတော့ ကမ္ဘာအေးလမ်းရှိ တိုက်တလုံးကို ဝယ်၍ ပြောင်းရွှေ့နေလေသည်။

တနည်းအားဖြင့် ဇနီး သက်သက်နှင့် သား မျိုးဇင်တို့ နီးနီးကပ်ကပ်မနေရအောင် ဖန်တီး စီစဉ်ခြင်းလည်းဖြစ်ပေသည်။

တချိန်က တပည့် လူရုံ ဇော်ဟိန်းမှာ ယခုအခါ စက်ရုံတွင် အစုရှင်တဦး ဖြစ်လာပေပြီ။ ဦးဘဇင်ကိုယ်တိုင်က ဇော်ဟိန်းအား အစုရှယ်ယာ ခွဲပေးကာ အလုပ်သမားများအား ကြီးကြပ်သည့် တာဝန်ပေးထားလေသည်။

သက်သက်နှင့် ဦးဘဇင်တို့လက်ထပ်လိုက်သည့်အတွက် မျိုးဇင် အဖို့ မည်မျှ စိတ်ထိခိုက်သွားသည်ကိုလည်း ဇော်ဟိန်းက တွေးမိပေသည်။ သို့သော် နိုင်ငံခြားသို့ ရောက်နေချိန်တွင် အခြားပျော်စရာ ပါးစရာ (ဥပမာ ဂျပန်သူ လှပျိုဖြူများ) ရှိမည်ဖြစ်၍ ကိုယ် ပြေစရာ ကောင်းရဲ့ဟု ယူဆမိလေသည်။ အကယ်၍ မျိုးဇင် မြန်မာပြည်သို့ ပြန်ရောက်လာလျှင်လည်း မိမိအနေဖြင့် အကျိုးသင့်

www.burmeseclassic.com

www.burmeseclassic.com

အကြောင်းသင့် ရှင်းပြ ဖျောင်းဖျပြောမည်ဟု ရည်ရွယ်ထားလေသည်။

ခြောက်လမျှကြာသော် မျိုးဇင်သည် ဂျပန်ပြည်၌ သံမဏိစက်ရုံလုပ်ငန်းလေ့လာပြီးစီး၍ ရန်ကုန်မြို့သို့ပြန်လာခဲ့လေသည်။

ပြန်ရောက် ရောက်ချင်းပင် သူ့အား ဦးဘဇင်က စက်ရုံ တခုလုံး ဦးစီးကွပ်ကဲရသည့်အုပ်ချုပ်မှုဒါရိုက်တာ ရာထူးဖြင့် တာဝန်လွှဲပေးလေသည်။

ဖခင်ကြီးက စက်ရုံ ဝင်းထဲရှိ အိမ်ကြီးတွင် မနေတော့ဘဲ ကမ္ဘာအေးလမ်းအိမ်သို့ ပြောင်းနေခြင်းကြောင့် သက်သက်အား နေ့စဉ် မျက်နှာချင်းဆိုင် မတွေ့ဆုံရခြင်းကပင်လျှင် မျိုးဇင်အဖို့ စိတ်သက်သာရာ ရစေလေသည်။

မ,နှင့်ပတ်သက်၍သူ၏စိတ်ထိခိုက်မှုကို တစ်တစ်တဒေသဖုံးကွယ်မေ့ပျောက်စေသည့် နောက် အကြောင်း တရပ်ကလည်း ဖခင်ဦးဘဇင်တွင် နှလုံးရောဂါရှိသည်ဟူ၍ သိရခြင်းပင်ဖြစ်လေသည်။

အသက် ၆၀ နီးပါးအရွယ် လူကြီးတဦးတွင် နှလုံးရောဂါရှိပြီဆိုလျှင် မည်မျှ အရေးကြီးကြောင်း မျိုးဇင်ကိုယ်တိုင် နားလည်ထားပြီး ဖြစ်လေသည်။ ထိုကြောင့် တတ်နိုင်သ၍ ဖခင်ကြီး စိတ်မချမ်းသာ မဖြစ်စေရအောင် ကြိုးစားသတိထားရုံမက စက်ရုံတွင်းရှိ လုပ်ငန်းများကိုပင် ဦးဘဇင်အား အချိန်ပြည့် မလုပ်ဘဲ သက်သက်သာသာနေရန်နှင့် နေ့စဉ်မှန်မှန် စက်ရုံသို့မလာရန်ပင် တိုက်တွန်းပြောဆိုခဲ့လေသည်။

သို့ရာတွင် အဖိုးကြီးမှာ စိတ်ဓာတ် ပြင်းထန် သလောက် ခေါင်းမာသူတဦးဖြစ်၍ သားဖြစ်သူ၏စကားကို နားမထောင်ဘဲ ဇွတ်အတင်းပင် နေ့စဉ်အလုပ်ဆင်းမြဲ ဆင်းနေလေသည်။

ဘညသ၌ မျိုးဇင်နှင့် ဇော်ဟိန်းတို့သည် ဖခင်ကြီးနှင့် သက်သက်တို့အကြောင်း စကားစပ် ပြောဆိုနေကြလေသည်။ စကားစသူကတော့ ဇော်ဟိန်းပင်ဖြစ်သည်။

"ဟေ့ မျိုးဇင်....မင့်အဖိုးကြီး နောက်အိမ်ထောင် ပြုလိုက်တာကတော့ဟုတ်ပါပြီ....ဘာ ပြဿနာမှလဲ မရှိပါဘူး။ ဒါပေမဲ့ တနေ့ သားသမီးတွေဘာတွေ ရလာရင် မင်းနဲ့နောက်အိမ်ထောင်က ခလေးတွေနဲ့ ပြဿနာ ဖြစ်မလာနိုင် ဘူးလား...."

"ဟာ....ကိုဇော်ဟိန်း ကလဲဗျာ။ ဖေဖေ့အကြောင်း ကျွန်တော်သိတာပေါ့။ သူ အခု မိန်းမထပ်ယူပေမဲ့ သားသမီး မရနိုင်တော့ဘူး။ ကျွန်တော့်ကို မွေးပြီးမကြာခင်ဘဲ သူ့မှာ ဆီးရောဂါ အဆန်းတခုဖြစ်လို့ ခွဲစိတ်ကုရင်း အကြောဖြတ်လိုက်ရတယ်၊ နောက်ထပ် သားသမီး ဘယ်လိုမှ မရနိုင်တော့ဘူး။ ဒါကြောင့် မေမေလဲ ကျွန်တော့်မွေးပြီးတော့ နောက်ထပ်သားသမီး မရခဲ့တာပေါ့။ အခုလဲ ကြည့်လေ .... သက်သက်နဲ့ လက်ထပ်တာ ဒါလောက်ကြာသွားမှ ခလေးရစရာရှိရင် ခင်ဗျာ့ သက်သက်မှာ ကိုယ်ဝန်ရှိနေလောက်ပြီ မဟုတ်လား...."

"ဟ....အံမာ၊ ဘယ်ကလာ ငါ့သက်သက်ရမှာလဲ။ မင်းအဖိုးကြီးရဲ့သက်သက်လို့ ပြောစမ်းပါ။ ငါတော့ ဒီမိန်းမကို မျက်လုံးမြင်ရုံနဲ့ ကျေချမ်းတယ်...."

ဇော်ဟိန်းသည် မျိုးဇင်၏စကားကို စဉ်းစားကြည့်ရာ ယုတ္တိရှိကြောင်း တွေးမိလေသည်။ သက်သက်နှင့် ဦးဘဇင် လက်ထပ်သည့် အချိန်ကာလနှင့် တွက်ကြည့်လျှင် ကိုယ်ဝန် ရှိလောက်ပြီဖြစ်သည်။ ယခုအချိန်ထိ ဘာသံမှမကြားရခြင်းကြောင့် ဦးဘဇင်

www.burmeseclassic.com

www.burmeseclassic.com

သည် နောက်ထပ် ကလေးမရနိုင် တော့အောင် အကြောဖြတ်ထားသည်ဆိုခြင်းမှာ ဖြစ်နိုင်ပေသည်။

သက်သက်အကြောင်း စကားစပ် ပြောလိုက်လျှင် မျိုးဇင်၏မျက်နှာတွင် သွေးရောင် လျှမ်းကာ စိတ် ထိခိုက်လာပုံ ရသဖြင့် ဇော်ဟိန်းလည်း နောက်ထပ် သက်သက်နှင့် ပတ်သက်၍ လုံးဝဆွေးနွေး ပြောဆိုခြင်းမပြုတော့ပေ။

မျိုးဇင်လို စိတ်တက်ကြွတတ်သည့်အရွယ် လူငယ် မဆိုထားနှင့် သူကိုယ်တိုင်ပင်လျှင် သက်သက်နှင့် မျက်နှာချင်းဆိုင် ဆုံမိသည့်အခါများ၌ သူမ၏ ရုပ်ရည်ရှုပါ ရူပါ ခံရတတ်လေရာ ဇော်ဟိန်း အနေနှင့် မျိုးဇင်အား ကိုယ်ချင်းစာ ကရုဏာသက်မိလေသည်။

ထိုအတောအတွင်း ဇော်ဟိန်းသည် ကမာရွတ်မှမီးရထားအလုပ်သမားကြီးတဦး၏ သမီး မခင်အေးအမည်ရှိ မိန်းကလေးတဦးနှင့်အသိအကျွမ်း ဖြစ်လေသည်။

မခင်အေးမှာ အသက် ၁၇-နှစ်ရွယ်ခန့်မျှသာ ရှိသေးသော်လည်း ကိုယ်လုံးကိုယ်ပေါက်က အလွန်ထွားကြိုင်းပြီး ယောကျ်ားများအဖို့ မက်မောချင်စဖွယ် တောင့်တင်း လှပသူကလေး ဖြစ်သည်။ မျက်နှာကလေးကလည်း ယဉ်စစနှင့် ချစ်စရာကောင်းလှပေရာ ဤမိန်းကလေးနှင့်ဆက်ပေးလိုက်လျှင် မျိုးဇင်အဖို့ အာရုံပြောင်း, အာရုံလွှဲသဘော စိတ်ပြေလက်ပျောက် ရှိလာလိမ့်မည်ဟု တွေးမိလေသည်။

ရက်မျှားမကြာမီ ဇော်ဟိန်း၏မိတ်ဆက်ပေးမှုဖြင့် မျိုးဇင်နှင့်မခင်အေးတို့ သိကျွမ်းသွားကြတော့သည်။

မခင်အေး မှာ ရုပ်ချောသလောက် စကားပြောရာမှာလည်း အလွန်သွက်လက်လှပေရာ မျိုးဇင်အနေဖြင့်ချက်ချင်းပင်သဘောကျသွားမိလေသည်။

မျှားမကြာမီ မျိုးဇင်၏ မော်တော်ကားကလေးသည် မခင်အေးတို့အိမ်မှာချည့်ရောက်နေကာ နှစ်ယောက်သားအတူ ရုပ်ရှင်ကြည့်လိုက်, ဟော်တယ်တက် စားသောက်လိုက်နှင့် တတွဲတွဲဖြစ်လာလေသည်။

ဤကား အံ့သြစရာမရှိချေ။ မျိုးဇင်လို ရုပ်ချော ဉစ္စာပေါ သူဌေးသား လူပျိုတယောက်အား မခင်အေး၏ မိဘများ ကိုယ်တိုင်က လိုက်လိုက်လျောလျောရှိကြသည့်ပြင် မခင်အေးကိုယ်တိုင်ကလည်း မျိုးဇင်ကအဆက်မပြတ်ဝယ်ပေးသော အဖိုးတန်လက်ဆောင်ပစ္စည်းများကြောင့် သာယာ မက်မောနေကာ "မဆွတ်ခင်ကညွတ်ချင်" သည့် ပန်းပမာဖြစ်နေလေသည်။

ထိုကြောင့် မျိုးဇင်က တည ရုပ်ရှင်ကြည့်ရာမှအပြန် ချစ်ရေးဆိုစကားပြောသောအခါ မခင်အေးမှာ မျိုးဇင်၏ ရင်ခွင်ထဲသို့ မိနစ်ပိုင်းအတွင်း ရောက်နေပါတော့သည်။

မခင်အေး၏ခန္ဓာကိုယ်ကလည်း ဖိုသတ္တဝါ ယောကျ်ားများအား "စားချင် ဝါးချင်"စိတ် ဖြစ်ပေါ်အောင် လှုံ့ဆော်အိသကဲ့သို့ ပြည့်ဖြိုးလှပနေသည်ဖြစ်နေရာ စားနေကျ ကြောင်ဖါး မျိုးဇင်သည် ထုံးစံအတိုင်း "လူသားစား"ချင်စိတ် ပေါ်လာလေသည်။

နောက်ပိုင်း မျိုးဇင်နှင့် မခင်အေးတို့ချိန်းတွေ့ကြသော အခါ ရိုးရိုး ချစ်တင်းစကားဆိုရုံသာမဟုတ်ဘဲ လင်မယားလို မီးကုန်

www.burmeseclassic.com

ယမ်းကုန်"ချစ်"ကြသည်အထိ ခြေလှမ်းလက်လှမ်း ပြုကြပါတော့သည်။

ဇော်ဟိန်းအနေနှင့်ကား သူဆက်ပေးလိုက်သော မခင်အေးနှင့်မျိုးဇင်တို့ "ဖြစ်"နေကြကြောင်း သိရသည်တွင် မျိုးဇင်တယောက် သက်သက်အပေါ် မေ့နေကောင်းရဲ့ဟုတွေးပြီး ကျေနပ် နေမိလေသည်။

မျိုးဇင်သည် တခုတော့ သတိထားလေသည်။ ယခင်ကလို သူနှင့်ရည်းစားဖြစ်သောမိန်းကလေးတွင် ကိုယ်ဝန်ရှိသွားခြင်းကို မလိုလားသဖြင့် သူ၏ရာဂစိတ် ပြေငြိမ်းမှုအတွက် ခြေလှမ်းလက်လှမ်းပြုသော်လည်း ပဋိသန္ဓေ တားဆီးသည့် အကာအကွယ်ကို အသုံးပြုတတ်လေသည်။ သူ အသုံးပြုသည့် သန္ဓေတားနည်းကတော့ ယောကျ်ားများကာလသားရောဂါ မဖြစ်အောင် ကြိုတင်ကာကွယ်ရာ၌ သုံးလေ့ရှိသော "အက်ဖ်အယ်လ်"ခေါ် သားရေအစွပ်ကလေးစွပ်ပြီးမှ သွားလာနည်းပင်ဖြစ်လေသည်။

ဤနည်းကို မခင်အေးကတော့ သဘောမကျလှချေ။ သွေးသားဆူဖြိုးစအရွယ် ကျန်းမာ သန်စွမ်းသော မိန်းကလေးတယောက်အနေနှင့် လင်မယားလို"ချစ်"ရာတွင် ရာဂစိတ် ပြေငြိမ်းမှု(ဝါ)အာသာပြေမှု အပြည့်အဝမရရှိသလို မျိုးဇင်နှင့် "ချစ်"ပြီးတိုင်း စိတ်ထဲ မချင့်မရဲ တမျိုးကြီး ဖြစ်နေတတ်လေသည်။

ယင်းသို့ မခင်အေးက မချင့်မရဲ မကျေမနပ် ဖြစ်မိခြင်းသည်ပင်လျှင် သူမ၏ဘဝကြမ္မာကို အကြီးအကျယ် ထိခိုက်စေသော အကြောင်းတရပ် ဖြစ်လာခဲ့ပေသည်။

*　　*　　*



# (၃)

သမတရုံမှ ည ၉-နာရီခွဲ ရုပ်ရှင်ကြည့်ပြီး ပြန်ကြသည့် ညက ဖြစ်လေသည်။

မျိုးဇင်သည် မိန်းကလေးများနှင့် နှစ်ယောက်ချင်းလွတ်လွတ်လပ်လပ် ချိန်း"တွေ့"နိုင်ရန် အတွက် ၆-မိုင်ခွဲရှိ ချောင်ကျကျခြံတခုအတွင်း၌ စက်ရုံအလုပ်သမား ယုံကြည်ရသူ တပည့်တဦးအား အိမ်ငှားပေးထားပြီး ထိုအိမ်၏အခန်းတခုကို သူ့အတွက် "လောဂျင်း" သို့မဟုတ် ချစ်မြှုပ်ခင်းရန် အဆောင် ပြုလုပ်ထားလေသည်၊ အခန်းတွင်း၌လည်း နှစ်ယောက်အိပ်ကုတင်ကြီးတလုံးနှင့် အိစက်ညက်ညောသော မွေ့ရာကြီး ထားရှိလေသည်။

ထိုညက မျိုးဇင်သည် မခင်အေးအား သူ၏ "လောဂျင်း" အဆောင်သို့ခေါ်သွားပြီး "ချစ်"ရန်ပြင်ဆင်လေသည်။

မခင်အေး အဖို့မှာကား ပထမဆုံး အကြိမ် မဟုတ်သဖြင့် ကြောက်ခြင်း၊ ရှင်တုန်ခြင်းများမရှိတော့ဘဲ ကုတင်ပေါ်၌ပက်လက်လှန်လျှက မျိုးဇင်အား ခပ်ပြုံးပြုံးပင် ကြည့်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com

အင်္ကျီအဝတ်အစား ကြွေမှုကုန်မည် စိုးသဖြင့် သူမသည် အတွင်းခံဇာဘော်လီနှင့် အင်္ကျီကိုချွတ်ပြီး ထမီကိုသာ ရင်ရှား ထားလေသည်။

မျိုးဇင်က ထုံးစံအတိုင်း ပဋိသန္ဓေ ကာကွယ်ရန် "အက်ဖ် အယ်လ်" သားရေစွပ်ကလေးကို အင်္ကျီအိတ်ထဲမှ ထုတ်ယူလိုက် သောအခါ မခင်အေးသည် သဘောမကျဟန်ဖြင့်....

"အဲဒါကြီးယူမနေစမ်းပါနဲ့ ကိုမျိုးရယ်၊ အေးဖြင့် နဲနဲမှ သဘောမကျဘူး။ ဒါမပါဘဲ ချစ်ကြရအောင်၊ ဒီတော့မှသာ အေးနဲ့ကိုမျိုးနဲ့ တယောတ်တယောက် အသဲချင်း တိထားသလို နေမှာပေါ့နော် ကိုမျိုး၊ ဒီတခါတော့ သဘာဝကျကျ အားရ ပါးရ ချစ်ကြရအောင်နော်.... လာပါကိုမျိုးရယ်.... ဟိုဟာကြီး ဖယ်ထားလိုက်စမ်းပါ...."

ဟု ပြောပြောဆိုဆို ကုတင်ပေါ်မှထ၍ မျိုးဇင်အနီးသို့ လာ ရန်ပြင်လိုက်ရာ ခပ်လျော့လျော့ ဆီးထားသော ထမီရင်ရှားသည် ပြုတ်ကျသွားလေသည်။

မခင်အေး၏ ပြည့်ဖြိုးလှပသော ကိုယ်လုံးအား မိမွေးတိုင်း ဖမွေးတိုင်းမြင်လိုက်ရသူ မျိုးဇင်မှာလည်း လူပျို ရိုင်းကလေး ဟုတ်လင့်ကစား စိတ်တွေ တက်ကြွ ဖေါက်ပြန် လာလျက် ...းလေ....တခါလောက်နဲ့တော့ ကိစ္စမရှိနိုင်ဘူး" ဟု သူ့ကိုယ် သူ့နှစ်သိမ့်ရင်းသားရေစွပ်ကလေးကိုလွှင့်ပစ် လိုက်လေသည်။

ထိုနောက် မခင်အေး၏ နီထွေးသော နှုတ်ခမ်းကို အားရ ပါးရ စုတ်နမ်းလျက် ဗလာကိုယ်လုံးကို ကုတင်ပေါ်သို့ ပွေ့တင် လိုက်လေသည်။

× × ×

ထိုညက သူတို့ နှစ်ယောက် "ချစ်" ကြရသည်မှာ မခင်အေး အလို ကျေနပ်အားရ တင်းတိမ်သကဲ့သို့ မျိုးဇင်မှာလည်း အရ သာ ထူးကဲသည်ဟု ထင်မိလေသည်။

နောက် နှစ်ရက်မျှအကြာတွင် မျိုးဇင်သည် သူတို့ကုမ္ပဏီမှ ...က်ပစ္စည်းများအသက်မြန်မာပြည် ကိုယ်စားလှယ်နှင့် ဖြန့်ချိရေး ...စ္စနှင့် ပတ်သက်ပြီး မန္တလေးသို့ ခရီးထွက်သွားရလေသည်။

မန္တလေးမှ တဆင့် ကျောက်မဲ-သီပေါ-လားရှိုးဘက်သို့ရင်း၊ ...ဘိုမှ ရွှေဘိုဘက်သို့ရင်း၊ ခရီးဆက်ထွက်ခဲ့ရသဖြင့် တလနီးပါး ကြာသွားလေသည်။

သူ ရန်ကုန် ပြန်ရောက်ရောက်ချင်းပင် မခင်အေးထံသွားရာ သူငယ်မမှာ မျက်နှာ မသာ မယာ ဖြစ်နေ သဖြင့် အကျိုး အကြောင်း မေးကြည့်လေသည်။

မခင်အေး ပြောပြသော အကြောင်းကို သိရသောအခါ မျိုးဇင်မှာ ရှုတ်တရက် အံ့အားသင့် တုန်လှုပ် သွားမိပါတော့ သည်။

မခင်အေးက တခွန်းချင်း ပြောလိုက်သော စကားကတော့....

"ကိုမျိုး....အေးမှာ ကိုယ်ဝန်ရှိနေပြီ...."

ဟူ၍ပင် ဖြစ်ပါသတည်း။

"ဘာပြောတယ်....ကိုယ်ဝန်ရှိနေပြီ....ဟုတ်ကဲ့လား...."

မျိုးဇင်က မယုံကြည်သလို ထပ်၍ မေးကြည့်တော့လည်း မခင်အေးက....

"ဟုတ်ပါတယ် ကိုမျိုးရယ်....သေချာလို့ ပြောတာပါ..."

ဟု ပြန်ပြောလိုက်သဖြင့် မျိုးဇင်တွင် ငိုင်သွားမိလေသည်။


www.burmeseclassic.com

www.burmeseclassic.com

မှတ်မှတ်ရရ မခင်အေးနှင့် အကာအကွယ်မပါဘဲ လင်မယား လို "ချစ်" ခဲ့သည်မှာ ဇ-မိုင်ခွဲ ခြံထဲ၌ တကြိမ်တခါသာရှိသည်။ ကြိမ်တခါလောက်နှင့်တော့ ကိုယ်ဝန် မရှိတန်ရာဟု သူကိုယ် တိုင် ထင်မိခဲ့သည်။ ယခုတော့ တခါခိုးတခါမိဆိုသလို မခင်အေး တွင် ကိုယ်ဝန် ရှိသွားပေပြီ။

မျိုးဇင်သည် ရုတ်တရက် ကြံရာမရသဖြင့် ချက်ချင်း နှုတ်ဆက် ပြီး ပြန်ခဲ့လေသည်။

အိမ်ပြန်ရောက်သောအခါ ဇော်ဟိန်းအား ဖွင့်ပြော အကြံ ဉာဏ် တောင်းမည် စိတ်ကူးပြီးကာမှ ရှက်သလို ဖြစ်လာသဖြင့် မပြောတော့ဘဲသူ့ဟာသူဘယောက်တည်း ကျိတ်စဉ်းစားအကြံ ထုတ်လေသည်။

*မခင်အေးအား ယခု ချက်ချင်း လက်ထပ် ယူလိုက်လျှင်ကား ကိစ္စပြီးသွားနိုင်ပါ၏။* သို့သော် မျိုးဇင်သည် တကယ် အတည် ယူချင်စိတ် မရှိချေ။ သူ့အနေနှင့် မခင်အေး အပေါ် တပ်မက် ခြင်းမှာ ခန္ဓာကိုယ် သွေးသား သောင်းကျန်းမှုကြောင့်သာ ဖြစ်ပြီး အသက်ထက်ဆုံး ပေါင်းသင်း သွားချင်လောက်အောင် စွဲလန်းသည့် ချစ်ခြင်းမေတ္တာ မဟုတ်သေးကြောင်းကိုလည်း သူ ကိုယ်တိုင် အသိဆုံး ဖြစ်ပေသည်။

ယခု ကိစ္စကို ဖခင်ကြီး သိသွားမည်ကိုလည်း စိုးရိမ်မိလေ သည်။ ဦးဘဇင်တွင် နှလုံးရောဂါ ရှိနေမှန်း သိလျက်နှင့် စိတ် မချမ်းသာ ဖြစ်စရာဘာအကြောင်းကိစ္စမှမဖြစ်ပေါ် စေချင်ပေ။

ယခင်က မိန်းကလေးအချို့နှင့် အလားတူ ကိစ္စမျိုးဖြစ်ခဲ့ ဘူးရာတွင် ဖခင်ကြီးက ပဋိသန္ဓေ ဖျက်ချခြင်း၏ အန္တရာယ် ရှိတတ်ပုံကို ပြောခဲ့ဘူး၏။

"ယောက်ျားချင်း ပြောရရင်တော့....မိန်းခလေး ဗိုက်မကြီး အောင် ကြည့်လုပ်ပေါ့ကွာ" ဟု လည်း အကြံပေးခဲ့ဘူးသည်။

ထို့ကြောင့် ယခု ကိစ္စတွင် မျိုးဇင်အနေဖြင့် ဖခင်ကြီးအား လုံးဝအသိမပေးချင်ပေ။

ကြံရာမရသည့် အဆုံး၌ မခင်အေးအား ကိုယ်ဝန် နုနေစဉ် ဖျက်ချခိုင်းရန်ပင် ဆုံးဖြတ်လိုက်လေတော့သည်။

နောက်တနေ့ နံနက် မျိုးဇင်သည် ဘဏ်မှ ငွေတထောင် ထုတ်ယူပြီး မခင်အေးတို့အိမ် သွားပေးရင်း အခြေအနေအရ ကိုယ်ဝန်ကို ဖျက်ခိုင်းလေသည်။

မျိုးဇင်၏အကြံကား ကိုယ်ဝန်ဖျက်ချပြီးလျှင် "စျေးသုံး"ဘို့ နောက်ထပ်ငွေဘသောင်ခန့်ပေး၍ မခင်အေးထံ မသွားတော့ဘဲ အဆက်ဖြတ်ပစ်ရန်ပင် ဖြစ်၏။

သို့ရာတွင် သူကြံသည့်အတိုင်းမဖြစ်မြောက်အောင် ကံကြမ္မာ က တမျိုးတဖုံ ဖန်တီးလိုက်ပြန်လေသည်။

မခင်အေး၏မိခင် ဒေါ်အေးမေကား အလွန် ငွေမက်သော မိန်းမကြီးတဦးဖြစ်လေသည်။ သမီးဖြစ်သူမခင်အေး ကိုယ်ဝန်ရှိ သာခြင်းကိုပင်လျှင် သူဌေးသား မျိုးဇင်အား အပိုင်ဖမ်းရန် အကွက်ကောင်းဟုယူဆကာ ကျိတ်၍ဝမ်းသာနေခဲ့သည်။နောက် ပိုင်း မျိုးဇင်က လက်ထပ်ယူပုံ မပေါ်သောအခါ၌သာ ငွေရှင် ကြေးရှင်နှင့်မရင်ဆိုင်ဝံ့၍ ငြိမ်နေခဲ့ရလေသည်။

သမီးမခင်အေးအဆိုအရ လတ်တလော ကိုယ်ဝန်ဖျက်ချရန် စရိတ်ငွေတထောင်အပြင် နောက်ပိုင်းကိစ္စပြီးလျှင် ငွေထပ်ပေးရာ ဦးသေးသည်ဟုဆို၏။

www.burmeseclassic.com

မည်သို့ပင်ဖြစ်စေ ငွေမက်သူဒေါ်အေးမေအနေဖြင့် ကိုယ်ဝန်ဖျက်ချရေးကိစ္စအတွက် ဆရာဝန်ကိုပေးရမှာ နှမြောမိလေသည်။ ဈေးနှုန်းသက်သက်သာသာနှင့်မဖြစ်နိုင်ဘူးလားဟု လိုက်လံစုံစမ်းရင်း ရန်ကုန်မြို့တွင်းမှ ဝမ်းဆွဲဆရာမကြီးတဦးနှင့် သွားတွေ့လေသည်။

ဆရာမကြီးက ငွေသုံးရာမျှနှင့် ကိစ္စပြီးအောင် လုပ်ပေးမည်၊ သူကိုယ်တိုင် ဆရာဝန်ကြီးများလို ကျွမ်းကျင် နားလည်သည်၊ ဘယ်ရုပ်ရှင်မင်းသမီး, ဘယ်အချာရှိကတော်ကို သူကိုယ်တိုင် လျှို့ဝှက်စွာဖျက်ချပေးဘူးသည် စသဖြင့်ပြောရာ ဒေါ်အေးမေမှာ သဘောကျသွားလေသည်။

ဤအတိုင်းဆိုလျှင် ငွေတထောင်အနက်မှ သုံးရာသာကုန်ပြီး ခုနစ်ရာလုံးလုံး အသားတင်ကျန်မည် မဟုတ်ပါလော။

လောဘ ဇောကြောင့် အန္တရာယ်ကို လုံးဝ မတွေးမိသူ ဒေါ်အေးမေသည် ငွေသုံးရာနှင့်အတူ သမီး မခင်အေးအား ရန်ကုန်ထဲရှိ ဆရာမကြီး၏အိမ်သို့ ပို့လိုက်လေသည်။

"ယောကျ်ားဖေါင်စီး-မိန်းမမီးနေ" ဟူသော မြန်မာစကားမှာ သားသမီးမွေးဖွားချိန်၌ မိန်းမတို့အဖို့ မည်မျှ အသက်ဘေးရန်နှင့်နီးကြောင်း သတိပေးဖေါ်ပြသည့် သဘောပင် ဖြစ်၏။ တဖန် သဘာဝအလျောက် မီးဖွားခြင်းထက် ပဋိသန္ဓေကိုအဘင်းဖျက်ချခြင်းက ပို၍ပင် အန္တရာယ်ကြီးမားလှကြောင်း ဆရာဝန်များ ပြောလေ့ရှိကြပေသည်။

ယင်းအန္တရာယ်သည် မည်မျှကြောက်စရာကောင်းသည်ကို ဒေါ်အေးမေနှင့်တကွ သမီးမခင်အေးတို့ကကောင်းစွာ သဘောပေါက်ကြဟန် မတူချေ။



ဒေါ်အေးမေသည် သမီးဖြစ်သူအား ဝမ်းဆွဲဆရာမအိမ် ပို့ထားပြီးနောက် ငွေ ၇ဝဝ ကို ပိုက်၍ နောက်ထပ် မျိုးဇင်ထံမှ ရဦးမည့်ငွေနှင့်ဆိုလျှင် ဝယ်ချင်တာတွေ ဝယ်နိုင်တော့မည်ဟု စိတ်ကူးယဉ်နေခိုက်မှာပင် ဆရာမအိမ်မှ အိမ်ဖေါ်မိန်းကလေးတယောက် မျက်စိပျက်မျက်နှာပျက်နှင့် ပေါက်လာလေသည်။

"အဒေါ်....အဒေါ်.... ဆရာမကြီးက လွှတ်လိုက်ပါတယ်။ အဒေါ်အခုချက်ချင်း အမြန်လိုက်လာခဲ့ပါတဲ့...."

"ဟင်....ဟုတ်လား.... ဘာဖြစ်လို့လဲ.... မခင်အေးကော...."

"အဒေါ့်သမီး သွေးတွေသွန်တာ မရပ်တော့ဘူး ဖြစ်နေတယ်။ အဲဒါ အဒေါ်လိုက်လာပြီး ဂျင်မခါနာဆေးရုံ အမြန်တင်ဘို့လုပ်ရမယ်တဲ့...."

သည်တော့မှ ဒေါ်အေးမေသည် မျက်လုံးပြူး မျက်ဆန်ပြူးဖြစ်ကာ ကလေးမနှင့်အတူ ကပျာကယာ ထ,လိုက် သွားလေသည်။

ကမာရွတ်မှရန်ကုန်ထဲသို့ ဘတ်စ်ကားနှင့်လာရသည့်အချိန်က အတော်ကြာသွားလေရာ ဝမ်းဆွဲ ဆရာမကြီးအိမ်သို့ ဒေါ်အေးမေရောက်သွားချိန်တွင် ဆရာမကြီးကိုယ်တိုင်က အိမ်ရှေ့ခန်း၌ မျက်ရည်လည်ပြီး ထိုင်ငိုင်နေသည်ကို တွေ့ရလေသည်။

"ဆရာမ....ဆရာမ....သမီးကော....ဘယ်နှဲ့နေသေးသလဲ...."

ဒေါ်အေးမေက စိုးရိမ်တကြီးနှင့်မေးသောအခါ ဆရာမက....

"မပြောချင်ပါဘူးရှင်၊ ကျမလဲ ခါတိုင်းလို လုပ်တာပါဘဲ၊ သူ့ကျမှ သွေးတွေဒလဟောဆင်းပြီး လုံးလုံးမရပ်တော့ဘဲ ဖြစ်လာတယ်။ ကျမကိုယ်တိုင် တတ်သမျှ, မှတ်သမျှ ကြိုးစား လုပ်ပေမဲ့ ခပ်စောစောကဘဲ မခင်အေးဆုံးသွားရှာတယ်...."



www.burmeseclassic.com

www.burmeseclassic.com

"ဟင်....သမီးသေပြီ....ဟုတ်လား...."

"ဟုတ်ပါတယ်ရှင်။ ဒီကိစ္စအတွက် ကျမတောင် ဆိုင်ရာက အရေးယူခံရလိမ့်မယ်ထင်တယ်၊ ဒုက္ခပါဘဲရှင်...."

သည်တော့မှ ဒေါ်အေးမေလည်း အကြီးအကျယ် တုန်လှုပ်ချောက်ချား သွားမိပါတော့သည်။

အမှန်တော့ ဝမ်းဆွဲဆရာမ လုပ်သည့်နည်းက ကိုယ်ဝန်ရှိသူ မိန်းကလေး၏ အင်္ဂါဇာတ်ထဲသို့ ဖန်ပြွန်သဏ္ဍာန် ကိရိယာတခု ထိုးထည့်ဘားပြီး သန္ဓေကို အတင်းဖျက်ချသည့်နည်းပင် ဖြစ်၏။ တနည်းအားဖြင့် သန္ဓေတည်ဆဲ မမွေးသေးသော ကလေးငယ်အား သတ်ပစ်သည်နှင့်မခြား သဘာဝနှင့် ဆန့်ကျင်သည့် နည်းမျိုးဖြစ်လေသည်။ ဖန်ပြွန်ကိရိယာ အစားထိုးထည့်ထားခြင်း၏ ဒဏ်ကြောင့် ကာယကံရှင် မိန်းကလေးမှာလည်း ပြင်းစွာသော ဝေဒနာကို မချိမဆန့် ခံစားရတတ်လေသည်။

ယင်းနည်းဖြင့် ဖြစ်မြောက်သွားသည် တိုင်အောင် မိန်းကလေးအနေနှင့် နောက်ပိုင်း တကဲ့လူမမာကြီးတယောက်လို အားအင်ချိနဲ့ပြီး နေထိုင်မကောင်း ဖြစ်တတ်ပါသေးသည်။

ယခု မခင်အေးအဖို့ကား ဝမ်းဆွဲဆရာမက အစိုးရိမ်လွန်ပြီး လုပ်နည်းကိုင်နည်း မှားသွား၍ဘဲလား မပြောတတ်၊ သားအိမ်အတွင်းမှ သန္ဓေကိုဖျက်ချရာတွင် သွေးတွေဒလဟောကျဆင်းရာမှ ဘယ်လိုလုပ်လို့မျှ မရပ်တော့ဘဲ နောက်ဆုံး သွေးလွန်သည့်အရှိန်ဖြင့်ပင် အသက်ပါ ပျောက်သွားရခြင်းဖြစ်လေသည်။

× × ×

နောက်တနေ့နံနက် ၈-နာရီခွဲခန့်တွင် မျိုးဇင်သည် စက်ရုံဝင်းတွင်းရှိ သူ့ဖခင်ရုံးခန်းသို့ရောက်နေလေသည်။ ခါတိုင်းဆိုလျှင် ၉-နာရီခွဲ ၁၀-နာရီခန့်မှ လာလေ့ရှိသော်လည်း ယနေ့အဖို့ စောစောရောက်နေခြင်းမှာ အစိုးရဌာနတခုသို့ စက်ကိရိယာ ပစ္စည်းများ ပေးသွင်းရေးနှင့်ပတ်သက်၍ ကံထရိုက်စာချုပ် ချုပ်ရန် ကိစ္စ ရှိသောကြောင့်ပင်ဖြစ်၏။

သက်ဆိုင်ရာအစိုးရရုံးသို့ သူ့ဖခင် ဦးဘဇင်နှင့်အတူ လိုက်ပါသွားရန်ရှိ၍ သူတို့၏ရှေ့နေဖြစ်သူ ဝတ်လုံ ဦးသိန်းမောင်ကိုပါ ကြိုတင်ချိန်းထားပြီး ဖြစ်လေသည်။

မျိုးဇင်သည် ဦးဘဇင်၏ ရုံးခန်းဝအနီးသို့ ရောက်လျှင်ပင် အတွင်းမှဖခင်ကြီးနှင့် မိန်းမတဦး အချီအချ စကားပြောနေသံ ကြားမိသဖြင့် ဂရုစိုက် နားထောင်ကြည့်ရာ မခင်အေး၏ မိခင် ဒေါ်အေးမေ၏အသံဖြစ်ကြောင်းသိရသဖြင့် အံ့အား သင့်သွားလေသည်။

ဒီမိန်းမကြီးဘာကြောင့် ဒီကိုလိုက်လာရတာပါလိမ့်ဟု သိလိုသဖြင့် မျိုးဇင်က အခန်းတံခါးကိုဆွဲဖွင့်ပြီး အတွင်းသို့ လှမ်းဝင်လိုက်စဉ်မှာပင် ဒေါ်အေးမေက ငိုသံပါနှင့်....

"ကျမသမီးကလေး မခင်အေး အခုလို ရေတိမ်နစ်ရတာဟာ သွေးမင်းသား သတ်ပစ်တာနဲ့အတူတူပါဘဲ သူ့သွေးမင်းရယ်...."

ဟု ပြောနေခိုက်နှင့် ကြုံကြိုက်နေလေသည်။

မျိုးဇင်သည် ရုတ်တရက် မယုံကြည်နိုင်လောက်အောင် အံ့အားသင့်သွားပြီးမှ ဒေါ်အေးမေအနားသို့တိုးသွားပြီး မေးမြန်းလေသည်။

"ဘာဖြစ်တာလဲ အဒေါ်....မခင်အေး ဘာဖြစ်လို့လဲ...."



www.burmeseclassic.com

www.burmeseclassic.com

"ဘာဖြစ်ရမှာလဲ မောင်ရင်၊ မောင်ရင့် ကောင်းမှုကြောင့် မခင်အေး ကိုယ်ဝန်ဖျက်ချရင်း သွေးလွန်လို့ သေသွားပြီလေ။ အဒေါ့် သမီးလေး သေသွားပါပကော မောင်ရင်ရဲ့...."

ဟု အစချီကာ ဒေါ်အေးမေက မခင်အေး ဝမ်းဆွဲဆရာမနှင့် ကျိတ်ပြီး ကိုယ်ဝန်ဖျက်ချရာမှ ရေတိမ်နစ်ရပုံကို မျက်ရည်စက်လက်နှင့် ပြောပြလေသည်။

အမှန်တော့ ငွေမက်မောလှသူ ဒေါ်အေးမေသည် သမီး သေဆုံးခြင်းကို အကြောင်းပြု၍ သူဌေးဦးဘဇင်ထံမှ ရသလောက် ငွေညှစ်ယူရန်လာခြင်း ဖြစ်လေသည်။ ထိုကြောင့် သမီးဖြစ်သူနှင့် တိုက်ရိုက်ပတ်သက်သူ မျိုးဇင်ထံ မလာဘဲ သူဌေးဦးဘဇင်ထံ တိုက်ရိုက်ဝင် ငိုချင်းချနေခြင်း ဖြစ်လေသည်။

မျိုးဇင်သည် စိတ်ထဲ နောက်ကျိ သွားရင်းက ဖခင်ကြီးအား လှမ်းကြည့်လိုက်ရာ ဦးဘဇင်မှာ မျက်နှာကြီး နီမြန်းလျက် စိတ်ထိခိုက်ဟန် ဖြစ်နေကြောင်း သတိပြုမိလေသည်။

မျိုးဇင်ဝင်လာသည်ကို မြင်သောအခါ ဦးဘဇင်သည် ဒေါ်အေးမေအား....

"ကောင်းပြီလေ....နက်ဖြန် မနက်မှ တခေါက်လာခဲ့မါ။ ဒီနေ့ ကျုပ်တို့မှာ အရေးကြီးတဲ့ စာချုပ်ကိစ္စ ရှိနေတယ်။ နက်ဖြန် ဒီအချိန်လောက်ဘဲလာခဲ့...."

ဟု ပြောပြီး ပြန်လွှတ်လိုက်သဖြင့် ဒေါ်အေးမေလည်း ထွက်သွားလေသည်။ စိတ်ထဲတွင်လည်း ဘာဘဲဖြစ်ဖြစ် အဖိုးကြီးထံမှ လျော်ကြေးငွေရရန် သေချာပြီဟု ယုံကြည်မိလေသည်။

သည်တော့မှ ဦးဘဇင်သည် သားဖြစ်သူအား ဆူပူကြိမ်းမောင်းလေသည်။

"ဖေဖေ နောက်အိမ်ထောင် ပြုပြီးတဲ့ အခုလို အချိန်မျိုးမှာ မင်း ဒါမျိုးဖြစ်တာတော့ သဘောမကျနိုင်ဘူး၊ အရင်တုန်းက ဆိုရင် ဖေဖေ ဘာပြောခဲ့သလဲ၊ အခုတော့ မင်းဟာက တော်တော် အရုပ်ဆိုးတယ်။ ဒီမိန်းမကြီးကလဲ ပါးစပ်က ဟောင်ဘွာ ဟောင်ဘွာနဲ့၊ လူဘကာသိအောင် ပါးစပ်မောင်း သတင်းဖြန့်မယ့် မိန်းမကြီးမျိုးကွ။ ဒါကြောင့် မင်း ဂျပန်က ပြန်လာလာချင်း မိန်းမ ရှုပ်ချင် ရှုပ်ပါ၊ မိန်းခလေး ဗိုက်ကြီးတဲ့ ပြဿနာတော့ မပေါ်ပါစေနဲ့လို့ ဖေဖေ သတိပေးခဲ့ဘူးတယ် မဟုတ်လား...."

"ဒါတော့ ကျွန်တော်လဲ တတ်နိုင်သလောက် သတိထားတာပါဘဲ၊ အခု မခင်အေးကိစ္စမှာ မမြော်လင့်ဘဲ ဖြစ်သွားတာပါ...."

"ဟာ....ဘယ့်နဲ့ မမြော်လင့်ရမှာလဲကွ။ မိန်းခလေးတယောက်ကို လွန်လွန် ကျူးကျူး လုပ်ရင် ကိုယ်ဝန်ရှိသွားနိုင်တဲ့ အန္တရာယ်ဆိုတာ ရှိတာချည့်ဘဲပေါ့...."

ဦးဘဇင်သည် ဒေါသ ခက်ထန် လာဟန်ဖြင့် ပြောခလေရာ မျိုးဇင်တွင် နဂိုက ဦးကျောက်ခြောက်နေခိုက် ဖခင်ကြီး၏ အပြစ်တင်မှုကြောင့် စိတ်ထဲ ထောင်းကနဲ ဖြစ်သွားမိလေသည်။

တချိန်တည်းမှာပင် သူ့အလွန် တပ်မက်သော သက်သက်အားလုယူခဲ့သူ ဟူ၍ ဖခင်ကြီးအပေါ် မြင်လာမိရင်း သတိလက်လွှတ်ကာ ပြင်းပြင်းထန်ထန် ပြန်ပြောမိပါတော့သည်။

"မိန်းခလေးတယောက်နဲ့ ဖြစ်လို့ ကိုယ်ဝန်ရှိသွားတာ ဘာ ဆန်းသလဲ။ ဖေဖေသာ ဒီအရွယ်ကြီးကျမှ မိန်းမယူပြီး ခလေး မရနိုင်တာ။ အခု ကျွန်တော့်ကြောင့် မခင်အေး ဗိုက်ကြီးသွား

www.burmeseclassic.com

တာ ဘာဖြစ်သေးလဲ၊ ဒါဟာ ကျွန်တော် ယောကျ်ားပီသကြောင်း သက်သေ အထောက်အထားဘဲ မဟုတ်လား။ ကျွန်တော်တို့ အမျိုးထဲမှ ဖေဖေလို လူညွန့်မတုံးသေးတဲ့ယောကျ်ား တယောက် ရှိပါသေးတယ်လို့ ဂုဏ်ယူစရာတောင် ကောင်းသေးတယ်....”

တသက်ပတ်လုံး ရင့်ရင့် သီးသီး မိမိအား ပြန်မပြောခဲ့သူသားက ယခု ရင့်ရင့် သီးသီး စကားတွေ ပြောရုံမက မိမိကိုပါ ထိခိုက် ပုတ်ခတ် ပြောဆိုလာသည်ကို ဦးဘဇင်အဖို့ မခံမရပ်နိုင်ဖြစ်ကာ စိတ်တွေ အကြီးအကျယ် ထိခိုက်ဒေါသထွက်လာလျက် မျိုးဇင်အား ထိုးကြိတ် သတ်ပုတ်တော့မည့်ဟန်ဖြင့် ရှေ့သို့ တိုးလာရင်း....

“မင်းနော်....မင်း....ခွေးစကား မပြောနဲ့၊ မင်းကို ငါ....”

ဟု ပါးစပ်က ပြောရာမှ ရုတ်တရက် သတိလစ်သလို ဖြစ်သွားကာ ကြမ်းပြင်ပေါ်သို့ အရုပ်ကြိုးပြတ် လဲကျသွားရှာပါတော့သည်။

မျိုးဇင်မှာ ဖခင်ကြီးကြည့်ရင်း ကြက်သေသေဖြစ်ပြီး ငိုင်နေမိစဉ် ဇော်ဟိန်းနှင့် ဝတ်လုံ ဦးသိန်းမောင် ပြေးဝင်လာကြလေသည်။

ဦးသိန်းမောင်က တစုံတခုကို သတိရဟန်ဖြင့် မျိုးဇင်အား....

“ဟေ့ မောင်မျိုးဇင်....ဆရာဝန်ကို ဖုံးဆက် ခေါ်လိုက်လေ ခပ်မြန်မြန် လုပ်ပါ....”

ဟု ပြော၍ မျိုးဇင်ကလည်း စာရေးစားပွဲပေါ်ရှိ တယ်လီဖုံးဆီသို့ဒလသွား၊ ဦးဘဇင်အား ပွေ့ထူနေသူ ဇော်ဟိန်းက....

“ဆရာဝန် ခေါ်ချင်လဲ ခေါ်လေ၊ သိပ်တော့ အကြောင်းထူးပါဘူး၊ ဦးက အသက်မရှိတော့ဘူး....”

ဟု လှမ်းပြောလိုက်သဖြင့် မျိုးဇင်ရော, ဦးသိန်းမောင်ပါ တုန်လှုပ် သွားမိပါတော့သည်။

နဂိုက နှလုံးရောဂါရှိသူဖြစ်၍ သူ့အလွန် ချစ်ခဲ့သည့် တဦးတည်းသော သားနှင့် ပတ်သက်ပြီး စိတ်ထိခိုက် တုန်လှုပ်ခြင်းဒဏ်ကို မခံနိုင်သဖြင့် ဦးဘဇင်မှာ နှလုံးရောဂါသည်တို့ဘာဝ လျှပ်တပြက်အတွင်း ကွယ်လွန် အနိစ္စရောက်သွားခြင်းပင် ဖြစ်လေသည်။

*　　*　　*



www.burmeseclassic.com

www.burmeseclassic.com

# (၄)

မျိုးဇင်က ဖုံးဆက်ခေါ်၍ သူတို့မိသားစု ဆရာဝန် ဖြစ်သူ ဒေါက်တာ သောင်းဟန်ရောက်လာပြီး စစ်ဆေးကြည့်၍ ဦးဘဇင်သည် နှလုံးရောဂါကြောင့် စိတ်ထိခိုက်တုန်လှုပ်ရာမှ သွေးကြောပြတ်ကာ ရုတ်တရက် သေဆုံးသွားခြင်းပင် ဖြစ်ကြောင်း အတည်ပြု ပြောဆိုလေသည်။

ပင်ကိုယ်သဘာဝအားဖြင့် စိတ်တုန်လှုပ်မှုနည်းပြီး လက်တွေ့ပြဿနာ ဖြေရှင်းရန်သာ ခေါင်းအေးအေးဖြင့် စဉ်းစားတတ်သူ ဇော်ဟိန်းသည် ဦးဘဇင်၏ စားပွဲပေါ်ရှိ စာရွက်စာတမ်းများကို ကြည့်ရင်း....

"အရေးကြီးတာက ဒီနေ့ချုပ်ရမဲ့ စာချုပ်တွေ ဘယ်သူ လက်မှတ်ထိုးမှာလဲ....

ဟု မေးလိုက်လေသည်။

ထိုအခါ မျိုးဇင်သည် ဝတ်လုံ ဦးသိန်းမောင်အား တချက် လှမ်းကြည့်လိုက်ရာ ဦး သိန်း မောင် က ခေါင်း ညိတ် ပြ လိုက်သဖြင့်....



"ကျုပ် ထိုးမယ်၊ ကျုပ်က ကုမ္ပဏီရဲ့ အုပ်ချုပ်မှု ဒါရိုက်တာဘဲ...."

ဟု မျိုးဇင်ကပြောလိုက်ခြင်းဖြင့် စာချုပ်ကိစ္စ ပြတ်သွားလေသည်။

ဖခင်ကြီး ယခုလိုရုတ်တရက်ကွယ်လွန်သွားခြင်းကြောင့် "ဇင် စက်မှုလက်မှုလုပ်ငန်း"ကြီးတခုလုံးအပေါ် ကြီးကြပ်ကွပ်ကဲ အုပ်ချုပ်သွားရမည့်တာဝန်အရပ်ရပ်သည် မိမိ၏ပခုံးပေါ်သို့ ရောက်လာချေပြီဟု မျိုးဇင်ကတွေးနေမိစဉ်....

"ဦးဘဇင်ရဲ့ဇနီးကိုလဲ အကြောင်းကြားတို့ ကောင်းတယ် ထင်တယ်...."

ဟု ဒေါက်တာသောင်းဟန် ကပြောလိုက်လေသည်။

မျိုးဇင်က တယ်လီဖုံးရှိရာသို့ လှမ်းကြည့်ရာ ဝတ်လုံ ဦးသိန်းမောင်က....

"ဒီကိစ္စမျိုးကို ဖုံးနဲ့ လှမ်းပြောတို့ မကောင်းဘူး ထင်ပါတယ်...."

ဟု အကြံပေးလေသည်။

ဤတွင် ဇော်ဟိန်းကပါ ဝင်ထောက်ခံလျက်....

"ဟုတ်တယ်....ဖုံးနဲ့မပြောဘဲ လူကိုယ်တိုင် သွားပြီး ဖြေးဖြေးဆေးဆေး ပြောမှတော်မယ်။ မောင်မျိုးဇင် ကိုယ်တိုင်ဘဲ သွားပြောလိုက်ပါကွာ။ ဒါထက် ဒီနေ့ ရုံးမှာ စာချုပ် လက်မှတ်ထိုးဖို့ ၉ နာရီခွဲ ချိန်းထားတယ်မဟုတ်လား။ သေပြီးမှတော့ မတတ်ပါဘူး၊ ဦးသိန်းမောင်နဲ့ ရုံးကို အရင်သွားပြီး စာချုပ်လက်မှတ်



www.burmeseclassic.com

www.burmeseclassic.com

ထိုးစရာရှိတာ ထိုးလိုက်ပါ။ ပြီးတော့မှ ကမ္ဘာအေး အိမ်ကို သွားပြောတာပေါ့....”

ဟု ပြောသဖြင့် ဇော်ဟိန်း အကြံပေးသလိုပင် လိုက်နာရန် ဆုံးဖြတ်လိုက်ကြလေတော့သည်။

× × ×

ကမ္ဘာအေးဘုရားလမ်းရှိ ဦးဘဇင်နှင့် သက်သက်တို့ နေသည့် တိုက်သို့ မျိုးဇင် ရောက်သွားသောအခါ အချိန်မှာ နံနက် ၁၀ နာရီခွဲခန့် ရှိနေပေပြီ။

မော်တော်ကား ဆိုက်ဆိုက်ချင်းပင် မျိုးဇင်ကို သိနေသူ အိမ်ဖော်မကာလေးက သံ ဆွဲတံခါးကို ဖွင့်ပေးလေသည်။

“နဝ့် မမသက်ကော....အိပ်ရာက နိုးပလား....”

မနက်စောစော အိပ်ရာမှ ထလေ့မရှိဘဲ ၁၀ နာရီ၊ ၁၁ နာရီလောက်အထိ အိပ်တတ်သော သက်သက် အကြောင်းကို သိရှိ မျိုးဇင်က မေးလိုက်ခြင်းဖြစ်လေသည်။

“ဟုတ်ကဲ့....စောစောကဘဲ နိုးလို့ ကျမ ကော်ဖီပို့ပေးခဲ့ရပါတယ်။ အပေါ်ထပ်မှာ ရှိပါတယ်....”

“ဟုတ်လား....ဒါဖြင့် နေပါ။ ငါ အပေါ် တက်တွေ့လိုက်မယ်....”

ဟု ပြောပြောဆိုဆို မျိုးဇင်သည် အိမ်ပေါ်ထပ်သို့တက်သွားလေသည်။

အောက်ထပ်တွင် ဧည့်ခန်းရှိသော်လည်း အိမ်ပေါ်ထပ် လှေကားထိပ်တွင်လည်း ဆိုဖာ ကုလားထိုင်များ ခင်းလျက် သီးသန့် ဧည့်ခန်း တခု ရှိလေသည်။ ရင်းနှီးသော မိတ်ဆွေများ လာလျှင်ငှင်း၊ အရေးကြီးသော အလုပ်ကိစ္စများကို တိုင်ပင်ဆွေးနွေးစရာရှိလျှင်ငှင်း ဦးဘဇင်သည် အိမ်ပေါ်ထပ်ဧည့်ခန်းတွင် စကားလက်ခံပြောလေ့ရှိသည်။

နောက် စည်းကမ်းတခုကား ထိုအိမ်တွင် ထမင်းချက်၊ စပွဲထိုး အိမ်ဖော် စသော အလုပ်သမားအားလုံးသည် နောက်ဖေးဘက် အစေခံ တန်းလျားတွင် နေကြရ၏။ အိမ်ပေါ်မှ အလိုရှိမှသာ လျှပ်စစ် ခေါင်းလောင်းတီးခေါ်လျှင် လာကြရပေသည်။

အောက်ထပ် ဧည့်ခန်း တံခါးဝတွင်မူ အိမ်ဖော်မကာလေး တယောက် လာနေရပြီး တယ်လီဖုံးလာလျှင် ဖြေခြင်း၊ ဧည့်သည် လာလျှင် စကားပြောဆို မေးမြန်းခြင်းတို့တာဝန်ယူရလေသည်။

အိမ်ပေါ်ထပ် ဧည့်ခန်းတွင် ဦးဘဇင်၏ဧည့်သည်၊ သို့မဟုတ် သက်သက်၏ ဧည့်သည်များ ရှိနေလျှင် ကလေးမက အိမ်ပေါ်သို့ လုံးဝတက်ခွင့်မရှိ။ သူဌေး၊ သို့မဟုတ် သူဌေးကတော်က ခိုင်းစရာ ရှိ၍ ခေါ်မှသာ အပေါ်သို့ တက်ရလေသည်။

ထိုကြောင့် ယခုမျိုးဇင်က အိမ်ပေါ်သို့ တက်သွားသောအခါ အိမ်ဖော်ကလေးမသည် လိုက်တက်မလာဘဲ ဧည့်ခန်းဝရှိ သူ ထိုင်နေကျ နေရာတွင် ပြန်ထိုင်နေလိုက်လေသည်။

လှေကားမှ တက်လာသော ခြေသံကို ကြား ကြားချင်းပင် သက်သက်သည် အိပ်ခန်းထဲမှနေ၍....

“ဘယ်သူလဲ....”

ဟု လှမ်းမေးလိုက်သဖြင့်....

“ကျုပ်ပါ၊ မျိုးဇင်ရယ်....ပြောစရာ ကိစ္စ ရှိလို့ ပါ....”

ဟု ခပ်ကျယ်ကျယ် ပြန်ပြောလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

"အော်....လူပျိုကြီး ကိုမျိုးဇင်လား.... မလာစဖူး အလာထူးလို့ ကိစ္စ အရေးကြီးတယ်နဲ့ တူပါတယ် နော်...."

သက်သက်၏အသံမှာ လှောင်ပြောင် သရော်သလို၊ ညုတုတု ပြောသလို ဖြစ်နေရာ မျိုးဇင်တွင် စိတ်ထဲ တမျိုး ဖြစ်သွားမိလေသည်။

ထိုအခိုက် အိပ်ခန်းထဲမှ သက်သက်က....

"ကိုမျိုးဇင် ခဏလေးနော်....သက်က ရေချိုးတော့မဲ့ ဆဲဆဲ ဖြစ်နေလို့ပါ။ မကြာပါဘူး ဧရ တပုံး နှစ်ပုံး လောင်းရုံပါဘဲ။ ပြင်ဘက်မှာ စောင့်ရတာပြင်းရင် ဒီထဲလာ ထိုင်နေပါလားရှင်။ အခန်းထဲမှာ မဂ္ဂဇင်းစာအုပ်တွေလဲ ရှိပါတယ်...."

ဟု ပြောလိုက်ပြီးနောက် ချက်ချင်းလိုပင် ရေချိုးခန်းထဲမှ ရေလောင်းချိုးသံ ကြားနေရလေသည်။

သက်သက်သည် ရေချိုးခန်းထဲ ရေချိုးနေပုံက မြန်မာ မိန်းကလေးများ သမရိုးကျချိုးသကဲ့သို့ ထမီဝတ်ချိုးခြင်းမဟုတ်ဘဲ အဝတ်မပါ ဗလာနတ္ထိ ကိုယ်လုံးတီးဖြင့် ရေကို အားရပါးရ ချိုးနေကြောင်းကိုကား မျိုးဇင်က မသိချေ။

မျိုးဇင်သည် လှေကားထိပ်ရှိ ဧည့်ခန်း ကုလားထိုင်တလုံးတွင် ထိုင်နေရာမှ ဘာရယ်လို့မဟုတ် ရည်ရွယ်ချက် တစုံတရာ မရှိဘဲ ထိုင်ရာမှထကာ သက်သက်၏ အိပ်ခန်းထဲသို့ လျှောက်ဝင်သွားမိလေသည်။

အိပ်ခန်းအတွင်းရှိ နှစ်ယောက်အိပ်ကုတင်ကြီးပေါ်တွင် "ဒန်းလော့ ပီလို"ခေါ် နောက်ဆုံးပေါ် (**FOAM**)ရော်ဘာမွေ့ရာကြီး တခုခင်းထားသည်မှာ မြင်လိုက်ရရုံနှင့် တက်အိပ်ချင်စဖွယ် ကောင်းလှပေသည်။



အိပ်ရာပေါ်တွင်ကား သက်သက်၏လုံချည်၊အင်္ကျီနှင့်အတွင်းခံ ဘရာဇီယာတို့ ဖရိုဖရဲ ပစ်တင်ထားသည်ကို တွေ့ရသဖြင့် မျိုးဇင်မှာ "အင်း....မချောက ကိုယ်တုံးလုံး ဂျပန်လို ရေချိုးနေတာများလား" ဟု တွေးမိပြီး အိပ်ခန်း ပြင်ဘက်သို့ ထွက်စောင့်ရကောင်းနိုးနိုးနှင့် ချိန်ဆနေစဉ်မှာပင် ရေချိုးခန်းတံခါး ပွင့်လာပြီး သက်သက်သည် ထွက်လာလေသည်။

ရေချိုးခန်းဆိုသော်လည်း ယခုခေတ် ဥရောပတိုက်သားများ၏အိမ်များလို အိပ်ခန်းနှင့်တဆက်တည်းလုပ်ထားသော ရေချိုးခန်းဖြစ်လေသည်။

အိပ်ခန်းတံခါးကလည်း ခေတ်မီ စပရိန်တပ် တံခါးမျိုးဖြစ်၍ ဖွင့်ပြီးလျှင် အလိုအလျောက် ပြန်ပိတ်သွားသော တံခါးဖြစ်လေသည်။

မျိုးဇင်မှာ သက်သက်၏ အိပ်ခန်းထဲတွင် ရောက်နေရုံမက တံခါးအလုံပိတ်ထားသော ဆိတ်ကွယ်ရာ နေရာ၌ မိန်းကလေးတဦးနှင့်နှစ်ယောက်တည်း ချောင်ပိတ်မိသလို ဖြစ်နေလေသည်

"ဘယ့်နှဲ့လဲ လူပျိုကြီးရဲ့၊ နေကောင်းရဲ့နော်...."

သက်သက်က ညုတုတု လှမ်းနှုတ်ဆက်လိုက်သဖြင့် မျိုးဇင်သည်း လှည့်ကြည့်မိသောအခါ ရုတ်တရက် မျက်လုံးများ ပြာသလို တကိုယ်လုံးထူပူသွားသလို ဖြစ်မိပါတော့သည်။

ရေချိုးခန်းတံခါးဝတွင် ရပ်ပြီး ခပ်ပြုံးပြုံး ကြည့်နေသူ။ သက်သက်မှာ ကိုယ်သုတ်သည့် မျက်နှာသုတ်ပုဝါ အကြီးစားတထည်ကို လှမ်းခြုံထားရုံမှလွဲ၍ အခြား အဝတ်အစား ဘာမျှမရှိ၊ ဗလာနတ္ထိဖြစ်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com

မျက်နှာသုတ်ပုဝါခြုံထားသည်ဆိုသော်လည်း လက်ျာဘက်ပခုံးပေါ်တွင်တင်ထားခြင်းသာဖြစ်၍ ဘယ်ဘက်ခြမ်းတကိုယ်လုံး လှပဖြိုးမောက်သော ရင်သားမှအစ ခြေမျက်စိအထိ ဗလာကျင်းနေလေသည်။ ဖြူဖြူဖွေးဖွေးနှင့် အချိုးကျနသော ပေါင်တံကလည်း မျိုးဇင်အဖို့ မမြင်ချင်မှအဆုံး မယ်ဗွေးပွဲ၌ ကိုယ်ဟန်ပြပုံကို အနီးကပ်ကြည့်ရသလို ဖြစ်နေပါတော့သည်။

ဖခင်ကြီး ရုတ်တရက် ကွယ်လွန်သွားကြောင်း သတင်းပြောရန်လာခဲ့သူ မျိုးဇင်မှာ မိမိလာရခြင်းကိစ္စ အကြောင်းကိုပင် မပြောနိုင်ဘဲ အသက်ရှူကျပ်ချင်သလို၊ ထွက်ပြေးချင်သလို စိတ်တွေ ချောက်ချားနေလေသည်။

မိန်းမနှင့် မတွေ့ဘူးသူ လူပျိုရိုင်းကလေး တယောက် မဟုတ်တော့ပါဘဲလျက် မိမိ၏စိတ်တွေ ဖေါက်ပြန်တက်ကြွလာအောင် ဖန်တီးနိုင်သူ သက်သက်သည် ယောကျ်ားတို့၏စိတ်ကို ဆွဲငင်နိုင်သည့် ညို့ဓါတ်အစွမ်း မည်မျှထက်မြက်လှကြောင်း သိသာ ထင်ရှားနေပေသည်။

မျိုးဇင်က ရုတ်တရက် ဘာမှမပြောနိုင်ဘဲ မျက်တောင်မခပ်ငေးစိုက်ကြည့်နေသည်ကိုပင် သက်သက်မှာ သဘောကျဟန်ဖြင့် သူမ၏ နှုတ်ခမ်းမပွင့်တပွင့်နှင့် ပြုံးနေလိုက်ပါသေးသည်။

"ဘယ်လိုလဲ ကိုမျိုးဇင်ရဲ့.... သက်ရဲ့ကိုယ်လုံးက ကြည့်ပျော်ရှုပျော်ရှိပါသေးတယ်နော်...."

ညို့ဓါတ်အပြည့်ပါသော မျက်လုံးဖြင့် ဝူးစိုက် ကြည့်ရင်း သက်သက်ကပြောလိုက်ပုံမှာ တဖက်သားကို "စားလှည့်၊ ဝါးလှည့်ပါလော့"ဟု ဖိတ်မန္တကပြုသကဲ့သို့ ထင်ရပေသည်။

ကိုယ်တခြမ်းပေါ်တွင် မျက်နှာသုတ်ပုဝါ မလုံ့တလုံခြုံထားပြီးအပ အဝတ်မပါ ဗလာ ကျင်းနေခိုက် မိမိ အိပ်ခန်းထဲ ယောကျ်ားတယောက်နှင့် ရင်ဆိုင်တွေ့နေရသည်ကိုလည်း ရှက်ကြောက် တုန်လှုပ်ပုံမရ၊ ခပ်တည်တည် ခပ်အေးအေးပင် ဣန္ဒြေမပျက် ရှိလှသည်။

သက်သက်ကား အလွန်ပင် ပွင့်လင်း ရဲတင်းလှသော မိန်းကလေးတဦးပေတည်း။

မျိုးဇင်က မျက်စိကျွတ်ကျတော့မလို စူးစိုက် ကြည့်နေခြင်းမှာ ရာဂစိတ်တက်ကြွပြီး ဆာလောင်မွတ်သိပ်သောဟန်ဖြင့်ကြည့်နည်းမျိုးဖြစ်ကြောင်းကိုလည်း သူမ, အနေနှင့် အကဲခတ်မိပုံရလေသည်။

တက်ကြွလှုပ်ရှားနေသော မျိုးဇင်၏စိတ်ရိုင်းများမှာ ချုပ်နှောင်၍မရသော မုန်ယိုဆင်ကဲ့သို့ သောင်းကျန်းချင်နေပြီ ဖြစ်လေသည်။

ထိုကြောင့် သက်သက်ရပ်နေရာဘက်သို့ တိုးသွားလေသည်။

ပါးစပ်က ဘာမျှမပြောသော်လည်း မျိုးဇင် ဘာလုပ်တော့မည်ဟု ရိပ်မိသူ သက်သက်သည် ကပျာကယာ မျက်နှာသုတ်ပုဝါဖြင့် ရင်သားနှစ်ဖက်စလုံးကို ဖုံးအုပ်လိုက်ရင်း မျိုးဇင်အားကြောက်သလို ခြေဘလှမ်း နောက်ဆုတ်လိုက်လေသည်။

"အို....ကိုမျိုးဇင်ကလဲ သတိထားမှပေါ့၊ သက်ကလွှတ်လပ်တဲ့အပျိုမှ မဟုတ်တော့ဘဲ...."

သက်သက်ပြောလိုက်ပုံကတော့ ဘာကယ်ပင် ငြင်းဆန်လို၍ပေလော၊ သို့တည်းမဟုတ် မိန်းမမာယာဖြင့် ဟန်လုပ်ကာ "မူ"နေခြင်းပေလောဟူ၍ ဝေခွဲမရနိုင်အောင်ပင် ဖြစ်နေပေသည်။



www.burmeseclassic.com

www.burmeseclassic.com

မည်သို့ပင်ဖြစ်စေ မျိုးဇင်၏ခြေလှမ်းများကား ရပ်တန့်မသွားဘဲ ရှေ့သို့သာတိုးရင်း သက်သက်အနီးသို့ ရောက်သွားလေသည်။

သက်သက်အဖို့မှာလည်း နောက်ဆုတ်ရန် နေရာမရှိတော့ဘဲ အခန်းနံရံနှင့်ကျော ထိနေပြီဖြစ်လေသည်။

"မတော်ဘူးထင်ပါတယ် ကိုမျိုးဇင်...."

ဟု ပြောရင်း သက်သက်သည် အိပ်ခန်းတံခါးဝဆီသို့ လှမ်းကြည့်လိုက်ရာ မျိုးဇင်လည်း တစုံတခုကိုသတိရဟန်ဖြင့် လျှင်မြန်စွာ တံခါးဘက်လျှောက်သွားပြီး အတွင်းမှ ဂျက်ထိုး ပိတ်ထားလိုက်လေသည်။

ထိုနောက် သက်သက်အနီးသို့ ချဉ်းကပ် လာပြန်သည်။ မျိုးဇင်၏ မျက်နှာကား တစုံတခုကို စိတ် ပိုင်းဖြတ်ထားပြီးသူ တယောက်အသွင် ဆောင်နေလေသည်။

သက်သက်လည်း ကြောက်သလိုဖြစ်ကာ ရှောင်ထွက်ရန် အခန်း တဖက်သို့ သွားမည် အပြု မျိုးဇင်က လျှင်မြန်စွာ လှမ်းဆွဲလိုက်ရာ ပခုံးပေါ်မှ မျက်နှာသုတ် ပုဝါကို ဆွဲမိသဖြင့် သက်သက်မှာ လုံးလုံး ဝတ်လစ်စလစ် ဖြစ်သွားလေတော့သည်။

သို့နှင့် ကုတင်ပေါ်ရှိ လုံချည်တထည်ကို ပြေးယူ ဝတ်မည် ကြံစဉ်မှာပင် မျိုးဇင်က လျှင်မြန်စွာ ဝင်၍ လှမ်းဖက်ပြန်လေသည်။

သက်သက်က သူမ၏ ကိုယ်ကိုလှည့်၍ ရှောင်ထွက်ရန်ကြိုးစားသော်လည်း မျိုးဇင်၏ ညာဘက်လက်က သက်သက်၏ ဘယ်ဘက် ရင်အုံမှ ဖေါင်းအိ နူးညံ့သော အသားဆိုင်ကို ဆုပ်ကိုင်မိသွားလေသည်။



မျိုးဇင်သည် သက်သက်၏ ရင်အုံသားကို မလွှတ်တော့ဘဲ ခပ်တင်းတင်းပင် ဆုပ်ကိုင်ထားရင်း ဘယ်ဘက်လက်နှင့် တကိုယ်လုံးကို ရစ်ပတ် သိမ်းဖက်လိုက်လေသည်။ သူ၏ ပါးစပ်ကလည်း သက်သက်၏ နှုတ်ခမ်းကို နမ်းရန် ကြိုးစားလေသည်။

"လွှတ်ပါကို မျိုးဇင်....သက် တောင်းပန်ပါတယ်၊ လွှတ်ပါ"

ပါးစပ်က ပြောရင်းနှင့် သက်သက်သည် ကြိုးစား ရုန်းကန်ပါသေးသည်။

"မကြုံသင့်တာ မကြုံပါနဲ့ရှင်....သက် အသားတွေလဲ နာလှပါပြီ....လွှတ်ပါရှင် အို....အင်း...."

သက်သက်၏ နှုတ်ခမ်းပေါ်သို့ မျိုးဇင်၏ ပါးစပ်က တည့်တည့် မတ်မတ်ကြီး ကျရောက်လာသဖြင့် နောက်ထပ် စကား မပြောနိုင်အောင် နှုတ်ပိတ် လိုက်သလို ဖြစ်သွားလေသည်။

ဘယ်လိုမှ ချုပ်ထိန်း၍ မရတော့အောင် စိတ်တွေ ဖေါက်ပြန်တက်ကြွနေသူ မျိုးဇင်က သက်သက်၏ နှုတ်ခမ်းကို အတင်းတေ့စုတ် နမ်းရှုပ်နေစဉ်တွင် သက်သက်သည် မျိုးဇင်၏ ကျောပြင်ကို လက်ဖြင့် ထုရိုက် ကန့်ကွက်လျက် ရှိနေပါသေးသည်။

ဤအချိန်တွင်ကား သက်သက်သည် ကုတင်ပေါ်တွင် လဲကျနေပြီး မျိုးဇင်၏ ကိုယ်လုံးကြီးက အပေါ်မှ ဖိထားခြင်းကို ခံနေရပေပြီ။

အမှန်တော့ သက်သက်ကိုယ်တိုင်က မျိုးဇင်လို သန့်မာတောင့်တင်းသော ယောကျ်ား၏ "အတွေ့" ကြောင့် စိတ်တက်ကြွဖေါက်ပြန်နေပြီဖြစ်လေသည်။ ထို့ကြောင့် မျိုးဇင်၏ ကျောပြင်ကို ထုရိုက်နေသော သူမ၏လက်များသည် မထုမရိုက်တော့ဘဲ ငြိမ်ကျသွားလေသည်။ ဤအချက်ကို မျိုးဇင် ကိုယ်တိုင်က သက်



www.burmeseclassic.com

www.burmeseclassic.com

သက်၏ နှုပ်ခမ်းနှင့်လျှာတို့ လှုပ်ရှားလာပုံအရ သိနှင့်ပြီး ဖြစ်လေသည်။

"ကိုမျိုးဇင် .... ကိုမျိုးဇင် ခလေးရအောင် လုပ်ပါနော်.... သက် ခလေး သိပ်လိုချင်တာအဲ နော်....ကိုမျိုးဇင်.... ကိုယ်ဝန်ရှိသွားအောင် လုပ်ပါနော်...."

ဤသို့ပင်လျှင် မရှက်မကြောက် ရဲတင်းစွာပြောပြီး သက်သက်သည် မျိုးဇင်၏ လည်ပင်းကို တအား ဖြစ်ညှစ် သိမ်းဖက်လိုက်လေသည်။

မျိုးဇင်အဖို့ကား ရာဂစိတ် ပြင်းထန် ထူပူ နေခြင်းကြောင့် ခပ်စောစောကပင် ဖခင်ကြီး ကွယ်လွန်ခဲ့သည်ကိုရှင်း၊ မိမိသည် ဖခင်ကွယ်လွန်ကြောင်း သတင်းပြောရန် လာသည်ကိုရှင်း၊ ယခု မိမိ အခမ္ဘ သံဝါသ ပြုချင်သလိုပြုနေသူ သက်သက်သည် ဖခင် ဦးဘဇင်၏ ဇနီး၊ သို့မဟုတ် မိမိ၏ မိထွေးပင် ဖြစ်သည်ကိုရှင်း လုံးဝ သတိမေ့လျော့သလိုဖြစ်ကာ လတ်တလော ရာဂဘီလူး စီးနေသူတဦး ဖြစ်နေပါတော့သတည်း။

* * *



# ( ၅ )

မှက်သတ္တ တပတ်ပြည့်၍ ကွယ်လွန်သူ ဦးဘဇင်အတွက် ရက်လည် သပိတ်သွတ် ဆွမ်းကမ်လှူပြီးသည့် နောက်တနေ့ မှာပင် မျိုးဇင်၊ ဇော်ဟိန်းနှင့် သက်သက်တို့ သုံးယောက်သားသည် စက်ရုံဝင်းအတွင်း ဦးဘဇင်၏ သီးသန့်ရုံးခန်း၌ အစည်းအဝေးသဘော တွေ့ဆုံဆွေးနွေး တိုင်ပင်ကြလေသည်။

တကယ်တော့လည်း ဦးဘဇင် မရှိတော့သည့် နောက်ပိုင်း၌ သား မျိုးဇင်၊ ဇနီး သက်သက်နှင့် အစုရှယ်ယာဝင် ဇော်ဟိန်းတို့ သုံးဦးသာလျှင် "ဇင် စက်မှုလက်မှုလုပ်ငန်း" တခုလုံး အတွက် တာဝန်ရှိလာကြပေသည်။

မျိုးဇင်သည် မိန်းမကိစ္စ ရှုပ်ပွေသည်မှန်သော်လည်း အလုပ်ကို လုပ်တော့မည်ဆိုလျှင် မဖြစ်မနေ အာရုံစူးစိုက် ကြိုးစားလုပ်ကိုင်လိုသော ဇွဲသတ္တိကတော့ ဖခင် ဦးဘဇင်ကဲ့သို့ပင် ရှိသူဖြစ်လေသည်။

ယခု ဖခင်ကြီး မရှိတော့သည့်အခါ မိမိကိုယ်တိုင် လုပ်ငန်းအရပ်ရပ်ကို ဦးစီးကွပ်ကဲ၍ ဆထက်ထံပိုး တိုးထက် ကြီးပွားအောင်

www.burmeseclassic.com

www.burmeseclassic.com

လုပ်ကိုင်သွားရန် ဆန္ဒ ပြင်းထန်လာလေသည်။ သူ ဂျပန်ပြည်၌ လေ့လာ ဆည်းပူးခဲ့သော ပညာရပ် များနှင့် နောက်ဆုံးပေါ် ခေတ်မှီ နည်းစနစ်များကိုလည်း အသုံးချ၍မိမိတို့ကုမ္ပဏီကိုမြန်မာ ပြည်တွင်းသာမက ပြည်ပ ဈေးကွက် ဝင်တိုးနိုင်မည့် အခြေအနေ သို့ရောက်အောင်ပင် ကြိုးစားမည်ဟု စိတ်ပိုင်းဖြတ်ထားပြီး ဖြစ် လေသည်။

ဇော်ဟိန်းအနေနှင့်ကား ဖခင်ကြီးအပေါ် သံယောဇဉ် ကြီး သည့်ပြင် မိမိနှင့်လည်း ညီရင်းအကိုကဲ့သို့ ခင်မင်နေပြီဖြစ်၍ ပြဿ နာမရှိ။ သက်သက် တယောက်သာ လူစိမ်း ဖြစ်နေသည့်ပြင် ဦးဘဇင်၏ ဇနီးအဖြစ် တရားဝင် ပိုင်ဆိုင်ခွင့်ရှိနေသဖြင့် အလုပ် ထဲ ဝင်ရောက်စွက်ဖက်နိုင်ခွင့် ရှိနေပေသည်။လုပ်ငန်းနှင့်ပတ်သက် ၍ မျိုးဇင်၏အစီအစဉ်များကို သဘော တူနိုင်သလို ကန့်ကွက်နိုင် ခွင့်လည်း ရှိနေပေသည်။

ထို့ကြောင့် "ခုရှုပ်မှ နောင်ရှင်း" ဆိုသလို လုပ်ငန်းနှင့် ပတ်သက်၍ ပြတ်ပြတ်သားသားရှိစေရန် ရည်ရွယ်လျက် ကာယကံ ရှင်သုံးဦး ညှိနှိုင်းတိုင်ပင်သည့် အစည်းအဝေး ခေါ်လိုက်ခြင်း ဖြစ်လေသည်။

ထိုနေ့နံနက်က ဇော်ဟိန်းမှာ သူ့ကျေးဇူးရှင် ဦးဘဇင် မမြော်လင့်ဘဲ ကွယ်လွန်သွားသည့် အတွက် အတော်ပင် စိတ်ထိ ခိုက် ဝမ်းနည်းနေပုံရလေသည်။ မသက်သက်ကမူ လင်ယောကျ်ား သေဆုံး၍ ရက်ပိုင်းမျှသာ ရှိသေးသော မုဆိုးမတယောက်နှင့် လုံးဝမတူ၊ ပူပုံပန်းရုပ် အလျင်းမရှိဘဲ ကြော့နေအောင် ဖီးလိမ်း ဝတ်စားထားပုံက မင်္ဂလာ ပွဲထိုင်လာသည့် ရုပ်ရှင် မင်းသမီး တယောက်လားဟု ထင်ရပေသည်။

သက်သက်ကိုကြည့်ရင်း မျိုးဇင်နှင့် ဇော်ဟိန်းတို့မှာ "ဒီမိန်းမ ဘယ်လိုမိန်းမမျိုးပါလိမ့်" ဟု စဉ်းစားရ ခက်နေကြလေသည်။

အမှန်အားဖြင့်လည်း သူတို့ နှစ်ဦးစလုံးအနေနှင့် သက်သက် သည် ဘယ်လိုမိန်းမမျိုးဖြစ်၍ မည်သို့သောစိတ်သဘောထားမျိုး ရှိကြောင်း ကောင်းစွာမသိကြချေ။

သက်သက်ကား အတွင်းသဘော စိတ်နေစိတ်ထား အလွန် ခက်ခဲခက်ရခက်သော မိန်းမတဦးပေတည်း။

မျိုးဇင်မှာ ဦးဘဇင်ဆုံးသည့်နေ့နံနက်က ကမ္ဘာအေး ဘုရား လမ်း တိုက်အိမ်အပေါ် ထပ်အခန်းထဲ၌ သက်သက်နှင့်မိမိတို့ လွန် ဆန်ကျူးကျူးဖြစ်ခဲ့ခြင်းနှင့်ပတ်သက်၍ အနည်းငယ် ရှက်သလို ယိုပြာမလုံသလို ဖြစ်မိသော်လည်း သက်သက်ကို ကြည့်ရသည် မှာဘယ်လိုမှမနေသလို ဣန္ဒြေမပျက် ဖြစ်နေသဖြင့် အံ့ဩ မိလေ သည်။

မည်သို့ပင်ဖြစ်စေ အလုပ်နှင့်ပတ်သက်၍ ပြောစရာရှိတာတွေ ကိုတော့ ပြောရပေတော့မည်။

"ကိုင်း...ကျွန်တော်က ဘာမဆိုတိုတိုနှင့်ခပ်ပြတ်ပြတ်ဘဲပြော တတ်တဲ့လူဖြစ်တဲ့ အတိုင်း ဖေဖေမရှိတဲ့နောက် ဒီလုပ်ငန်းကြီးကို ရှေ့ရှောက် ဘယ်လိုစခန်းသွားကြမယ်၊ ဘယ်လို စီစဉ်လုပ်ကိုင် သွားကြမယ်ဆိုတာ အခုတိုင်ပင်ပြောဆိုပြီး ဆုံးဖြတ်ကြမယ်ဆို တာ ဆွေးနွေးကြဘို့ဘဲ..."

ဟုအစချီကာ မျိုးဇင်က ဖခင်ဦးဘဇင် မရှိတော့သော်လည်း မိမိတို့က ပို၍ပင် ကိုးတက်အောင် ကြိုးစား လုပ်ကိုင်သွားရန် ဆာဝန်ရှိကြောင်း စကား စ ပြောလေသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဒီကိစ္စနဲ့ပတ်သက်လို့ စကားတွေအရှည်ကြီးမပြောနေရင်အချိန်ဖြုန်းရာရောက်ပါတယ်။ သက်ရဲ့သဘောထားကို ပြောရမလား"

သက်သက်က စီးကရက်တလိပ် မီးညှိသောက်ရင်း ခပ်တည်တည်နှင့်မေးလိုက်လေသည်။

"ပြောနိုင်ပါတယ်ဗျာ၊ ပြောနိုင်ပါတယ်။ ပွင့်ပွင့်လင်းလင်းပြောကြရအောင်လို့ အခုလိုခေါ်တာပါဘဲ...."

ဟုမျိုးဇင်က ပြောလိုက်သဖြင့် သက်သက်လည်း သူမ၏ သဘောထားကို ဖွင့်ပြောလေသည်။

"သက် အနေနဲ့လဲ ခပ်ဘွင်းဘွင်းနဲ့ တိုတိုဘဲပြောပါ့မယ်။ အမှန်တော့ သက်က ဒီအလုပ်နဲ့ပတ်သက်ပြီး ဘာမှနားမလည်ပါဘူး။ ကိုယ်နားမလည်တဲ့ အလုပ်ထဲဝင်ပါနေလို့လဲ ဘာမှခရီးရောက်မှာလဲ မဟုတ်ပါဘူး။ အကိုကြီး မရှိတော့တဲ့ နောက်ပိုင်းလုပ်ငန်းတွေကိုကြီးကြပ်လုပ်သွားဘို့က ကိုမျိုးဇင်နဲ့ ကိုဇော်ဟိန်းတို့ကဘဲ ဦးစီးလုပ်သွားဘို့သင့်ပါတယ်။ ဒီတော့ သက်က ရသင့်ရထိုက်တဲ့ အခွင့်အရေးကလေးတွေယူပြီး လုံးလုံးထွက်သွားချင်ပါတယ်။ နောင်ကို ဒီလုပ်ငန်းနဲ့ ပတ်သက်လို့ သက်သက်က လုံးလုံးဝင်မပါလိုတော့ပါဘူး...."

သက်သက်၏ စကားကို ကြားလိုက်ရသည်တွင် မျိုးဇင်အဖို့ စိတ်ထဲ ချိန်ဆ စဉ်းစားမိလေသည်။ အလုပ်ထဲ ရှေ့ရှောက် ဝင်မပါလိုတော့ ဟူသောအချက်ကတော့ သူ့အနေဖြင့် သဘောကျစရာကောင်းနေသည်။ သို့သော် "ရသင့်ရထိုက်သော အခွင့်အရေးကလေးတွေ" ဟူသော စကားကိုမူ စဉ်းစားစရာဖြစ်သည်။

ဦးဘဇင်၏ တရားဝင်ဇနီးအဖြစ် သက်သက်သည် "ဇင်စက်မှုလုပ်ငန်း" တခုလုံးနှင့်တကွ ဦးဘဇင်ပိုင် ငွေကြေးဥစ္စာပစ္စည်းအရပ်ရပ်ကိုပါ ပိုင်ဆိုင်ခွင့်ရှိနေသည်ဖြစ်ရာ ရသင့်သော အခွင့်အရေးအားလုံးနှင့်ညီမျှသည့် ငွေကြေးအလုံးအရင်းကို မိမိက အမ်းပေးမှသာ သက်သက်က နောက်ထပ် ပိုင်ဆိုင်ခွင့် စွန့်လွှတ်မည်ဖြစ်ပေသည်။

ဤသို့ မျိုးဇင်က တွေးမိရင်း ခေတ္တမျှ ဘာမှမပြောဘဲနေသည်ကို သက်သက်သည် အကဲခတ်မိဟန်ဖြင့် ပြုံးလိုက်ပြီး....

"ဘာလဲ....ကိုမျိုးဇင်က သက်ကို ပစ္စည်းတွေ ငွေတွေ အများကြီးခွဲပေးရမှာကို တွေးပူနေတာလား။ မစိုးရိမ်ပါနဲ့ ကိုမျိုးဇင်ရယ်။ သက်က ဒါလောက် လောဘမကြီးပါဘူး။ သက်အဖို့ စားဝတ်နေရေးအတွက် မျက်နှာမငယ်ရဘဲ ပြည့်စုံရုံလောက်ဘဲ လိုချင်ပါတယ်။ ကဲပါလေ....ရှင်းရှင်းဘဲပြောပါ့မယ်။ အခုနေတဲ့ ကမ္ဘာအေးလမ်းက တိုက်ကိုတော့ လိုချင်ပါတယ်။ ဒါလဲ လတ်တလော သက်က ခဏဘဲနေပြီး နောက်ပိုင်း စိတ်တိုင်းကျ အိမ်ခပ်ငယ်ငယ်တလုံးရတော့ ဒီအိမ်ကြီးကို ရောင်းပစ်မှာပါ။ အဲဒီအိမ်တလုံးရယ်၊ နောက်ထပ် သက်ကို ငွေ ၂-သိန်းဘဲပေးပါ။ အဲဒီငွေ ၂-သိန်းကို အခြေပြုပြီး သက်ရဲ့ ဘဝရှေ့ရေးအတွက် ကြံစည် ကြိုးစားပါမယ်။ ငွေ ၂-သိန်း ကုန်လို့ ဘာအခြေအနေမှ ဖြစ်မလာဘူးဆိုရင်တော့လဲ သက်ထိုက်နဲ့ သက်ကံဘဲပေါ့။ ကိုမျိုးဇင်တို့နဲ့ နောက်ထပ်အရှုပ်အရှင်းမရှိအောင်တော့ ရပိုင်ခွင့်အားလုံး အပြေအလည်ရရှိကြောင်းနဲ့ နောက်ထပ်ဘာအခွင့်အရေးမှ မတောင်းပါဘူးဆိုတာ စာချုပ်စာတမ်းနဲ့ လက်မှတ်ထိုးပေးထားပါ့မယ်...."

ဟုပြောလိုက်ရာ အနားမှ နားထောင်နေသူ ဇော်ဟိန်းပင်လျှင် အံ့အားသင့်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာ့အေးလမ်းမှ တိုက်အိမ်က တန်ဘိုး ၂-သိန်းခန့်ရှိသည်။ ထားဦး နောက်ထပ် ငွေ ၂-သိန်းပါပေါင်းမှ ငွေ ၄-သိန်းသာ ရှိပေမည်။ စင်စစ် သက်သက်အနေဖြင့် အနည်းဆုံး ထိုငွေ၏လေး ဆမျှရပိုင်ခွင့်ရှိနေသဖြင့် ယခုတောင်းလိုက်တာ နည်းလှချည်လား ဟုတွေးမိလေသည်။

"မသက် တကယ်ပြောတာလား၊ နောက်ထပ် ဘာအခွင့်အရေးမှ မယူတော့ဘူးလား...."

ဇော်ဟိန်းက ထပ်မေးလိုက်သောအခါ သက်သက်က မျိုးဇင်ဘက်တည့်တည့်ကြည့်ရင်း....

"တကယ်ပြောတာပါရှင်။ သက်မှာတခြား ချွတ်ယွင်းချက်တွေ၊ အပြစ်တွေရှိချင်ရှိနေမယ်၊ ဒါပေမဲ့ ဂတိတော့တည်ပါတယ်လေ။ သေချာသထက် သေချာအောင်လဲ ဒီနေ့ဘဲ ဝတ်လုံဦးသိန်းမောင်ခေါ်ပြီး စာချုပ်တွေလုပ်ပါ၊ သက်လက်မှတ်ထိုးပါမယ်။ နောက်တခုက သက်က ဒီလုပ်ငန်းကြီးထဲ နားမလည်တဲ့ မိန်းမတယောက်အနေနဲ့ ဝင်မပါချင်တော့လို့ လမ်းခွဲတာဖြစ်သော်လဲ ကိုမျိုးဇင်ရော ကိုဇော်ဟိန်းကိုပါ အရှည်သဖြင့် မေတ္တာမပျက် မိတ်ဆွေရင်းများလို ဆက်ဆံသွားပါမယ်။ လူချင်းလုံးဝ အဆက်ဖြတ်သွားကြဘို့ သက်က မလိုလားပါဘူး...."

ဟုပြောလိုက်လေသည်။

× × ×

သက်သက်၏စကားများမှာ အလွန်တရားမျှတသဖြင့် မျိုးဇင်အဖို့ မည်သို့မျှငြင်းစရာမရှိတော့ဘဲ သူပြောသလိုပင် စာချုပ်ချုပ်ရန် စီစဉ်ပေးလိုက်ပါတော့သည်။

ဖခင်ဦးဘဇင်၏ လုပ်ငန်းများကို အင်တိုက် အားတိုက်ကြိုးစားလုပ်ကိုင် သွားပါတော့မည်ဟု စိတ်ဒုန်းဒုန်း ချနိုင်ပေပြီ။ သက်သက်ကဝင်ရောက် စွက်ဖက် နေဦးမည်လောဟူ၍လည်း စိုးရိမ်စရာမရှိတော့သဖြင့် မျိုးဇင်သည် ထိုညက စိတ်အေးလက်အေးနှစ်ခြိုက်စွာအိပ်ပျော်သွားလေသည်။

သို့ရာတွင် နောက်တနေ့ နံနက် စောစောတွင်တော့ စိတ်အနှောက်အယှက်ဖြစ်စရာတမျိုးကြုံရပြန်လေသည်။

သူအိပ်ရာမှနိုး၍ ကော်ဖီသောက်ရန် အိမ်အောက်ထပ်ဆင်းလာသောအခါ အိမ်ရှေ့ဧည့်ခန်းထဲတွင် ထိုင်စောင့်နေသူ ဇော်ဟိန်းကိုတွေ့ရလေသည်။

ဇော်ဟိန်းမှာအဝတ်အစားများလဲထားရုံမက အနီးတွင်လည်း ခရီးသွားမည့်လူတယောက်ကဲ့သို့ အဝတ်အစား ပစ္စည်းဝန်စည်စလည်တွေထုပ်ပိုးကာစုပုံထားလေသည်။

မျိုးဇင်မှာ ဇော်ဟိန်းကိုကြည့်ပြီး နားမလည်နိုင်သဖြင့် ဖွင့်မေးကြည့်လေသည်။

"ဘယ်လိုလဲကိုဇော်ဟိန်းကြီး၊ စောစောစီးစီးဘယ်များ ခရီးထွက်မလို့လဲ၊ အထုပ်အပိုးတွေလဲပြင်ဆင်လို့ပါလား...."

"ဟုတ်တယ်....ငါအခုဘဲ သွားတော့မလို့၊ မင်းအိပ်ရာကမနိုးသေးလို့ နှုတ်ဆက်ရအောင် ထိုင်စောင့်နေတာ။ ခရီးသွားမယ်ဆိုတာက ငါလဲမင်းနဲ့ ဒီနေ့ကစပြီး လမ်းခွဲသွားတော့မလို့ဘဲ။ မင့်ဖေဖေရှိတုန်းက သူ့တသက်-ငါ့တသက် ခွဲမထွက်ပါဘူးလို့ ဆုံးဖြတ်ထားခဲ့တယ်။ အခုသူမရှိတော့တဲ့အခါ ငါလဲ ဒီမှာဆက်နေချင်တဲ့စိတ်မရှိတော့ဘူး၊ ငါ့ဘဝ ခရီးလမ်းကြောင်းကို တမျိုးပြောင်းပြီး ကြိုးစားကြည့်ချင်သေးတာလဲတကြောင်းဘဲ။

www.burmeseclassic.com

မင်းကတော့ ပညာလဲပြည့်စုံပြီ၊ အလုပ်နဲ့ပတ်သက်လို့လဲ ဦးစီးကွပ်ကဲနိုင်တဲ့ အခြေအနေမျိုးလဲရှိနေပြီမဟုတ်လား။ ရှေ့ရှောက်ကြိုးစားလုပ်ကိုင်သွားရင် ပိုပြီး တိုးတက်ကြီးပွားဘို့ရှိပါတယ်ကွာ။ ငါ့ကိုတော့ သွားဘို့ခွင့်ပြုစေချင်တယ်....”

ယုံကြည်နိုင်စရာမရှိလင့်ကစား ဇော်ဟိန်းက ရယ်စရာမောစရာနောက်ပြောင်နေပုံမျိုးမဟုတ်ဘဲ တကဲ့အတည်ပြောနေသဖြင့် မျိုးဇင်မှာ စဉ်းစားရခက်နေပါတော့သည်။

“ဖေဖေမရှိတော့တဲ့နောက်ပိုင်း ခင်ဗျားကို အဖေါ်လိုလဲဖြစ်၊ အားကိုးရမဲ့လူလဲဖြစ်မယ်လို့ မြှော်လင့်ထားတယ်ဆိုတာကိုဇော်ဟိန်းကိုယ်တိုင် အသိဆုံးဘဲ။ အခုတော့ခင်ဗျားက ကျုပ်တယောက်ထဲပစ်ထားခဲ့တော့မယ်ပေါ့....”

“ဒီလိုလဲဘယ်ဟုတ်မလဲကွာ၊ မင်းမှာ စက်ရုံကြီးတခုလုံးရဲ့ယန္တရားအရှိန်မပျက်လည်နေတဲ့ အခြေအနေရှိသားဘဲ။ မင်းရဲ့စိတ်ဓာတ်နဲ့ထိထွင်ဉာဏ်စွမ်းကြောင့် တိုးတက်ကြီးပွားလာမှာသေချာပါတယ်။ ငါကတော့ ကိုယ့်ဘဝကိုယ် ဖန်တီးကြည့်ချင်သေးလို့ပါငါ့ညီရာ....ငါ့ကိုတကယ်ခင်ရင် မတားပါနဲ့....”

ဟုပြောပြီးနောက် ဇော်ဟိန်းသည်ဇွတ်အတင်းပင်ထွက်သွားလေတော့သည်။

သွားခါနီးချိပ်ပိတ်ထားသော စာအိတ်ကြီးတခုကိုပေးထားခဲ့သဖြင့် မျိုးဇင်လည်း အံ့အားသင့်လွန်းသဖြင့်ငိုင်နေမိရာ အတန်ကြာမှစာအိတ်ကိုဖွင့်ကြည့်မိလေသည်။

စာအိတ်ကြီးအတွင်း၌ ဦးဘဇင်က ဇော်ဟိန်းအားတရားဝင်အစုရှယ်ယာလွှဲပေးသည့်စာချုပ်စာတမ်းများ၊ရှယ်ယာလက်မှတ်ကပ်ပြားများနှင့်တကွ စာတစောင်ပါရှိလေသည်။

စာကတော့ အောက်ပါအတိုင်းဖြစ်လေသည်။

ညီမောင်မျိုးဇင်....

မင်းအဖေလွှဲပေးခဲ့တဲ့ အစုရှယ်ယာတွေအားလုံး ငါပြန်အပ်ခဲ့ပါတယ်။ အခုပွဲယ်ကတော့ ဒီစက်ရုံလုပ်ငန်းကြီးတခုလုံးမင်းတဦးတည်းပိုင်ဖြစ်ပြီး လွတ်လွတ်လပ်လပ်စိတ်တိုင်းကျဆက်လုပ်သွားစေချင်လို့ပါဘဲ။ ငါ့အတွက်တော့ ဘာမှမပူနဲ့။ အဖိုးကြီးရှိတုန်းက လစဉ်ငါရခဲ့တဲ့လစာငွေထဲက စုဆောင်းထားတာ အတော်များများရှိပါတယ်။ အဲဒီငွေနဲ့အရင်းပြုပြီး ငါ့ဘဝကိုဖန်တီးပါမယ်။ လောလောဆယ်တော့ ငါ့ကိုလိုက်မရှာပါနဲ့၊ ပြန်လဲမခေါ်ပါနဲ့။ဒါပေမဲ့နောက်ပိုင်းဒို့အချင်းချင်းပြန်တွေ့ရအုံးမှာသေချာပါတယ်။ ငါ့စေတနာကိုတော့ မင်းဒါလောက်ဆိုရင်သိလောက်ပြီလို့ထင်ပါတယ်။

တိုးတက်ပါစေ

ဇော်ဟိန်း

× × ×

စကားအလွန်နည်းသလောက် သဘောထားကြီးမားပြီး မိမိအပေါ်စေတနာကောင်းလှသူဇော်ဟိန်း၏ စိတ်ဓာတ်ကို မျိုးဇင်မှာမချီးကျူးမိဘဲမနေနိုင်ချေ။

www.burmeseclassic.com

အခြားလူတယောက်သာဆိုလျှင် ဦးဘဇင် သေဆုံးပြီးသည့်နောက်ပိုင်း လောဘကြီးစွာနှင့်အခွင့်အရေးတွေ့မတရားတောင်းမည်မှာသေချာလှသည်။ ယခုမူ ဇော်ဟိန်းက သူတရားဝင်ပိုင်ဆိုင်ပြီးသား ကုမ္ပဏီ အစုရှယ်ယာများကိုပင် ပြန်ပေးပစ်ခဲ့ပေသည်။

အဖိုးတန်သောလူတယောက်မှန်းတွေးမိလေ ဇော်ဟိန်းထွက်သွားခြင်းကိုနှမြောမိလေဖြစ်မိပေသည်။

ထိုနေ့တနေ့လုံး မျိုးဇင်သည် လောကကြီးအလယ် သူ့တယောက်တည်းကျန်ရစ်သလိုစိတ်အားငယ်မိကာ သူ၏ဘဝကြမ္မာဖန်တီးလာပုံအကြောင်းတွေးနေမိပါသတည်း။

*　　　*　　　*



(၆)

စိတ်အားငယ်ခြင်းကိုထိုင်ငိုင်ပြီး တွေးနေခြင်းဖြင့် မည်သို့မျှပျောက်စေနိုင်မည်မဟုတ်ကြောင်းသဘောပေါက်မိသူ မျိုးဇင်သည် နောက် ၂လ လုံးလုံး ဘာကိုမှ မတွေးဘဲ အလုပ်ကိုသာ အာရုံစူးစိုက်လုပ်ကိုင်ခြင်းဖြင့် ကုစားနေလေသည်။

ပင်ကိုယ်ဉာဏ်ထက်မြက်ခြင်း၊ တီထွင်မှုစိတ်ကူးကောင်းခြင်း၊ ဇွဲလုံ့လ ဝီရိယရှိခြင်း စသော အရည်အချင်းများနှင့် ပြည့်စုံသူဖြစ်ခြင်းကြောင့်လည်း အချိန်ကာလ ၂-လ အတွင်းမျိုးဇင်သည် အထူးတိုးတက်အောင်မြင်ခဲ့လေသည်။

ယခင်ကမြန်မာနိုင်ငံ၌ မထုတ်လုပ်နိုင်သော စက်များ၊ အပိုပစ္စည်းများကိုပါ အဆင့်အတန်းမြင့်စွာ တီထွင်ထုတ်လုပ်လာနိုင်သဖြင့် 'ဇင်စက်မှုလက်မှုလုပ်ငန်း' ဟူသော အမည်သည် အရှေ့တောင်အာရှ စီးပွားကုန်သွယ်ရေး နယ်ပယ်သို့ပင် ပျံ့နှံ့ထင်ရှားလာလေသည်။

ကုမ္ပဏီ၏စီးပွားရေးအခြေအနေမှာလည်း ဆထက်ထမ်းပိုးတိုးတက်ကောင်းမွန်လာပြီး ဘဏ်တိုက်များရှိစာရင်းရှင် ငွေသားနှင့်

www.burmeseclassic.com

www.burmeseclassic.com

စက်ရုံ-အလုပ်ရုံ ပစ္စည်းများပိုင်ဆိုင်ခွင့်အရပ်ရပ်တို့၏တန်ဘိုးမှာ ဦးဘဇင်ရှိစဉ်ကအခြေအနေထက်ပင်တိုးတက် များပြားလာသေသည်။

မြန်မာတိုင်းရင်းသားထဲမှာ အကြွယ်ဝဆုံးကတော့ သူဌေးဦးမျိုးဇင်ပါဘဲဟုပင် ပြောစမှတ်ပြုလာကြလေသည်။

မျိုးဇင်အနေနှင့်ကား ထိုမျှ တိုးတက်အောင်မြင်မှု ရရှိရုံနှင့် ကျေနပ်တင်းတိမ်ခြင်းမရှိသေးဘဲ နောက်ထပ် တီထွင်ဆန်းသစ်မှု လုပ်နိုင်ရန်ကြံစည်စိတ်ကူးကြိုးစားဆဲဖြစ်လေသည်။

အလုပ်ကိုလည်း နောက်ထပ်ချဲ့ထွင်လိုသဖြင့် နိုင်လွန်စက်တခုနှင့် "အီနာမယ်လ်" ခေါ် ကြွေရည်သုတ် စက်ကြီးတခုကိုပါ တည်ဆောက်လိုက်ပြန်လေသည်။

ယင်းသို့ စီးပွားရေးလုပ်ငန်းတွေကိုသာ အာရုံစိုက်လုပ်ကိုင်နေရင်းက မျိုးဇင်သည် ရုံဖန်ရံခါ ကိုဇော်ဟိန်းတို့ သက်သက်တို့ကို သတိရမိလေသည်။

"ကိုဇော်ဟိန်းကြီးတယောက် ဘာလုပ်နေပါလိမ့်။ သက်သက်ကော ဘယ်ကိုများ ရောက်နေမလဲ" စသဖြင့် တွေးမိလေသည်။

အထူးသဖြင့် မျိုးဇင်သည် သက်သက်ကို သတိရနေမိသည်။ ဖခင် ဦးဘဇင်ဆုံးသည့်နေ့က သက်သက်၏ခန္ဓာကိုယ်ကို မိမိက အမွေပြုကျင့်သလိုအပိုင်စီးခဲ့ပုံ၊ သက်သက်က ပထမတွင်ငြင်းဆန် ရုန်းကန်သော်လည်း နောက်ပိုင်း ငြိမ်ကျသွားကာ သူမ၏ကိုယ်တိုင် အလိုရမက်ကြီးစွာဖြင့် မိမိအား တင်းကျပ်စွာဖက်ထားခဲ့ပုံ၊ "ကိုယ်ဝန်ရှိသွားအောင်လုပ်စမ်းပါ ကိုမျိုးဇင်ရယ်" ဟု ရဲတင်းစွာပြောခဲ့ပုံများကို ပြန်လည်တွေးမိတိုင်း မျိုးဇင်အဖို့သွေးဆူကာ စိတ်တွေလှုပ်ရှားလာတတ်လေသည်။

လူချင်းမခွဲမီနေ့က သက်သက်က မိတ်ဆွေလို ရင်းရင်းနှီးနှီး ဆက်ဆံသွားမည်ဟု ဂတိတော့ပေးခဲ့ပါ၏။ သို့ရာတွင် ယနေ့အထိ မိမိထံသို့ လူလည်းမလာ၊ တယ်လီဖုံးပင်မဆက်ဘဲ အဆက်အသွယ် ပြတ်နေပေသည်။

မျိုးဇင်၏ဘဝမှာ နေ့စဉ်နှင့်အမျှ အလုပ်ကိစ္စ၊ ငွေရေး ကြေးရေး-စီးပွားရေး ကိစ္စများ၌သာ အချိန်ကုန် နေရသော်လည်း သူနှင့်လမ်းခွဲထွက်သွားကြသူ ဇော်ဟိန်းနှင့် သက်သက်တို့၏အဖြစ်ကမူ တမျိုးတဘာသာဖြစ်နေခဲ့ပေသည်။

× + ×

သက်သက်သည် မျိုးဇင်ထံမှရရှိသောငွေ ၂-သိန်းကို ဘဏ်တိုက်တတိုက်တွင် စာရင်းဖွင့်ကာ သွင်းထားလိုက်ပြီး နောက် ကမ္ဘာအေးလမ်းမှ တိုက်မှာပင် ခေတ္တဆက်နေဆိုင်ပြီး အပေါ်အဖြစ် ယခင်ဆံပင်ကောက်ဆိုင်တွင် အလုပ်လုပ်စဉ်က အတူနေထိုင်ခဲ့ဘူးသူ ရင်ရင်အမည်ရှိ ကျောင်းဆရာမတဦးကိုအိမ်သို့ခေါ်ထားလိုက်လေသည်။ ရင်ရင်ကတော့ ခန္ဓာကိုယ်က မိန်းမဖြစ်ပြီး စိတ်ကတော့ ယောကျာ်းစိတ်ပေါက်နေသူ ယောကျာ်းရှာတဦးဖြစ်လေသည်။

ငယ်ငယ်ရွယ်ရွယ်နှင့် မဆိုးမဖြစ်ခဲ့သည်ဟု ပြောစရာရှိသည်မှလွဲ၍ သက်သက်အဖို့ တိုက်ပိုင်၊ မော်တော်ကားပိုင်နှင့်တကွ ဘဏ်



www.burmeseclassic.com

www.burmeseclassic.com

တွင် အသားတင်ငွေသား ၂-သိန်းရှိနေခြင်းကြောင့် မိမိဘဝကို ကျေနပ်အားရဘွယ်ရှိလှသည်ဟု ဆိုနိုင်ပေ၏။

သို့သော် စိတ်ကျေနပ်ရောင့်ရဲမှု ရှိပါ၏လောဟု သူ့ကိုယ်သူ ပြန်မေးကြည့်သောအခါ ကျေနပ်ပျော်ရွှင်ခြင်း၊ စိတ်ချမ်းသာခြင်းမရှိသေးဟူသော အဖြေကိုသာရရှိခဲ့လေသည်။

အရေးထဲ သက်သက်၏ ပစ္စည်းဥစ္စာငွေကြေးများကို တဖက်က မျက်စောင်းထိုးရင်း သူမ၏တပ်မက်ချင့်စဖွယ်ခန္ဓာကိုယ်ကိုပါ အပိုင်စီးလိုသူ ဂေါင်နဲ ယောကျ်ားများကိုလည်း တွေ့ရပါသေးသည်။

အိမ်သို့ အလည်လာသည်ဆိုကာ ထိုင်စကား ပြောနေတတ်သော ယောကျ်ားသည့်သည့်တိုင်းလိုလို သက်သက်၏ ပြည့်ဖြိုးလှပသော ခန္ဓာကိုယ်ကိုသာ "စားချင်ဝါးချင်"ဟန်ဖြင့် ကြည့်နေတတ်ကြသည်မဟုတ်ပါလော။

သက်သက်အဖို့ ယောကျ်ားများအကြောင်း အတော်ကလေး "ကျမ်းကျေ" အောင် နားလည်သည့် ဗဟုသုတ အတွေ့အကြုံလည်းရှိခဲ့ဘူးပေသည်။

သူမ၏ခန္ဓာကိုယ်လို တပ်မက်သူများတွင် မျိုးဇင်လည်းအပါအဝင်ဖြစ်ကြောင်း ကောင်းစွာသိရှိနားလည်ထားသဖြင့် မျိုးဇင်နှင့်ပင်လက်ထပ်ပြီး အေးအေးဆေးဆေးနေလိုက်ရ ကောင်းမည်လောဟုတွေးမိပါသေးသည်။ "ဒီမိန်းမက ဖအေနဲ့ ယူလို့ သေတာမှမကြာသေးဘူး၊ အခုသားနဲ့ ညားနေပြန်ပြီ" စသဖြင့် သေးပတ်ဝန်းကျင်မှ ဝေဖန်ကဲ့ရဲ့ကြမည်ကိုကား သက်သက်ကလုံးဝမကြောက်၊ ဂရုစိုက်စရာလည်းမလိုဟု ယူဆထားပြီးဖြစ်ပေသည်။သို့သော် မျိုးဇင်နှင့်လက်ထပ်ပြီး အသက်ထက်ဆုံးပျော်ရွှင်စွာ ပေါင်းသင်း နေထိုင်သွားနိုင်ပါမည်လောဟူ၍ သူ့ကိုယ်သူ စိတ်မချပေ။

ထို့ကြောင့် ဘယ်ယောကျ်ားကိုမှမယူဘဲ အကောင်းဆုံးပါဘဲလေဟု စိတ်ကူးမိလေသည်။

သို့သော် ယောကျ်ားတွေက မိမိအားတပ်မက်သကဲ့သို့ ရံဖန်ရံခါ သူမ့ကိုယ်တိုင်က သွေးသားဆူကြွ ရာဂစိတ်များ ဖြစ်ပေါ်တာ အလိုရမက်ပြင်းထန်မှုခံစားရတတ်သည်ဟူသော အချက်ကိုလည်း သတိရမိလေသည်။ သက်သက်အနေနှင့် ရာဂစိတ်ပြေငြိမ်းမှုသည် ပုထုဇဥ်လူသားတို့အဖို့ အစာစားသလို၊ရေသောက်သလို၊ အိပ်သလို၊ ဇီဝဗေဒဆိုင်ရာ လိုအပ်ချက်တရပ်ဖြစ်သည်ဟု လက်ခံထားပြီးဖြစ်ပေသည်။

တခါတခါတော့လည်း သက်သက်သည် လောက၌ အချစ်ဆိုသည်မှာ တကယ်ရှိပါ၏လော၊ အချစ်သည် ယောကျ်ားနှင့်မိန်းမ ဒို-မ ဆက်ဆံရေး (လိင်) ကိစ္စနှင့် အတူတူပင် ဖြစ်သလော၊ ယောကျ်ားနှင့် မိန်းမအသဲစွဲအောင် ချစ်ကြပါသည်ဆိုရာဝယ် တဏှာရာဂ (လိင်)ကိစ္စမပါဘဲဖြစ်နိုင်ပါ၏လော စသဖြင့် စိတ်ထဲ ဝေဖန်ဆန်းစစ်ကြည့်နေမိလေသည်။

ယင်းသို့အချစ်နှင့် တဏှာရာဂ (လိင်) ပြဿနာအကြောင်း တွေးစားရင်း တနေ့ သက်သက်သည် ကွယ်လွန်သူ ဦးဘဇင်၏ သူယုံတပည့် ကိုဇော်ဟိန်းအား သတိရမိလေသည်။

ကိုဇော်ဟိန်းတယောက် ဘယ်မှာများရှိနေသေမည်နည်း။

ဇင်စက်မှုလက်မှုလုပ်ငန်းမှ အစုရှယ်ယာများ အားလုံးပြန်အပ်၍ မျိုးဇင်နှင့်ခွဲထွယ်သွားကြောင်းကိုကား သတင်းကြားခဲ့

www.burmeseclassic.com

ရဏ်။ နောက်ထပ်ဘယ်အရပ်မှာနေ၍ ဘာလုပ်နေသည်ကိုတော့ မသိရချေ။

ဇော်ဟိန်းသည် အလွန် စိတ်ဝင်စားဘွယ် ကောင်းသော ယောကျ်ားတယောက်ဖြစ်သည်မှာ အမှန်ပင်ဖြစ်၏။ ရှမ်းသွေး စပ်သဖြင့် အသားအရေ ဖြူဖွေးသည့်ပြင် ကိုယ်ကာယ အလွန် တောင့်တင်းသန်မာကာ ယောကျ်ားပီသသော အသွင်မျိုးရှိ၍ ဆန့်ကျင်ဘက် လိင် မိန်းမများအနေနှင့် နှစ်သက်တပ်မက်ချင် စဖွယ်ကောင်းလှပေသည်။

ရှင်းရှင်းဝန်ခံရလျှင် သက်သက်ကိုယ်တိုင် ရံဖန်ရံခါသာယာ တပ်မက်သော မျက်လုံးများဖြင့် ဇော်ဟိန်းအား ကြည့်ခဲ့ဘူးပါ သည်။ သို့သော် ဇော်ဟိန်းကမူ သက်သက်ကိုမျက်နှာချင်းမဆိုင် ဘဲ ရှောင်ထွက်သွားတတ်သည်။ စကားပြောနေရင်းတန်းလန်း သက်သက်က ညို့ခတ်ပါပါကြည့်နေသည်ကိုသိလျှင် ဇော်ဟိန်း သည် ချက်ချင်းစကားဖြတ်ကာ အကြောင်းတခုခုပြပြီး ထ ထွက်သွားတတ်သည်။

သည်လိုအခါမျိုးတွင် သက်သက်၏စိတ်ထဲ မခံချင်သလို မချင့်မရဲဖြစ်မိတတ်လေသည်။ ယောကျ်ားမှန်သမျှ တပ်မက်သော မိမိအား ဇော်ဟိန်းဆိုသူက လုံးလုံး သာယာတပ်မက်ခြင်းမရှိ၍ ပေလော၊ သို့တည်းမဟုတ် သူ၏ဆရာသခင်ကျေးဇူးရှင် ဦးဘဇင် ၏ဇနီး (ဝါ) ဆရာကတော်အနေဖြင့် စောင့်စည်း အပ်သော ကြောင့် စိတ်ကိုချိုးနှိမ်ပြီး ရှောင်ခြင်းပေလောဟူ၍ သက်သက် က သိချင်လှပေသည်။



ယခင်ကအခြေအနေအရ သိချင်တာကို လက်တွေ့အဖြေရှာ၍မရသော်လည်း ယခုတော့မူ မိမိအနေဖြင့် လွတ်လပ်စွာစုံစမ်း ဆေ့ညာနိုင်နေပြီဖြစ်ပေသည်။

ထို့ကြောင့် သက်သက်သည် မော်တော်ကားတစီးနှင့် ရန်ကုန် မြို့တမြို့လုံးလျှောက်ပတ်ရင်း ဇော်ဟိန်းအကြောင်း မေးမြန်း စုံ စမ်းကြည့်လေသည်။

"မေးပါများစကားရ"ဆိုသည့်အတိုင်း သက်သက်က နီးစပ် ရာလူများထံလည်း သွားရောက်စုံစမ်းရင်းက စက်ရုံမှ ဇော်ဟိန်း နှင့် အထူးခင်မင်ရင်းနှီးသူ ဖိုမင် ဦးမောင်မောင်ဆိုသူထံမှ သ တင်းအတိအကျ ရရှိလေသည်။

သိရသော သတင်းကတော့ ဇော်ဟိန်းသည် ငါးထပ်ကြီး ဘုရားလမ်းခြံတခြံအတွင်း၌ သီးသန့်အိမ်ကလေးတလုံးတွင် ခေတ္တ ငှားနေပြီး အလုပ်အကိုင်အနေနှင့် ဘာမှမလုပ်သေးဘဲ အနား ယူလျက်ပင် ရှိသေးသည် ဟူ၍ပင် ဖြစ်ပါသတည်း။

ထိုသတင်းရပြီးနောက် တနေ့တွင်ပင် သက်သက်သည် ဇော် ဟိန်းရှိရာသို့ လိုက်သွားလေသည်။

"ဟာ....မသက်ပါလား....၊ ဘယ်က ဘယ်လိုရောက်လာတာ လဲ...."

ဇော်ဟိန်းမှာ သက်သက်ကိုမြင်လျှင် အတော်အံ့အားသင့်နေ ရှာလေသည်။

"ဒီခြံထဲရှောင်ပုန်းနေတဲ့ လူကြီးကိုတွေ့ချင်လွန်းလို့ တမင် သက်သက်လာလည်တာပေါ့ ကိုဇော်ဟိန်းရယ်.... မလာရဘူး လား...."

www.burmeseclassic.com

www.burmeseclassic.com

"လာရပါတယ်ဗျာ၊ သာရပါတယ်.... ကျုပ်က အခုဘာမှ မလုပ်ချင်သေးတာနဲ့ ဒီမှာ ခဏအနားယူနေတာပါ။ မသက်ကော အခု ဘယ်မှာလဲ ကမ္ဘာအေးလမ်းအိမ်မှာဘဲလား...."

"ဟုတ်ပါတယ်....သက်က နောက်တော့ တခြားအိမ်တလုံး ရှာပြီး ပြောင်းမှာပါ။ အခုတော့ ခဏနေပါတယ်။ ဒီအိမ်ကြီး မှာလဲ ကြာကြာမနေချင်ပါဘူး...."

"ဒါထက် နောင်ရေးအတွက် မသက် ဘယ်လိုစိတ်ကူးသလဲ၊ ဘာမှမလုပ်ဘဲ ဒီလိုချည့်ဘဲနေသွားတော့မှာလား။ ကျုပ်သဘော တော့ မသက်တို့ အသက်အရွယ်နဲ့ဆိုရင် နောက် အိမ်ထောင်ပြု ပြီးတော့ အေးအေးဆေးဆေး အခြေစိုက်နေရင် ကောင်းမယ် ထင်တယ်...."

"အိမ်ထောင်ပြုဘို့ စိတ်မကူးပါဘူးရှင်၊ သက်တော့ယောကျ်ား တွေကို စိတ်ပျက်လွန်းလို့...."

သက်သက်၏စကားက ဆန်းသလိုရှိသဖြင့် ဇော်ဟိန်းသည် စိတ်ဝင်စားလာမိလေသည်။

"ဘာဖြစ်လို့ ယောကျ်ားတွေကိုစိတ်ပျက်ရတာလဲ! ဆိုစမ်း ပါအုံး...."

"ဟာ မပြောချင်ပါဘူး ကိုဇော်ဟိန်းရယ်....ယောကျ်ားတွေ ကိုကြည့်ရတာ မိန်းမတယောက်ကို တကဲ့အချစ်နဲ့ မေတ္တာစစ်နဲ့ ပေါင်းသင်းဘို့ထက် သူတို့အာသာပြေဘို့ ရာဂစိတ်ပြေရုံ ပျော် ပါးဘို့လောက်ဘဲ ဆန္ဒရှိကြတယ်...."

ဇော်ဟိန်းက အိမ်ရှေ့ခန်းရှိ ကုပ်ပျစ်တခုပေါ်ထိုင်လျက်ရှိရာ သက်သက်သည် အနီးရှိ ကုလားထိုင်တွင် မထိုင်ဘဲ ကွပ်ပျစ်ပေါ် ရဲတင်းစွာပင် ထိုင်ချလိုက်လေသည်။ ထိုင်ပုံကလည်း ဇော်ဟိန်း

ဒွင်းကပဲစွာ ထိုင်လိုက်ခြင်းဖြစ်ရာ ဘယ်လိုသဘောရှိသည်ကို ခွဲခြားခွက်စရာဖြစ်နေပါတော့သည်။

ဇော်ဟိန်းက ဘာမှမပြောဘဲ အကဲခတ်နေသလိုရှိစဉ် သက် သက်က သူ၏စကားကို ဆက်ပြန်သည်။

"ဟုတ်တယ်ကိုဇော်ဟိန်းရဲ့၊ သက်နဲ့တွေ့ရတဲ့ ယောကျ်ား တွေကတော့ အားသုံးလိုလို သူတို့ရဲ့ မျက်လုံးတွေက ယောဒီ သက်ရဲ့ကိုယ်လုံးနဲ့ ရင်သား,တင်သား, ပေါင်တံသွေကိုချည့် ငမ်းပြီးကြည့်နေကြတာဘဲ။ သက်ကလဲ သူတို့စိတ်ထဲ သက်ရဲ့ ခန္ဓာကိုယ်ကို သိမ်းကျုံးအပိုင်စီးချင်နေတာဘဲဆိုတာ ဖွင့်မပြော ဘဲပေမဲ့ သိတာပေါ့။ ခပ်ရိုင်းရိုင်းပြောရရင် ယောကျ်ားတွေက သက်ကိုမြင်ရင် ကိုယ်တုံးလုံးချွတ်ပြီး အတူအိပ်ဖို့လောက်ဘဲ ကြံ ချင်ကြတယ်...."

သက်သက်၏စကားများက ပွင့်လင်းရဲတင်းလှသဖြင့် ဇော် ဟိန်းပင်လျှင် နားရှက်သလိုဖြစ်မိလေသည်။ ပင်ကိုယ်သဘာဝ အားဖြင့် ပွင့်လင်းသော သဘောရှိ၍ ပြောခြင်းဖြစ်သည်ဟုသာ ယူဆရပေတော့သည်။

"ကဲပါလေ....ဒီနေ့တော့ ကိုဇော်ဟိန်း နေတဲ့နေရာသိရရုံ သာတာဘဲ၊ နက်ဖြန်ညနေကျတော့ သက်နဲ့အတူ ညစာ ထ မင်းလိုက်စားစေချင်တယ်။ ဟော်တယ်တခုခုမှာ စာရင်း စကား စမြည်ပြောရတာပေါ့၊ သက်ကိုခင်ရင် မငြင်းပါနဲ့ ကိုဇော်ဟိန်း ရယ် သက်သွားမယ်...."

ဟု နှုတ်ဆက်ပြီး သက်သက်သည် ပြန်သွားလေသည်။

နောက်တနေ့ညနေကျတော့ သက်သက်သည် မော်တော် ကားကို ကိုယ်တိုင်မောင်း၍ ဇော်ဟိန်းအား လာခေါ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

ကမ်းနား စထရင်းဟိုဘယ် ထမင်းစားခန်း၏ ချောင်ကျကျ ဒေါင့်တနေရာတွင် နှစ်ယောက်သား ညစာစားကြရင်း သက်သက်သည် 'ဂျင်'အရက်နှစ်ခွက်မှာပြီး သူလည်းသောက်၍ ဇော်ဟိန်းကိုပါ အတင်းတိုက်လေသည်။

ဇော်ဟိန်းမှာ နဂိုက အရက်သောက်တတ်သူ မဟုတ်ပါသော်လည်း သက်သက်က အတင်းတိုက်သည်ကို အားနာသဖြင့် တခွက်သောက်လေသည်။ တခွက်မှ နှစ်ခွက်၊ သုံးခွက်အထိ 'ဂျင်' အရက်ကိုဆက်တိုက်သောက်မိသောအခါ ဇော်ဟိန်းမှာ အတော်ကလေး မူးလာလေသည်။

စထရင်းဟိုတယ်မှအပြန် မော်တော်ကားပေါ်တွင် ထိုင်လာရင်း လေတိုက်သဖြင့် ပို၍မူးလာလေသည်။ 'ဂျင်'တရက်၏ သတ္တိကား သောက်လိုက်ချိန်တွင် ချိုချိုမွှေးမွှေးရှိသော်လည်း နောက်ပိုင်း လေတိုက်လေ မူးလေ ဖြစ်လာတတ်ရာ ငါးထပ်ကြီးဘုရားအိမ်သို့ ပြန်ရောက်သောအခါ၌ ဇော်ဟိန်းမှာ အတော်ပင်မူးနေပြီ ဖြစ်လေသည်။

အိမ်တွင်မည်သူမျှမရှိဘဲ ဇော်ဟိန်းတယောက်တည်းနေသဖြင့် ပိတ်ထားသော အိမ်တံခါးသော့ကို သက်သက်ကပင် ယူ၍ဖွင့်ပေးရလေသည်။

အိမ်ထဲရောက်ရောက်ချင်း ဇော်ဟိန်းသည် ကွပ်ပျစ်ပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်လေသည်။

သူ၏ရင်ထဲတွင်ကား ပူလောင်သလိုလို၊ ထပြီးငြေးချင်သလိုလိုနှင့် တမျိုးကြီးဖြစ်နေလေသည်။

မရှင်းမလင်းဖြစ်နေသော ဦးနှောက်ထဲတွင်လည်း သက်သက်၏အပြုအမူ၊ အမူအရာတို့က ဘယ်လိုရည်ရွယ်ချက် ဘာသဘောထားရှိနေကြောင်း တွေးတော ဝေဖန် ကြည့်နေမိလေသည်။

"ကိုဇော်ဟိန်း.... တော်တော်မူးနေပြီလားဟင်.... ဒီမှာဘဲ ခဏနားနေအုံးနော်....သက်လဲ မပြန်သေးပါဘူး...."

ပြောပြောဆိုဆို သက်သက်သည် ဇော်ဟိန်းအနီး၌ထိုင်ချလိုက်ပြီး သတင်းစာတစောင်နှင့်အသာ ယပ်ခပ်ပေးနေလေသည်။

ဇော်ဟိန်းမှာ မူးနေသော်လည်း သက်သက်၏မျက်လုံး အမူအရာကိုရင်း၊ သူမဝတ်ထားသော အတွင်းခံ ဇာဘော်လီက 'ဇစ်'ကြိုးဖြင့် ရှေ့တည့်တည့်မှ တပ်ထားရာ၌ ဇစ်ကြိုးအနည်းငယ် လျှော့ကျပြီး ဟနေသည်ကိုရင်း၊ သတိပြုမိလေသည်။

တစိတ်တဒေသ မြင်နေရသော သက်သက်၏ လုံးပြည့်ဖြိုးသော ရင်သားများကလည်း သူ၏နဂို ယောကျ်ားစိတ်ကို နှိုးဆွပေးသလို ဖြစ်နေလေသည်။

ပူအိုက်လာသဖြင့် ဟာဝေယံ ရှပ်အင်္ကျီကိုချွတ်ရာတွင် သက်သက်ကပါ ဝင်ကူချွတ်ပေးလေရာ သက်သက်၏ရင်သားများက ဇော်ဟိန်း၏ပခုံးတဖက်ကိုထိသွားသည်တွင် စိတ်တွေ ပို၍ဖေါက်ပြန် ထကြွအောင် လှုံ့ဆော်ပေးသလို ဖြစ်သွားလေသည်။

အမှန်မှာ ဇော်ဟိန်းသည် ပင်ကိုယ်အားဖြင့် စိတ်ကို ချုပ်ထိန်းထားသူဖြစ်ပြီး ယခုတော့ 'ဂျင်'အရက်တန်ခိုးကြောင့် ချွန်းဖွင့်လွှတ်လိုက်သော ဆင်ကဲ့သို့ စိတ်ရိုင်းများ ပွင့်ထွက် ထကြွလာလေသည်။

နဂိုက စိတ်ဖြန့်လက်ဖြန့် လူတယောက်ဖြစ်သူ ဇော်ဟိန်းသည် သက်သက်၏ ဇာအင်္ကျီအတွင်းသို့ လက်လျှိုပြီး ဇာဘော်



www.burmeseclassic.com

www.burmeseclassic.com

လိမ့် 'ဇစ်'ကြိုးကို ရုတ်တရက် ဆွဲချလိုက်ရာ ခန္ဓာကိုယ် အပေါ်ပိုင်းမှ အသားဆိုင် အဖုအထစ်များ ဟာလာဟင်းလင်း ဖြစ်သွားပါတော့သည်။

"အို...ကိုဇော်ဟိန်း ဘယ်လိုဖြစ်သွားတာလဲဟင်....ကြမ်းလှချည်လား...."

ဤသို့ ပါးစပ်ကပြောသော်လည်း သက်သက်သည် ပွင့်ထွက်နေသော ဘော်လီအင်္ကျီကို ပြန်ပိတ်ရန် အလျှင်းမကြိုးစားချေ။ သူမ၏ မျက်လုံးများကလည်း သဘောကျ ပီတိဖြစ်ဟန်ဖြင့် ပြုံးယောင်ယောင်ပင် ရှိနေလေသည်။

"ဘာဖြစ်ရမှာလဲဗျ၊ မသက်ပြောတဲ့ ယောကျ်ားတွေလိုပေါ့၊ ကျုပ်လဲ မသက်ရဲ့ ခန္ဓာကိုယ်ကို အပိုင်စီးပြီး အတူအိပ်ချင်လို့ ဘဲ...."

ပြောပြောဆိုဆို ဇော်ဟိန်းသည် သူ၏ သန်မာသော လက်ချောင်းကြီးဖြင့် သက်သက်၏ခါးကို တအားလှမ်းဖက်ဆွဲယူလိုက်လေသည်။

သက်သက်က ငြင်းဆန် ရုန်းကန်ခြင်းမပြုရုံမက သူမ၏ ခန္ဓာကိုယ်သည် ကုပ်ပျစ်ပေါ်တွင် ပက်လက်ဖြစ်နေသော ဇော်ဟိန်း၏ကိုယ်ပေါ်သို့ အလိုက်သင့် မှောက်ရက်ကျသွားကာ သူမ့ကပင် စတင်ပွေ့ဖက်ရင်း နှုတ်ခမ်းချင်းတေ့၍ နမ်းရှုပ်လိုက်လေသည်။

* * *



# (၇)

လူတို့၏ကံကြမ္မာ ဖြစ်ပေါ်ဖန်တီးလာပုံကား ကြိုတင်ခန့်မှန်းသိရှိနိုင်ရန် အလွန်ခဲယဉ်းလှသည့်ပြင် မမြှော်လင့်ဘဲ အဆန်းတကြယ် ဖြစ်ရပ်များလည်း ကြုံတတ်ကြောင်း ကိုယ်တွေ့ကြုံဘူးသူများ အသိဆုံးဖြစ်ပေသည်။

လူတယောက်၏အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်နှင့် ပတ်သက်၍လည်း ရံဖန်ရံခါ မိမိလုံးဝမမြှော်လင့်သော အလုပ်အကိုင်မျိုးမလုပ်ဘဲ မနေနိုင်အောင် အခြေအနေက ဖန်တီးလာတတ်ပေသည်။

ဥပမာ-ကျောင်းနေစဉ်က စိုက်ပျိုးရေးပညာ ဝါသနာပါ၍ ဘီ-အက်စ်-စီ (စိုက်ပျိုးရေး) ဘွဲ့ဒီဂရီရသည်အထိ ပညာသင်ကြားပြီးမှ နောက်ပိုင်း စစ်ဖြစ်လာ၍ စစ်တပ်ထဲဝင်ခဲ့ရာမှ နောက်ဆုံးတပ်မတော်အရာရှိဖြစ်ကာ အင်ဂျင်နီယာတပ်၌ ဗိုလ်မှူးရာထူးအဆင့်အထိ တိုးတက်လျက် နောက်ဆုံး ပင်စင်အငြိမ်းစားယူရသူမျိုးလည်း ရှိပေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဤအဖြစ်နှင့် ခပ်ဆင်ဆင်အလားတူ အဖြစ်မျိုးကြုံရသူတဦးကတော့ ကိုဇော်ဟိန်းပင် ဖြစ်လေသည်။

ကင်းဘဲလမ်းခေါ် ငါးသပ်ကြီးဘုရားလမ်းခြံထဲ၌ သက်သက်နှင့် "ချစ်ဖြူဟာ" ခင်းခဲ့ပြီးနောက် တလမျှကြာသောအခါ ဇော်ဟိန်းသည် ရုပ်ရှင်မင်းသားအဖြစ်သို့ မမြှော်လင့်ဘဲ ရောက်ရှိသွားလေသည်။

ဇော်ဟိန်း ရုပ်ရှင်လောကသို့ရောက်လာရပုံကား ဤသို့တည်း။

သူနေသောခြံနှင့်ကပ်လျက်ခြံတွင် ရုပ်ရှင်စတူဒီယိုတခုရှိရာ ရန်ကုန်မြို့ထဲမှ ကုမ္ပဏီတခု၏ ဇာတ်ကားတကား ရိုက်ကူးရင်းလာရောက်လေ့ရှိသူ "ရွှေတင်" မန်နေဂျာခေါ် ကားရိုက် မန်နေဂျာကိုအောင်သိန်းဆိုသူက ဇော်ဟိန်းနှင့် ယခင်က သိကျွမ်းဘူးသော မိတ်ဆွေဖြစ်နေလေသည်။

ကိုအောင်သိန်းတို့ ရိုက်ကူးခနသော ဇာတ်ကားက "ဗိုလ်သောင်းထိုက်" အမည်ရှိ စွန့်စားလှုပ်ရှားခန်း အသားပေး 'စတန့်' ကားတကားပင် ဖြစ်လေသည်။

တနေ့လျှော်ကားကန်ဘက်သို့ "အောက်ဒိုး" အပြင်ခန်း ရိုက်ရန်ရှိ၍ ကိုအောင်သိန်းက ဇော်ဟိန်းအား အပျင်းပြေလိုက်ကြည့်ရန်ခေါ်ရာ ဇော်ဟိန်းသည် ခြားလုပ်စရာ အလုပ်လည်းမရှိသဖြင့် ရုပ်ရှင်ရိုက်အဖွဲ့နှင့် လိုက်ပါသွားခဲ့လေသည်။

ဒါရိုက်တာလုပ်သူ ဦးသာမြတ်မှာ စတန့်ကားများရိုက်ရာတွင် နာမည်ကြီးသလောက် ဇာတ်လိုက်မင်းသားနှင့် လူကြမ်းဇာတ်ကောင်များအား စွန့်စားခန်းများတွင် ရက်ရက်စက်စက်လုပ်ခိုင်းတတ်သူဖြစ်၏။ ထိုနေ့က လျှော်ကားကန်အနီး ရိုက်ကူးသော အခန်းကလည်း မင်းသားနှင့်လူဆိုးမှာ ထိုးကြိတ် သတ်

ပုတ်ပြီး လူအင်အားချင်းမမျှသဖြင့် မင်းသားက ရှောင်ထွက်ရာတွင် ၁၅-ပေခန့်မြင့်သည့် ကျောက်ကမ်းပါးတခုမှ စွန့်စွန့်စားစားခုန်ချပြီး အောက်မှာ အဆင်သင့်ရှိနေသော မြင်းပေါ်တက်စီးပြေးရမည့်အခန်း ဖြစ်လေသည်။

ဒါရိုက်တာ ဦးသာမြတ် ရွေးချယ်ထားသော နေရာကား ဓာတ်ပုံကင်မရာ ယူဆပုံ မြင်ကွင်းအရ အလွန်လှပကြည့်ကောင်းသော်လည်း ကျောက်ကမ်းပါးအမြင့်က ၁၅-ပေမကရှိသည့်ပြင် အောက်တွင်လည်း မြေကြီးအလွန်မာလျက် ကျောက်တုံးကြီးများလည်း ရှိနေလေသည်။

အပေါ်မှခုန်ချ၍ "အကျ"မမှန်လျှင် ဇာတ်လိုက်မင်းသား အဖို့မရှုမလှထိခိုက်ခံရမည့် အခြေအနေမျိုးရှိနေသဖြင့် မင်းသားလုပ်သူ ပေါ်သိန်းသည် ခုန်ချရမှာ မရဲသလို ဖြစ်နေလေသည်။

ဒါရိုက်တာ၏ ညွှန်ကြားချက်ဖြင့် ဓာတ်ပုံဆရာနှင့်အဖွဲ့က ကင်မရာချိန်ပြီး "ရီဖလက်တာ"ခေါ် မှန်ပြားကြီးများပါ အဆင်သင့် ထောင်ထားပြီး ဖြစ်နေလေပြီ။

"ဟေ့ ပေါ်သိန်း.... လုပ်လေကွာ။ နေရောင်ကောင်းနေတုန်း ရိုက်လိုက်ကြရအောင်...."

ဒါရိုက်တာ ဦးသာမြတ်က ကင်မရာဘေးမှ ရပ်နေရင်း လှမ်းပြောလိုက်သောအခါ မင်းသားပေါ်သိန်းသည် ကျောက်ကမ်းပါးအပေါ်မှ အောက်သို့ ငုံ့ကြည့်ပြီး မခုန်ရဲဟန်ဖြင့် မျက်စိမျက်နှာပျက်နေလေသည်။

"ကျောက်က သိပ်မြင့်နေတယ်ဆရာ....ကျွန်တော် တော့ မခုန်ရဲဘူး ဖြစ်နေတယ်။ ဇွတ်ခုန်လိုက်ရင်လဲ ကျိုးပဲ့သွားမှာပဲ ဆော်စတီကျွတ်နဲ့ရိုက်ချင် မကောင်းဘူးလား...."

www.burmeseclassic.com

ပေါ်သိန်းက အပေါ်မှ လှမ်းပြောလိုက်လေသည်။

"ဆပ်စတီကျွတ်" ဆိုသည်မှာ ရုပ်ရှင်ထဲတွင် စွန့်စားခန်းများကို မင်းသားအစစ်ကမလုပ်ဘဲ အခြားလူတယောက်က မင်းသားလိုဝတ်စားပြီး လူစားထိုး ထည့်ရိုက်ခြင်းပင်ဖြစ်၏။

"ဟာ....မင်းကလဲကွာ....ဒီနေရာမျိုးမှာ ဘယ်ကလာ လူစားရှာလို့ရပါ့မလဲကွ။ မင်းမလုပ်ရဲရင်လဲ ဗိုလ်ခြံကမထွက်ခင်ကပြောတာမဟုတ်ဘူး။ ငါက ဒီအခန်းကို အသားပေး ပြချင်တာကွ။ အခုတော့ ဝွကျနေပြီ...."

ဦးသာမြတ်က စိတ်ပျက်ပျက်နှင့် ညည်းညူနေစဉ် နောက်နားမှ မန်နေဂျာ ကိုအောင်သိန်းနှင့်အတူရပ်ကြည့်နေသူ ကိုဇော်ဟိန်းသည် မင်းသားခုန်မချဝံ့ဟု ဆိုသော ချောက်ကမ်းပါးအမြင့်ကို သေချာစွာချိန်ဆ,ကြည့်နေမိလေသည်။

ငယ်စဉ်ထဲက စွန့်စား လှုပ်ရှားမှု ဝါသနာပါခဲ့ရုံမက အမြဲတစေ ကာယဗလ လေ့ကျင့်ခဲ့သူဖြစ်၍ ဇော်ဟိန်းသည် မိတ်ဆွေ ကိုအောင်သိန်းနှင့် ဒါရိုက်တာ ဦးသာမြတ်တို့အား ကူညီသည့်အနေဖြင့် မင်းသားကိုယ်စား ဝင်ခုန်ပေးချင်စိတ် ဖြစ်ပေါ်မိလေသည်။

ထို့ကြောင့် ကိုအောင်သိန်းအား ဆရာဦးသာမြတ် သဘောတူပါက သူကိုယ်တိုင် လူစားဝင်ပြီး ခုန်ချပေးပါမည်ဟု ပြောလိုက်လေသည်။

ကိုအောင်သိန်းက တဆင့် ပြောပြသောအခါ ဒါရိုက်တာ ဦးသာမြတ်သည် ရုတ်တရက် မယုံကြည်နိုင်သလို ဇော်ဟိန်းအား ခြေဆုံး ခေါင်းဆုံးကြည့်ရင်း....

"ဖြစ်ပါ့မလား ကိုယ့်လူရဲ၊ ချောက်က အတော်မြင့်တယ်.... တော်တော်ကြာ ခြေချော်လက်ချော်ဖြစ်ပြီး မရှုမလှခံနေရပါအုံးမယ်...."

ဟုပြောလိုက်လေသည်။

ဤတွင် ဇော်ဟိန်းက မခံချင်ဖြစ်လာဟန်နှင့်....

"ဆရာကြည့်ပါအုံးလေ....ကျွန်တော် အစမ်းခုန်ပြပါမယ်...."

ဟုပြောပြောဆိုဆို ချောက်ကမ်းပါးအပေါ်သို့ တဖက်လမ်းမှ ပြေးတက်ပြီး စောစောကမင်းသားခုန်ချရန် ကင်မရာချိန်ပြီးသား မြင်ကွင်းထဲသို့ လွှားကနဲခုန်ချလိုက်လေသည်။

ဒါရိုက်တာက မည်သို့ခုန်ချစေချင်သည်ကိုတော့ ကောင်းစွာ မသိသေးသော်လည်း သဘောကျလို ကျငြားဟု ရည်ရွယ်လျက် ဇော်ဟိန်းသည် အောက်သို့ခုန်ချရင်း လေထဲတွင် တပတ်ကျွမ်းပစ်လိုက်ပြီးမှ မြေပြင်တွင် အသာကလေးကျအောင် ခုန်ပြလိုက်ပုံမှာ ဆပ်ကပ်ပွဲထဲမှ ကျွမ်းသမားတယောက်ကဲ့သို့ပင် လှပကြည့်ကောင်းလှပေသည်။ အောက်ရောက်ရောက်ချင်းပင် ဇော်ဟိန်းသည် အသင့်ရှိသော မြင်းပေါ်သို့ လွှားကနဲ ခုန်တက်ကာ ကျင်လည်စွာ စီးထွက်သွားလိုက်သေးသည်။ ခပ်လှမ်းလှမ်းရောက်မှ မြင်းကိုပြန်လှည့်ပြီး ဒါရိုက်တာ ဦးသာမြတ်ရှိရာသို့ စီးလာခဲ့လေသည်။

မင်းသားပေါ်သိန်းနှင့် မန်နေဂျာ ကိုအောင်သိန်းတို့ အပါအဝင် ကြည့်နေသူ ဓါတ်ပုံဆရာနှင့် စက်အဖွဲ့ အလုပ်သမားများအားလုံးမှာ ဇော်ဟိန်း အစမ်းပြသွားပုံကို အထူးပင်အံ့အားသင့်နေကြသည်နှင့်အမျှ ဒါရိုက်တာ ဦးသာမြတ်က အလွန်သဘောကျသွားပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

"တယ်စုံတဲ့ လူပါလားဟေ့....ဒီအတိုင်းဆိုရင် သိပ်ဖြစ်တာပေါ့၊ ပြောနေကြတယ်၊ ရိုက်လိုက်မယ်ကွာ။ ပေါ်သိန်းက မင်းအကျီနွမ်းဘောင်းဘီ ချွတ်ပေးလိုက်၊ မောင်ကွန်းမြင့်က မင့်ကင်မရာကို နောက်နဲ့နဲဆုတ်ပြီး မျက်နှာမပေါ်အောင် ပရိုဖိုင်းလ်ချိန်လိုက်စမ်း၊ ကဲ....လုပ်ကြဟေ့၊ ရိုက်လိုက်ကြရအောင်း...."

စိတ်မြန်သူတဦးဖြစ်သည့်အတိုင်း ဦးသာမြတ်သည် ဇော်ဟိန်းကို မင်းသားအဖြစ် လူစားထိုးကာ ချက်ချင်း ရိုက်ကူးလိုက်လေသည်။

ထိုရိုက်ကွက်ကို စိတ်တိုင်းကျ ရိုက်ယူပြီးနောက် ဒါရိုက်တာဦးသာမြတ်က ဇော်ဟိန်းအား လက်ဆွဲနှုတ်ဆက် ချီးကျူးရင်း၊ အချုပ်အခြာင်းနှင့် အင်္ဂါရုပ်ကိုပါ သေချာစွာ အကဲခတ်ကြည့်လေသည်။

ထိုနောက် ကိုအောင်သိန်းအားခေါ်၍....

"မောင်အောင်သိန်း....မင့်သူငယ်ချင်း ဇော်ဟိန်းကို နက်ဖြန်ငါ့ဆီကို ခဏခေါ်ခဲ့စမ်းပါကွာ။ ငါသူနဲ့ အေးအေး ဆေးဆေးစကားပြောချင်သေးတယ်...."

ဟုပြောပြီးမှ အခြားရိုက်စရာရှိသော အခန်းများ ဆက်လက်ရိုက်ကူးနေခဲ့လေသည်။

× × ×

နောက်ပိုင်းတွင်ကား အဖြစ်အပျက်တို့သည် လျင်မြန်စွာဆက်တိုက်ဖြစ်သွားခဲ့လေသည်။

ဇော်ဟိန်း၏ ဖျတ်လတ်မှုအစွမ်းနှင့် ကိုယ်လုံး ကိုယ်ပေါက်တောင့်တင်းသန်မာခြင်း၊ သွားလာလှုပ်ရှားမှုဟန် စသည်တို့ကို ကြည့်ပြီးသဘောကျမိသူ ဒါရိုက်တာ ဦးသာမြတ်သည် နောက်တနေ့တွင် ဇော်ဟိန်းအား ရုပ်ရှင်မင်းသားလုပ်ရန် တိုက်တွန်းလေသည်။

ဦးသာမြတ်က ယခုအခါရုပ်ရှင်နယ်တွင် တကယ်စွန့်စွန့်စားစားလုပ်ဝံ့သူ စတန့်မင်းသားကောင်းရှားပါးနေသဖြင့် ဇော်ဟိန်း၏ အရည်အချင်းနှင့် သတ္တိကြောင့် အောင်မြင်ရန် သေချာကြောင်း ပြောရုံမက သူကိုယ်တိုင် ရိုက်ကူးရန် စီစဉ်ထားသည့် နံ့ထောက်ကားတကားတွင် ဇော်ဟိန်းကိုခေါင်းဆောင်မင်းသားထင်ရိုက်ရန်ပင် ဂတိပေးလေသည်။

ဇော်ဟိန်းမှာ ရုပ်ရှင်မင်းသားလုပ်ရန် ဘယ်တုန်းကမှ စိတ်မကူးခဲ့သော်လည်း စွန့်စားလှုပ်ရှားမှုများ ရှုပ်ရှုပ်ချုံချုံ လုပ်ရလျှင်စိတ်ကျေနပ်သဘောကျတတ်သည်တကြောင်း၊ သူငယ်ချင်းဖြစ်သူမန်နေဂျာ ကိုအောင်သိန်းကလည်း ထပ်မံ တိုက်တွန်းသည်တကြောင်း၊ ဒါရိုက်တာ ဦးသာမြတ်၏ ဇာတ်ကား တကားတွင်အစမ်းသဘောပါဝင်ရိုက်ကူးရန် သဘောတူလိုက်လေသည်။

သူ၏ကျေးဇူးရှင် ဦးဘဇင် ကွယ်လွန်သွားခြင်းနှင့် ပတ်သက်၍ဝမ်းနည်းကြေကွဲမှုနှင့် ညီငယ်အရင်းလိုချစ်ခဲ့သူ မောင်မျိုးဇင်နှင့်ခွဲတွာခဲ့ရခြင်းကြောင့် စိတ်မကောင်းဖြစ်မှုတို့ကိုလည်း ရုပ်ရှင်အလုပ်ဝင်လုပ်ခြင်းအားဖြင့် ပြေပျောက်သက်သာရာရစေလိမ့်မည်ဟုလည်း မြော်သင့်လျက် သူ့အဖို့ အသစ်အဆန်းဖြစ်သောရုပ်ရှင်လောကတွင်းသို့ ဝင်လိုက်ခြင်းဖြစ်ပေသည်။

လှော်ကားကန်အနီး "ဗိုလ်သောင်းထိုက်" ဇာတ်ကားရိုက်စဉ်က ဇော်ဟိန်းဝင်ရောက်စွန့်စားခဲ့ပုံသတင်းက ရန်ကုန်မြို့ရုပ်ရှင်လောက တခုလုံးသို့ ပျံ့နှံ့ကျော်ကြားသွားသဖြင့် ရုပ်ရှင်ထုတ်လုပ်

www.burmeseclassic.com

သူများ၊ ဒါရိုက်တာများအနေဖြင့် ဇော်ဟိန်းအပေါ် စိတ်ဝင်စားနေခဲ့ကြလေသည်။

ဒါရိုက်တာဦးသာမြတ်က ခေါင်းဆောင်မင်းသားတင်၍ရိုက်ကူးလိုက်သော "သတ္တိနှင့်ဗျတ္တိ" ဇတ်ကားပြီးစီး၍ ရုံတင်ပြလိုက်သောအခါ၌မူ ပရိသတ်က အကြိုးအကျယ်နှစ်သက် သဘောကျသွားသဖြင့် ဇော်ဟိန်းမှာ နေ့ချင်းညချင်း နာမည်ကြီးမင်းသားတဦးဖြစ်လာလေတော့သည်။

အထူးသဖြင့် စွန့်စွန့်စားစားလှုပ်ရှားခန်း 'စတန့်' များကို သူမတူအောင် ရှုပ်ရှုပ်ချုံချုံ လုပ်နိုင်သောသတ္တိကြောင့် လူငယ်ကြိုက်စတန့် (Action) ကား ရိုက်ကူး ထုတ်လုပ်သူတွေက မင်းသားဇော်ဟိန်းအား အလုအယက် ငှားရမ်း လာကြလေသည်။

ဇော်ဟိန်းမှာ ရုပ်ရှင်လောကဗဟုသုတ ပညာပေးသူမိတ်ဆွေကိုအောင်သိန်း၊ သရုပ်ဆောင်မှု ဟန်အမူအရာ သင်ပြပေးသူဆရာဦးသာမြတ်တို့အား ကျေးဇူးအထူးတင်မိလေသည်။

"သတ္တိနှင့် ဗျတ္တိ"ဇာတ်ကားနောက်ပိုင်း အခြားဇာတ်ထုပ်တွေပါဆက်တိုက်ရိုက်ကူးရခြင်းကြောင့် ရရှိသည့်သရုပ်ဆောင်ငွေက အတော်ပင်များလေရာ ဇော်ဟိန်းအဖို့ ရုပ်ရှင်အလုပ်ဖြင့်အသက်မွေးဝမ်းကျောင်းပြုခြင်းသည်ပင်လျှင် အကောင်းဆုံးဟုဆိုရမလိုဖြစ်နေပါတော့သည်။

ကံကြမ္မာပန်လာမှုဆန်းကြယ်ပုံ၊ မမြော်လင့်တာကိုမှ လာကြုံရပုံတို့နှင့် ပတ်သက်၍ ဇော်ဟိန်းအနေဖြင့် ထင်ရှားသော လက်တွေ့ဖြစ်ရပ်တခုကြုံလာရပုံကား....



သူ့အားမင်းသားအဖြစ် လာရောက်ငှားရမ်းကြသူတွေ အနက်တနေ့တွင် 'ဇင်စက်မှုလက်မှုလုပ်ငန်း' ပိုင်ရှင်သူဌေး ကိုမျိုးဇင်လည်းတယောက်အပါအဝင်ဖြစ်လာခြင်းပင်တည်း။

စစ်ပြီးခေတ်၊ မြန်မာနိုင်ငံတွင် ဝင်ငွေ အကောင်းဆုံးအလုပ်တခုကား ရုပ်ရှင်ထုတ်လုပ်ရေးလုပ်ငန်းပင်ဖြစ်ကြောင်း စီးပွားကုန်သွယ်ရေးနယ်ပယ်မှ ပုဂ္ဂိုလ်များနားလည်သဘောပေါက်လာသဖြင့် ရုပ်ရှင်နယ်သို့ ငွေလုံးငွေရင်းပိုက်ကာ ဝင်ရောက်လာကြသောအချိန်ကာလဖြစ်လေသည်။

သွင်းကုန်ထုတ်ကုန်လုပ်ငန်းရှင်များ၊ ဆေးလိပ်ခုံပိုင်ရှင်များ၊ မော်တော်ဘတ်စ်ကား ထောင်သူများ၊ ကုန်ခြောက်ပွဲစားကြီးများပင် ရုပ်ရှင်ကုမ္ပဏီ တည်ထောင်ရိုက်ကူးနေကြသည်ကိုရှင်း၊ ရုပ်ရှင်ကားတကားလူကြိုက်များ၍'စွံ' သွားပြီဆိုလျှင် ရန်ကုန်မြို့တမြို့တည်းပြရုံနှင့်ငွေရင်းကျေပြီး ကျန်တပြည်လုံး၌ ပြရသမျှအသားတင်အမြတ်ရရှိနိုင်သည်ရှင်း၊ အကဲခတ် လေ့လာမိခဲ့သူမျိုးဇင်သည် သူ့တွင်ရှိသော ငွေပိုငွေလျှံအလုံးအရင်းနှင့်ရုပ်ရှင်လုပ်ငန်းကို လုပ်ကြည့်ချင်သည့်စိတ်ဖြစ်ပေါ်လာခဲ့လေသည်။

သူ့အနေနှင့် အခြားကုမ္ပဏီပိုင်ရှင် အသစ်များလို ငွေရင်းစိုက်ထုတ်ရုံထုတ်ပြီး လုပ်ငန်းအဝဝကို လူငှားဖြင့်လုပ်နည်းကိုတော့သဘောမကျဘဲ သူ၏ရုပ်ရှင်ကားကို အသေးစိပ် ကြီးကြပ်ထုတ်လုပ်သူ 'ပရိုဂျူဆာ' အလုပ်ပါကိုယ်တိုင်လုပ်မည်ဟု ဒိုက်ပိုင်းဖြတ်ရင်း 'ဇင်ရုပ်ရှင်ထုတ်လုပ်ရေး' အမည်ဖြင့် ကုမ္ပဏီတခုတည်ထောင်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

သူနှင့်အကိုကြီး အရင်းလို ခင်မင်ရင်းနှီးသူ ကိုဇော်ဟိန်းကြီး ကိုယ်တိုင် စတန့်ရုပ်ရှင်မင်းသားအဖြစ် နာမည်ကျော်ကြားနေခြင်းကလည်း မျိုးဇင်အား တမျိုးအားတက်စေလေသည်။

ထို့ကြောင့် 'ဇင်ရုပ်ရှင်' မှ ပထမဆုံးပွဲဦးထွက် ရုပ်ရှင်ကားကို နာမည်ကျော် ဇော်ဟိန်းကိုပင် ခေါင်းဆောင်မင်းသားအဖြစ် ငှားရမ်းရိုက်ကူးရန်ဆုံးဖြတ်ခဲ့လေသည်။

ထိုအတောအတွင်း မျိုးဇင်သည် မင်္ဂလာဆောင်ပွဲ တခုတွင် သက်သက်နှင့်တွေ့ဆုံမိကြလေသည်။

သက်သက်ကကောင်းမွန်စွာပင် နှုတ်ဆက်စကားပြောသဖြင့် အတိတ်က ဖြစ်ပျက်ခဲ့သမျှကို ပြည်ဖုံးကားချ မေ့ပျောက်ထားလိုက်ပြီဟု ထင်ရလေသည်။ ဤတွင် မျိုးဇင်က သက်သက်နှင့် မိတ်ဆွေရင်းချာကဲ့သို့ပင် ပြန်လည်ဆက်ဆံလိုကြောင်း၊ ယခုသူအသစ်ချဲ့ထွင်လုပ်တော့မည့် ရုပ်ရှင်ထုတ်လုပ်ရေး လုပ်ငန်းတွင် သက်သက်က လက်ထောက် "ပရိုဂျူဆာ"အဖြစ် ကူညီ ဆောင်ရွက်စေလိုကြောင်း ပြောသောအခါ သက်သက်ကလည်း လိုက်လိုက် လျောလျောပင် သဘောတူလက်ခံသဖြင့် ရုပ်ရှင်လုပ်ငန်းအတွက် နှစ်ယောက်သားအတူပြန်တွဲမိကြလေသည်။

အလုပ်လုပ်ရာတွင် သူများနှင့်မတူဘဲ တမူထူးခြားစွာလုပ်ရမှ ကျေနပ်သောဝါသနာရှိသူဖြစ်သည့်အလျောက် "ဇင်ရုပ်ရှင်"၏ ပွဲဦးထွက် ဇာတ်ကားကို အလွန်ထူးခြားဆန်းသစ်သည့် ဇာတ်ကားမျိုးဖြစ်စေရန်တီထွင်ကြံစည်းစားမည်ဟု မျိုးဇင်က သက်သက်အား ဖွင့်ပြောထားလေသည်။

မျိုးဇင်ရိုက်ကူးရန် စိတ်ကူးရသည့်ဇာတ်ကားမှာ စတန့်မင်းသား ကျော်ဇော်ဟိန်း၏ အစွမ်းသတ္တိ အရည်အချင်း များကို ရာနှုန်းပြည့်အသုံးချလျက် အမေရိကန် ကောင်းဘွိုင်းကားဆန်ဆန် 'စွန့်စားလှုပ်ရှားခန်း အသားပေးသည့် ဇာတ်မျိုးဖြစ်၏။ တဖက်တွင်မူ အကိုကာလသားတို့အကြိုက် မိန်းကလေးတယောက်၏ခန္ဓာကိုယ်အလှနှင့် ဖိုသတ္တဝါဆွဲငင်ဓာတ်ကို ရုပ်ရှင်စစ်ဆေးရေး(ဆင်ဆာ) အဖွဲ့က မဖြတ်တောက်ရုံအသားပေးဖော်ပြခြင်းအားဖြင့်လည်း သူ၏ဇာတ်ကားကို နာမည်ကြီးအောင်ဖန်တီးရန်ကြံစည်ထားပေသည်။

ရည်ရွယ်ချက်ကား ဇာတ်ကားထဲမှမင်းသားဇော်ဟိန်း၏ ထိုးကြိတ်သတ်ပုတ်စွန့်စားပုံများ၊ မြင်းစီး-သေနတ်ပစ် ကျွမ်းကျင်လှပုံများကို လူကြိုက်သကဲ့သို့ မင်းသမီး၏ခန္ဓာကိုယ်အလှနှင့် ဖိုသတ္တဝါ ဆွဲငင်ဓာတ်ကလည်း ပွဲတိုင်းရုံပြည့်အောင် ဆွဲဆောင်ဖန်တီးရန်ပင်ဖြစ်လေသည်။

မျိုးဇင်သည် သူကိုယ်တိုင်စိတ်ကူးရသောဝတ္ထုဇာတ်လမ်းကို ပြောပြပြီး နာမည်ကြီးစာရေးဆရာဒါရိုက်တာတဦးအား ရုပ်ရှင်ဇာတ်ညွှန်းအဖြစ်ရေးခိုင်းလေသည်။အဆိုပါစာရေးဆရာ ဒါရိုက်တာက သူနှင့်ခင်မင်ရင်းနှီးသူမိတ်ဆွေလည်းဖြစ်၍ ကြိုးစား ပမ်းစားရေးပေးလေသည်။ ဇာတ်လမ်းဖန်ပုံ အကွက်စေ့သလောက် ဆွဲဆောင်နိုင်မှုအားရှိလှသဖြင့် မျိုးဇင်၏ စိတ်ကူးဉာဏ်တီထွင်မှုကိုပင် အံ့ဩချီးကျူးလိုက်ပါသေးသည်။ မျိုးဇင်လို ကြံရည် ဖန်ရည် ဖဲ့သတ္တိရှိပြီး ငွေအင်အားတောင့်တင်းသူက ဖိဖိစီးစီးလုပ်မည်ဆိုလျှင် ရုပ်ရှင်အလုပ်မှုချအောင်မြင်မှာဘဲဟုလည်း ကြိုတင်ဗေဒင်ဟောလိုက်လေသည်။

ဇော်ဟိန်းအား မင်းသားအဖြစ်ငှားရန်လာသောအခါ၌ရုပ်ရှင်ဇာတ်ညွှန်းကအပြည့်အစုံ ရေးသားပြီးစီးနေပြီဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

မျိုးဇင်နှင့်အတူ ဒါရိုက်တာစာရေးဆရာ ဦးတိုင်းကျော်နှင့် သက်သက်တို့လည်းပါလာရာ ဇော်ဟိန်းမှာ ရှတ်တရက် အံ့အားသင့်နေမိလေသည်။

မမြှော်လင့်ဘဲပြန်တွေ့ရချိန်တွင် သူ၏စိတ်ထဲ ဝမ်းသာ ဝမ်းနည်းဖြစ်ကာ ထိခိုက်လှုပ်ရှားနေမိပါသေးသည်။ သို့သော် ချက်ချင်းပင် ဣန္ဒြေဆယ်ကာ ဖေါ်ဖေါ်ရွေရွေ နှုတ်ဆက်လိုက်လေသည်။

"ကိုင်း....ကိုဇော်ဟိန်းကြီး ဘာမှရှည်မနေနဲ့....၊ ကျွန်တော် ရိုက်မဲ့ကားမှာ ခင်ဗျားမင်းသားဝင်လုပ်ပေးရမယ်....ဇာတ်ထုပ်တွေများနေလို့ လက်မခံချင်ဘူးလေး-ဘာလေးနဲ့ ဂျီးများမယ်တော့မကြံနဲ့....ကျုပ်ကဇွတ်ရိုက်မှာဘဲ...."

ဟု အစချီကာ မျိုးဇင်သည် ငယ်စဉ်က ဆက်ဆံပုံမျိုးအတိုင်း နွဲ့ဆိုးဆိုးသလို အနိုင်ယူကာ ပြောသွားပြီးနောက် ဇော်ဟိန်းမှာလည်း မည်သို့မျှမငြင်းသာဘဲ သဘောတူ လက်ခံလိုက်ရပါတော့သည်။

ဇင်ရုပ်ရှင်ထုတ်လုပ်ရေးမှပွဲဦးထွက်ဒါရိုက်တာ ဦးတိုင်းကျော် ရိုက်ကူးမည့် "သေနတ်သမားနှင့် လှပျိုဖြူ" ဇာတ်ကားအတွက် အကောင်းဆုံး မင်းသားရရှိပြီးဖြစ်သော်လည်း မင်းသမီးအတွက် ခက်နေပြန်လေသည်။

မျိုးဇင်က လက်ရှိရုပ်ရှင်မင်းသမီးများကို တယောက်မျှစိတ်တိုင်းမကျသဖြင့် မင်းသမီးအသစ်ကိုရှာဖွေရွေးချယ်ပြီး ပွဲထုတ်ရန် ကြံလေသည်။

သူလိုချင်သော မင်းသမီးကလည်း ဇာတ်လမ်းအရ ရုပ်ရည်လှပချောမောရုံမက ကိုယ်ကာယ အလှဖြင့်၎င်း၊ စကားပြောပုံ ညပုံအသံအားဖြင့်၎င်း၊ ဟန်အမူအရာ အထူးသဖြင့် မျက်လုံးအမူအရာအားဖြင့်၎င်း၊ ယောကျ်ားတို့၏စိတ်ကို ယိုဖိတ်လာအောင် ဆွဲငင်နိုင်သည့် ညို့ဓာတ်အပြည့်အဝရှိရမည့် မိန်းကလေးမျိုးဖြစ်လေသည်။

ထို့ကြောင့် မျိုးဇင်သည် ဒါရိုက်တာ ဦးတိုင်းကျော်၊ မင်းသားဇော်ဟိန်းတို့နှင့် တိုင်ပင်၍ မင်းသမီးအသစ်ရွေးရန် စီစဉ်လေသည်။

သူ စီစဉ်ပုံကား နိုင်ငံခြားရုပ်ရှင်ကုမ္ပဏီကြီးများ နည်းစံနစ်အတိုင်း (Screen Test) မင်းသမီးသစ်လျှောက်သူထဲမှ အသင့်ဆုံးထင်ရသူ မိန်းကလေးများအား တကယ့်ရုပ်ရှင်ရိုက်ကူးကြည့်နည်းဖြစ်လေသည်။

မိန်းကလေးတဦးစီ မိတ်ကပ်အလှပြုပြင်ပြီး ကင်မရာရှေ့တွင် ဟန်အမူအရာလုပ်ခိုင်း, စကားပြောခိုင်းပြီး ရုပ်ရှင်ဖလင်နှင့် ရိုက်ရင်း အသံပါဖမ်းယူကာ ပေါ့စတာစ်ဖလင်ဖြင့် ကော်ပီကူး၍ ပြစက်ဖြင့် ပြကြည့်လေသည်။

လုပ်ခိုင်းသည့် ဟန်အမူအရာကလည်း "သေနတ်သမားနှင့် လှပျိုဖြူ" ဇာတ်ညွှန်းထဲမှ အခန်းတခန်းကို သရုပ်ဆောင်ခိုင်းခြင်းပင်ဖြစ်ရာ ပိတ်ကားပေါ်တင်ပြကြည့်ရင်းမှ မင်းသမီးဖြစ်သင့်မသင့် ရွေးကြခြင်းဖြစ်လေသည်။

မျိုးဇင်မှာ အလွန်ဂျီးများသူဖြစ်သည့်အတိုင်း သူနှင့် ဒါရိုက်တာ ဦးတိုင်းကျော်တို့ စိတ်ကြိုက်ဖြစ်ရုံမက ဓာတ်ပုံဆရာ၊ အသံဖမ်းဆရာတို့ကပါကြိုက်၍ ထောက်ခံသူကိုမှ ရွေးမည်ဟု ဆုံးဖြတ်ထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com

သူ၏ရည်ရွယ်ချက်ကား သူပွဲထုတ်တင်မည့် မင်းသမီးသည် ဇာတ်ကားတကားတည်းနှင့် ပရိသတ်ကြိုက်ပြီးနာမည်ကြီးသွားစေရန်ပင်ဖြစ်၏။ ထို့ကြောင့် မင်းသမီးသစ်သည် ဓာတ်ပုံဆရာ အကြိုက် အင်္ဂါရုပ်နှင့် ကိုယ်လုံးကိုယ်ပေါက်ရှိရမည်။ ထို့ပြင် အသံဖမ်းဆရာအကြိုက် ယောကျ်ားများစိတ်ကို ဆွဲဆောင်နိုင်အောင် ညို့ဓာတ်ပါသည့် အသံမျိုးရှိရမည်ဟုလည်း သတ်မှတ်ထားလေသည်။

ယင်းနည်းဖြင့် သုံးရက်တိုင်တိုင် ဆက်တိုက်ရွေးချယ် စိစစ်ကြရာတွင် စိတ်ကြိုက်မင်းသမီးမရသေးဘဲ ဖြစ်နေလေသည်။ နောက်ထပ်စမ်းကြည့်စရာ မင်းသမီးလောင်းကလည်း နှစ်ယောက်မျှသာ ကျန်တော့သည်။

မျိုးဇင်သာမက ဓာတ်ပုံဆရာ၊ အသံဖမ်းဆရာတို့ကပါ စိတ်တိုင်းမကျသဖြင့် စမ်းသပ်ရာတွင် အနားဌရှိနေသူ ကိုဇော်ဟိန်းနှင့်သက်သက်တို့ကလည်း မျိုးဇင်ကိုယ်စား စိတ်မောနေမိကြလေသည်။

စတုတ္ထမြောက်နေ့တွင် နောက်ဆုံးမိန်းကလေးအား စမ်းသပ်ရိုက်ကူးကြည့်ချိန် ကင်မရာနှင့် အသံဖမ်းဓာတ်ခွက်များ ပြင်ဆင်နေခိုက် အသံသွင်း တိတ်ရီကော်ဒါစက်အနီးသို့ မျိုးဇင်လာကြည့်နေစဉ် အသံဖမ်းဆရာ ဦးတင်ညွန့်က....

"ဒီမယ်ဆရာ....အခုမိန်းကလေးတွေ တယောက်မှမစွံဘူး။ ဆရာတို့သဘောတော့ မပြောတတ်ဘူးပေါ့။ ကျွန်တော့်အကြိုက်ပြောရရင် ဟောဟိုဆရာ့ညီသည် အမျိုးသမီးအသံဟာ ဆရာလိုချင်တဲ့အတိုင်း သိပ်ကောင်းတာဘဲဆရာ...."

ဟုခပ်တိုးတိုးပြောလိုက်ရာ မျိုးဇင်မှာ အံ့အားသင့်သွားမိလေသည်။

အသံဖမ်းဆရာ ဦးတင်ညွန့် ညွှန်ပြလိုက်သူကတော့ ဇော်ဟိန်းနှင့်အတူစကားထိုင်ပြောနေသော သက်သက်ပင်ဖြစ်နေလေသည်။

သည်တော့မှ မျိုးဇင်လည်း သက်သက်အား ပြန်၍သေချာစွာကြည့်မိလေသည်။

ထိုအခိုက် ဦးတင်ညွန့်က အကြံတောင်း၍ ဓါတ်ပုံဆရာကိုဘကြည်ကပါ အနားကပ်လာပြီး....

"အသံတော့ ကျွန်တော်မပြောတတ်သူး၊ ဓါတ်ပုံကင်မရာမျက်စိနဲ့ ဆိုရင် အဲဒီအမျိုးသမီးက မျက်နှာပေါက်ရော ကိုယ်လုံးကိုယ်ဟန်ရော ဖတ်စစ်ကလပ်ဘဲ။ ကင်မရာဘယ်လိုချိန်ရိုက်ရိုက်၊ ဘယ်လှမဲ့ မိန်းမမျိုးပါဘဲဆရာ...."

ဟုဝင်ထောက်ခံပြန်လေသည်။

စိတ်မြန်လက်မြန် လူတယောက်ပီပီ မျိုးဇင်သည် မိနစ်ပိုင်းအတွင်းမှာပင် ဆုံးဖြတ်ချက်ချလိုက်လေရာ သက်သက်က....

"အို....ဖြစ်မယ်မထင်ပါဘူး၊ မလုပ်ကြပါနဲ့၊ ရယ်စရာဖြစ်နေပါအုံးမယ်...."

ဟုငြင်းနေသည့်ကြားမှ မျိုးဇင်က ဇွတ်အတင်းပင် သက်သက်အား မိတ်ကပ်အလှပြင်စေပြီး 'စကားရင်းတက်စ်' အစမ်းရုပ်ရှင်ရိုက်ကူးလိုက်လေသည်။

ဖလင်ကို ပေါ့စတစ်ကော်ပီကူး၍ ပိတ်ကားပေါ်တွင် ထိုးပြကြည့်လိုက်သောအခါ ဒါရိုက်တာ ဦးတိုင်းကျော်၊ ဓါတ်ပုံဆရာနှင့် အသံဖမ်းဆရာတို့က အထူးပင် ကျေနပ် သဘောကျသွားရာမှ



www.burmeseclassic.com

www.burmeseclassic.com

သက်သက်လည်း သူမ့လုံးဝစိတ်ကူးထဲ မထည့်ခဲ့သော ရုပ်ရှင်မင်းသမီးဖြစ်သွားရပါတော့သည်။

ဇင်ရုပ်ရှင်၏ ပွဲဦးထွက် "သေနတ်သမားနှင့်လှပျိုဖြူ" ဓာတ်ကားတွင် နာမည်ကျော် မင်းသားကြီးဇော်ဟိန်းနှင့်တွဲ၍ ပါဝင်မည့် ခေါင်းဆောင်မင်းသမီးအသစ်သည် မည်သို့မည်ပုံ ထူးခြားသော အစွမ်းနှင့် ပြည့်စုံကြောင်း၊ မြန်မာရုပ်ရှင် လောကတွင် သူများနှင့်မတူ တမူထူးခြားကာ နာမည်ကြီးရဦးမည့် မင်းသမီးကောင်းတဦး ပေါ်ထွက်လာတော့မည် ဖြစ်ကြောင်း စသဖြင့် သတင်းစာ၊ ဂျာနယ်၊ ရုပ်ရှင်စာစောင် အသီးသီးက အကြီးအကျယ် ကြိုတင်ရေးသားကြအောင်လည်း ပိုင်ရှင်သူဌေးဦးမျိုးဇင်က ကြံဆောင် ဖန်တီးခဲ့လေသည်။

သက်သက်အား နာမည်က ရိုးသည်ဆိုကာ ရုပ်ရှင်မင်းသမီး နာမည်နှင့်တူအောင်ဆိုပြီး ပျိုးဇင်ကပင် "မေသက်ဝင်း" ဟူ၍ အမည်သစ်ပေးခဲ့လေသည်။

"သေနတ်သမားနှင့်လှပျိုဖြူ" ဓာတ်ကား ရုံတင် ပြသော အခါ၌ကား တကယ်ပင် ပရိသတ် ကြိတ်ကြိတ်တိုး စည်ကား လျက် မကြုံဘူးအောင် ဝင်ငွေကောင်းသည့် ကားတကား ဖြစ်ခဲ့ လေသည်။

ဓာတ်လမ်းဓာတ်အိမ်ခိုင်မာသလောက် ဒါရိုက်တာ ဦးတိုင်ကျော်၏ သရုပ်ဖော်တင်ပြနည်း ဟန်ကောင်းခြင်း၊ မင်းသား ဇော်ဟိန်း၏ သရုပ်ဆောင်ပုံနှင့် အသက်ဆံဖျား စွန့်စားခန်းများက ပီပြင်ကောင်းမွန်လှခြင်းတို့အပြင် မင်းသမီး "မေသက်ဝင်း"၏ သရုပ်ဆောင်မှုနှင့် ယောကျ်ားတို့စိတ်ကိုဆွဲဆောင်နိုင်



တို့က "သေနတ်သမားနှင့်လှပျိုဖြူ" ဓာတ်ကားကို အထူးစွဲမက် စေလေသည်။

မေသက်ဝင်း၏ ကိုယ်ကာယအလှနှင့် ညို့မြတ် အစွမ်းကို ပိတ်ကားပေါ်တွင် ဆင်ဆာက မဖြတ်ရုံတမယ် ခပ်ကြမ်းကြမ်း အသုံးချ ဖော်ပြခဲ့ခြင်းကတော့ ဓာတ်ကား ထုတ်လုပ်သူ "ပရိဂျူဆာ" ဦးမျိုးဇင်၏ အကြံပေးစီစဉ်မှုပင် ဖြစ်လေသည်။

ဤသို့လျှင် သက်သက်သည် ဆံပင်ကောက်ဆိုင် အလုပ်သမဘဝမှ သူဌေးဦးဘဇင်ကတော် ဖြစ်ခဲ့ပြီးနောက် မုဆိုးမကလေး တယောက်အဖြစ် နေခဲ့ရင်းက "မေသက်ဝင်း" အမည်ဖြင့် နာမည်ကျော် ရုပ်ရှင်မင်းသမီးတယောက် ဖြစ်လာခဲ့ရပေသတည်း။

* * *



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၄)

www.burmeseclassic.com

www.burmeseclassic.com

# (၁)

အတိတ်မှအရိပ်တို့သည်ကား ရုပ်ရှင်ဇာတ်ကား တကားကဲ့ ပင် ရှိလှပေသည်။

အတိတ်ကိုပြန်တွေးလိုက်တိုင်း မယ်သက်ဝင်း၏ စိတ်ထဲ၌ ပြင်း ထန်သောလှုပ်ရှားမှုများ ခံစားရတတ်သဖြင့် အတိတ်မှ ဖြစ်ရပ် အားလုံးကို ကုန်စင်အောင်မတွေးဘဲ သူဌေးသား မျိုးဇင်နှင့် တွေ့ခဲ့ချိန်မှ ရုပ်ရှင်လောကသို့ မင်းသမီးအဖြစ် ဝင်ရောက်ခဲ့ရပုံ ထိသာ ပြန်လည်တွေးလိုက်ခြင်းဖြစ်လေသည်။

အမှန်တော့ မျိုးဇင်နှင့် စတင်မတွေ့ဆုံမီက သူမ၏ဘဝဖြစ် စဉ်မှာလည်း အဖြစ်အပျက်မျိုးစုံဖြင့် ခရီးကြမ်းကြီးကို နှင်ခဲ့ရ သည်ဖြစ်ရာ ယခုလို လက်ဖျား ငွေသီးနေသော ထိပ်တန်းရုပ်ရှင် မင်းသမီးတယောက်ဘဝသို့ ရောက်မှတော့အတိတ်ကိုပြန်ပြောင်း ားကြည့်စရာ မကောင်းတော့ပေ။

ကိုမျိုးဇင်၏ အတင်းအဓမ္မ တိုက်တွန်းမှု၊ ကိုဇော်ဟိန်း၏ အားပေးမှု၊ ဒါရိုက်တာ ဦးသာမြတ်၏ ကူညီ သင်ပြမှုတို့ဖြင့် “သေနတ်သမားနှင့်လှပျိုဖြူ” ဇာတ်ကားတွင် ခေါင်းဆောင်

www.burmeseclassic.com

www.burmeseclassic.com

မင်းသမီးအဖြစ် ပါဝင် သရုပ်ဆောင်ခဲ့ရပြီးနောက် "မေသက်ဝင်း"ဟူသောအမည်သည် သူတိုင်းပါးစပ်ဖျားတွင် ရေပန်းစားလောက်အောင် ကျော်စော ထင်ရှားကာ ရုပ်ရှင် လောကမှ ဇာတ်ကားထုတ်လုပ်သူများ၊ ဒါရိုက်တာများက သူမ့အား မင်းသမီးအဖြစ် အပြိုင်အဆိုင် အလုအယက် ငှားရမ်းလာကြသော အခြေအနေသို့ လျင်မြန်စွာ ရောက်ခဲ့လေသည်။

ရုပ်ရှင်မင်းသမီး ဖြစ်လာမှ သိက္ခာမဲ့ ခင်မင်လာသူ ထဲတွင် ဦးဘအေးအမည်ရှိ ရုပ်ရှင်ထုတ်လုပ်သူ တဦးလည်း အပါအဝင် ဖြစ်လေသည်။

ဦးဘအေးမှာ ရုပ်ရှင်နယ်တွင် နှစ်ပေါင်းများစွာ ကျင်လည်ခဲ့သူ ဒါရိုက်တာတဦးလည်းဖြစ်ရာ နောက်ပိုင်း ကိုယ်ပိုင် ဇာတ်ကားထုတ်လုပ်ရေး လုပ်ငန်းတခု တည်ထောင် လုပ်ကိုင်ရင်း တဖက်ကလည်း အခြားကုမ္ပဏီများ အတွက် ဒါရိုက်ဘာ အဖြစ် ကားရိုက်ပေးခြင်း၊ ဇာတ်ကားများ တာဝန်ခံထုတ်လုပ်သူ "ပရိုဂျူဆာ"အဖြစ် ဆောင်ရွက်ပေးခြင်း တို့ကိုလည်း ပြုလုပ်နေသူ ဖြစ်၏။ ရုပ်ရှင်နယ်တွင် ဝါအရင့်ဆုံး ပုဂ္ဂိုလ်ကြီးတဦး အဖြစ်လည်း အတော်သြဇာရှိလှုက် ကုမ္ပဏီများ၊ ထုတ်လုပ်သူများအား အကြံဉာဏ်ပေးနိုင်သည် အခြေအနေမျိုးတွင် ရှိလေသည်။

အထူးသဖြင့် ရုပ်ရှင်ကုမ္ပဏီအသစ်များက ဒါရိုက်တာ၊ မင်းသမီး၊ မင်းသားများ ငှားရမ်းရာတွင် ဦးဘအေးနှင့် တိုင်ပင်ပြီး အကူအညီ ရယူတတ်ကြပေသည်။

ဇင် ရုပ်ရှင်ထုတ်လုပ်ရေး လုပ်ငန်းပိုင်ရှင် မျိုးဇင်နှင့်လည်း ရင်းနှီးသူဖြစ်၍ ဦးဘအေးသည် မကြာမီ မေသက်ဝင်းနှင့်ပါ သိက္ခာမဲ့ခင်မင်လာရာ သူ၏ ကူညီ ဖေ့စပ်ပေးမှုဖြင့် ဇာတ်ကား



ကောင်းတွေ လက်ခံရိုက်ကူးခဲ့ရရုံမက သရုပ်ဆောင်ခ,ငွေ အနေနှင့်လည်း မြန်မာရုပ်ရှင်သမိုင်းတွင် ကြေးအများဆုံးရသည်အထိ အခြေအနေ တိုးတက်လာခဲ့ပေသည်။

ဦးဘအေး၏ ဆက်သွယ်ပေးမှုကြောင့် မေသက်ဝင်း ပါဝင် သရုပ်ဆောင်ခဲ့သည့် "လူဘမျက်နှာ"ဇာတ်ကားဆိုလျှင် အလွန် ငွေကောင်းသော ရုပ်ရှင်ကားတကားဖြစ်ခဲ့ပြီး မေသက်ဝင်း သည်လည်း ဆထက်ထံပိုး တိုး၍ နာမည်ကြီးခဲ့လေသည်။

ဦးဘအေးနှင့်ပတ်သက်၍ ရင်းနှီးသူများ ရပ်ကွက်မှ ကြားရသော သတင်းတခုကတော့ သူသည် အလုပ်ကျွမ်းကျင်ပြီး ကြံရည်ဖန်ရည်ကောင်းသော်လည်း မိန်းမနှင့်ပတ်သက်၍ ရှုပ်ပွေတတ်သည်ဟူသော သတင်းပင်ဖြစ်လေသည်။

ရှုပ်ပွေသည်ဆိုရာ၌ လူငယ်များလို ခပ်ကြမ်းကြမ်း ပြောင်ပြောင် "ပွေ"ခြင်းမျိုး မဟုတ်။ မင်းသမီးများ၊ "ဆိုက်ပတ်"ဆိုသော အရံဇာတ်ဆောင် မိန်းကလေးများကို တနည်းနည်းဖြင့် အကူအညီပေး၍ အယုံသွင်းပြီးမှ နှစ်ယောက်ချင်း တွေ့အောင် နှိုက်တီးရင်း "ကျေးဇူးဆပ်"ခိုင်းသည်ဟု ဆိုလေသည်။

ဦးဘအေး ကျေးဇူးဆပ်ခိုင်းသည့်နည်းကတော့ မိန်းကလေး သည် ခန္ဓာကိုယ်နှင့်ဆပ်ရပြီး အဖိုးကြီးက "လူသားစား"လိုက်သည့် နည်းပင် ဖြစ်လေသည်။

များသောအားဖြင့် ကာယကံရှင် မိန်းကလေးများအနေဖြင့် သဘောတူသည်လည်း ရှိသလို၊ သဘောမတူသူများလည်း ရှိခဲ့သည်။ သို့သော် အခြေအနေလူသိမည်စိုး၍ ကျိတ်ခံလိုက်သူများ လည်း ရှိခဲ့ပေသည်။



www.burmeseclassic.com

www.burmeseclassic.com

ရုပ်ရှင်လောကမှ လူများအနေနှင့် ဦးဘအေး၏ "လူသာ စားညာဥ်" အကြောင်း သိကြသော်လည်း လက်တွေ့အား မိန်းကလေးများဘက်က ဆူလား ပူလားနှင့် ပြဿနာပေါ်ခြ မရှိသောကြောင့် အသာ မသိချင်ယောင် ဆောင်နေခဲ့ကြ သည်။

မေသက်ဝင်းနှင့် သိကျွမ်းရင်းနှီးပြီးနောက် ဇာတ်ကားရို ရေးနှင့်ပတ်သက်၍ အကူအညီများပေးခဲ့ခြင်း၊ နာမည်ကြီးသ ထက်ကြီးအောင် ဝါဒဖြန့်"ပွဲ"ပေးခြင်းများ ပြုလုပ်ခဲ့သူ ဦး အေးသည် ရံဖန်ရံခါ "စားချင် ဝါးချင်"သော မျက်လုံးကြ များဖြင့် မိမိခန္ဓာကိုယ်အား ကြည့်တတ်ကြောင်း မေသက်ဝ ကိုယ်တိုင်က ရိပ်မိခဲ့ပါသည်။ သို့သော် ယခုအချိန်အထိကိုယ် လက်ရောက် "ကျေးဇူးဆပ်"ခိုင်းခြင်း မရှိသေးသဖြင့် မေသ ဝင်းကလည်း ကောင်းမွန်စွာပင် ဆက်ဆံနေခဲ့ခြင်း ဖြစ်ပေသည်

မေသက်ဝင်း၏ စိတ်ဓာတ်ကား သာမန် မိန်းကလေးမျ ကဲ့သို့မဟုတ်။ ပွင့်လင်းရဲတင်းသော သတ္တိ နဂိုကပင်ရှိခဲ့သဖြ ပြောစရာရှိလျှင် ဘွင်းဘွင်းပြော၊ လုပ်ချင်တာရှိလျှင်လည်း မ သူ့မျက်နှာမစိုက်ဘဲ ပြောင်လုပ်တတ်သော ဝါသနာ ရှိလေသည်

သွေးနှင့်ကိုယ်, သား နှင့်ကိုယ်ဖြစ်သော ပုထုဇဉ်လူသား ဘာဝ ဖို–မ ဆက်ဆံရေးဆိုင်ရာ လိင်ကိစ္စနှင့် ပတ်သက်၍ စိ တက်ကြွ မှတ်သိပ်လာသည့်အခါတွင် ယောကျ်ားများက မိမိ အာသာပြေရုံ တဖက်သတ် ရာဂစိတ် ပြေငြိမ်းအောင် ကြံခြ သည် မတရားဟုယူဆလေသည်။ ထင်းကိစ္စတွင် ယောကျ်ားတေ အာသာပြေအောင်လုပ်သလို မိန်းမအနေနှင့်လည်း အလိုရမ ပြည့်ဝအောင်လုပ်ပိုင်ခွင့်ရှိသည်ဟုလည်းယုံကြည်ထားလေသည်



ထိုကြောင့် ဦးဘအေးကြီးနှင့် ဘာမျှ မဖြစ်သေးချိန်တွင် ဦးဘအေး၏တူ ဆန်နီအား သူမကိုယ်တိုင်က တပ်မက်မိသဖြင့် အတင်းအဓမ္မ မိန်းမက စ တင်၍ ရာဂစိတ်ပြေအောင် ဇွတ် "ချစ်"ခဲ့ခြင်း ဖြစ်ပေသည်။

မျိုးဇင်နှင့်ပတ်သက်၍ သူမ၏ သဘောထားကတော့ တမျိုး ဖြစ်နေပေသည်။ ဦးဘဇင် ကွယ်လွန်သည့်နေ့နံနက်က မျိုးဇင်နှင့် လွန်လွန်ကျူးကျူး "ဖြစ်"ခဲ့ပြီးနောက် သူမသည် ကိုယ်ဝန်ရှိ သွားပါစေဟု ဆုတောင်းခဲ့မိသည်။ သို့သော် နောက်ပိုင်း ကိုယ် ဝန်မရှိကြောင်း သိရသောအခါ၌မူ မျိုးဇင်အား ဖို–မဆက်ဆံ ရေးစိတ်(ဝါ) လိင်စိတ် မပါတ်ဖြင့် တပ်မက်ခြင်း မရှိသလို ဖြစ်ခဲ့ ပြန်သည်။

ရုပ်ရှင် လုပ်ငန်းနှင့် ပတ်သက်၍ မျိုးဇင်နှင့်အတူ ပြန်တွဲမိကြ သောအခါ၌လည်း မေသက်ဝင်းက ရိုးရိုးတန်းတန်းပင် ဆက်ဆံ ခဲ့လေသည်။

တခါတခါတော့လည်း မေသက်ဝင်းသည် လောက၌ အချစ် ဟူသည် ရှိ,မရှိ ဆန်းစစ်တွေးကြည့်မိလေသည်။ ဝတ္ထုစာအုပ်များ ထဲပါသော ယောကျ်ားနှင့် မိန်းမ အသဲထဲအူထဲလှိုက်လှိုက်လဲလဲ ချစ်ပါသည်ဟု သစ္စာတိုင်ကြသလို ချစ်ခြင်းမေတ္တာသည် စိတ်ကူး ယဥ်ခြင်းသာဖြစ်၍ လက်တွေ့အားဖြင့် တကယ် ရှိပါ၏လောဟု သံသယဖြစ်မိလေသည်။

အကယ်၍ ရှိသည်ထားဦး။ သူမ အနေနှင့် တကယ် အချစ်ကို မတွေ့ဘူး သေးပေ။ ဇီဝဗေဒသဘော လိုအပ်ချက်အဖြစ် ဖိုနှင့် မ, ရာဂစိတ်ဖြင့် တပ်မက်ခြင်းမျိုးသာ သိခဲ့ပေသည်။



www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် လောကဋ္ဌ သွေးသားမတော်စပ်သည့် ယောကျ်ား နှင့် မိန်းမ တဏှာရာဂကင်းသော အချစ်စစ် အချစ်မှန်ဖြင့် ချစ်ကြသည် ဆိုခြင်းကို မေသက်ဝင်းအနေဖြင့် လက်ခံယုံကြည်ခြင်း မရှိသေးချေ။

"မိုးနတ်ဒေဝီ"ဇာတ်ကားရိုက်ကူးစဉ်က ဒါရိုက်တာ ဦးတင်ထူးက ညွှန်သည်များအား ပြောပြသလို....

"မင်းသမီးထဲမှာတော့ ရှားပါတယ်ဗျာ...."

ဟု ဆိုခြင်းမှာ တကယ် မှန်ကန်သော ယူဆချက် တရပ် ဖြစ်လေသည်။

ဟန် အမူအရာ သရုပ် ဆောင်ရာတွင်သာမဟုတ်၊ အတွေးအခေါ် အယူအဆဘက်တွင်လည်း သူလိုမင်းသမီးမျိုး တကယ်ရှာမှ ရှားသည်ဟု ဆိုလောက်ပါသတည်း။

x x x

လဗီမာန် ရုပ်ရှင်ကုမ္ပဏီပိုင်ရှင် ဦးထုတ်ခိုင်၏ မိတ်ဆွေတဦး ဖြစ်သူ နိုင်လွန်စက်သူဌေး ဦးကျင်သောင်းကား တရုတ်ကပြား စီးပွားရေးသမားအစစ် တဦးပင်ဖြစ်လေသည်။

လွတ်လပ်ရေးရပြီးခေတ် အရင်းရှင် စီးပွားရေးစနစ် အတွတ်အထိပ်ရောက်နေချိန်တွင် သူသည်လည်း အကြီးအကျယ်တိုးတက်ကြီးပွားကာ အချမ်းသာဆုံး ကုန်သည်ကြီးတဦး ဖြစ်လာခဲ့ပေသည်။

ငွေကြေးချမ်းသာသူတို့ သဘာဝအတိုင်း လောကီစည်းစိမ်ကို သူများထက်ပို စံစားလိုသဖြင့် မယားငယ်နှစ်ယောက် အိမ်တလုံးစီဖြင့် ထားရှိမကာ ပြင်ဘက်တွင်လည်း ဆင်းရဲနွမ်းပါးသူ မိန်းကလေးများအား ငွေဖြင့်ပေါက်၍ ဖျက်ဆီးခဲ့ပါသေးသည်။ အငြိမ့်မင်းသမီး၊ ပြဇာတ်မင်းသမီးများ၊ အဆိုတော်များ၊ မယ်ဘွဲ့ရအလှမယ်များနှင့် ရုပ်ရှင်ထဲမှ အရံဇာတ်ဆောင် "ဆိုက်ပတ်"မင်းသမီး အချို့ကိုလည်း ဦးကျင်သောင်းက "စား" ဘူး ခဲ့ပြီး ဖြစ်ပေသည်။

ကိလေသာ ကာမဂုဏ် အာရုံ ခံစားခြင်းမည်သည် သောက်လေ သောက်လေ ငတ်မပြေဟု ဆိုသည့်အတိုင်း ဦးကျင်သောင်းအဖို့ ဝ,သည် မရှိ။ ထပ်ခါထပ်ခါ "စား" ချင်နေလေရာ ယခုလည်း သူ့စိတ်ထဲ ချဉ်ခြင်း ဖြစ်ပေါ်လာပုံက "မိုးနတ်ဒေဝီ" ဇာတ်ကား ရိုက်ကူးစဉ်က မြင်ခဲ့ရသူ နာမည်ကျော် မင်းသမီး မေသက်ဝင်းအား "စား"ကြည့်ချင်စိတ် ပေါ်ပေါက်လာခြင်းပင် ဖြစ်လေသည်။

သို့ရာတွင် မေသက်ဝင်းက လေးသိန်းကျော်တန် တိုက်အိမ်နှင့် "ကာမင်ဂေဟာ"မော်တော်ကားပိုင်ရှင်ဖြစ်၍ အခြားဆင်းရဲနွမ်းပါးသူ မိန်းကလေးများ ကဲ့သို့ ငွေဖြင့်ပေါက် ချဉ်းကပ်နည်းမျိုးဖြင့် ရနိုင်မည်မဟုတ်ကြောင်းကိုလည်း တွေးမိလေသည်။

သို့ဖြစ်လင့်ကစား လူကြံလျှင် ခံနိုင်ရိုးလား ဟူသောစိတ်ဓာတ်မျိုးရှိသူဖြစ်သည့် အားလျော်စွာ ဦးကျင်သောင်းသည် မေသက်ဝင်းအနီးသို့ ကပ်နိုင်ရန် ကြိုးစားလေသည်။

ပထမဆုံးအဖြစ် ရုပ်ရှင်ကုမ္ပဏီပိုင်ရှင် ဦးတုတ်ခိုင်အား မိတ်ဆက်ခိုင်းပြီး မေသက်ဝင်းအိမ်သို့ ဝင်ထွက် လည်ပတ်နိုင်အောင်ကြံ၍ နိုင်ငံခြားမှ အဖိုးတန် ဘရိုကိတ်လုံချည် စသော လက်ဆောင်များပေးလေသည်။

www.burmeseclassic.com

နောက်ပိုင်းတွင်လည်း မကြာခဏ ဟော်တယ်ဆိုင်မှ စားကောင်း သောက်ဖွယ်များ ဝယ်၍ မသက်ဝင်းအိမ်သို့ သွားရိုတတ်လေသည်။

မသက်ဝင်းကတော့ ဘယ်လိုသဘောထားမျိုး ရှိသည်မသိ။ ကောင်းမွန်စွာပင် လက်သင့်ခံခဲ့ရုံမက ဦးကျင်သောင်း ကိုလည်း အစဉ်သဖြင့် ဖော်ရွေရွှင်ပြုံးစွာ လက်ခံ စကားပြောလေ့ရှိပေသည်။

ဦးကျင့်သောင်းမှာ သူဆင်သော ဇာတ်ကွက်အတိုင်း ဝင်နေပြီဟု ယူဆကာ ကျေနပ် သဘောကျနေလေသည်။

သို့နှင့်ပင် သုံးလမျှ ကြာသွားသောအခါ ဦးကျင်သောင်းကတည့ မသက်ဝင်းထံ အလည်လာရင်း အထူး စပယ်ရှယ် လက်ဆောင်တခု ယူလာလေသည်။

လက်ဆောင်ကတော့ ကာလ တန်ဘိုးဖြင့် ငွေ ၂ သောင်းကျော်ခန့်တန်သည့် စိန်ဘယက်တခု ဖြစ်လေသည်။ စိန်ကလေးတွေက အလုံးသေးသော်လည်း နာမည်ကြီး တရုပ် ပန်းထိမ်တခုတွင် စပယ်ရှယ် အော်ဒါပေး၍ လုပ်ထားသောကြောင့် လက်ရာ အလွန်နုသလောက် လှပ ကျက်သရေရှိလှပေသည်။

ဘယက်ကို လှမ်းပေး၍ မသက်ဝင်းက ဝမ်းမြောက်သဘောကျဟန်ဖြင့် လက်ခံယူလိုက်သောအခါ ဦးကျင်သောင်းမှာလည်း ပီတိဖြစ်ကာ ပြုံးဖြီးဖြီး ဖြစ်နေလေသည်။

ထိုအချိန်ကာလကိုပင် ချက်ကောင်းယူ၍ ဦးကျင်သောင်းသည် သူ ကြံဘားသည့်အတိုင်း ထိုးစစ်ဆင်ရန် စကားစ,လိုက်ပါတော့သည်။

"ဒီ လက်ဆောင်ပေးတာဟာ စေတနာနဲ့ပေးတာပါ မသက်ရယ်.... ကျေးဇူးတင်ဘို့လဲ မလိုပါဘူး။ ကျွန်တော့် အနေ ဆန္ဒပြင်းထန် နေတာကတော့ မသက်နဲ့ နှစ်ယောက်ချင်း လွတ်လွတ်လပ်လပ် တွေ့ချင်တာပါဘဲ...."

အမှန်တော့ ဦးကျင်သောင်းသည် မသက်ဝင်း အပျိုစင်မဟုတ်မှန်းသိ၍ ဒဲ့ ဒိုးဖွင့်မပြောရုံတမယ် ဆွယ်စကား ပြောလိုက်ခြင်းဖြစ်လေသည်။

သူထင်သည့်အတိုင်း မသက်ဝင်းကလည်း ဦးကျင်သောင်းဘာကို ဆိုလိုကြောင်း ချက်ချင်းသိလိုက်ပြီး ဖြစ်လေသည်။ ယခုမှမဟုတ်၊ဦးကျင်သောင်း သူမအိမ်သို့ မကြာခဏ ဝင်ထွက် သွားလာနေစဉ်က တနေ့ ဒီလိုစကားမျိုး လာတော့မည်ဟု ကြိုတင်သိဘားပြီး ဖြစ်ပေသည်။

"ယောကျ်ားတွေဟာ ဒီလိုချည့်ပါဘဲ။ သက်ကိုယ်လုံးကိုကြည့်ပြီး သက်နဲ့ အတူ အိပ်ဖို့လောက်သာ စိတ်ကူး နေကြတာဘဲ...."

ဟု တခါက သူမကိုယ်တိုင် ဇော်ဟိန်းအား ခပ်ဘွင်းဘွင်း ပြောခဲ့ဘူးသည့်အတိုင်း ယခု "အိပ်"ချင်သူ ဂေါင်နဲကြီး တယောက်နဲ့ တွေ့နေရပေပြီ။

မသက်ဝင်းသည် ဘာမျှ ပြန်မပြောသေးဘဲ မျက်နှာထားခပ်ပြုံးပြုံးနှင့်ပင် ဦး ကျင်သောင်းအား ရွှန်းရွှန်းစားစား ကြည့်နေလိုက်လေသည်၊

မိန်းကလေးပေါင်း မြောက်မြားစွာ "စား"ခဲ့ဘူးသူ ကြောင်ပါးကြီး ဦးကျင်သောင်း ကတော့ ရင်ထဲတွင် တထိတ်ထိတ်နှင့် ခိုလိုက်နေလေသည်၊



www.burmeseclassic.com

www.burmeseclassic.com

သူ ဘာကို ဆိုလိုသည်ကို မေသက်ဝင်းက မရိပ်မိစရော မရှိ သို့သော် ဘာမှမပြောဘဲ ပြုံးနေပုံက အစဉ်းစားရခက်အောင်ဖြစ် နေပေသည်။

ယင်းသို့ ဝေခွဲ၍ မရနိုင်အောင် ဖြစ်နေစဉ်မှာပင် မေသက် ဝင်း၏ ရုတ်တရက် အပြုအမူကြောင့် ဦးကျင်သောင်းမှာ အကြီး အကျယ် အံ့အားသင့်သွား မိပါတော့သည်။

“အော….ဦးကျင်သောင်းက သက်နဲ့ နှစ်ယောက်ထဲ တွေ့ချင် တယ် ဆိုပါတော့၊ တွေ့ရပါတယ်ရှင်….ဘာခက်တာလိုက်လို့…. လာပါ….အခန်းထဲ လိုက်ခဲ့ပါ….”

ပြောပြောဆိုဆို မေသက်ဝင်း ကိုယ်တိုင်က ရဲတင်းစွာ ဦးကျင်သောင်းကို လှမ်းဆွဲပြီး အိပ်ခန်းထဲသို့ အတင်းခေါ်သွား ပါတော့သည်။

အိပ်ခန်းတံခါးကို ပြန်ပိတ်လိုက်ပြီးမှ သူမသည် ဦးကျင် သောင်း ရှေ့တည့်တည့်မှ ရပ်၍ မျက်နှာကို စေ့စေ့ကြည့်နေ လိုက်သေးသည်။

“သေသေ ချာချာ ကြည့်စမ်းပါအုံး ဦးကျင်သောင်းရဲ့ သက်ရဲ့ ကိုယ်လုံးက လှရဲ့လားလို့….”

“ဟာ….လှပါတယ်ဗျာ….သိပ်ပြီး လှတာဘဲ၊ ကျွန်တော်ဖြင့် မတွေ့ဘူးပါဘူး….”

လူသားစား ဘီလူးစိတ် ဝင်နေသူ ဦးကျင်သောင်းက အား မလိုအားမရနှင့် ပြောလိုက်လေသည်။

“ဟောဒီလိုဆိုရင်ကော ပိုပြီး မလှဘူးလားရှင်….”

ဟု ပြောပြောဆိုဆို မေသက်ဝင်းသည် ဝတ်ထားသော ထမီ ကို ကွင်းလုံးကျွတ် ပုံနေအောင် ချွတ်ချလိုက်သည်။ ထိုနောက်

ဝတ်ထားသော ကရိ ဂျော်ဂျက် အင်္ကျီကို မချွတ်ဘဲ လက် နှင့် အတင်း ဆွဲဆုတ်ချလိုက်သည်။ တဖန် ဇာဘော်လီအင်္ကျီ ကို ကြယ်သီးမဖြုတ်ဘဲ အတင်း ဆွဲဖြဲလိုက်ရာ နိုင်လွန်ကြယ်သီး ကလေးတွေ တလုံးစီပြုတ်၍ ကြမ်းပေါ်သို့ ကျသွားချိန်၌ သူမ၏ (မယ်ရွေးပွဲများ၌ တိုင်းထွာနည်းအရ) ၃၈-လက်မ ပမာဏ ရှိသော ရင်သားအစုံသည် အချုပ်အထိန်းမရှိ လွှတ်လွှတ် လပ် လပ်ကြီး ပေါ်ထွက်လာပါတော့သည်။

ကြီးထွားသလောက် လှပ အချိုးကျသော ရင်သား အစုံနှင့် တကွ ပေါင်တံကြီးများ အပါအဝင် ခန္ဓာကိုယ် အောက်ပိုင်းရှိ တပ်မှက်ချင့်စဘွယ် အလှမျိုးစုံကို မြင်ရသည်တွင် ဦးကျင်သောင်း မှာ အသက်ရှူရန်ပင် မဝတော့သလို စိတ်တွေ ဖေါက်ပြန်တက် ကြွလာလေသည်။

ထိုင်ရမလို ထရမလို ရှေ့တိုးပြီး တအား ပြေးဖက် လိုက်ရ မလိုနှင့် ဦးကျင်သောင်းကြီး အူကြောင်ကြောင် ဖြစ်နေစဉ် မေသက်ဝင်းက တည်ငြိမ် အေးဆေးသော အသံဖြင့် စကားကို တလုံးချင်း ပြောလေသည်။

“ဒီမယ် ဦးကျင်သောင်း….ကျမကို ဘယ်လိုမိန်းမမျိုးအောက် မေ့လို့လဲ၊ ကျမကိုယ်ကျမ အဖိုးတန် အပျိုစင် ကညာစစ်ရယ် လို့လဲ မဆိုလိုပါဘူး။ ကျမဟာ ယောကျ်ား တယောက်မကတွေ့ ဘူးခဲ့ပြီးပါပြီ။ဒါပေမဲ့ ဒီလိုကိစ္စမျိုးမှာယောကျ်ားတွေက တဖက် သတ် အာသာပြေရုံ ပျော်ပါးဘို့ ကြံတာကိုတော့ နဲနဲမှ မခံ ချင်ဘူး။ လက်ဆောင် ပဏ္ဏာပေးပြီး လူကို အပိုင်စီးလို့ ခံမဲ့ အစားမျိုးလဲ မဟုတ်ဘူး။ ရှင်တို့ ယောကျ်ားတွေက မိန်းခလေး တွေ တယောက်ပြီး တယောက် စားချင်သလို ကျမကလဲ

www.burmeseclassic.com

ယောကျ်ားနဲ့ ပျော်ပါးပြီး ရာဂစိတ်ဖြေချင်ပါတယ်။ တခုတော့ ရှိတယ်၊ ကျမကိုယ်တိုင်က ယောကျ်ားကို လိုလား တပ်မက်ဖို့ လိုတယ်။ ဦးကျင်သောင်း ကြံပုံ ကြံနည်းက ရိုးလှပါတယ်ရှင်၊ ခေတ်မမှီတော့ဘူး၊ ကျမ သဘောကျရင်တော့ ယောကျ်ားက စ မနေရပါဘူး၊ ကျမ ကိုယ်တိုင်က အတင်းအဓမ္မလိုက်ပြီး လုပ်ခိုင်းမှာပါ။ ဒါဟာ ကျမရဲ့ သဘောထားကို ရှင်းရှင်း ပြောတာဘဲ။အခုရှင့်ကိုတော့ ကျမ လုံးဝ သဘောမကျဘူး။ အခု ရှင်က ရိုးတီးရားတားလုပ်ရင် ကျမကို အတင်း အဝတ်အစား ဆွဲချွတ်ပြီး မဒိမ်းကျင့်ဘို့ ကြံပါတယ်လို့ အော်လိုက်မယ်၊ ရဲကိုလဲ တိုင်မယ်၊ဘဲ့နဲ့လဲ မဒိမ်းမှုနဲ့ အဖမ်းခံချင်ရဲ့လား၊ ဟောဒီက ကျမရဲ့ ခန္ဓာကိုယ်ကို ရှင်ကျေနပ်အောင် ကြည့်ရပြီ မဟုတ်လား၊ ရှင်လက်ဆောင်ပေးတဲ့ ဘယက်ကိုတော့ ယူထား လိုက် မယ်။ အဲဒါ ရှင့်ဟာရှင် တဏှာရှူးလို့ ကုန်ကျတဲ့ အသုံးစရိတ်ဘဲလို့ စာရင်း မှတ်လိုက်ပေတော့။ ကဲ....ရှင်အခု ချက်ချင်း အိမ်က ထွက်သွားစမ်း...."

စကားဆုံးခါနီးတွင် မေသက်ဝင်းသည် မျက်နှာသားရော အသံပါ ခက်ထန်လာကာ နောက်ဆုံး ဦးကျင်သောင်း ပါးပြင်ကို ညာဘက် လက်ဝါးဖြင့် ဖြန်းကနဲ တအားလွှဲ ရိုက်ချလိုက်လေသည်။

ဦးကျင်သောင်းကား အသား ဖြူဖြူတွင် သွေးရောင် လျှမ်းလာအောင် နီမြန်းသွားသော ပါးပြင်ကို လက်ဝါးဖြင့် ပွတ်ချင်းဘာမှ ပြန်မပြောနိုင်တော့ဘဲ အူရား ဖါးရား တကြိုးထဲ လစ်ပြေးသွားရှာပါတော့သတည်း။

*　　　*　　　*



( ၂ )

လက်ခံထားသော ဇာတ်ထုပ်တွေက များသဖြင့် ရက်သတ္တတပတ်တွင် တရက်မှ မနားရအောင် နေ့စဉ် ရက်ထက်, ကားရိုက် နေရသောကြောင့် မေသက်ဝင်းမှာ အလုပ်ထဲ စိတ်ဝင်စားနေပြီး အခြားကိုယ်ရေးကိုယ်တာ အကြောင်းတွေ တွေးတောချိန်မရနိုင်အောင်ပင် ရှိနေလေသည်။

ထို့ပြင် ယခုအခါ ခေတ်စားနေသော အနုပညာအသင်း၊ ရုပ်ကွက်၊ စာဖတ်အသင်း စသော အသင်းအဖွဲ့များ၌ ရုပ်ရှင်အတွေ့အကြောင်း ဟောပြောရန် အတင်းလာ ချော့ဆွဲ၍ သွားရောက် စကားပြောရခြင်း၊ ရုပ်ရှင်နှင့် ဂီတ, ရုပ်ရှင်နှင့် စာပေဆိုင်ရာ စကားရည် လုပွဲများ၌ နာမည်ကြီး မင်းသမီး တယောက်အဖြစ် မကြာခဏ သည့်သွင်း ပြောခိုင်းကြသဖြင့် မငြင်းသာဘဲ သွားရောက် စကားပြောရခြင်း စသော အပို အလုပ်တွေကိုပါ လက်ခံ လုပ်ပေးနေရပါသေးသည်။

စင်စစ် မေသက်ဝင်းမှာ သည်လို အပိုအလုပ်တွေ မလုပ်ချင်သော်လည်း "နာမည်ကျော် မင်းသမီးမို့ မာနကြီးတယ်၊



www.burmeseclassic.com

www.burmeseclassic.com

အိုက်တင်ခံတယ်''ဟု အပြောမခံရလေအောင် လိုက်လျော လက်ခံရခြင်းသာ ဖြစ်လေသည်။

ရုပ်ရှင်မင်းသမီး ဖြစ်သော်လည်း လူမှုရေး ကိစ္စများတွင် စေတနာ သဒ္ဒါတရား ထက်သန်ပါတယ်ဟု ချီးမွမ်းခံရအောင်လည်း တဖက်က မီးဘေး- လေဘေး- ရေဘေး- ဒုက္ခသည်များ ရံပုံငွေ၊ အားကစား ရံပုံငွေများသို့လည်း မေသက်ဝင်းက ရက်ရက် ရောရော သူများတက် ပို၍ ထည့်ဝင် လှူဒါန်းလေ့ ရှိလေသည်။

သို့နှင့်ပင် မေသက်ဝင်းသည် ရုပ်ရှင်လောကတွင် သူမတူအောင် နာမည်ကြီးသည့် ထိပ်တန်း မင်းသမီးတယောက်အဖြစ် ရပ်တည်နိုင်ခဲ့ပေသည်။

တခုရှိသည်ကား မူလက ရုပ်ရှင် မင်းသမီးလုပ်ရန် ရည်ရွယ်ချက် မရှိခဲ့လင့် ကစား ကိုမျိုးဇင်၏ အတင်း တွန်းမှုကြောင့် ရုပ်ရှင်နယ်သို့ ရောက်လာပြီးနောက် အလုပ်ထဲ တကယ် အာရုံစိုက်ပြီး လုပ်ကိုင်ခဲ့သော ဇွဲသတ္တိ ရှိခဲ့ပေသည်။ ပါဝင် သရုပ်ဆောင်ရမည့် အခန်းများကိုလည်း တကယ် သဘာဝကျပြီး အပိုင်နိုင်ဆုံး ဖြစ်အောင် အထူး ကြိုးစား၍ သရုပ်ဆောင်လေ့ရှိသည်။ ထို့ကြောင့်ပင်လျှင် ဒါရိုက်တာ တိုင်းက မေသက်ဝင်းနှင့် အလုပ်လုပ်ရတာ စိတ်တိုင်းကျသည်ဟု ဆိုကြလေသည်။

ကုမ္ပဏီပိုင်ရှင်နှင့် ဇာတ်ကား ထုတ်လုပ်သူများကလည်း သူမပါဝင် သရုပ်ဆောင်သော ဇာတ်ကားတိုင်း လူကြိုက်များပြီး ဝင်ငွေကောင်းသောကြောင့် 'သရုပ်ဆောင်ခ ကြေးကြီး ပေးရပေမဲ့ ပေးရကျိုးနပ်သည်၊ မေသက်ဝင်း အိုက်တင် လုပ်တာ



တခန်းထဲနဲ့ ငွေပေးရတာ တန်သည်''ဟု သဘောကျစွာ ပြောဆိုလေ့ရှိကြပေသည်။

အချိန်ကာလ ၂-နှစ်အတွင်း မေသက်ဝင်းသည် ဇာတ်ကားပေါင်း အတော်များများ ရိုက်ကူးခဲ့ရလေရာ ရုပ်ရှင်နယ်မှ ကုမ္ပဏီပိုင်ရှင်၊ ထုတ်လုပ်သူ၊ ဒါရိုက်တာ ပေါင်းစုံနှင့်လည်း တွေ့ဆုံ သိကျွမ်းခဲ့ရပြီ ဖြစ်လေသည်။

သို့ရာတွင် သူမနှင့် အကြောင်း မတိုက်ဆိုင်သဖြင့် ဇာတ်ကားအတူ မရိုက်ဘူးသူ၊ မတွေ့ဘူးသေးသူ ဒါရိုက်တာတဦး ရှိနေလေသည်။

ထိုသူကား တက္ကသိုလ်ကထိက အလုပ်မှ ထွက်၍ ရုပ်ရှင်နယ်သို့ ဝင်ရောက်လာသော ဒါရိုက်တာ ဦးအောင်မြင့် ဆိုသူပင် ဖြစ်လေသည်။

ဦးအောင်မြင့် ဆိုသော်လည်း အသက်အားဖြင့် သုံးဆယ်ကျော်မျှသာ ရှိသေးသော, လူငယ် တဦးပင် ဖြစ်၏။ ရန်ကုန်တက္ကသိုလ် စိတ္တဗေဒ ဌာနတွင် ကထိက,အဖြစ် သင်ကြား ပို့ချနေစဉ်ကပင် ရုပ်ရှင် အနုပညာကို အလွန် ဝါသနာပါခဲ့ရာမှ ပထမဆုံး ရုပ်ရှင်ဇာတ်ညွှန်း တပုဒ် ရေးသားခဲ့သောအခါ ရုပ်ရှင်ကုမ္ပဏီတခုက လက်ခံ ဇာတ်ကား ရိုက်သ ဖြင့် စွံခဲ့ဘူးလေသည်။ သူ၏ ဇာတ်လမ်းမှာလည်း လူကောင်း တဦးက စိတ်ဖောက်ပြန်ကာ ရာဇဝတ်ဖြစ်မှုတော့ ကျူးလွန်တတ်ပုံကို အခြေခံလျက် စိတ္တဗေဒ ဆန်ဆန် ဇာတ်မျိုး ဖြစ်လေသည်။

သို့နှင့်ပင် နောက်ထပ် ဇာတ်ညွှန်းတပုဒ် ရေးသားကြည့်သောအခါလည်း ဦးအောင်မြင့်မှာ အောင် မြင် ခဲ့ ပြန် လေ သည်။ ဤတွင် ရုပ်ရှင်နယ်မှ မိတ်ဆွေများက ဦးအောင်မြင့်အား ကိုယ်

www.burmeseclassic.com

www.burmeseclassic.com

တိုင် ဇာတ်ညွှန်းရေးပြီး ကိုယ်တိုင် ဒါရိုက်တာ လုပ်ရိုက်စမ်းပါဟု စိုင်းတိုက်တွန်း ကြသည်တွင် စွန့်စွန့်စားစားနှင့် အလုပ်မှထွက်ပြီး ရုပ်ရှင်နယ်သို့ ခြေစုံပစ် ဝင်ခဲ့လေသည်။

အရွယ်အဆ အတွေးအခေါ် ကောင်းပြီး ဇာတ်ကား ရိုက်ရာတွင် သရုပ်ဖေါ် တင်ပြနည်းဟန်က တမျိုးထဘာသာ ထူးခြားဆန်းသစ် နေသောကြောင့်ဘဲလား မပြောတတ်၊ ဦးအောင်မြင့်သည် ရုပ်ရှင် ဒါရိုက်တာ အဖြစ် ချက်ချင်း အောင်မြင်ကာနာမည်ကြီးလာခဲ့ပေသည်။

သို့ရာတွင် သူသည် ငွေရေး ကြေးရေး များများ ရရှိရေးအတွက် လောဘမကြီး။ သူ့စိတ်တိုင်းကျ ဇာက်လမ်းနှင့် ဇာတ်ကောင်များရရှိမှသာ အများဆုံး တနှစ်လျှင် ဇာတ်ကားတကားလောက်သာ ရိုက်ကူးလေ့ ရှိပေသည်။

ဦးအောင်မြင့်မှာ အိမ်ထောင်မရှိ၊ လူပျိုကြီးဖြစ်လေရာ တကိုယ်တည်းသမား တယောက်အနေဖြင့် ငွေများများစားစားမလိုဘဲ တနှစ်တကား ရိုက်ကူး၍ရသော ဒါရိုက်တာခနှင့် ဝတ္ထုဇာတ်ညွှန်းခ, ငွေများက ယခင် တက္ကသိုလ် ဆရာအဖြစ်ရသည့် လစာငွေထက်ပင် ပိုနေသေးသဖြင့် သူ့တွက်ကိန်းနှင့်သူ အခြားဒါရိုက်တာများလို ဇာတ်ကားတွေ အများကြီး လက်ခံရိုက်ကူးခြင်းမပြုခြင်းမှာ မှန်ကန်နေသည်ဟု ဆိုရပေမည်။

ရုပ်ရှင်ကုမ္ပဏီတွေက လာငှားတိုင်း လက်မခံဘဲ ရိုက်ကူးရမည့် ဝတ္ထုဇာတ်ညွှန်းကို တောင်းယူဖတ်ကြည့်ပြီး ကြိုက်မှလက်ခံခြင်း၊ ဇာတ်လမ်းကိုသဘောကျသည့်တိုင်အောင် ပါဝင် သရုပ်ဆောင်မည့် ဇာတ်ကောင်အားလုံး (မင်းသမီး မင်းသားမှ နေ့စားဇာတ်ရံ ဆိုက်ပတ်များအထိ) သူ့စိတ်ကြိုက် ရွေးရမှသာ



ရိုက်ကူးတတ်ခြင်းတို့ကြောင့်လည်း ဇာတ်ကားအထွက် နည်းကာဒါရိုက်တာဦးအောင်မြင့်၏ လက်ရာဆို၍ တနှစ် တကားပင်နှုန်းမှန် ရုံတင်ပြနိုင်ခြင်းမရှိပေ။

မည်သို့ပင်ဖြစ်စေ ဦးအောင်မြင့်၏ ထူးချွန်သော ရုပ်ရှင်ပညာစွမ်း၊ ဆန်းသစ်သည့် သရုပ်ဖေါ်နည်းဟန်နှင့်ဇာတ်ကောင်များကို တမျိုးတဖုံကိုင်တွယ်၍ သင်ပြ သရုပ်ဆောင်ခိုင်းပုံတို့ကိုကား ရုပ်ရှင်လောကပညာသည်ပိုင်းက အထူး ချီးကျူးကြရပေသည်။ ဒါရိုက်တာဦးအောင်မြင့် ညွှန်ကြားရိုက်ကူးသည့် ဇာတ်ကားတိုင်းလိုလို ပရိသတ်ကလည်း လက်ခံအားပေး ကြည့်ရှုကြလေသည်။

ထိပ်တန်းမင်းသမီးတယောက်အဖြစ် ရုပ်ရှင်ကုမ္ပဏီ ပေါင်းစုံဒါရိုက်တာပေါင်းစုံနှင့် အကူတွဲ အလုပ်လုပ်ခဲ့သူ မေသက်ဝင်းသည် တကြိမ်တခါမျှ မဆုံဘူးသေးသည့် ဒါရိုက်တာ ဦးအောင်မြင့်နှင့် ဇာတ်ကားတကားလောက် ရိုက်ကူးချင်စိတ် ဖြစ်ပေါ်မိလေသည်။

ဦးအောင်မြင့်သည် ဒါရိုက်တာထဲတွင် အလွန်ဂျီးများသူဖြစ်ကြောင်းနှင့် ဝတ္ထုဇာတ်လမ်းနှင့် ကိုက်ညီ အံဝင်မည့် ဇာတ်ကောင်များကို သူ့စိတ်ကြိုက် ရွေးရမှသာ ရိုက်ကူး တတ်ကြောင်းကိုလည်း မေသက်ဝင်းက သတင်းကြားထားပြီး ဖြစ်ပေသည်။

ထို့ကြောင့် ဦးအောင်မြင့်လက်ခံရိုက်ကူးမည့် ဇာတ်ကားအကားမှ ခေါင်းဆောင်မင်းသမီးနေရာက မိမိနှင့် အံဝင်ကိုက်ညီမှသာလျှင် အလုပ်ဖြစ်ပြီး လူချင်းတွေ့ဆုံနိုင်မည်ဖြစ်ကြောင်းလည်းပါနားလည် သဘောပေါက်မိလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ပါဝင်သရုပ်ဆောင်သူများအား ညွှန်ကြား သင်ပြရာတွင် အခြားဒါရိုက်တာများနှင့် မတူဘဲ စိတ္တ ဗေဒ ပညာရှင် ပီပီ ခံ့ဆန်းဆန်း သင်ကြားပြသပြီးမှ ရိုက်ကူးတတ်သည်ဟု နာမည်ကြီးသော ဦးအောင်မြင့်နှင့် တပွဲတလမ်းတော့ ဆုံလိုက်ချင်စမ်းပါဘိဟု တောင့်တနေစဉ်မှာပင် မေသက်ဝင်း၏ ဆန္ဒပြည့်ဝစေမည့်အကြောင်းတရပ်က ဖန်တီး ဖြစ်ပေါ်လာလေသည်။

ဖြစ်ပေါ်လာပုံကတော့ သူ့ငွေးကိုမျိုးဇင်က သူ၏ဇင်ရုပ်ရှင်မှ အကယ်ဒမီရုပ်ရှင် ထူးချွန်ဆုကို ချိန်၍ ရိုက်ကူးမည့် "မေတ္တာမုန်တိုင်း"ဇာတ်ကားကို ဒါရိုက်တာ ဦးအောင်မြင့်က ရိုက်ကူးပေးရန် လက်ခံလိုက်ခြင်းမှ စ,တင်ခဲ့လေသည်။

ဝတ္ထုဇာတ်ညွှန်းကို ဦးအောင်မြင့်ရေးသားခြင်းမဟုတ်သော်လည်း ကုမ္ပဏီပိုင်ရှင် မျိုးဇင်က အလွန်သဘောကျ၍ရွေးချယ်ခဲ့သော စာရေးဆရာတဦး၏ ဝတ္ထုဇာတ်လမ်းကို ဦးအောင်မြင့်ကိုယ်တိုင် ကြိုက်နှစ်သက်သဖြင့် ဒါရိုက်တာအဖြစ် ရိုက်ကူးပေးရန် လက်ခံခဲ့ခြင်းဖြစ်လေသည်။

သို့ရာတွင် ခေါင်းဆောင်မင်းသမီးနေရာက အထူးအရေးကြီးသည်နှင့်အမျှ ဦးအောင်မြင့်ရိုက်ကူးသော မင်းသမီးများအနက် "မေတ္တာမုန်တိုင်း" ဇာတ်လမ်းနှင့် ကိုက်ညီမည့်သူမရှိဟု ဆိုကာ အကြံရခက်နေစဉ် မျိုးဇင်က မေသက်ဝင်းအား ဦးအောင်မြင့်ထံသို့ ခေါ်သွားလေသည်။

"ကိုင်း ဆရာဦးအောင်မြင့် မနေ့က ကျွန်တော်ပြောတဲ့ မင်းသမီးမေသက်ဝင်းဆိုတာ ဟောဒါပါဘဲ။ ဆရာနဲ့တော့ အကြောင်းမဆုံလို့ တခါမှ မတွေ့ဘူးသေးဘူး။ ဒါပေမဲ့ သူကလဲ အခုခေတ်မှာ နာမည်အကြီးဆုံး ထိပ်တန်းမင်းသမီးတလက်ပါဘဲ။ ကျွန်တော်တို့ ဇာတ်လမ်းနဲ့သင့်တော်မယ်ထင်ပါတယ်။ ဆရာလဲ ကြည့်ပါအုံး...."

မျိုးဇင်က မိတ်ဆက်ပေးလိုက်သောအခါ ဦးအောင်မြင့်သည် စကားမှပြန်မပြောသေးဘဲ မေသက်ဝင်းအား ခြေဆုံးခေါင်းဆုံး သေချာစွာ အကဲခတ်ကြည့်နေလေသည်။

တချိန်တည်းမှာပင် မေသက်ဝင်းကလည်း စိတ္တဗေဒ ဒါရိုက်တာဟု နာမည်ကြီးသူအား ပြန်၍ကြည့်မိလေသည်။

ဦးအောင်မြင့်ဆိုသူကား မျိုးဇင်နှင့် ဇော်ဟိန်းတို့လို ကိုယ်ခန္ဓာ တောင့်တောင့်တင်းတင်း ထွားထွားကြိုင်းကြိုင်းမဟုတ်ဘဲ စာပေသမား-စိတ်ကူးသမားပီပီ ခပ်ပိန်ပိန်ပါးပါးယောကျ်ားတယောက် ဖြစ်လေသည်။ နှာတံပေါ်ပေါ် မျက်လုံးပြူးပြူးနှင့် မျက်နှာကတော့ ကြည်လင်ချောမွေ့သူ ဖြစ်လေသည်။ အထူးခြားဆုံးကား သူ၏မျက်လုံးများပင် ဖြစ်သည်။ အိပ်ချိန်မှလွဲ၍ နိုးသည့်အချိန်များတွင် အမြဲတမ်း လေးနက်စွာ စိတ်ကူး တွေးတောနေတတ်သူမှန်း သိသာလောက်အောင်ပင် ဦးအောင်မြင့်၏ မျက်လုံးများက စူးရှတောက်ပြောင်လှပေသည်။

မေသက်ဝင်းအား မိနစ်အနည်းငယ်မျှ သေချာစွာ စူးစိုက်အကဲခတ်ကြည့်ပြီးနောက် ဦးအောင်မြင့်သည် ကျေနပ် သဘောကျဟန်ဖြင့် မျိုးဇင်ဘက်သို့ လှည့်၍ ခေါင်းညိတ်လိုက်လေသည်။

ဘိုတိုကတော့ ဇင်ရုပ်ရှင်၏ "မေတ္တာမုန်တိုင်း" ဇာတ်ကားတွင် ခေါင်းဆောင်မင်းသမီးအဖြစ် ပါဝင်သရုပ်ဆောင်ရန် မေသက်ဝင်းအား ရွေးချယ်လိုက်ပြီးနောက် ရက်သတ္တဘပတ်အတွင်း စ,တင် ရိုက်ကူးကြပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ဇာတ်လမ်းက ယခင်မေသက်ဝင်း ပါဝင်ရိုက်ကူးခဲ့ဘူးသည့် ဇာတ်လမ်းမျိုးမဟုတ်၊ ခန္ဓာကိုယ်အလှ ကန့်ငြား ဟောကြွားတိုမက်အောင် ညှို့ဖမ်းရသော အခန်းများ လုံးဝမပါ၊ ခပ်ယဉ်ယဉ်ကလေးနှင့် စိတ်ဖေါက်ပြန်သူ မိန်းကလေးတယောက်အသွင် သရုပ်ဆောင်ရလေရာ သူမ့အဖို့ အတွေ့အကြုံ အဆန်းဖြစ်နေလေသည်။ ဒါရိုက်တာဦးအောင်မြင့်၏ သင်ပြပုံနှင့် ခါတ်ပုံကင်မရာအယူအဆ, ရိုက်ကွင်းရိုက်ကွက် ရွေးချယ်တင်ပြပုံတို့ကလည်း တဘာသာဆန်းနေသဖြင့် မေသက်ဝင်းမှာ အထူးစိတ်ပါဝင်စားမိလေသည်။

ကားရိုက်ပြီး၍ ညဘက်အိမ်ပြန်ရောက်သောအခါ၌ပင် ဒါရိုက်တာ ဦးအောင်မြင့်အကြောင်း တွေးနေမိလေသည်။

ဦးအောင်မြင့်သည် သရုပ်ဆောင်မှု "အိုက်တင်" သင်ပြရာ၌ အသေးစိပ် ညွှန်ကြားတတ်သလို စကားပြောရာ၌လည်း အလွန်တိကျသူဖြစ်လေသည်။ လူတယောက်၏ စိတ်တွင်း၌ ဖြစ်ပေါ်ခံစားမှု၊ စိတ်လှုပ်ရှားမှု၊ ဖေါက်ပြန်မှုအကြောင်း သရုပ်ခွဲပြရာတွင် အထူးသဖြင့် ကျွမ်းကျင်နိုင်နင်းလှသည်။

ဤအရည်အချင်းများကြောင့်ပင်လျှင် မေသက်ဝင်းသည် ဒါရိုက်တာ ဦးအောင်မြင့်အပေါ် စွဲလန်းသလိုလိုနှင့် စိတ်ဝင်စားနေမိလေသည်။

မျိုးဇင်က သူ၏ဇာတ်ကားရိုက်နေစဉ်အတွင်း အခြားကုမ္ပဏီများမှ ဇာတ်ကားများအတွက် ရိုက်ရက်မပေးဘဲ သူ့ကားကိုသာ ဆက်တိုက် ရိုက်ပေးရန် အတင်းပြောသဖြင့် မေသက်ဝင်းလည်း လိုက်လျှောခဲ့ရရာ အချိန်တလခွဲသာသာအတွင်း "မေတ္တာမုန်တိုင်း" ဇာတ်ကားမှာ လုံးဝပြီးစီးသွားပါတော့သည်။



ဇာတ်ကားရုံတင်ပြသောအခါ ပရိသတ်က အထူးပင် နှစ်သက်သဘောကျ ကြသည့်ပြင် ရုပ်ရှင်သတင်း ရေးသူများကလည်း "ထူးခြားသော ဒါရိုက်တာနှင့် ထူးခြားသော မင်းသမီးတွဲမိသဖြင့် အထူးခြားဆုံး ဇာတ်ကားဖြစ်လာသည်"ဟု ချီးကျူးရေးသားကြလေသည်။

ထိုဇာတ်ကားတွင် မင်းသမီး မေသက်ဝင်းအား ခါတိုင်းလို ခန္ဓာကိုယ်အလှ "ရှိုး"ပြသူတယောက်မဟုတ်ဘဲ လေးနက် ခက်ခဲသော စိတ္တဗေဒဆန်ဆန် သရုပ်ဆောင်မှုများဖြင့် သူမ၏ အနုပညာ အစွမ်းကို ဖေါ်ထုတ်တင်ပြထားပုံက တကယ်ပင် ထူးခြားနေပေသည်။

နှစ်ကုန်၍ ရုပ်ရှင်ထူးချွန်ဆု အကယ်ဒမီပေးပွဲ ကျင်းပသောအခါ "မေတ္တာမုန်တိုင်း" ဇာတ်ကားသည် ထိုနှစ်အတွက် အကောင်းဆုံးရုပ်ရှင်ကားဆု၊ အကောင်းဆုံးဒါရိုက်တာဆုနှင့် အကောင်းဆုံး အမျိုးသမီးသရုပ်ဆောင် (မင်းသမီး) ဆု ပေါင်း တူးချွန်ဆု-သုံးဆုကိုတိ ရရှိခဲ့လေသည်။

ဇာတ်ကားထုတ်လုပ်သူ မျိုးဇင်မှာ သူ၏ရည်မှန်းချက်အောင်မြင်သွား၍ အထူးကျေနပ် ပီတိဖြစ်နေစဉ်မှာပင် သူ့အနေဖြင့် လုံးဝမမြော်လင့်သော သတင်းတရပ်ကြားလိုက်ရသဖြင့် မယုံကြည်နိုင်လောက်အောင် အံ့ဩနေမိလေသည်။

ကြားရသောသတင်းကတော့ မင်းသမီး မေသက်ဝင်းနှင့် ဒါရိုက်တာ ဦးအောင်မြင့်တို့ ထိမ်းမြားလက်ထပ်ကြတော့မည်ဟူသော သတင်းပင်ဖြစ်ပါလတည်း။

*        *        *



www.burmeseclassic.com

www.burmeseclassic.com

# ( ၃ )

မေသက်ဝင်းနှင့် ဒါရိုက်တာဦးအောင်မြင့်တို့ ထိမ်းမြား လက်ထပ်သည့် အခြေအနေအထိ ဖြစ်လာရပုံက လျှပ်တပြက် လျင်မြန်လှသဖြင့် ရုပ်ရှင်လောကတခုလုံးကပါ အထူးအံ့အား သင့်ခဲ့ကြရပေသည်။

ရုပ်ရှင် (အငယ်ဒမီ) ထူးချွန်ဆုပေးသည့် အခမ်းအနား တုန်က မေသက်ဝင်း၏ကားနှင့် ဒါရိုက်တာ ဦးအောင်မြင့်ပါ လာပြီး ညစာစားပွဲအပြီး ပြန်ကြသောအခါ နှစ်ယောက်အတူ တွဲပြန်ကြသည်ကို သတိပြုမိကြသော်လည်း မေသက်ဝင်းမှာ တွဲ ချင်သူနှင့်တွဲ၍ သွားလာတတ်သူဖြစ်ခြင်းကြောင့် မည်သို့မျှ ထူး ထူးထွေထွေ မထင်မိခဲ့ကြပေ။

အမှန်တော့လည်း သူတို့နှစ်ဦးညားကြပုံက လျင်မြန်လွန်း လှသည်ဟု ဆိုရပေမည်။ "မေတ္တာမှန်တိုင်း" ဇာတ်ကားအတူ ရိုက်ရင်း လုချင်းခင်မင်ရင်းနှီးကြပြီးနောက် မေသက်ဝင်းသည် ဦးအောင်မြင့်အပေါ် အထူးစိတ်ဝင်စားကြောင်း အမူအရာ အပြုအမူများဖြင့် သိသိသာသာပြခဲ့၏။ ဦးအောင်မြင့်အား ခဏ ခဏ ထမင်းစားဖိတ်ရုံမက ညဘက်အားလပ်သည့် ဦးအောင်မြင့် တယောက်တည်းနေသော တိုက်ခန်းသို့ သွားရောက်လည်ပတ် လေ့ရှိသည်။

"ဆရာဦးအောင်မြင့်က ဒီလိုဘဲ လူပျိုကြီး လုပ်နေတော့မှာ လား ရှင့်...."

စသဖြင့် အစိပ္ပာယ်ပါပါ စကားများကို သူမ ကပင် စတင် ပြောခဲ့လေသည်။

ညတညတွင် မေသက်ဝင်းသည် ဂျော်နီဝေါ်ကာ "ဘလက် လေဘယ်လ်"ခေါ် စက္ကူအနက်ပတ်ဝီစကီအရက်တလုံးနှင့်အဲကင် အသားကင် စသော စားစရာ အမြည်းတွေပါယူလာပြီး ဦးအောင် မြင့် တိုက်ခန်းသို့ လာလေသည်။

ထိုနောက် ဝီစကီအရက်ကို သူမ ကိုယ်တိုင် သောက်ရုံ မက ဦးအောင်မြင့်ကို အတင်းတိုက်လေသည်။ ဦးအောင်မြင့်က အား နာနာသောက်ရပြီး ခပ်မူးမူး ဖြစ်နေချိန်တွင် မေသက်ဝင်းသည် "အိုက်လိုက်တာနော်"ဟု ညည်းရင်း အပေါ်အင်္ကျီကို ချွတ်လိုက် သည်။

ဝတ်သားသော ဇာဘော်လီက ရှေ့တည့်တည့်မှ ရင်ကွဲ 'ဇစ်' ကြိုးတပ်ထားလေရာ အရက် သောက်ရင်း ပူအိုက်သေးသည်ဟု အကြောင်းပြ၍ ဘော်လီဇစ်ကြိုးကို တဝက်ခန့် လျှော့ချ ထား လိုက်ပြန်သည်။

အရက်ခပ်မူးမူးနှင့် ဦးအောင်မြင့်သည် တဝက်နီးပါး ပေါ် ထွက်နေသော မေသက်ဝင်း၏ လုပဖြည့်ဖြိုးသည့် ရင်သားအစုံကို ငေးစိုက်ကြည့်နေမိခိုက်....

www.burmeseclassic.com

"ဆရာကလဲနော်....အာသဝေါ ကုန်တဲ့ အရိယာပုဂ္ဂိုလ် ကျ နေတာဘဲ...."

ဟု ပြောပြောဆိုဆို မေသက်ဝင်းသည် ရုတ်တရက် ထိုင်ရာမှ ထကာ အတင်းပွေ့ဖက်လျက် နှုတ်ခမ်းချင်း တေ့စုတ်ကာ ခပ်ကြမ်းကြမ်း နမ်းရှုပ်လိုက်လေသည်။

ထိုအချိန်၌ သူမ၏ဇာဘော်လီဇစ်ကြိုးက အောက်ဆုံးရောက်ပြီး ရင်ပတ်တခုလုံး ဟာလာဟင်း ပွင့်နေရုံမက ထိုင်ရာမှထလိုက်စဉ် ခပ်လျော့လျော့ ဆီးထားသည့် ခါးကထမီပါ ကြမ်းပြင်ပေါ်သို့ ကျွက်ကျသွားပြီ ဖြစ်လေသည်။

နောက်တော့ သူတို့ နှစ်ယောက်လုံး သွေးသားတွေ ဆူကြွ ဆောင်းကျန်းကာ လွန်လွန်ကျူးကျူး ဖြစ်သွားကြ လေတော့သည်။

မေသက်ဝင်းအနေဖြင့် အံ့ဩဘွယ်ရာ ကြုံရပုံကား "ကိစ္စ" ပြီးပြီးချင်း ဦးအောင်မြင့်က သူမအား လက်ထပ် ယူပါရစေဟု အဆိုပြုလိုက်ခြင်းပင် ဖြစ်လေသည်။

ပထမတော့ မယုံသလိုရှိသော်လည်း ဦးအောင်မြင့်၏မျက်နှာ အမူအရာက တကယ်ပင် လေးနက်တည်ကြည်နေသဖြင့် မေသက် ဝင်းလည်း ခေတ္တမျှ စဉ်းစားပြီးနောက်....

"ဟုတ်ကဲ့....ဆရာကဒီလိုလက်ထပ်ယူမယ်ဆိုတော့ သက်အနေနဲ့ ဘာမှ ငြင်းစရာမရှိပါဘူး...."

ဟု သဘောတူ လက်ခံလိုက်ခဲ့ခြင်း ဖြစ်လေသည်။

သူတို့နှစ်ဦး လက်ထပ်မင်္ဂလာပွဲကို ကမ်းနားလမ်း စထရင်းဟိုတယ်၌ ပြုလုပ်ရာ ရန်ကုန်မြို့တွင် အကြီးကျယ်ဆုံး၊ အစည်ကားဆုံး မင်္ဂလာပွဲကြီးတခုပင် ဖြစ်ခဲ့လေသည်။

လက်ခံရရှိသည့် မင်္ဂလာလက်ဆောင်ပစ္စည်းများ၏ တန်ဘိုးကို တွက်ကြည့်မည်ဆိုလျှင် ငါးသောင်းဘိုးထက် မနည်းဟု ခန့်မှန်းရပေသည်။

မင်္ဂလာပွဲထိုင်၌ ဧည့်သည်များ ပြန်ကုန်ပြီး လူရင်းအချို့သာ ကျန်နေစဉ် ရုပ်ရှင်ထုတ်လုပ်သူ ဦးဘအေးကြီးက....

"ဒို့တော့ အနောက်တိုင်းထုံးစံအတိုင်း မင်္ဂလာ သတို့သမီးကို တချက်တော့ နမ်းရမှာဘဲ...."

ဟု ရယ်သလိုမောသလိုပြောရင်းမေသက်ဝင်းအားအချောင် နမ်းခဲ့ပါသေးသည်။

ဇင် ရုပ်ရှင်ပိုင်ရှင် သူဌေး ကိုမျိုးဇင်ကတော့ ငွေတသောင်းတန် ချက်လက်မှတ်တစောင်ကို မင်္ဂလာ လက်ဖွဲ့ပစ္စည်းအဖြစ်ပေးခဲ့လေသည်။

× × ×

ဝတ္ထု ပုံပြင်များထဲမှာဆိုလျှင် သူတို့နှစ်ဦး အသက်ထက်ဆုံး ပျော်ရွှင်စွာ ပေါင်းသင်း ကြလေသတည်း"ဟု အဆုံးသတ်လိုက်ရန်ရှိသော်လည်း မေသက်ဝင်း၏ တကဲ့ဘဝ ဇာတ်လမ်းမှာကား ဤသို့ ထုံးစံအတိုင်း အဆုံးမသတ်နိုင်အောင် ဖြစ်လာလေသည်။

လက်ထပ်ပြီး တလမျှ အကြာတွင် ခင်ပွန်းသည် ဦးအောင်မြင့်နှင့် ပတ်သက်၍ စိတ်အနှောင့်အယှက် ဖြစ်စရာ ကြုံတွေ့ လာရလေသည်။

လင်နှင့်မယား သဘာဝအတိုင်း ညအိပ်ရာဝင်ချိန် ခြင်ထောင်ထဲ၌ ဆက်ဆံကြရာတွင် ဦးအောင်မြင့်သည် သာမန် ယောကျ်ား

www.burmeseclassic.com

များလို မိန်းမ အလို ဆန္ဒ ပြည့်ဝအောင် မစွမ်းဆောင်နိုင်သော လူတယောက် ဖြစ်နေလေသည်။

မေသက်ဝင်းကား မိန်းမဆိုတာ အရှက်အကြောက် ကြီးရမည် ဟူသော ရှေးအယူအဆကို လက်မခံ၊ တော်လှန်လိုသည့် မိန်းမတဦး ဖြစ်သည့် အားလျော်စွာ ရဲတင်း ပွင့်လင်းစွာ ပြုမူ ဆက်ဆံတတ်လေသည်။ လင်မယား ဘဝတွင် အရှက်ကုန်သည် ဟူသော မြန်မာစကားကိုတော့ သဘောကျ လက်ခံသူ ဖြစ်၏။

အိပ်ရာဝင်ချိန် တဦးနှင့် တဦး ပွေ့ဖက် နမ်းရှုပ် ကိုင်တွယ် ပွတ်သတ် ကလိခြင်းဖြင့် မီးကုန် ယမ်းကုန် "ချစ်" ရန် ကြိုတင် ပြင်ဆင်ကြပြီးနောက် အလွန် စိတ်တက်ကြွ ဖေါက်ပြန်လာ၍ တကယ်တမ်း "ချစ်" ကြရမည့် အချိန်တွင် ဦးအောင်မြင့်မှာ ယောကျ်ား မဟုတ်သလိုဘာမှ မတတ်နိုင်ဘဲ ဖြစ်နေလေသည်။

ဤတွင် သူမ အနေဖြင့် ဘယ်လိုမှ ထိန်းမရအောင် ဖို-မ စိတ်ပြင်းထန်နေကာ....

"ကြိုးစားလိုက်ပါအုံး မောင်ရယ်...."

ဟု အားမလိုအားမရပြောရင်း ဦးအောင်မြင့်အား အတင်း ဖက် နမ်းရှုပ် ခြင်းဖြင့် "နှိုးဆွ" ကြည့်ပါ သေး၏။ သို့သော် ဦးအောင်မြင့်၏ ခန္ဓာကိုယ်က "မနိုး" ဘဲ ဖြစ်နေလေသည်။

လိင်ကိစ္စနှင့် ပတ်သက်၍ ဖို-မ ဆက်ဆံရေးတွင် ယောကျ်ားတွေ အာသာပြေသလို မိန်းမအဖို့လည်း ကျေနပ်အားရအောင် ရာဂစိတ် ပြေငြိမ်းသည့် အဆင့်ရောက်မှသာ ပြည့်စုံသည်၊ အလို ဆန္ဒပြည့်ဝသည်အထိ ခံစားနိုင်ခွင့်ရှိသည်ဟု ယုံကြည်ထားသူ ဖြစ်၍ မေသက်ဝင်းမှာ ယခုတော့ စိတ်ထဲ အကြီးအကျယ် အနှောက်အယှက် ဖြစ်နေရပါတော့သည်။

စသရင်းဟိုတယ် မင်္ဂလာဆောင်ဒ်ပွဲတုန်းက လူငယ်တသိုက်က....

"ဟေ့....ဆရာ ဦးအောင်မြင့်က ဂန္ဒုးကြီးဘဲကွ၊ ဘယ်လို ထုပ် မိန်းမယူမှာလဲ...."

ဟု မကြားတကြား ပြောသည်ကို ခပ်လှမ်းလှမ်းမှ မေသက်ဝင်းက အမှတ်မဲ့ ကြားခဲ့မိသည်ကို ယခုမှ ပြန်သတိရ မိလေသည်။

ဦးအောင်မြင့်သည် ကောင်လေးတွေ ပြောသလို ရာနှုန်းပြည့် ယောကျ်ားမဟုတ်သူ "မိန်းမရှာ" တဦး ဖြစ်နေသလော။

မည်သို့ပင် ဖြစ်စေ၊ လက်တွေ့ အားဖြင့် ဦးအောင်မြင့်၏ "ယောကျ်ား မပီသ" မှုကြောင့် မိမိအဖို့ စိတ်ညစ် နေရသည်မှာ အမှန်ပင်ဖြစ်နေပေပြီ။

× × ×

တညသ၌ ဦးအောင်မြင့်သည် ဇနီး မေသက်ဝင်းအား အလို ဆန္ဒ ပြည့်ဝအောင် "ချစ်" ရန် ကြိုးစား ကြည့်သော်လည်း မအောင်မြင်သဖြင့် စိတ်ပျက်ပျက်နှင့် အိမ်ထဲမှ လမ်းမပေါ်သို့ လမ်းလျှောက်ထွက်ခဲ့လေသည်။

သူ့ကိုယ်သူ ပြန်ဆန်း စစ်ကြည့်သော အခါ၌မူ စိတ္တဗေဒ ပညာရှင်ပီပီ အမှန်အတိုင်း သရုပ်ခွဲ မကြည့်ဘဲ "ငါဟာ ယောကျ်ားအစစ် တယောက်ပါ"ဟု သူ့ကိုယ်သူ အားပေးလို စိတ် ဖြစ်မိလေသည်။

သို့သော် ငယ်စဉ်က မိခင်မုဆိုးမကြီးက သူ့အား ယောကျ်ား အလေးလိုမထား၊ မိန်းကလေး တယောက် သဖွယ် ထားခဲ့ခြင်း ဖြင့် ကြီးပြင်းလာခဲ့ရပုံများကိုတော့ ပြန်သတိရမိလေသည်။

www.burmeseclassic.com

လမ်းလျှောက် ထွက်လာရင်း သစ်ပင် တပင်၏ မှောင်ရိပ်နားရောက်သောအခါ လမ်းသရဲလိုလို လူငယ်တဦးနှင့် ဆုံမိလေသည်။

"မီးချစ် ရှိရဲ့လားဗျ...."

သူငယ်က လှမ်းပြောလိုက်ရာ ဦးအောင်မြင့်မှာ ဓာတ်မီးချစ်အဆင်သင့်ပါသဖြင့် ထုတ်ပေးလိုက်လေသည်။

လမ်းသရဲ သူငယ်သည် စီးကရက် တလိပ်ကို မီးညှိရင်း ဦးအောင်မြင့်၏ မျက်နှာကို မီးရောင်တွင် သေချာစွာ ကြည့်ရင်း...

"ဟဲ....ဟဲ....ဘယ်သွားမလို့လဲ ဂန်ဒူးကြီး...."

ဟု ပြောလိုက်ရာ ဦးအောင်မြင့်တွင် ဒေါသ ထွက်သွားလျက်....

"ဟေ့ သူငယ်....မင်း ဘာစကားပြောတာလဲ...."

ဟု ပြန်ဟောက်လိုက်သည်။

သို့သော် သူ၏ အသံက ယောကျ်ားပီပီ မာကျော ခက်ထန်ခြင်းမရှိကြောင်း သူ့ကိုယ်သူ သိလိုက်၏။

သူငယ်သည် ဦးအောင်မြင့် ဝတ်ထားသော ဟာဝေယံပိုးရှပ်အင်္ကျီအိတ်ထဲမှ ပိုက်ဆံ ထည့်သည့် သားရေအိတ်ကိုရင်း၊ လက်မှ အိုမီဂါ လက်ပတ် နာရီကိုရင်း၊ သတိပြု ကြည့်လိုက် ပြီးနောက် ဟန်မပျက် စကားဆက်ပြန်လေသည်။

"ဘာလဲဗျ....ခင်ဗျား ဂန်ဒူးမို့ ဂန်ဒူးလို့ ပြောတာပေါ့။ အခုလဲ ခင်ဗျား လင်ရှာထွက်လာတာမဟုတ်လား...."

ပြောပြောဆိုဆို ဦးအောင်မြင့်၏တင်ပါးကို လှမ်းပုတ်လိုက်ရာ ရုတ်တရက် ရှောင်ရှန်းလိုက်သော်လည်း သူငယ်က သူ့နားသို့ ထက်ချပ်ကပ်လိုက်လာသည်။



လူပြတ်သော လမ်းဖြစ်သည့်ပြင် ည မိုးချုပ်နေပြီ ဖြစ်၍ ဦးအောင်မြင့်အား ဝင်ကူမည့်လူကို မြှော်လင့်ရန် ခဲယဉ်းနေပေသည်။

လမ်းသူရဲက ဗလကောင်းကောင်း သန်မာတောင့်တင်းသူဖြစ်၍ ဦးအောင်မြင့်အနေနှင့် ထိုးကြိတ် သတ်ပုတ်မည် ဆိုလျှင်လည်း နိုင်မည်မဟုတ်ချေ။

"ဂန်ဒူးဆိုတာ လင်ရှာချင်ရင် ငွေကုန်ခံရတယ်ဒါလင်ရဲ့...."

သူငယ်သည် ပြုံးဖြီးဖြီးနှင့်ပြောရင်း ဦးအောင်မြင့်၏ ပခုံးကို လှမ်းဖက်လိုက်ပြန်၏။

"ဟေ့ ... ဘာလုပ်တာလဲ...."

ဟု ကန့်ကွက်ရင်း အတင်းရုန်းထွက်ရန် ကြိုးစားသောအခါ လမ်းသူရဲသူငယ်က ဦးအောင်မြင့်၏ လည်ပင်းဆီသို့ လက်ဝါးစောင်းဖြင့် တအားခုတ်ရိုက်လိုက်ရာ ထိုင်ရက်သားလဲကျသွားပါတော့သည်။

ထိုနောက် သူငယ်သည် ဦးအောင်မြင့်အား ဆက်ကာဆက်ကာ လက်ဝါးစောင်းဖြင့်ရိုက်၊ လက်သီးဖြင့်လည်းထိုးလေသည်။ စိတ်က ပြန်လည်ခုခံလိုသော်လည်း သူ၏ ခန္ဓာကိုယ်က မစွမ်းဘဲဖြစ်နေလေသည်။

ပါးစပ်မှ သွေးများ ယိုစီးကျလာချိန်တွင် ဦးအောင်မြင့်မှာ သတိရတချက်၊ မရတချက်ပင် ဖြစ်နေလေသည်။

သူလုံးလုံးသတိမေ့မြောမသွားမီ သိလိုက်ကတော့ သူ့အား မြက်ခင်းပေါ်တွင် မှောက်ရက်ထားပြီး လမ်းသူရဲ သူငယ်က ဦးအောင်မြင့်လုံချည်ကို အတင်းဆွဲလှန်နေခြင်းပင် ဖြစ်ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

"ငါ့ကို မရိုက်ပါနဲ့တော့ကွယ်...."

ဟု လည်း သူ၏ပါးစပ်က လေသံပျော့နှင့် အရှုံးပေးပြောဆိုခဲ့သည်ကိုလည်း သတိရလိုက်မိသည်။

နောက်တနာရီခန့်ကြာမှ ပြန်လည် သတိရလာသောအခါ သူ၏ခါးတွင် လုံချည်မရှိရုံမက ရှပ်အင်္ကျီအိတ်ထဲမှ ပိုက်ဆံအိတ်နှင့် လက်တွင်ပတ်ထားသော အိုမီဂါ လက်ပတ်နာရီတို့ပါ မရှိတော့ကြောင်း သိရလေသည်။

ပစ္စည်းဆုံးရှုံးခြင်းထက် မိမိခန္ဓာကိုယ်၏ အဖြစ်ကို ပြန်တွေးပြီး အကြီးအကျယ် စိတ်ပျက်မိလေသည်။

ဦးအောင်မြင့်ကား သူ့ကိုယ်သူ မိန်းမရှာ မဟုတ်ပါဘူးဟု မည်သို့ပင်လှည့်စားစေခဲ့စေကာမူ ယခုတော့ သူ၏ခန္ဓာကိုယ်သွေးသားတို့က ဇာတိရုပ်အမှန်ကို လက်တွေ့ဖေါ်ပြ သွားခဲ့ပြီမဟုတ်ပါလော။

နောက်တနေ့နံနက် မေသက်ဝင်း အိပ်ရာမှ နိုးသောအခါ ဦးအောင်မြင့်သည် ရေချိုးခန်းထဲ၌လည်ပင်းကို မုတ်ဆိတ်ရိပ်ဒါးဖြင့် သွေးကြောပြတ်အောင်လှီးဖြတ်ကာ သူ့ကိုယ်သူအဆုံးစီရင်၍ သွေးရဲရဲဖြင့် သေဆုံးနေကြောင်း တွေ့ရပါတော့သတည်း။

* * *



## (၄)

မေသက်ဝင်းမှာ ငယ်ငယ်ရွယ်ရွယ်နှင့်ဒုတိယအကြိမ် မုဆိုးမဖြစ်ရပြန်ပေပြီ။

ပို၍ဆိုးသည်ကား ဦးအောင်မြင့် သူ့ကိုယ်သူ အဆုံးစီရင်သွားချိန်မှာ သူတို့နှစ်ဦး ထိမ်းမြားလက်ထပ်၍ အချိန်ကာလ ၂-လနှင့် ၁၀ ရက်တိတိသာ ရှိသေးခြင်းဖြစ်လေသည်။

အကြောင်းမသိသူများကတော့....

"သနားပါတယ်နော်၊ သူ့ခမြာ သုံးလပြည့်အောင်တောင် ပေါင်းလိုက်ရရှာဘူး...."

ဟု ကရုဏာသက်ဟန်ဖြင့် ပြောသူပြောကြလေသည်။

အချို့ကလည်း ဦးအောင်မြင့်၏ ရုပ်ကလာပ်ကို သင်္ဂြိုဟ်စဉ် မေသက်ဝင်းက မျက်နှာညှိုးရုံညှိုးပြီး မျက်ရည်လုံးဝမကျသည်ကို....

"အင်မတန် ဟန်အမူအရာကောင်းတဲ့ မင်းသမီးမို့ သူ့ခမြာ စိတ်တင်းထားတယ်နဲ့ တူပါတယ်။ အိမ်ကျမှ သူ့တယောက်ထဲ အားရပါးရ ပစ်ငိုမှာပါ...."

www.burmeseclassic.com

www.burmeseclassic.com

ဟု ချီးကျူးပြောဆိုကြပါသေးသည်။

စင်စစ် မေသက်ဝင်းသည် ဟန်ဆောင်နေခြင်းမဟုတ်၊ မျက်ရည်ကျလောက်အောင် စိတ်ထိခိုက် ဝမ်းနည်းခြင်းမဖြစ်၍သာ မငိုခြင်းဖြစ်လေသည်။

ဦးအောင်မြင့် ဘာကြောင့် သူ့ကိုယ်သူ သတ်သေသွားရသည်ကိုလည်း သူမ အနေဖြင့် အကြောင်းမှန်ကို မသိချေ။ သူ၏ ယောကျ်ားမပီသသောဘဝကို စိတ်ပျက်၍ အဆုံးစီရင်သွားခြင်း ဖြစ်ရမည်ဟုသာ ယေဘုယျအားဖြင့် ယူဆလိုက်ရပေသည်။

ရေချိုးခန်းထဲ မသတ်သေမီညက သူမက အတင်းအဓမ္မ ဖက်လှဲတကင်း "ချစ်"ခိုင်းခဲ့စဉ် ဦးအောင်မြင့်သည် မစွမ်းဆောင်နိုင်၍ ရှက်သွားဟန်ဖြင့် အိမ်မှ ထွက်သွားခဲ့ကြောင်းကိုပါ ဆက်စပ်တွေးရင်း အထက်ပါအတိုင်း ယူဆမိခြင်းဖြစ်လေသည်။

ရုပ်ရှင်လောက မိတ်ဆွေများအပြင် ရန်ကုန်တက္ကသိုလ် ရပ်ကွက်မှ ဦးအောင်မြင့်၏ အပေါင်းအသင်းဟောင်းများက လာရောက်အားပေးစကားပြောကြားကြပုံမှာ လင်သေ၍ ပရိဒေဝမီးတောက်လောင်နေသူ သာမန်မုဆိုးမကလေးတယောက်အဖို့ဆိုလျှင် အားတက်စရာပင်ဖြစ်ပါ၏။ သို့သော် မေသက်ဝင်း အနေနှင့်မူကား အားတက်ခြင်းမရှိလှဘဲ စိတ်ထဲမည်သို့မျှ လှုပ်ရှားခံစားခြင်းမရှိသလို ဖြစ်နေပေသည်။

အသဲနှလုံးမရှိသော မိန်းမတယောက်ဟု ဆိုချင်ဆို၊ ဦးအောင်မြင့် သေဆုံးသွားသည့်အတွက် အထူးစ လည် ဝမ်းနည်းကြေကွဲခြင်းမဖြစ်မိသလို ဘဏ်တွင် ဦးအောင်မြင့်နာမည်နှင့် ထားရှိသော ငွေသုံးသောင်းခန့်ကို မိမိတယောက်တည်း ရရှိတော့မည်



...ဝတ်လုံဦးသိန်းမောင်က ပြောပြတော့လည်း ဝမ်းမြောက်...သာမဖြစ်မိပါချေ။

...မေသက်ဝင်းလို နာမည်ကြီး ထိပ်တန်း ရုပ်ရှင်မင်းသမီးတ...က်အနေနှင့် မြန်မာနိုင်ငံတွင် ဝင်ငွေအကောင်းဆုံး လူတ...က်ဖြစ်နေပေရာ သုံးသောင်းမျှသောငွေမှာ တနှစ် တနှစ်... အမြတ်တော်ခွန် ပေးဆောင်ရသလောက်ပင် မရှိသည်...တ်ပါလော။

...ဦးအောင်မြင့် ရုတ်တရက် သူ့ကိုယ်သူ သတ်သေသွားသည့်...တ် မေသက်ဝင်းအဖို့ ကြီးကြီးကျယ်ကျယ် စိတ်ထိခိုက်...နည်းခြင်းမရှိသလို "ဒီလူသေတာဘဲ ကောင်းပါတယ်"ဟု...၍ ဝမ်းသာနေသူတဦးကတော့ မေသက်ဝင်းနှင့် အတူနေ...ာ ကျောင်းသရာမ "ယောကျ်ားရှာ" ရင်ရင်ပင် ဖြစ်လေ...ည်။

...ရင်ရင်သည် မေသက်ဝင်းအား အလွန်ချစ်ရှိမကာ ယောကျ်ား...းနှင့် တွဲခြင်းကိုပင် မနာလို မရှုစိမ့်သူဖြစ်၏။ ဦးဘအေး...နီနှင့် တခါက မေသက်ဝင်း ပြောင်ကျကျ "နှစ်ပါးသွား...င်းမျိုးကိုလည်း လုံးဝ သဘောမကျ၊ မပြောဝံ့၍သာ နေခဲ့ရ...င်း ဖြစ်ပေသည်။

...သို့သော် မေသက်ဝင်းက ခန္ဓာကိုယ် သွေးသားဆောင်...န်းမှုကို အာသာပြေရုံ တခါတရံ ယောကျ်ားနှင့်အတူ "အိပ်...င်းလောက်တော့ ကိစ္စမရှိ။ အပိုင်သဘော လင်ယူတာသာ...တာ့ တော်သေးသည်ဟု သူ့စိတ်ကိုသူ ဖြေခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com

ဒါရိုက်တာ ဦးအောင်မြင့်နှင့် အတည်လက်ထပ်ယူတော့မည်ဟု စတင်ကြားသိရသည့်နေ့ကဆိုလျှင် ရင်ရင်သည် ညစာ ထမင်းစားမဝင်လောက်အောင်ပင် စိတ်ညစ်ခဲ့ရပေသည်။

မေသက်ဝင်ကား သူလုပ်ချင်တာရှိလျှင် မည်သူမျှ တားရှ မရ။ ဇွတ်လုပ်တတ်ပြီး အလွန်ခေါင်းမာသူတယောက် ဖြစ ကြောင်းလည်း ရင်ရင်က သိထားပြီးဖြစ်လေရာ ဦးအောင်မြင့် နှင့် လက်ထပ်ရေးကိစ္စတွင်လည်း မည်သို့မျှ မတတ်နိုင်ဘဲ လက ပိုက်ကြည့်နေခဲ့ရသည်။

ယခု ဦးအောင်မြင့်က သူ့ကိုယ်သူ အဆုံးစီရင်သွားသော အခါ၌မူ "ဒီလူကြီးက သူ့ဟာသူ စာရင်းရှင်းသွားတာဘဲ" ဟု သဘောထားကာ ကျေနပ်ဝမ်းမြောက်ခြင်း ဖြစ်မိလေသည်။

မေသက်ဝင်း နောက်ထပ် ယောကျ်ားမယူပါစေနဲ့ ဟူ၍ကာ ရင်ရင်အနေနှင့် အထူးပင် ဆုတောင်းနေမိလေသည်။

ယင်းသို့ ဆုတောင်းနေရသော်လည်း ဦးအောင်မြင့်မရှိသည် နောက်ပိုင်း မေသက်ဝင်းက မည်သို့ ခြေလှမ်းလှမ်းဦးမည် မမြော်လင့်ဘဲ ရုတ်တရက် ဘာများလုပ်လိုက်မည်နည်းဟု ကြို တင်ခန့်မှန်းနိုင်ရန် ခဲယဉ်းလှပေ၏။

မေသက်ဝင်းလို မိန်းမမျိုး၊ သူလိုမင်းသမီးမျိုး လူ့လော တွင် မရှိသလောက်ရှားသည် မဟုတ်ပါလော။

× × ×

ရိုက်လက်စ ရုပ်ရှင်ဇာတ်ကားတွေ အတော်များများရှိသော် လည်း ဇာတ်ကားထုတ်လုပ်သူများ၊ ဒါရိုက်တာများကအလို သိစွာနှင့်ပင် ဦးအောင်မြင့် ကွယ်လွန်ပြီး တလခန့် ကားရိုက် ရက်ချိန်းမတောင်းဘဲ နေကြလေသည်။

အချိန်ကာလ တလကျော်ကျော်ရှိသွားမှပင် သူတို့ရုပ်ရှင် ကုမ္ပဏီအချင်းချင်း ညှိနှိုင်း၍ မေသက်ဝင်းအား ကားပြန်ရိုက် ရန် စီစဉ်ကြလေသည်။

ကာယကံရှင်ဖြစ်သူ မေသက်ဝင်းအဖို့မှာကား လင်သေ သောမုဆိုးမ အဖြစ် တလလောက်မျှ အနားမယူလျှင် မကောင်း ထင်၍သာ အိမ်ထဲကုပ်နေရသော်လည်း ရိုက်စရာရှိသော ဇာတ် ကားတွေကို ဆက်တိုက်ရိုက်ပေးချင်လှပေသည်။ သူမ အနေနှင့် အလုပ်လုပ်နေရလျှင် အလုပ်ထဲစိတ်ဝင်စားလျက် ထွေရာလေး ပါး တွေးတောချိန်မရဘဲ စိတ်သက်သာရာရမည်ဟု ယူဆလေ သည်။

ထို့ကြောင့်ပင်လျှင် တလကျော်သွား၍ ရုပ်ရှင်ကုမ္ပဏီများက ကားရိုက်ရန် ရက်ချိန်းလာတောင်းသောအခါ မေသက်ဝင်းက သိုက်လိုက် လျှောလျှောပင် ရိုက်လက်စ, ကားများကိုရိုက်ကူး ပေးရန်သဘောတူခဲ့ပေသည်။

နောက်ပိုင်းတွင်ကား ယခင်ကနည်းတူ နေ့စဉ် ရက်ဆက် အားရအောင် ဇာတ်ထုပ်တွေအဆက်မပြတ် ရိုက်ကူးနေလိုက် ပါတော့သည်။

ကြိုတင်ခန့်မှန်းမိခဲ့သည့်အတိုင်း ရုပ်ရှင်ရိုက်နေချိန်များ၌ မိမိ ပါဝင်သရုပ်ဆောင်ရသည့်ဇာတ်ကောင်အသွင် ဘာဘာဝအကျ ဆုံးဖြစ်အောင် စိတ်ကိုစူးစိုက်ထားရသဖြင့် လက်ငင်း 'အိုက်တင် လုပ်နေရသောအလုပ်မှတပါး အခြား ဘာကိုမျှ' မစဉ်းစားနိုင် တော့ဘဲ တကယ်ပင်စိတ်သက်သာရာရခဲ့ပေသည်။

www.burmeseclassic.com

စိတ်သက်သာရာ ရသည်ဟုဆိုရာ၌ လင်သေ၍ ပရိဒေဝမီး တောက်လောင်ခြင်းတည်းဟူသော ပူပင်သောက ရောက်ခြင်းမှ သက်သာမှုကိုမဆိုလိုပေ။ ငယ်စဉ်တောင်ကျေး ကလေးအရွယ်မှ စ၍ ကြေကွဲဖွယ်၊ ရင်နာဖွယ်၊စိတ်မကျေနပ်ဖွယ် ကောင်းလှသော သူမ၏ ဘဝဖြစ်စဉ်အကြောင်း မီးခိုးကြွက်လျှောက် ပြန်လည် တွေးတောမိတတ်ခြင်းမှ သက်သာရာ ရခြင်းကို ဆိုလိုပေသည်။

ငွေရေး ကြေးရေး အနေနှင့်ကား သူဌေးသား မျိုးဇင်နှင့် စ,တင်တွေ့ခဲ့သည့်နောက်ပိုင်း လုံးဝပြဿနာမရှိ။ငွေတွေ လိုသည် ထက်ပိုနေကာ စိတ်တိုင်းကျ ဝတ်နိုင်,စားနိုင်,နေနိုင်ခဲ့ပေသည်။ ယခုလိုထိပ်တန်းမင်းသမီးဘဝ သို့ရောက်နေချိန်တွင်ဆိုလျှင် ငွေကို သောင်းချီ၍ပုံပေးချင်နေသူ ရုပ်ရှင်ကုမ္ပဏီတွေတန်းစီ၍ပင် နေ ချေသည်မဟုတ်ပါလော။

မေသက်ဝင်းအတွက် ပြဿနာကား စိတ်ထဲရောင့်ရဲကျေနပ်မှု၊ သူများတွေလို 'ငါတော့ပျော်လိုက်တာ'ဟု ဆိုရလောက်အောင် စိတ်ပျော်ရွှင်မှုဘယ်တုန်းကမျှ ရာနှုန်းပြည့် မရရှိခဲ့ဘူးခြင်းပင် ဖြစ်လေသည်။

အကောင်းဆုံး, အဆန်းဆုံး အဝတ်အစားတွေ ဝတ်ဆင်ပြီး ကြော့နေအောင်အလှပြင်၍ ကိုယ်ပိုင်မော်တော်ကားတစီးစီးနှင့် သွားလာနေသူ မေသက်ဝင်းအား ကြည့်ကာ အားကျသူ မိန်းကလေးပေါင်းအမြောက်အမြားရှိလိမ့်မည်ဟုလည်း သူမကသိ ပါ၏။ 'မေသက်ဝင်းလိုဘဝမျိုး ခဏလောက်နေလိုက်ရရင် သေ ပျော်ပါပြီ'ဟု တောင့်တမိသူမိန်းကလေးများပင် ရှိပါလိမ့်မည်။ သို့ရာတွင် ထိုမိန်းကလေးအားလုံးသည်ကာကကံရှင်မေသက်ဝင်း အနေဖြင့် လူ့လောကတွင် နေရတာမပြည့်စုံသလို၊ တခုခုလို နေသလို ကျေနပ်ရောင့်ရဲမှုမရှိဘဲ စိတ်ဆင်းရဲခြင်းခံစားနေရသည် ကိုကား မည်သည့်နည်းနှင့်မျှသဘောပေါက်ကြမည် မဟုတ်ချေ။ မေသက်ဝင်းကိုယ်တိုင်က ဖွင့်ပြောပြလျှင် ယုံကြည်ကြရန်ခဲယဉ်း ပေသည်။

ဤသည်တို့ကား မင်းသမီးမေသက်ဝင်းစိတ်ထဲတွင် မကြာ ခဏဖြစ်ပေါ်လာတတ်သည့်ခံစားချက်အချို့ပင်တည်း။

တဖက်က စိတ်လှုပ်ရှားမှုတွေခံစားရသလို တဖက်က သူမ၏ ခန္ဓာကိုယ်သွေးသားများက ရံဖန်ရံခါဆူကြွ သောင်းကျန်းခြင်း တည်းဟူသော ဆန့်ကျင်ဘက် လိင်ကို တောင့်တမှတ်သိပ်မှုက လည်း မေသက်ဝင်းအား ပြဿနာတမျိုး ဖြစ်စေပြန်လေသည်။

ဒါရိုက်တာ ဦးအောင်မြင့်နှင့် စတင် ဆက်ဆံစဉ်ကဆိုလျှင် မေသက်ဝင်းသည် မျိုးဇင်လို၊ ဇော်ဟိန်းလို၊ ဆန်နီလို လူထွား ကြီးများနှင့် 'တွေ့' ဘူးခဲ့ပြီးဖြစ်၍ တဏှာသိလ်မှ စိတ္တဇဗေဒကထိက ဟောင်းဆိုသူ ပိန်ပိန်ပါးပါးယောကျ်ားမျိုးနှင့် တလှည့်စမ်းသပ် ပျော်ပါးကြည့်ရရင်ဘယ်လိုနေပါလိမ့်ဟူသော စိတ်စင်စားမှုဖြင့် စတင်ခဲ့ခြင်းဖြစ်လေသည်။ တနည်းအားဖြင့် ယောကျ်ားတွေက မိန်းမအမျိုးမျိုးနှင့် ပေါင်းသင်းချင်သလို သူမကလည်း အသွင် တမျိုးပုံစံတမျိုးဖြစ်နေသူ ဦးအောင်မြင့်လိုယောကျ်ားနှင့် 'ချစ်' ကြည့်လိုစိတ်ဖြစ်ပေါ်ခဲ့ပေသည်။

နောက်ပိုင်း ဦးအောင်မြင့်က လက်ထပ်ယူပါရစေဟု ပြော သောအခါ သူမ,လက်ခံလိုက်ခြင်းကတော့ အတည်တကျ အိမ် ထောင်ပြုပြီး လင်နှင့်သားနှင့် အေးအေးဆေးဆေးနေရရင် စိတ် ကျေနပ်နှစ်သိမ့်မှုရရှိကောင်းရဲ့ဟု မြော်လင့်မိခဲ့သောကြောင့်ပင် ဖြစ်၏။ ရန်ကုန်မြို့ရှိ အချို့ရုပ်ရှင်မင်းသမီးများ လင်ကောင်း

www.burmeseclassic.com

www.burmeseclassic.com

သားကောင်းရပြီး ချစ်စဖွယ်သားသမီးတွေနှင့် အိမ်ထောင်သည်ဘဝတွင် ပျော်ရွှင်ချမ်းမြေ့စွာနေထိုင်ကြသည်ကိုလည်းအားကျမိသဖြင့် ဦးအောင်မြင့်နှင့် လက်ထပ်ခဲ့ခြင်းဖြစ်၏။

သို့ရာတွင် လက်ထပ်ပြီးတလမျှမကြာမီ မေသက်ဝင်းသည် မှန်းချက်နှင့် နှမ်းထွက်မကိုက်ကြောင်း သိခဲ့ရပါတော့သည်။ ခင်ပွန်းသည် လင်ယောကျ်ားနှင့်အတူ အေးအေးစွာနေရသည်ကို ပင်ပျင်းရိငြီးငွေ့သလို၊ ညနေရုပ်ရှင်ရိုက်ရာမှပြန်လာပြီး စိတ်မောလူမောဖြစ်နေစဉ်ဦးအောင်မြင့်က စကားကြောရှည်ကာမေးမြန်းဆွေးနွေးတတ်သည်ကိုလည်း စိတ်ရှုပ်မိသလိုလိုဖြစ်ခဲ့လေသည်။

အဆိုးဆုံးကတော့ ဦးအောင်မြင့်နှင့် လင်မယားဘဝတွင် ဖို-မဆက်ဆံရေး(လိင်)ကိစ္စအလိုဆန္ဒမပြည့်ဝမှု (ဝါ) ရာဂစိတ်ပြေငြိမ်းခြင်းအပြည့်အဝမရှိမှုပင်ဖြစ်လေသည်။

တနေ့ မေသက်ဝင်းသည် ရုပ်ရှင်ကုမ္ပဏီတခုက ကားရိုက်ချိန်းချိန်းထားပြီးမှ အတူတွဲရိုက်ရမည့် မင်းသားက နေမကောင်းရှိ၍ ရှူတင်(ကားရိုက်အစီအစဉ်)ပျက်သွားသဖြင့် တနေကုန်အားနေသည်တွင် အိပ်ရာပေါ်လှဲရင်း သူ့ကိုယ်သူ ပြန်လည် ဆန်းစစ်ဝေဖန်ကြည့်မိလေသည်။

ကာမရာဂစိတ်ပြင်းထန်အလိုရမက်အလွန်ကြီးသူ မိန်းမမျိုးကို အင်္ဂလိပ်ဘာသာဖြင့် (Nymphomaniac)ဟု ခေါ်ကြောင်း၊ စင်စစ် ထိုမိန်းမမျိုးသည် ရောဂါတမျိုးဖြစ်နေသည့် သဘောပင်ဖြစ်ကြောင်း၊ ရင်းနှီးသောမိတ်ဆွေ ဆရာဝန်မတဦးက မေသက်ဝင်းအားပြောပြခဲ့ဘူး၏။

မိမိသည် အဆိုပါရောဂါမျိုးရှိ၍ ရာဂစိတ်ပြင်းထန်ခြင်းလေလောဟုပင် တွေးကြည့်မိပါသေးသည်။

သို့ရာတွင် သူမတွင် အမျိုးသမီးဒေါက်တာပြောသလိုနေ့စဉ်အမြဲ ရာဂစိတ်နိုးကြွားပြင်းထန်မှုမဖြစ်ဘဲ ရံဖန်ရံခါမှသာ ပေါ်လာတတ်သဖြင့် 'နင်ဖိုမေးနီးယက်' ရောဂါရှင်ဟု ဆိုရန် မဖြစ်နေပြန်၏။

ကွယ်လွန်သူ ခင်ပွန်းသည် ဦးအောင်မြင့် ပြောခဲ့ဘူးသော စကားတခုကိုလည်း ပြန်လည်သတိရမိလေသည်။

ဦးအောင်မြင့်က လူတယောက် အရွယ်ရောက် ကြီးပြင်းလာသည့်အခါဖြစ်လာသော အသွင်သဏ္ဍာန်၊ စရိုက်၊ စိတ်နေစိတ်ထားတို့သည် သူငယ်စဉ်ကနေထိုင်ခံစားခဲ့ရသည့် ဘဝအခြေအနေနှင့် ပတ်ဝန်းကျင် အသိုင်းအဝန်းပေါ်သို့ တိုက်ရိုက်တည်ရှိကြောင်း၊ ငယ်စဉ်ကဖြစ်ပျက်တွေ့ကြုံမှုများက ကလေးတယောက်၏ လူကြီးဘဝအသွင်သဏ္ဍာန်ကို ပုံလောင်း ပေးတတ်ကြောင်း တခါက ပြောပြခဲ့ဘူးလေသည်။

သို့ဖြစ်ပါမူ မိမိ၏လက်ရှိ အခြေအနေနှင့်ခံစားချက် စိတ်လှုပ်ရှားမှုများသည် ငယ်စဉ်က အဖြစ်အပျက် အတွေ့အကြုံများ၏ တိုက်ရိုက်အကျိုးသက်ရောက်မှုများပင် ဖြစ်နေပါသလော။

ယင်းသို့ ဆန်းစစ်သုံးသပ်ကြည့်နေရင်းက မေသက်ဝင်းသည် ပြန်လည်မတွေးချင်ပါဘူးဟု ဆိုသော ငယ်ရွယ်စဉ်အတိတ်ဘဝမှ ဖြစ်ရပ်များကို တမြှော်တခေါ်ကြီး ပြန်၍ တွေးနေမိ တော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၄)



www.burmeseclassic.com

www.burmeseclassic.com

# (၁)

လူမှန်းသိသည့်အချိန်မှစ၍ သက်သက်မှာ မိခင်ဒေါ်သက်မေနှင့်အတူနေထိုင်ခဲ့ရပြီး ဖခင်ကိုမူ မြင်လည်းမမြင်ဘူး၊ ရှိမှန်းပင်မသိခဲ့သောဘဝမျိုးကြုံခဲ့ရပေသည်။

မိခင်ကြီးကပြောတော့ သူ့ဖခင်ကြီးသည် တရပ်တကျေးသို့ အလုပ်သွားလုပ်ရင်း ကွယ်လွန်အနိစ္စရောက်သွားသလိုလို၊ သက်သက်ကို မွေးဖွားချိန် ခြောက်လမျှအကြာတွင် ၎က်ဖျားရောဂါအပြင်းဖျားပြီး သေဆုံးသွားသလိုလိုနှင့် တိတိကျကျပြောပြခြင်းမရှိပေ။ မိခင်ကြီးသည် သက်သက်က ဖခင်အကြောင်းမေးလိုက်တိုင်း မပြောချင်ဟန်နှင့် စကားကိုလှီးလွှဲပြောတတ်လေသည်။

သက်သက်အဖို့ ငယ်စဉ်တောင်ကျေးကလေးဘဝမှစ၍ဖခင်၏အချစ်ကိုအားကိုးပြီး နွဲ့ဆိုးဆိုးနေကြသည်ကို အားကျမိခဲ့ရသည်မှာအမှန်ပင်ဖြစ်လေသည်။

စင်စစ်အားဖြင့် သက်သက်၏ဖခင်သည် တရပ်တကျေးသို့ ခရီးသွားနေခြင်းလည်းမဟုတ်။ သေလည်းမသေဘဲ မြန်မာနိုင်ငံတနေရာတွင် အသက်ထင်ရှားရှိနေခဲ့ပေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဘယ်နေရာတွင်ရှိသည်ကိုသာ သက်သက်၏မိခင် ဒေါ်သက်မေက မသိခြင်းဖြစ်လေသည်။ သိအောင် ကြိုးစားရန်ကလည်း မဖြစ်နိုင်။ အကြောင်းမတူးနိုင်သော ဒေါ်သက်မေ၏ အဖြစ်မှာ ရင်နာဖွယ်ရာကောင်းလှပေသည်။

ဒေါ်သက်မေမှာ သရက်ခရိုင် မင်းတုန်းမြို့ဇာတိဖြစ်၏။ ငယ်စဉ်ကပင် မိဘနှစ်ပါးဆုံးခဲ့၍ အားကိုးစရာ ဆွေမျိုးညာတိမရှိဘဲ အပျိုကလေးအရွယ်တွင် ရရာစားသောက်ကုန်ကလေးများ ဈေးရောင်းကာ အသက်မွေးခဲ့ရသည်။ ကုသိုလ်ကံ မလိုက်ချင်တော့ နေ့စဉ်ရက်ဆက်အရှုံးပေါ်ကာ လုံးပါးပါးလာရာ မည်သို့ဆက်လက် လုပ်ကိုင်စားသောက်ရမှန်းမသိအောင်ဖြစ်နေစဉ် ဈေးသည်အဒေါ်ကြီး တယောက်၏ ဆက်သွယ်ပေးမှုဖြင့် မြို့ပိုင်အိမ်တွင် ထမင်းဟင်းချက်အလုပ်ရခဲ့လေသည်။

ထမင်းချက်လုပ်ရသဖြင့် မိမိတဝမ်း စားရေး သောက်ရေးအတွက် ဖူလုံသည့်ပြင် လစာအဖြစ် တလငွေသုံးဆယ်ပါရလေရာ မသက်မေအဖို့ အလွန်ကံကောင်းလှပြီဟုပင်ထင်မိလေသည်။

မြို့ပိုင် ဦးတင်မောင်ထွန်းဆိုသူမှာ အသက် ၂၆-နှစ်ရွယ်မျှသာရှိသေးပြီး အိမ်ထောင်မရှိသဖြင့် တကိုယ်တည်းနေသူဖြစ်ရာ မသက်မေက လူတယောက်စာ ချက်ပြုတ်ကျွေးရခြင်းကို အလွန်သက်သာသောအလုပ်ဟုယူဆမိလေသည်။

ထိုအချိန်က မသက်မေမှာ အသက် ၂၀-အရွယ် လှပကြော့ရှင်းပြီး ကျေးလက်ဒေသ တောသူပီပီ ကျန်းမာသန်စွမ်းလျက်ပြည့်ဖြိုး လှပသောကိုယ်လုံးဖြင့် ချစ်ချင်စဖွယ် တင့်တယ်သည့်အချိန်ပင်ဖြစ်၏။

ဤတွင် ရိုးအအ တောသူမကလေး မသက်မေအား မြို့သားလူလည် မြို့ပိုင်ဦးတင်မောင်ထွန်းက အတည်ယူပါမည်ဟု ဆွယ်ကာ ချစ်ရေးဆိုခဲ့လေသည်။ ချစ်ရေးဆိုပုံက ချစ်ပါတယ်၊ ကြိုက်ပါတယ်ဟု စကားပြောရုံမက တညအလုပ်ပြီးချိန်တွင် ဦးတင်မောင်ထွန်းသည် မသက်မေ၏ခန္ဓာကိုယ်ကို ဇွတ်အတင်းအပိုင်စီးကာ နသားဘာယားလုပ်ပါတော့သည်။

မိန်းကလေးဘဝ မိမိ၏အပျိုရည်ပျက်သွားရသည်ကို မျက်ရည်ဖြိုင်ဖြိုင်ကျအောင် ငိုကြွေးရုံမှတပါး မည်သို့မျှမတတ်နိုင်ရှာပေ။ မိမိအား အိမ်ရှင်မြို့ပိုင်က မယားပြုကျင့်ပါသည်ဟု လူသိအောင် တိုင်ကြားရမှာလည်း အလွန် ရှက်စရာ ကောင်းသည်ဟုထင်မိသဖြင့် သူ့ခမြာ ချုန်းပွဲချငိုကြွေးရင်း ကျိတ်ခံလိုက်ရပါတော့သည်။

တကယ်ဆိုတော့ ဦးတင်မောင်ထွန်း၏လုပ်ပုံက ရိုးအအ မိန်းကလေးတယောက်အား လူမဆန်စွာ မုဒိမ်းကျင့်ခဲ့ခြင်းပင် ဖြစ်လေသည်။

နောက်ပိုင်းကျတော့ ဦးတင်မောင်ထွန်းသည် ထုံးစံအတိုင်း ချော့မော့ပြီး ဆက်လက်ရှုခြေတော်တင်ခဲ့ပြန်ရာ ၂-လမျှ ကြာသောအခါ မသက်မေတွင် ကိုယ်လေးလက်ဝန် ရှိလာပါတော့သည်။

မရှေးမနှောင်းမှာပင် မြို့ပိုင် ဦးတင်မောင်ထွန်း တနင်္သာရီ တိုင်းသို့ ပြောင်းရွှေ့ရန်အမိန့်ကျလာ၏။ မသက်မေအား မင်းတုန်းမှာဘဲ ခဏနေရန်နှင့် နောက်တော့ သူလာခေါ်ပြီး ရန်ကုန်မှာ တင့်တယ်စွာ လက်ထပ်ပါမည်ဟု နှစ်သိမ့်ကာ ငွေတရာ ပေးလျက် ကိုယ်တော်ချော မင်းတုန်းမြို့မှ ထွက်သွားလိုက်သည်

www.burmeseclassic.com

www.burmeseclassic.com

မှာ လစေ့၍သမီးကလေး "သက်သက်" မွေးဖွားသည့် အချိန် အထိ ဦးတင်မောင်ထွန်း၏သတင်းကို လုံးဝမကြားရပါတော့ချေ။

ယင်းဖြစ်ရပ်ကား ရှင်းရှင်းဆိုရလျှင် မဆန်းလှသော ဇာတ်လမ်းတခုပင်ဖြစ်၏။ မရှိဆင်းရဲသော တောသူမိန်းကလေးများကို အိမ်ဖေါ်အဖြစ်ခေါ်ထားရာမှ များမကြာမီ အိမ်ရှင်ယောကျ်ားများက ခြေတော်တင် "စား" တတ်ခြင်းကား အလွန်ရိုးနေသော ဇာတ်လမ်းပင်ဖြစ်သည်မဟုတ်ပါလော။

သို့နှင့်ပင် မသက်မေမှာ လင်ကောင်မပေါ်ဘဲ ကလေးတယောက်ရသည့် ရင်နာဖွယ်အဖြစ်နှင့်ကြုံခဲ့ရလေသည်။

မျက်ရည် ဖြိုင်ဖြိုင်ကျကာ ငိုပွဲဆင်၍ ဇာတ်သိမ်းခဲ့ရသော သူမနှင့် မြို့ပိုင် ဦးတင်မောင်ထွန်းတို့၏ ဿရာဝါသဇာတ်ထုပ်တွင် နှစ်သိမ့်စရာတချက်ကတော့ လှမမယ်သမီးကလေး သက်သက်ပင် ဖြစ်လေသည်။

မိခင် မသက်မေ၏ သဘာဝအလှနှင့် မျက်ခုံး, မျက်လုံး, နှာတံမှစ၍ ခန့်ညားချောမွေ့သော ဖခင် ဦးတင်မောင်ထွန်း တို့၏ အလှနှစ်မျိုးစလုံးကို အမွေရလိုက်ဘိသည့်အလား ကလေး ငယ် သက်သက်မှာ အလွန်လှပတင့်တယ် ချစ်ချင့်စဖွယ်ကလေး ဖြစ်နေလေသည်။

အထူးသဖြင့် သက်သက်ကလေး၏ ပါးစပ်, နှုတ်ခမ်းနှင့် မျက်လုံးများက ထူးထူး ခြားခြား လှပ, ကျက်သရေရှိသည်ဟု ထင်ရပေသည်။



ကျကလေးငယ်ကို တစိမ့်စိမ့်ကြည့်ရင်း မသက်မေသည် သူမ၏ ကြေကွဲဖွယ်ဘဝမှ တခုတည်းသော စိတ်ကြည်နူးစရာ နှစ်သိမ့် မှုဟု ယူဆခဲ့ရှာလေသည်။

သက်သက်ကို မွေးပြီး၍ တလမပြည့်သေးမီ မသက်မေသည် မင်းတုန်းမြို့မှ လူ့အဖွဲ့အစည်း၏ ကဲ့ရဲ့မေးငေါ့ခြင်းကိုဆက်လက် မရင်ဆိုင်လိုသဖြင့် သရက်မြို့သို့ ပြောင်းရွှေ့ခဲ့လေသည်။

သရက်မြို့တွင်ကား ဈေးသည်ဘဝတုန်းက သိကျွမ်းခဲ့ဘူးသူ ရွှေ့နေကတော် ဒေါ်မြတင်ဆိုသူရှိရာ မသက်မေသည် သရက်မြို့ ရောက်ရောက်ချင်း ဒေါ်မြတင်ထံသွား၍ အကျိုး အကြောင်း မျက်ရည်စက်လက်နှင့် ပြောပြရင်း သူတို့သား အမိအား ထမင်း တလုပ်သာကျွေးထားပါ၊ ခိုင်းချင်တဲ့ အလုပ်လဲခိုင်းပါ၊ လုပ်ပါ မည်သု တောင်းပန်လေသည်။

ဒေါ်မြတင်နှင့်တကွ ခင်ပွန်းသည်ရွှေ့နေ ဦးစံရှိန်တို့ နှစ်ဦး စလုံးမှာ အလွန်စိတ်သဘောထား ကောင်းကြသူများ ဖြစ်သည့် အလျောက် မသက်မေ၏ဖြစ်ခဲ့ရပုံ အကြောင်းစုံကိုသိရသည်တွင် အထူးပင် ကရုဏာသက်ကာ ချက်ချင်း အိမ်တွင် ခေါ်ထားပြီး ကောင်းစွာ ကျွေးမွေးစောင့်ရှောက်ထားခဲ့လေသည်။

မသက်မေတို့ သားအမိအား ထမင်းကျွေး အဝတ်အစားဆင် ရုံအပြင် ဈေးသုံးဘို့ဆိုပြီး တလလျှင် ငွေ ၃၀ ပင် မှန်မှန်ပေး ခဲ့ပါသေးသည်။

ဦးစံရှိန်နှင့် ဒေါ်မြတင်တို့တွင် သားသမီးဆို၍ ရှားရှားပါး ပါး မောင်မောင်အမည်ရှိ သားယောကျ်ားကလေး တယောက် သာ ထွန်းကားခဲ့ရာ မသက်မေတို့သားအမိ သူတို့ အိမ်ရောက် သွားချိန်၌ မောင်မောင်မှာ ၂ နှစ်သားအရွယ်မျှရှိသေးပေသည်။



www.burmeseclassic.com

www.burmeseclassic.com

မသက်မေ၏ သမီးကလေး သက်သက်၏ ချစ်စဘွယ် အင်္ဂါရုပ်ကို မြင်မြင်ချင်း ဦးစံရှိန်တို့ မောင်နှံက ချစ်ခင်မိသည့်ပြင် သူတို့သားကလေး မောင်မောင်အတွက် ကစားဘော် ကစားဘက် ရတာဘဲဟုလည်း တွေး၍ဝမ်းသာနေခဲ့ကြသေးသည်။

မသက်မေကား ဦးစံရှိန်နှင့် ဒေါ်မြတင်တို့အိမ် ရောက်လာရခြင်းကို နတ်ပြည်ရောက်ရသကဲ့သို့ပင် ထင်မှတ်ကာဝမ်းမြောက်၍ မဆုံးဖြစ်လျက် အိမ်မှုကိစ္စအဝဝကို အထူးကြိုးစား လုပ်ကိုင်ပေးခဲ့ရှာလေသည်။

'နှင့်ကိုငါ အတည်ယူမှာပါကွယ်' ဟု လေပြေထိုး၍ လက်ငင်းခြေတော်တင်သွားခဲ့သူ မြို့ပိုင် ဦးတင်မောင်ထွန်း အကြောင်းကိုတော့ လုံးဝသတင်းအစ, အန မကြားရသည်မှာ သမီးကလေးသက်သက် ၅ နှစ်သမီးအရွယ် ချစ်စဖွယ် ဂါဝန်ကလေးနှင့်ဖြစ်လာသည့်အချိန်အထိပင် ဖြစ်ပါတော့သည်။

နောက်ပိုင်းတွင်ကား မသက်မေသည် ဦးတင်မောင်ထွန်းကို လုံးလုံးမြော်လင့်ချက် မထားတော့ဘဲ အတိတ်ဘဝမှ ကုသိုလ်ကံအကြောင်းတရားဘဲလေဟု သဘောထားကာ မေ့မေ့ပျောက်ပျောက် နေခဲ့လေသည်။

မသက်မေအဖို့ အကုသိုလ်ဖိစီးမှု အဆုံးမသတ် သေးဟု ဆိုရလောက်အောင် အကြောင်းကံ စီမံဖန်လာပုံကား သမီးကလေးသက်သက် ၅ နှစ်ပြည့်သည့်နှစ်မှာပင် သရက်မြို့၌ မမြော်လင့်ဘဲဝမ်းရောဂါဖြစ်ပွါးရာတွင် မည်သို့မည်ပုံ အစားမှား၍ ရောဂါကူးစက်သွားသည်မသိ။ မသက်မေပါ ဝမ်းရောဂါဖြစ်ပြီး ရုတ်တရက် ကွယ်လွန်အနိစ္စရောက်သွားခြင်းပင်ဖြစ်လေသည်။



ရောဂါဖြစ်မှန်း သိသိချင်း ဦးစံရှိန်နှင့် ဒေါ်မြတင် တို့ကဆရာဝန်ကြီးများပင့်ကာ ကြိုးစား ကုသ ပေးခဲ့ပါသော်လည်း ရောဂါပြင်းထန်လွန်း၍မရခဲ့ချေ။

သေခါနီးသတိမရတချက် ရတချက်ဖြစ်နေချိန်တွင် မသက်မေသည် လူမမယ်သမီးကလေး သက်သက်အား မိမိ ဘဝဖြစ်စဉ်အကြောင်းတွေကိုတော့ပြောခဲ့ရှာလေသည်။

သက်သက်သည် ထိုအချိန်ကကလေးငယ်အရွယ်မျှရှိသေးလင့်ကစား မိခင်ကြီးသေခါနီးပြောသွားသော စကားတခွန်းကိုတော့ကောင်းစွာမှတ်မိခဲ့ပေသည်။

ထိုစကားကတော့....

"ယောကျ်ားတွေကို ကြပ်ကြပ် သတိထား သမီးလေး.... ယောကျ်ားတွေဟာ မကောင်းဘူး...."

ဟူ၍ပင်ဖြစ်ပါသတည်း။

× × ×

သက်သက်မှာ ၅-နှစ်သမီးအရွယ်ကလေးငယ်ဘဝမှာပင် မိဘနှစ်ပါးမရှိတော့ဘဲ ခိုကိုးရာမဲ့ဖြစ်ခဲ့ရရှာချေပြီ။

သို့ရာတွင် ဦးစံရှိန်နှင့် ဒေါ်မြတင်တို့မှာ လူမမယ် နို့စို့အရွယ်က စတင်ပြုစု စောင့်ရှောက်ခဲ့၍ သက်သက် အပေါ်သံယောဇဉ်ဖြစ်နေသည့်ပြင် သူတို့၏သားကလေး မောင်မောင်နှင့်လည်း ကစားဘော် ကစားဘက် အဖေါ်ရနေသည်ကြောင့် မသက်မေကွယ်လွန်သွားသည့်နောက်ပိုင်းတွင် ဆက်လက်တာဝန်ယူစောင့်ရှောက်သွားရန် ဆုံးဖြတ်ထားကြပြီးဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com

"အန်တီ ဒေါ်သက်သက်မေမရှိတော့ သက်သက်ကော ဒီမှာ မနေတော့ဘူးလား ဟင်...."

ဟုချစ်စွာသောသားကလေး မောင်မောင်က စိုးရိမ်ဟန်နှင့် ပြောသည်ကိုလည်း ဦးစံရှိန်တို့အနေနှင့် လက်မခံနိုင်ကြပေ။

ထိုကြောင့်ပင်လျှင် ဦးစံရှိန်နှင့်ဒေါ်မြတင်တို့သည် သက်သက်အား လူသိရှင်ကြားအမွေစားအမွေခံသမီးအဖြစ် တရားဝင် မွေးစားလိုက်ကြလေသည်။

သက်သက်မှာ မိခင်ဒေါ်သက်မေရှိစဉ်က သင်ကြားပေးခဲ့သည့်အတိုင်း ဦးစံရှိန်နှင့် ဒေါ်မြတင်တို့အား 'ဒက်ဒီ-မာမီ' ဟုခေါ်တတ်နေရာ နောက်ပိုင်းတရားဝင် မွေးစားသမီး ဖြစ်လာသောအခါ၌ မိဘအရင်းကဲ့သို့ပင် ချစ်ခင် အားကိုးနေရှာလေတော့သည်။

ဦးစံရှိန်နှင့် ဒေါ်မြတင်တို့ကလည်း ဘက်သက်အား ရင်မှဖြစ်သော သားသမီးရင်းပမာ သားဖြစ်သူ မောင်မောင်နှင့် မခြားချစ်ခင်ယုယအလိုလိုက်ခဲ့ကြသည်။ ကျောင်းနေချိန်အရွယ်ရောက်နေသဖြင့် သက်သက်ကိုပါ မောင်မောင်နှင့်အတူ တကျောင်းတည်းထားပညာသင်ပေးခဲ့လေသည်။

သက်သက်မှာ အရွယ်နှင့်မလိုက်အောင် စကားကို တီတီတာတာပြောတတ်သဖြင့် ဦးစံရှိန်တို့အိမ်သားများသာမက အိမ်နီးပါးချင်းများနှင့် စာသင်ကျောင်းမှ ဆရာမ,များ၊ ကျောင်းသူကျောင်းသားများကပင် သူကလေးအား အထူးချစ်ခင်ကြလေသည်။

စိတ်သဘောထားကောင်းသလောက် လူဖြောင့်တယောက်ဖြစ်သူ အမိန့်တော်ရ ဦးစံရှိန်အဖို့ သက်သက်ကို အထူးတလည် ချစ်ခင် သံယောဇဉ်ဖြစ်မိသည့် အကြောင်း တရပ် ကတော့ ကလေးမ၏ပင်ကိုသဘာဝစရိုက်အရ စကားကိုပွင့်လင်းစွာ ပြောဘတတ်ခြင်းပင်ဖြစ်လေသည်။

ကြောက်ရွံ့တွန့်ဆုတ်ခြင်းမရှိဘဲ ပြောစရာရှိလျှင် ရဲတင်းပွင့်လင်းစွာပြောတတ်သူကလေးတဦးသည် ကြီးပြင်လာသည့် တိုင်အောင် လိမ်လည်လှည့်ဖြား ပြောတတ်မည်မဟုတ်သဖြင့် တနေ့မည်သို့ပင်ဖြစ်စေကာမူ တည်ကြည်ဖြောင့်မတ်သူတယောက် မုချဖြစ်လာလိမ့်မည်ဟု ဦးစံရှိန်ကယုံကြည်ထားပေသည်။

တခါက သူတို့မိသားစုအားလုံး မိတ်ဆွေတဦး၏အိမ် ကလေးထင်ပွန်းတပ်မင်္ဂလာပွဲသို့ သွားကြရာတွင် ပြန်ခါနီးဒေါ်မြတင်က အိမ်ရှင်ကလေးကို ဂရုစိုက်ကြည့်ရင်း ထုံးစံအတိုင်း....

"ကလေးက လှလိုက်တာ၊ ကြီးလာရင် လူချောကြီးဖြစ်လာအုံးမှာဘဲ...."

ဟုငတ်ကျေဝတ်ကျွန်ပြောချီမှုမဆုံးသေးမီ သက်သက်ကလေးကိုသေချာစွာကြည့်လိုက်ပြီး....

"ဟင်....မာမီကလဲ ကလေးကသူမှမလှတာ၊နှာခေါင်းကြီးကိုကြည့်ပါအုံး၊ အချုပ်ဆိုးလိုက်တာ...."

ဟု ရှုတ်တရက်ဝင်ပြောလိုက်ရာ ဒေါ်မြတင်က....

"ဟဲ့ ကောင်မလေး....ဘာမဟုတ်ကာဝင်ပြောရတာလဲ...."

ဟု မာန်မဲခဲ့ရလေသည်။

အိမ်သို့ပြန်ရောက်သောအခါ၌မူ ဦးစံရှိန်ကသူ၏ အယူအဆသဘောထားကိုဖွင့်ပြောလေသည်။

www.burmeseclassic.com

“သက်သက်ပြောတာဟုတ်သားဘဲ မမြတင်ရဲ့၊ ဟိုကလေး
တကယ် အရှုပ်ဆိုးလို့ဆိုးတယ် ပြောလိုက်တာပေါ့။ အိမ်
အားနာစရာကောင်းပေမဲ့ ငါ့သမီးရဲ့ဝေဘန်ချက်က မှန်တယ်
ကြားလားသမီး၊ ဒက်ဒီတော့ သမီးပြောတာ ထောက်ခံတယ်
နောင်ကိုလဲဘာမဆို မှန်တာဘဲပြော၊ မဟုတ်တာတော့ လုပ်
မပြောနဲ့....”

ဟု သက်သက်ကိုပါ အားပေးပြောဆိုခဲ့ဘူးလေသည်။

ဦးစံရှိန်နှင့် ဒေါ်မြတင်တို့၏ သားမောင်မောင်သည် သ
သက်ထက် ၂-နှစ်မျှကြီးသော်လည်း ရွယ်တူလိုဖြစ်ကာ ညီမလေ
လိုရော သူငယ်ချင်းလိုပါဆက်ဆံရင်း သက်သက်အပေါ် အ
ချစ်ခင်နေရှာလေသည်။

မူလက မောင်မောင်သည် မိခင်ဖခင်တို့နှင့်အတူ အိပ်လေ
ရာ နောက်ပိုင်းကျတော့ သက်သက်နဲ့မှအတူ အိပ်ချင်သည်
အတင်းပူဆာသဖြင့် လူကြီးများကလည်း သားအလိုလိုက်က
မောင်မောင်နှင့် သက်သက်တို့အားအခန်းတခန်းတွင် နှစ်ယော
အိပ်ကုတင်ကြီးဖြင့်အတူ အိပ်စေခဲ့ရလေသည်။

အမှန်တော့ မောင်မောင်မှာ ကလေးပီပီကစားမက်သူဖြစ်
ညနေကျောင်းလွှတ်ချိန်အထိသက်သက်နှင့်အတူ ကစားရသည်
အားမရသေးဘဲ စာကြည့်ပြီး၍ အိပ်ချိန်မရောက်မီ ကစား
သေးသောကြောင့် သက်သက်နှင့်အတူ အိပ်ချင်သည်ဟု ပူဆာ
ခြင်းဖြစ်ပေသည်။

မည်သို့ပင်ဖြစ်စေ၊ သက်သက်အဖို့ မိဘမရှိတော့လင့်ကစား
မိဘရင်းနှင့်မခြား ချစ်ကြရှာသောဦးစံရှိန်နှင့် ဒေါ်မြတင်တို့

ယုယစောင့်ရှောက်မှု အောက်တွင် ချမ်းသာစွာ နေထိုင်ခဲ့ရလေသည်။

တဖြည်းဖြည်းဖြင့်ပင် ဦးစံရှိန်နှင့် ဒေါ်မြတင်တို့ကို တကဲ့မိဘရင်းကဲ့သို့ပင်ထင်မြင်ယူဆသလို မောင်မောင်ကိုလည်း တအူတုံဆင်းမောင်အရင်းကဲ့သို့ ချစ်ခင်နေမိပါတော့သတည်း။

*  *  *

www.burmeseclassic.com

www.burmeseclassic.com

# (၂)

လေးဘက်လေးတန် အုတ်နံရံကြီးများ ကာရံထားသည့် အကျဉ်းထောင်အတွင်း အချုပ်နှောင်ခံနေရသူများအဖို့ အချိန်သည် အလွန်ကုန်ခဲလှသည်။ တနေ့တနေ့ နေထွက်က နေဝင်ချိန်ရောက်ရန် အလွန်ကြာလှသည်ဟု ထင်ရသလို လွတ်လပ်ပျော်ရွှင်၍ စိတ်ကြည်လင်စွာနှင့် လူ့ဘဝ ခရီးလမ်းကြောင်းတွင် လျှောက်နေရသူများအဖို့ကား အချိန်သည် အထူးလျင်မြန်စွာ ကုန်လှသည်။ ယခုနှစ်သကြန်မှနောက်ဘနှစ်သကြန်ပွဲသို့ ရောက်လာတာ မြန်လွန်းသည်ဟုပင် ထင်မိတတ်ကြပေသည်။

အမှန်တော့ အချိန်သည် နှေးသည်, မြန်သည်မရှိ၊အမြဲတစေ မှန်မှန်ကြီးသာ ကုန်လျက်ရှိပေသည်။ လူတို့၏စိတ်ကသာ လျှင် လတ်တလော (မိမိတို့အတွက် သာယာပျော်ရွှင်ဖွယ်၊ သို့မဟုတ် စိတ်ညစ်ညူးဖွယ်) အခြေအနေကိုလိုက်၍ အချိန်က ကုန်မြန်သည်၊ နှေးလှသည်စသဖြင့် ထင်ယောင်ထင်မှား ဖြစ်တတ်ကြလေသည်။



သက်သက်အနေနှင့်ကား 'ဒီဆရာမက ငါ့ကို အတော်ချစ်ရှာတယ်'ဟု သဘောကျလျက် ဆရာမ၏ ချစ်ခင်ယုယမှု၊ အခွင့်အရေးပေးမှုတို့ကိုခံယူခဲ့ပေသည်။

ထိုဆရာမ၏အမည်ကတော့ ရင်ရင်ဟုခေါ်လေသည်။

ရင်ရင်မှာ ငယ်စဉ်ကပင် မိဘမဲ့ကလေး ဖြစ်ခဲ့ပြီး ဆွေမျိုးညာတိဆို၍လည်း အားကိုးရလောက်အောင်မရှိသဖြင့် ခရစ်ယာန်သာသနာပြုကျောင်းတွင် ပညာသင်ကြားရင်းကြီးပြင်းလာကာ ဆယ်တန်းအောင်သောအခါ ကျောင်းရှိမိန်းကလေး ဘော်ဒါဆောင်တွင် လက်ထောက်အဆောင်မှူးအလုပ်လုပ်နေရသူ ဖြစ်ပေသည်။

ဆရာမရင်ရင်၏ထူးခြားချက်တခုကား မိန်းကလေးချောချောလှလှများအပေါ်အတူးခင်မင်ကာ အရောတဝင်နေပြီး ဂရုစိုက်အခွင့်အရေးပေးတတ်ခြင်းပင်ဖြစ်၏။

ယခုနှစ်ကျောင်းအိပ်ကျောင်းစား (ဘော်ဒါ) ကျောင်းသူများအနက် သက်သက်ကအလှဆုံး၊ အချောဆုံးလို ဖြစ်နေခြင်းကြောင့်ပင် ဆရာမရင်ရင်က အထူး ချစ်ခင်နေခြင်းပင် ဖြစ်ပေသည်။

နောက်ဘာချက်ကတော့ သူနှင့်ရွယ်တူ (အသက် ၂၀ ကျော်) အခြားဆရာမတွေလိုမျက်နှာတွင် မိတ်ကပ်၊ ပေါင်ဒါ၊ သနပ်ခါးလိမ်းခြယ်ခြင်းမရှိဘဲခေါင်းပေါ်မှဆံပင်ကို သပ်ယပ်အောင် ဖီးထားခြင်းမှလွဲ၍ မည်သို့မျှ အလှပြုပြင်မှု မလုပ်တတ်ခြင်းပင်ဖြစ်လေသည်။

တကယ်ကတော့ ဆရာမ ရင်ရင်သည် ကိုယ်တိုင်က မိန်းမဖြစ်ပါလျက် အခြားမိန်းကလေးချော လှလှများအပေါ် တဏှာ



www.burmeseclassic.com

www.burmeseclassic.com

ရာဂစိတ်ဖြင့် တပ်မက်သော'လက်စ်ဗီယင်'ခေါ် ယောကျ်ားရှာ တမျိုးပင်ဖြစ်ပါသတည်း။

လူချင်းခင်မင်ရင်းနှီးလာသောအခါရင်ရင်သည်သက်သက်က 'ဆရာမ'ဟု ခေါ်ခြင်းကိုပင် သဘောမကျသဖြင့် နှစ်ယောက်ချင်း ဆုံသည့်အခါ....

'ဆရာမလို့ မခေါ်စမ်းပါနဲ့ကွယ်.... တစိမ်းဆန်လွန်းပါတယ်၊ ရင်ရင်လို့ဘဲခေါ်စမ်းပါ....'

ဟု ပြောခဲ့လေသည်။

"ဆရာမက သက်နဲ့စာရင် အသက်အပုံကြီး ကြီးတယ်မဟုတ် လား၊ ရင်ရင်လို့ခေါ်လို့ ဘယ်ကောင်းပါ့မလဲ....'

ဟု သက်သက်က ပြန်ပြောသောအခါ၌....

'အသက်ကြီးတာနဲ့ မဆိုင်ပါဘူးကွယ်၊ ကိုယ့်ကိုချစ်ရင်တော့ (ရင်ရင်)လို့ဘဲခေါ်ပါနော်....'

ဟု ဇွတ်အတင်းပင်ပြောင်းခေါ်ခိုင်းသဖြင့် နောက်ပိုင်းတွင် သက်သက်က'ဆရာမ' မခေါ်ဘဲ'ရင်ရင်'ဟု ပြောင်းခေါ်ခဲ့ရလေ သည်။

ထိုမျှမကသေး၊ ဆရာမ ရင်ရင်သည် သက်သက်အား သူနှင့် အတူအခန်းထဲခေါ်အိပ်စေလေသည်။

မိန်းကလေး ဘော်ဒါဆောင်တွင် ကျောင်း သူများ သည် ဆေးရုံ များမှာလို ကုတင်များ စီတန်းထား၍ အိပ် ကြရ၏။ အဆောင်၏ဟိုဖက်အစွန်တွင် ဆရာမ ရင်ရင် တယောက်တည်း အိပ်သည့် ......သီး အခန်း ငယ်တခုရှိ၏။ထို အခန်း ကလေးထဲသို့ သက်သက်၏ကုတင်ကိုရွှေ့ ....း အိပ်စေခြင်းပင်ဖြစ်လေသည်။



ကျောင်းစည်းကမ်းအတိုင်းညစာကြည့်ချိန်ပြီး၍ အိပ်ချိန်တန် သောအခါ ဆရာမ ရင်ရင်သည်အိပ်ခန်းတံခါးကိုသေချာစွာပိတ် လျက် သက်သက်နှင့် နှစ်ယောက်သား စကားပြောလေ့ရှိ၏။ ပြောပုံကလည်း သက်သက်၏ကုတင်ပေါ် သို့လာထိုင်ပြီး....

"မင်းကိုယ့်ကိုချစ်ရဲ့လား၊ ကိုယ်တော့သိပ်ချစ်တာဘဲကွယ်"

စသည့်စကားမျိုးတွေပြောရင်း သက်သက်အား ခါးဖက်လိုက် ပါးပြင်ကိုနမ်းလိုက်နှင့် လုပ်တတ်လေသည်။

သည်လိုအခါများတွင် ရင်ရင်၏မျက်လုံးများသည် ရာဂစိတ် လွှမ်းနေသော ယောကျ်ားတယောက်ကဲ့သို့ပင် ဖြစ်ကာ သက် သက်၏ ခန္ဓာကိုယ်အစိတ်အပိုင်းများကို တပ်မက်ဟန်ဖြင့်ကြည့် နေတတ်ပေသည်။

သက်သက်၏ပေါင်နှင့် တင်ပါးများကို လက်ဖြင့်ကိုင်တွယ် ပွတ်သတ်နေတတ်ပုံကလည်း ယောကျ်ားတယောက်က မိန်းမ၏ ခန္ဓာကိုယ်အောက်ပိုင်းမှ အသားများကို အတွေ့အရသာခံရင်း ပွတ်သတ်ကလိနေသကဲ့သို့ပင် ဖြစ်ပေသည်။

ဆရာမရင်ရင်ကား တကဲ့ယောကျ်ားရှာတဦးပေတည်း။

တညတွင် ရင်ရင်သည် ကျောင်းသူအားလုံး အိပ်ပျော် လောက်သည့်အချိန်အထိ သက်သက်နှင့် အချိန်ဆွဲ စကားပြော နေပြီးနောက် ဘော်ဒါဆောင်တခုလုံး တိတ်ဆိတ်ငြိမ်သက်သွား တော့မှ ပူအိုက်လွန်း၍ အိပ်လို့မရသေးဟုဆိုကာ သူ့ကိုယ်မှ အဝတ်အစား အားလုံး ချွတ်ပစ်လိုက်လေသည်။

စိတ်က ယောကျ်ားရှာဖြစ်နေ၍ဘဲလား မပြောတတ်၊ အဝတ် ဗလာကျင်းနေသော ရင်ရင်၏ခန္ဓာကိုယ်ကလည်း မိန်းမကိုယ်နှင့် မတူ ယောကျ်ာတယောက်ကိုယ်လို ဖြစ်နေပေသည်။ ရင်ပတ်ကို



www.burmeseclassic.com

www.burmeseclassic.com

ကြည့်လျှင် မ့သဘာဝအတိုင်း ကြီးထွား ဖေါင်းတက်မနေဘဲ ပြားချပ်နေ၏။

"ကိုယ်တို့အချင်းချင်းဘဲကွာ ရှက်စရာမရှိပါဘူး။ မင်းလဲအဝတ်အစားတွေချွတ်ထားပါလား...."

ဤသို့ပြောရင်းနှင့် ရင်ရင်သည် သက်သက် ဝတ်ထားသော ညအိပ်အင်္ကျီနှင့်လုံချည်ကို ဆွဲချွတ်လိုက်လေသည်။

မီးရောင်ခပ်မှိန်မှိန်မှတွင် ရင်ရင်က ဤသို့လုပ်နေစဉ် သက်သက်သည် သရက်မြို့မှ မောင်မောင်နှင့် တညဖြစ်ခဲ့ရပုံအကြောင်းကို မဆီမဆိုင် ပြန်လည်သတိရနေမိသဖြင့် အဝတ်အစားချွတ်ခြင်းကို မကန့်ကွက်ဘဲ အသာငြိမ်နေလိုက်လေသည်။

ရင်ရင်သည် သက်သက်၏ လှပပြည့်ဖြိုးသော ကိုယ်လုံးကို အဝတ်မပါဘဲကြည့်ရသဖြင့် သဘောကျနေလေသည်။

အထူးသဖြင့် သက်သက်၏ ခန္ဓာကိုယ်အောက်ပိုင်းမှ အင်္ဂါအစိတ်အပိုင်းကိုကြည့်ပြီး....

"တကယ်လှတယ် သက်ရယ်....မင်းလောက်လှတဲ့ မိန်းမ, ကိုယ်မျိုးရှိမှာမဟုတ်ဘူး...."

ဟုရင်ရင်က ထုတ်ဖေါ်ချီးကျူးလိုက်ပါသေးသည်။

ထို့နောက် သက်သက်၏ကိုယ်လုံးကို ယောကျ်ားတယောက်က ဖက်လိုက်သလို သိမ်းကျုံးဖက်လိုက်ရင်း....

"သက်ရေ....ကိုယ်တော့ မင်းကိုသိပ်ချစ်တာဘဲ...."

ဟုပြောကာ မျက်နှာချင်းအပ်, နှုတ်ခမ်းချင်းတေ့စုတ်နမ်းရှုပ်လေသည်။

တချိန်တည်းမှာပင် ရင်ရင်၏ညာဘက်လက်က သက်သက်၏ ရင်သားကို ကိုင်တွယ်ပွတ်သပ်နေလေသည်။

စင်စစ် ရင်ရင်သည် မိန်းမတယောက်ပင်ဖြစ်သော်လည်း သူ၏ အပြုအမူက ရာဂစိတ်တက်ကြွနေသော ယောကျ်ားတယောက်လို ဖြစ်နေရာ သက်သက်မှာလည်း မီးခဲပြာဖုံးဖြစ်နေခဲ့သော ဆန့်ကျင်ဘက်လိင်ကို တောင့်တသည့် စိတ်ရိုင်းများ ပြန်လည်နိုးကြားထကြွလာလေသည်။

ထို့ကြောင့် ရင်ရင်က ပွေ့ဖက်ကိုင်တွယ် နမ်းရှုပ်နေသည်ကို ရှုန်းကန်ငြင်းဆန်ခြင်းမပြုရုံမက နောက်ဆုံး ရင်ရင်က လင်နှင့်မယား 'ချစ်' ပုံချစ်နည်းဆန်ဆန် သူမ၏ကိုယ်ပေါ်သို့တက်လာသောအခါ၌ပင် သက်သက်ကိုယ်တိုင် ရင်ရင်အား ပြန်ဖက်ထားလိုက်မိပါတော့သတည်း။

* * *



www.burmeseclassic.com

www.burmeseclassic.com

# (၇)

အတန်းတင်စာမေးပွဲကြီးပြီး၍ နွေရာသီ ကျောင်းရက်ရှည် ပိတ်သောအခါ သက်သက်အား အိမ်ပြစ်ခေါ်ရန်အတွက် ဖခင် ဦးစံရှိန် ရန်ကုန်သို့လာရာတွင် သထုံမြို့မှ သူ၏နှမဒေါ်အေးမြင့်ပါ အတူလိုက်ပါလာလေသည်။

ခရီးရောက်မဆိုက်ပင် ဦးစံရှိန်က သူသည် စစ်ကိုင်းတောင်ရိုးသို့ သွားရောက် တရားအားထုတ်ရန် အစီအစဉ်ရှိသဖြင့် သက်သက်က အဒေါ်ဖြစ်သူ ဒေါ်အေးမြင့်နှင့်သထုံမြို့တွင်သွားရောက် နေထိုင်စေလိုကြောင်းပြောလေသည်။

သက်သက်သည် ရုတ်တရက်သဘောမကျသော်လည်း....

"လိုက်သွားပါသမီးရယ် ဒီက ဒီနှစ် စစ်ကိုင်းတောင်ရိုးမှာ သွားတရားအားထုတ်ဖို့ အဓိဋ္ဌာန်ရှိလို့ပါ။ နောက်ပြီး ဟောဒီက သမီးအန်တီဒေါ်အေးမြင့်ဟာ နောင်ဆိုရင် ဖက်ဒီတို့ ကိုယ်စား သမီးရဲ့အုပ်ထိန်းသူအဖြစ်နဲ့ တာဝန်ယူသွားရမဲ့လူ ဖြစ်တယ်။ သမီးမရောက်ဘူးတဲ့ သထုံမြို့ကိုလဲ အလည်အပတ်သွားရသလိုပါ ဘဲကွယ်...."

ဟုပြောရှာသူ ဖခင်ကြီးအားကရုဏာသက်ကာစိတ်အနှောက် အရှက်မဖြစ်စေလို၍တကြောင်း၊ ဒေါ်အေးမြင့်ကိုယ်တိုင်က....

"လိုက်ခဲ့ပါ သက်သက်ရယ်....အန်တီတို့ကဆိုရင် သက်သက် အကြောင်း သရက်မြို့နဲ့ စာရေးဆက်သွယ်ရင်း နာမယ်သာ သိ နေတာ လူချင်းမမြင်ဘူးခဲ့ဘဲ အခုမှဘဲ ဆုံရတော့တယ်။ အန်တီ့ ကိုလဲ သက်သက်ရဲ့မာမီလိုဘဲ သဘောထားပါကွယ်နော်။သထုံ ရောက်တော့ ငါ့တူမ ပျော်သွားမှာပါ...."

ဟုပြောသဖြင့် အားနာလာမိသည် တကြောင်းကြောင့် သထုံ မြို့သို့လိုက်သွားရန် သဘောတူလိုက်လေသည်။

သို့သော်သက်သက်ကအခွင့်အရေးတခုတောင်းလေသည်။ ထို အခွင့်အရေးကတော့ သူမနှင့် အလွန်ခင်မင်ရင်းနှီးနေသူ ဆရာမ ရင်ရကိုပါ သက်သက်နှင့်အတူ သထုံသို့ခေါ်သွားပြီး ကျောင်း ပိတ်ရက်အတွင်းနေခွင့်ပြုရန်ပင်ဖြစ်လေသည်။

သို့နှင့်ပင် နောက် ၂-ရက်မျှကြာသောအခါ သက်သက်နှင့် ဆရာမ ရင်ရင်တို့သည် သထုံမြို့ရှိ ဒေါ်အေးမြင့်အိမ်သို့ ရောက် သွားကြပါတော့သည်။

ဆရာမရင်ရင်ကား သူအလွန်ချစ်သောသက်သက်နှင့်နီးနီးကပ် ကပ်နေရသည်ကို အကူးပင် ကျေနပ် သဘောကျ နေပေသည်။

ရင်ရသည် ယောကျ်ားတယောက်အဖြစ် သက်သက်အား သမီးရည်းစားလို၊ မယားလို ချစ်ခင်နေရှာမှုလွှဲ၍ တကာယ်အလို လိုက် အရေးပေးတတ်သည်၊ အနွံအတာလည်းခံနိုင်သည်။ သက် သက်အတွက် သူ့လစာငွေထဲမှပင် အဝတ်အစား အဆာန်းပေါ် တိုင်းဝယ်ပေးတတ်သည်။

www.burmeseclassic.com

ထို့ကြောင့်သက်သက်ကလည်း ခင်မင်အားကိုးကား ရင်ရင်အား တသက်လုံး သူမနှင့်အတူခေါ်ထားမည်ဟု စိတ်ပိုင်းဖြတ်ထားပြီးဖြစ်လေသည်။

သတို့မြို့သို့ ရောက်ခါစက မရောက်ဘူးသည့်အရပ်ကို ပထမအကြိမ်ရောက်ရ၍ လည်လိုက်ပတ်လိုက်၊ ဘုရားဖူးလိုက်နှင့် ပျော်သလိုလိုရှိသော်လည်း တလမျှကြာသောအခါ၌မူ သက်သက်သည် စိတ်ထဲမပျော်ပိုက်တော့သလိုဖြစ်လာလေသည်။

ဒေါ်အေးမြင့်တွင် အေးဇအေးသွင် အမည်ရှိ သက်သက်နှင့် ရွယ်တူသမီးတယောက်ရှိရာ မအေက သဘောကောင်းပြီး အေးသဇလာက် အေးအေးသွင်က မာနကြီးပြီး သက်သက်အပေါ် အထင်သေးသလို၊ မနာလိုဝန်တိုသလို ဆက်ဆံတတ်၏။ သက်သက်သည် ဦးစံရှိန်နှင့် ဒေါ်မြတင်တို့၏ သမီးအရင်းမဟုတ်မှန်းသိသည့်အပြင် မိခင်ရင်း ဒေါ်သက်မေမှာ လင်ကောင်မပေါ်ဘဲ မွေးခဲ့ရခြင်းကိုပါ ကြားဘူးသဖြင့် သက်သက်အား ရွှတ်ချလိုသည့်သဘောလည်းရှိ၏။

ထို့ပြင် ဒေါ်အေးမြင့်၏ ခင်ပွန်းသည် ဦးဘသွင်ဆိုသူကလည်း အရက်သောက်တတ်သူဖြစ်လျက် မကြာခဏ အရက်မူးပြီး သက်သက်အား စကားကို ရိသဲ့သဲ့ပြောပုံ၊ သက်သက်၏ ပြည့်ဖြိုးလှပသော ခန္ဓာကိုယ်အား မရိုးသားသော မျက်လုံးများဖြင့် ကြည့်တတ်ပုံတို့ကြောင့် "အင်း့ဒီလူကြီးကတော့ အန္တရာယ်ရှိတယ်"ဟု သက်သက်က အကဲခတ်ရိပ်မိလေသည်။

"သမီး....ယောကျ်ားတွေကိုသတိထား၊ ယောကျ်ားတွေဟာ မကောင်းဘူး သမီးရဲ့...."

ဟူ၍ မိခင်ဒေါ်သက်မေ ကွယ်လွန်ခါနီး ပြောသွားသော စကားကိုလည်း ချက်ချင်းပြန်သတိရမိလေသည်။

ဒေါ်အေးမြင့်ကိုယ်တိုင်က လင်ကိုကြောက်ရသူ ဖြစ်နေခြင်းကလည်း တမျိုးစိတ်ပျက်စရာ ဖြစ်နေပေသည်။ ညဘက် ဦးဘသွင်ကြီးတယောက်တည်း အိမ်ရှေ့ခန်းတွင် အရက်သောက်နေရင်းက စာကြည့်နေသော သူ့သမီး အေးအေးသွင်ကိုတော့ မခိုင်းဘဲ ဒေါ်အေးမြင့်အား "ဟေ့-သက်သက်ကို ဆော်ဒါ တပုလင်းယူပြီး ပို့ခိုင်းစမ်း"ဟု ခိုင်းသည့်အခါ ဒေါ်အေးမြင့်မှာ ကြောက်ကြောက်နှင့် တကယ်ပင် သက်သက်အား ဆော်ဒါ ပုလင်သွားပို့ခိုင်းတတ်သည်။

သည်လိုအခါများတွင် ဦးဘသွင်သည် သက်သက်အား ပြုံးဖြီးဖြီးနှင့်....

"ဟဲ့ ကောင်မလေး....နင့်ကိုယ်လုံးက အရွယ်နဲ့မလိုက်အောင် ကြီးလှချည်လား ဘာတွေများ လုပ်ထားလို့လဲ...."

ဟု မျက်လုံးက သက်သက်၏ရင်ပတ်ကိုကြည့်ရင်း ပြောတတ်လေသည်။

ဤအကြောင်းများကြောင့်ပင်လျှင် သက်သက်သည် ဖခင် ဦးစံရှိန်က မည်သို့ပင် ပြောစေကာမူ ဒေါ်အေးမြင့်တို့အိမ်တွင် ကြာရှည်နေ၍မဖြစ်ဟု တွေးမိသေသည်။

ဦးဘသင်-ဒေါ်အေးမြင့်တို့၏ သမီး အေးအေးသွင်က သက်သက်အား အဆင့်အတန်းချင်းမတူ၍ အဖက်မတန်သလို ခပ်တည်တည် လုပ်နေခြင်းကလည်း သက်သက်အဖို့ စိတ်ဆောင့် သက်သက်နှင့် တမျိုးစိတ်ပျက်စရာကောင်းနေပေသည်။

www.burmeseclassic.com

အေးအေးသွင်၏ နေပုံထိုင်ပုံ ဆက်ဆံပုံကိုကြည့်ပြီး ဆရာမ ရင်ရင်ကပါ ကြားကာ မခံမရပ်နိုင်ဖြစ်ကာ ညဘက် နှစ်ယောက် သား ကျိတ်၍ အေးအေးသွင်အကြောင်း တီးတိုးဝေဖန် ပြော ဆိုခြင်းဖြင့် စိတ်ကို ဖြေကြရတော့သည်။

တခါက အေးအေးသွင်က သက်သက် စာဖတ်နေရာသို့လာ ပြီး....

"ဟော့-သက်သက်.... တခါတခါ ညည်းတို့အဖေကို သတိမရ ဘူးလား...."

ဟု မေးဘူး၏။

သက်သက်ကလည်း ရိုးသားစွာပင်....

"အော်....ဒက်ဒီလား၊ သတိရတာပေါ့ အေးရယ်....ဒါပေမဲ့ ဒက်ဒီက စစ်ကိုင်းချောင်မှာ တရားအားထုတ်နေတယ်ဆိုတော့ မပြောသာဘူးပေါ့...."

ဟု ပြန်ဖြေခဲ့လေသည်။

ဤတွင် အေးအေးသွင်သည်မထိမဲ့မြင် လှောင်ပြောင်သလို ရယ်မောလိုက်ရင်း....

"အန်ကယ်လ် ဦးစံရှိန်ကို ပြောတာမဟုတ်ဘူးကွ။ ညည်း အမေရင်း ဒေါ်သက်မေက ညည်းကို တိတ်တိတ်ပုန်းမွေးရပြီး ပစ်သွားတဲ့အဖေအရင်းကိုပြောတာ...."

ဟု ဆက်ပြောလိုက်လေသည်။

တမင်သက်သက် စော်ကားချင်၍ ရန်စ,မှန်းသိသာလှန်းသ ဖြင့် သက်သက်တွင် မျက်နှာနီသွားအောင်ပင် ရှက်လည်းရှက်, ဒေါသလည်းထွက်လာမိလေသည်။



ပင်ကိုယ်စရိုက်အားဖြင့် ဘွင်းဘွင်းပြောတတ်သူ ပီပီ သက် သက်သည် အေးအေးသွင်အား ပက်ပက်စက်စက် ပြောကာ ရန် တွေ့ပြီး လူကိုပါ ပါးကို ဖြန်းကနဲ ရိုက်ချလိုက်တော့မည့်ဆဲဆဲ ဖခင် ဦးစံရှိန်၏မျက်နှာ အန်တီဒေါ်အေးမြင့်၏ မျက်နှာတို့ကို မျက်စိထဲမြင်ယောင်လာသဖြင့် စိတ်ကိုမနည်းကြိုးစား ချုပ်ထိန်း လိုက်ရလေသည်။

ထိုအချိန်၌ အနီးတွင်ရှိနေသူ ဆရာမ ရင်ရင်က အခြေအနေ ကို ဝင်ထိန်းသည့်အနေဖြင့်....

"ကိုင်း-လာပါသက်ရယ်....စောစောက သက်ကစာရေးစရာ ရှိသေးတယ်ဆို၊ လာလေ....စာသွားရေးရအောင်...."

ဟု ပြောပြောဆိုဆို သက်သက်ကို အိပ်ခန်းဆီသို့ ဆွဲခေါ် သွားလိုက်ရလေသည်။

ထိုနေ့ညတွင်ပင် သက်သက်သည် နောက်တကြိမ် ကျောင်း ပိတ်လျှင် သတုံ့သို့ မည်သည့်နည်းနှင့်မျှ မလာတော့ဟု ပြတ် ပြတ်သားသား ဆုံးဖြတ်လိုက်မိပါတော့သည်။

× × ×

နောက်နှစ်နွေရာသီ ကျောင်းရက်ရှည်ပိတ်လျှင်တော့ သရက် မြို့သို့ပြန်ပြီး ဖခင်ကြီးမရှိလျှင် ကိစ္စမရှိ၊ သရာမရင်ရင်ကိုခေါ်၍ နှစ်ယောက်တည်းနေမည်ဟု စိတ်ကူးရသော်လည်း ဦးစံရှိန်က သရက်မှ မိမိတို့အိမ်ကြီးကို အပြီးပိုင်ရောင်းချလိုက်ပြီဖြစ်ကြောင်း ဒေါ်အေးမြင့်ထံမှ တဆင့်သိရသဖြင့် ၎င်းအစီအစဉ်မဖြစ်နိုင်ဘဲ ခက်နေပြန်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

သည်ဘခါ ကျောင်းပိတ်လျှင် ဘော်ဒါဆောင်တွင် ဆက်နေ၍မဖြစ်၊ တအိမ်အိမ်ကိုတော့ ပြန်ရမည်ရာ သထုံမြို့သွားရန်ကလည်း ဦးဘသွင်ကြီးနှင့် သမီးအေးအေးသွင်တို့ကို လုံးဝမျက်နှာချင်းမဆိုင်လိုသဖြင့် အကြံအိုက်နေရှာပါတော့သည်။

ယင်းသို့အကြံအိုက်ကာ ပြဿနာ၏အဖြေကို ရှာမရဘဲ ဖြစ်နေသူ သက်သက်၏ ဘဝခရီးလမ်းကြောင်းကို တမျိုးတဖုံပြောင်းလဲလျက် သထုံမြို့သို့ နောက်ထပ်သွားရန်လည်း မလိုတော့အောင် ထိုနှစ် သီတင်းကျွတ်လတွင် ကံကြမ္မာက စီမံဖန်တီးပေးလာလေသည်။

တနေ့ ကျောင်းမှာစာသင်နေစဉ် သက်သက်ထံသို့ သထုံမှ သံကြိုးစာတစောင် ရောက်လာရာ မလာစဘူး အလာထူးသဖြင့် သံကြိုးစာကို ကပျာကယာ ဖေါက်ကြည့်လိုက်သောအခါ ဖခင် ဦးစံရှိန် စစ်ကိုင်းတွင် ရုတ်တရက် နှလုံးရောဂါဖြစ်ပြီး မသက်သာသဖြင့် ဒေါ်အေးမြင့်ကိုယ်တိုင် စစ်ကိုင်းသို့ အမြန်လိုက်သွားရကြောင်း ဦးဘသွင်က ရိုက်လိုက်သည့် ကြေးနန်းဖြစ်လေသည်။

သံကြိုးစာကိုဖတ်ပြီးပြီးချင်း သက်သက်မှ ငယ်ထိပ် မြွေပေါက်ခံလိုက်ရသလို ခေါင်းထဲ မိုက်ကနဲဖြစ်လောက်အောင်ပင် စိတ်ထိခိုက် တုန်လှုပ်သွားမိပါတော့သည်။

ဘယ်သူကဘာပြောပြော ဦးစံရှိန်မှာ ဖခင်အရင်းမဟုတ်လင့်ကစား အချို့အချို့သော မိဘအရင်းထက်ပင် မိမိအပေါ် ချစ်ခင်မြတ်နိုးခဲ့သူ ဖြစ်သည်။ မိမိကိုယ်တိုင်ကလည်း ဦးစံရှိန်အား သံယောဇဉ်ကြီးစွာ ချစ်ခဲ့သည် ။ဒေါ်မြတင်နှင့် မောင်မောင်တို့

ကျောင်းတခင်ကွယ်လွန်သွားပြီးသည့်နောက်ပိုင်းဆိုလျှင် ဖခင်ကြီးအား ကရုဏာအထူးဖြစ်လျက် ပို၍သံယောဇဉ်ကြီးခဲ့၏။

ယခု ဦးစံရှိန် ရုပ်ဝေးတွင် တယောက်တည်းနေရင်း နှလုံးရောဂါပြင်းအထန်ဖြစ်သည်ဟုသိရသည်တွင် သက်သက်မှာ အထူးပင် စိုးရိမ်ပူပန်ရှာလေသည်။

ထို့ကြောင့် ဆရာမ ရင်ရင်၏ အကူအညီဖြင့် ကျောင်းအုပ် "မာသာ"ကြီးကို အတင်းအဓမ္မပြောဆိုခွင့်တောင်းကာ နောက်နေ့ရထားနှင့်ရင်ရင်ပါခေါ်၍ စစ်ကိုင်းသို့လိုက်သွားလေသည်။

သို့သော် ကြေကွဲရင်နာဖွယ်ကောင်းသည်ကား အလာကောင်းသလောက် အခါနှောင်းပြီဟု ဆိုရလောက်အောင်ပင် သက်သက်စစ်ကိုင်းသို့ ရောက်သွားသောနေ့ နံနက်စောစော (သူ့တို့ရောက်မီ တနာရီခန့်အလိုတွင်) က ဦးစံရှိန်မှာ ကွယ်လွန်အနိစ္စရောက်သွားခဲ့ကြောင်း ဒေါ်အေးမြင့်က မျက်ရည်စက်လက်ဖြင့် ပြောပါတော့သည်။

ဖခင်ကြီး၏ ရုပ်ကလာပ်ကို အားရအောင် ဖက်ငိုပြီးနောက် သက်သက်သည် မိမိ၏ရှေ့ရေးဘဝခရီးလမ်းကြောင်းကို မည်သို့ဆုံးသွားရပါမည်နည်းဟု လေးနက်စွာတွေးကြည့်မိလေသည်။

လူ့လောကတခုလုံး သံယောဇဉ်နှောင်ကြိုးဆို၍ တခုတည်းသာရှိသည်ဟုဆိုလောက်သော ကျေးဇူးရှင်ဖခင်ကြီး ဦးစံရှိန် မရှိတော့ပြီဖြစ်၍ သက်သက်အဖို့ ဘာကိုမျှ ခင်မင်တွယ်တာစရာမရှိသလောက်ဖြစ်နေပေပြီ။

ဤတွင် သက်သက်သည် ကြာရှည်အချိန်ဆွဲ စဉ်းစားနေသာဘဲ နောင်ရေးအစီအစဉ်ကို ခပ်မြန်မြန်ပင် ဆုံးဖြတ်ချက်ချလိုက်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုဆုံးဖြတ်ချက်ကိုလည်း ချက်ချင်းပင် လက်တွေ့အကောင်အထည်ဖေါ်လိုက်လေသည်။

ဖခင်ကြီးအား စစ်ကိုင်းမြို့တွင်ကောင်းစွာသင်္ဂြိုဟ်၍ ရက်လည်သပိတ်သွပ် အမျှအတမ်း ဝေပြီးသည်နေ့မှာပင် သက်သက်က အန်တီဒေါ်အေးမြင့်အား သူမ၏အစီအစဉ်ကိုဖွင့်ပြောလေသည်။

အစီအစဉ်ကတော့ အခြားမဟုတ်၊ မိမိအတွက် ဖခင်ဦးစံရှိန်ကြိုတင် စီစဉ်ထားခဲ့သော ငွေကြေးပစ္စည်း အမွေအနှစ်များကိုတောင်းယူပြီး နောက်ထပ် ဒေါ်အေးမြင့်တို့ထံ ဘာမျှ အလှူမတတ်, အကူအညီမတောင်းတော့ဘဲ နောက်ပိုင်း သူ့ကြမ္မာသူဖန်တီးနေထိုင်သွားမည်ဟူ၍ပင်ဖြစ်လေသည်။

ကျောင်း၌ ပညာဆက်သင်လိုစိတ်မရှိတော့သဖြင့် သက်သက်သည် ရန်ကုန်ပြန်ရောက်ရောက်ချင်း ကျောင်းမှထွက်ကာ စမ်းချောင်းရပ်ကွက်ထဲရှိ အိမ်တအိမ်ငှားနေပြီး ဘာမျှမလုပ်သေးဘဲ အမွေရရှိသောငွေကြေးဖြင့် စားသောက်နေခဲ့လေသည်။

သို့သော် တယောက်တည်းနေခြင်းမဟုတ်၊ အချစ်တော်ဆရာမ ရင်ရင်ကိုပါ သက်သက်ကခေါ်၍ နှစ်ယောက်သား အတူနေထိုင်ကြခြင်းဖြစ်လေသည်။

တနှစ်မျှကြာသွားသောအခါ ရင်ရင်ကပင် သက်သက်အားအရှည်သဖြင့် စားဝတ်နေရေးအတွက် အလုပ်တခုခု လုပ်လျှင်သင့်တော်မည်ဖြစ်ကြောင်း၊ ဘဏ်တွင်အပ်ထားသောငွေကလည်းတဖြည်းဖြည်း နည်းလာပြီဖြစ်၍ ကြာလျှင်ကုန်သွားပြီး အခက်အခဲတွေ့မည်ဖြစ်ကြောင်းသတိပြောဆိုလေသည်။

သက်သက်ကလည်း ရင်ရင်၏ အကြံပေးချက်ကို သဘောပေါက်၍ အလုပ်တခုခုလုပ်မှဖြစ်ချေတော့မည်ဟု စိတ်ကူးမိလေသည်။

ရန်ကုန်အနောက်ပိုင်း၊ မဟာဗန္ဓုလလမ်းတနေရာရှိ "လှကေသီ ဆံပင်အလှပြုပြင်ရေးဆိုင်" မှ ပိုင်ရှင်ဒေါ်လှလှသည် သက်သက်ရော, ဆရာမ ရင်ရင်နှင့်ပါခင်မင်ရင်းနှီးနေရာ သက်သက်က အလုပ်အကိုင် ရှာဖွေလိုကြောင်း ပြောသည်တွင် ဒေါ်လှလှက သူ၏ဆိုင်မှာပင် အကူမိန်းကလေးတယောက် လိုနေခိုက်နှင့် ကြုံကြိုက်နေသဖြင့် သက်သက်အား လစာငွေတလ တရာ့ငါးဆယ်ဖြင့် ချက်ချင်းအလုပ်ပေးရှာလေသည်။

ဒေါ်လှလှသည် သက်သက်၏ရုပ်ရည်နှင့် သွက်လက်ချက်ချာပုံကိုသဘောကျပြီး အထူးခင်မင်သည့်အလျောက် ဆံပင်ကောက်ခြင်း၊ အလှပြုပြင်ခြင်းပညာများကို ကောင်းစွာသင်ပြပေးသည့်ပြင် ရန်ကုန်မြို့ လူကုံထံလောကတွင်ပေါက်ရောက်သူဖြစ်၍ မျက်နှာကြီး မိတ်ဆွေများကဖိတ်သည့် ညစ်ခံပွဲများ၊ ပါတီများသို့ ဒေါ်လှလှက သက်သက်အားခေါ်သွားလေ့ရှိလေသည်။

ယင်းသို့ ဒေါ်လှလှနှင့်အတူ သွားလာ လှုပ်ရှား နေရင်းက ပါတီတခု၌ သူဌေးသားမျိုးဇင်နှင့် စတင်တွေ့ဆုံသိကျွမ်းခဲ့ရခြင်းဖြစ်ပေသည်။

ဆရာမရင်ရင်ကိုကား သက်သက်က ဘယ်တော့မျှမမေ့ချေ။ ဇင်စက်မှုလက်မှုလုပ်ငန်းပိုင်ရှင် သူဌေးဦးဘဇင်နှင့် အိမ်ထောင်ပြုပြီး ကမ္ဘာအေးလမ်းတိုက်မှာ နေချိန်ကသာ ရင်ရင်အား စမ်း



www.burmeseclassic.com

www.burmeseclassic.com

ချောင်းအိမ်တွင်နေစေခဲ့ပြီး ဦးဘဇင်ကွယ်လွန်သွားသည့်နောက်ပိုင်းတွင်လည်း ဆရာမရင်ရင်ကို ယခင်ကအတိုင်း အတူပြန်ခေါ်ထားရုံမက ရုပ်ရှင်မင်းသမီး ဖြစ်လာသောအခါ၌ ရင်ရင်အား အလုပ်မှပင်ထွက်ခိုင်း၍ အိမ်မှာနေစေခဲ့လေသည်။

*　　　*　　　*



www.burmeseclassic.com

www.burmeseclassic.com

# ( ၁ )

မေသက်ဝင်းသည် အတိတ်ကာလမှဖြစ်စဉ်များကို ပြန်လည်တွေးတောရင်း ဝမ်းနည်း ကြေကွဲသလို၊ ရင်ထဲက နာသလို၊ အသက်ရှူကျပ်သလိုနှင့် မောဟိုက်နွမ်းနယ်နေလေသည်။

မိခင်ဒေါ်သက်မေ မသေမီပြောသွားသည့်"ယောကျ်ားတွေဟာ မကောင်းဘူး" ဟူသော စကားကိုလည်း အထူးသတိရမိပြန်လေသည်။

နိုင်လွန်စက်သူဌေးဦးကျင်သောင်းလိုလူမျိုး၊ သထုံမှ ဒေါ်အေးမြင့်၏ယောကျ်ားဦးဘသွင်ကြီး လိုလူမျိုးများက မိခင်ကြီးပြောသွားသည့်စကား အလွန်မှန်လှကြောင်း လက်တွေ့သောက်ခံသလိုပင်နေသည်မဟုတ်ပါလော။

ထို့ပြင်သူမဆံပင်ကောက်ဆိုင်မှာ အလုပ်လုပ်နေစဉ်ကပိုင်ရှင် ဒေါ်လှလှနှင့် ပါတီ ညစာခံပွဲများ သွားလာ ရင်း တွေ့ခဲ့ရ ယောကျ်ားတွေကပါ သူမကို 'ငမ်း' ကြပုံ၊ ရုပ်ရှင်မင်းသမီး ဖြစ်လာသည့်နောက်ပိုင်း ပို၍ပင်ဆိုးကာ ယောကျ်ားတွေက မိမိ၏



www.burmeseclassic.com

www.burmeseclassic.com

ခန္ဓာကိုယ်ကို 'စား ချင် ဝါးချင်' ကြပုံတို့ကိုပါ သတိရကာ 'ယောကျ်ားတွေဟာ ဒီလိုချည့်ပါဘဲလား' ဟု တွေးမိလေသည်။

ထိုကြောင့်ပင်လျှင် ဦးဘဇင်ကွယ်လွန်ပြီးနောက် ကိုဇော်ဟိန်းကြီးနှင့် နှစ်ယောက်ချင်းတွေ့စဉ်က 'ယောကျ်ားတွေဟာ သက်ရဲ့ခန္ဓာကိုယ်ကိုအပိုင်စီးပြီး အတူအိပ်ဖို့လောက်ဘဲ စိတ်ကူးကြတယ်' ဟု ခပ်ဘွင်းဘွင်းပြောခဲ့ခြင်းဖြစ်ပေသည်။

မိခင်ဒေါ်သက်မေပြောသွားသလို ယောကျ်ားတွေကြောက်စရာကောင်းသည်မှာ အမှန်ပင်ဖြစ်ပေသည်။

သို့သော် မေသက်ဝင်းသည်စိတ်ထားဖြောင့်မတ်ပြီး မှန်ရာကိုမျှတချိန်ဆ စဉ်းစားတတ်သူဖြစ်သည့်အလျောက် 'ယောကျ်ားတွေမကောင်းတာတော့ ဟုတ်ပါပြီ၊ မိန်းမတွေကတော့ စင်းလုံးချောကောင်းကြပါရဲ့လား' ဟု ပြန်လှန်မေးခွန်းထုတ်ကြည့်မိလေသည်။

ဤတွင် မေသက်ဝင်းသည် ဆံပင်ကောက်ဆိုင်တွင် အလုပ်လုပ်စဉ်က ပိုင်ရှင်ဒေါ်လှလှနှင့်အတူ ရန်ကုန်မြို့ လူကုံထံလောကထွင်းသို့ဝင်ရောက်သွားလာလှုပ်ရှားရင်းကြားသိခဲ့ရသော ဖြစ်ရပ်အချို့ကို ပြန်လည်သတိရမိလေသည်။

ဘယ်အတွင်းဝန်ကတော်က ဘယ်သံရုံးက လူမျိုးခြားအရာရှိထောင်ထောင်မောင်းမောင်းနဲ့ နောက်မီးလင်းနေတာဘဲ၊ ဘယ်စစ်ဗိုလ်မိန်းမက သူတို့အိမ်နီးချင်း ဘယ်ကောင်ကလေးနဲ့ 'ကြာကူရိ' ဆွဲနေတယ်ဆိုပါကလား၊ ဟိုကုန်သည် သူဌေးကြီးကတော်မဟာဝှာကလဲ မဂိုလမ်းကကုလားသူဌေးသားတယောက်နဲ့ မရှင်းမရှင်းဖြစ်နေကြတယ်လို့ သူ့ဒရိုင်ဘာကပြောတယ်စသဖြင့် ညစာစားပွဲပါတီများတွင် မိန်းမအချင်းချင်း 'အတင်း' ချနေကြပုံ ကြားခဲ့ရရာ သူတို့ကိုယ်သူတို့ လူကုံထံပါဟုဆိုသူအထက်တန်းလွှာလူ့အဖွဲ့အစည်းအတွင်း ဤသို့ကိုယ်ကျင့်တရား ပျက်ပြား ဖေါက်ပြန်နေခြင်းတို့သည်ယောကျ်ားတွေ၏အပြစ်သက်သက်လော။ မိန်းမတွေကကော လုံးလုံးအပြစ်ကင်းပါ၏လော။ မိန်းမကိုယ်တိုင်က 'ထ' ၍ ယောကျ်ားများကအလွယ်တကူ 'စား' နိုင်မည့်အစာတွေ၍ 'စား' ကြခြင်းမဖြစ်နိုင်ပါလော ဟုသံသယဖြစ်စရာ ကောင်းနေပါတော့သည်။

မေသက်ဝင်းသည် အခြားမိန်းမများအတွက် တတ်အပ်မပြောနိုင်သော်လည်း သူ့ကိုယ်သူ အမှန်အတိုင်း ဆန်းစစ်ကြည့်ရာတွင် မိန်းမများသည်လည်း သွေးနဲ့ကိုယ် သားနဲ့ကိုယ်ဖြစ်၍ ရံဖန်ရံခါ သွေးသားသောင်းကျန်းမှုဖြစ်နိုင်သည်၊ လင်ရှိ မိန်းမများပင်လျှင် ရံဖန်ရံခါ မိမိ၏ခင်ပွန်းမဟုတ်သူအခြားယောကျ်ားနှင့် ကလေးမုံ့ခိုးစားသလိုတိတ်တိတ်ပုန်းစမ်း 'ချစ်' ကြည့်ချင်စိတ် ဖြစ်ပေါ်လာနိုင်သည်၊ ယောကျ်ားများက မိန်းမ တယောက်ပြီးတယောက် ခြေကော်တင်ချင်သလို မိန်းမအနေနှင့်လည်း အာရုံပြောင်းအာရုံလွှဲသဘောယောကျ်ားတယောက်နဲ့ သာမက နှစ်ပါးသွားကြည့်ချင်စိတ်ပေါ်လာနိုင်သည်ဟူ၍ ဝန်ခံရမလိုဖြစ်နေလေသည်။

အပျိုဖျန်းအရွယ်က သရက်မြို့တွင် မောင်မောင်နှင့် 'ဖြစ်' ခဲ့ပုံ၊ ကင်းဘဲလမ်းခြံထဲတန်းကကိုဇော်ဟိန်းကြီးနှင့်လွန်လွန်ကျူးကျူး 'ချစ်' ခဲ့ကြပုံများဆိုလျှင် မိမိကိုယ်တိုင်က သွေးသား သောင်းကျန်းမှုအာသာကို ဖြေလိုသည့်စိတ်ပြင်းထန်ထကြွရာမှ [illegible] အကောင်အထည်ပေါ်ခဲ့ရသော 'ချစ်ပြူဟာ' ဇာတ်လမ်းများပင်မဟုတ်ပါလော။

www.burmeseclassic.com

www.burmeseclassic.com

တခုတော့ မေသက်ဝင်းက သေချာစွာ ပြောနိုင်ပေသည်။ ထိုအချက်ကား ပုထုဇဉ်ဘဝ မိန်းမများသည်လည်း သွေးသားသောင်းကျန်းမှု ဖြစ်ပေါ်တတ်လင့်ကစား ယောကျ်ားများလောက်တော့ ရာဂစိတ် နိုးကြား တက်ကြွမှု မ,များဟူသော အချက်ပင်တည်း။

တက်ကြွမှုမများဟုဆိုရာ၌ ဖို-မ (လိင်)စိတ်ပြင်းထန်မှု အရှိန်လျော့နည်းသည်ဟု မဆိုလိုပါ။ ယင်းစိတ်ဖြစ်ပေါ်လာပြီဆိုလျှင် တက်ကြွမှုအရှိန်က တကယ်ပြင်းထန်သည်။ သို့သော် ဖြစ်ပေါ်သည့်အကြိမ် အရေအတွက်က ယောကျ်ားနှင့်စာသော် လျော့နည်းအားဖြင့် ယောကျ်ားများက "တညတယောက်" ပြောင်း၍ နှစ်ပါးသွားချင်သလို မိန်းမအနေနှင့်တော့ ည စဉ် သွေးသားသောင်းကျန်းမှုမဖြစ်နိုင်ဟုလည်း ဆိုနိုင်ပေ၏။

ထိုကြောင့် အားလုံးကို သတ္တုချ ဆန်းစစ်ကြည့်လိုက်သော်မိခင် ဒေါ်သက်မေပြောသွားသည့်အတိုင်း ယောကျ်ားတွေက ပိုလွန်ကဲသည်ဟုသာ ဆိုရပေမည်။

ဤသို့လျှင် မေသက်ဝင်းသည် မိန်းမနှင့်ယောကျ်ားသောင်းကျန်းမှုအတိုင်းအတာ နှိုင်းယှဉ်ချက်ကို ဝေဖန်သုံးသပ်မိပါတော့သည်။

× × ×

နောက်တနေ့နံနက်မိုးသောက်သောအခါ၌မူ ရုပ်ရှင်ကုမ္ပဏီများ ဒါရိုက်တာများထံမှ တယ်လီဖုံးဖြင့် တမျိုး, လူကိုယ်တိုင်လာ၍တဖုံ ရုပ်ရှင်ရိုက်ကူးရေးအတွက် အစီအစဉ်များလုပ်ခြင်း



ား ရိုက်ရက်ချိန်းတောင်းခြင်း၊ ကားသစ်လက်ခံရိုက်ကူးရန်ကားကမ်းလှမ်းခြင်းစသဖြင့် နာမည်ကြီး ရုပ်ရှင်မင်းသမီးတလောက်အနေဖြင့် နေ့စဉ်နှင့်အမျှ တွေ့ကြုံရတတ်သော ပြဿနာများကို ရင်ဆိုင်ရပြန်လေရာ မေသက်ဝင်းမှာ ဖိုနှင့်မ ဿရာဝါသ အကြောင်း လုံးလုံးစဉ်းစားချိန်မရအောင် ဖြစ်သွားပါတော့သည်။

မေသက်ဝင်းတွင် ရုပ်ရှင်နယ်ထဲရောက်ချိန်မှစ၍ အကျင့်တခုယ်ထားပေသည်။ သို့အကျင့်ကား ရုပ်ရှင်ရိုက်ရမည့်နေ့ဆိုလျှင်နေ့ ရိုက်ကူးရမည့် ဇာတ်လမ်း သို့မဟုတ် သရုပ်ဆောင်ရမည့်ခန်းမှ သူမ၏ ဇာတ်ကောင်အရုပ်၏ စရိုက်အသွင်ကို နံနက်ာစောကပင် စိတ်ဝင်စားအောင် အာရုံစူးစိုက်လေ့ကျင့်တတ်င်းပင်ဖြစ်၏။ ဥပမာ-ပါဝင်သရုပ်ဆောင်ရမည့်အခန်းက သူပြုဆရာမတယောက်ဆိုလျှင် မေသက်ဝင်းသည် နံနက်အိပ်ရာမနိုးချင်း သူ့ကိုယ်သူ တကဲ့သူနာပြုဆရာမကလေးတယောက်လိုပြာဆိုပြုမူ သွားလာလှုပ်ရှားနေတတ်၏။ သူနာပြု ဆရာမဟန်အတိုင်း သွက်သွက်လက်လက် ဆေးပုလင်းယူဟန်၊ လူနာကိုါးချိန်ဖြင့် အဖျားတိုင်းဟန်၊ သွေးခုန်နှုန်းစမ်းဟန်လုပ်ရင်းသူမ၏ အပါးတော်မြဲ ဆရာမရင်ရင်ကိုပါခေါ်၍....

"ဘယ့်နဲ့လဲရင်ရင်.... သက်က တကဲ့နတ်စ်မနဲ့တူရဲ့လားင်...."

ဟု မေးလေ့ရှိပေသည်။

သည်လိုအာရုံစူးစိုက်လေ့ကျင့်မှုကြောင့်လည်း ရုပ်ရှင် စတူယိုသို့ရောက်၍ ဇာတ်ကားရိုက်သောအခါ ဒါရိုက်တာက ဟန်မှုအရာ အိုကေတင် အထူးသင်ပြမနေရဘဲ "ဒိုင်ယာလော့ဂ်"



www.burmeseclassic.com

www.burmeseclassic.com

(စကားလုံး) သင်ပေးရုံနှင့် မေသက်ဝင်းမှာ ဆေးရုံပေါ်မှ တကဲ့သူနာပြုဆရာမကလေးတယောက်အသွင် သဘာဝကျကျနှင့် ပိုင်နိုင်စွာ သရုပ်ဆောင်သွားနိုင်ခြင်း ဖြစ်လေသည်။

ထိုအကျင့် စဘင်ဖြစ်ခဲ့ရပုံကား ဤသို့တည်း။

ပထမဆုံး ဇာတ်ကား 'သေနတ်သမားနှင့် လှပျိုဖြူ' ရိုက်ကူးနေကြစဉ် သူမထက် စော၍ ရုပ်ရှင်နယ်ရောက်နေနှင့်သူ မင်းသားကိုဇော်ဟိန်းက လက်ဟောင်း ဒါရိုက်တာကြီးများထံမှ ကြားဘူးသည့်အကြောင်းတခုကို မေသက်ဝင်းအား တဆင့် ပြောပြခဲ့လေသည်။

ထိုအကြောင်းမှာ အသံတိတ်ရုပ်ရှင်ခေတ်နှင့် မြန်မအသံထွက်ရုပ်ရှင်ပေါ်ကာစ ခေတ်ဦးက အထူးထင်ရှားကျော်စောခဲ့သူ နာမည်ကျော်မင်းသားကြီး ဦးလှမောင်ကြီးနှင့် ပတ်သက်လေသည်။

လှမောင်ကြီးသည် စင်စစ် ပရိသတ် အော့နှလုံးနာစရာ မုန်းစရာကောင်းသော အခန်းများ၌ ပါဝင်သရုပ်ဆောင်ရသူ လူကြမ်းမင်းသားကြီးဖြစ်၏။ သို့သော် ဒါရိုက်တာ ဦးညာဏ၏ 'ကုမ္မာရီ' ဇာတ်ကားတွင်မူ မင်းသားဘတင့်၏ ဖခင်ကြီးအဖြစ် ပရိသတ်မျက်ရည်ကျအောင် လွမ်းပြနိုင်ခဲ့၏။ တဖန် ဒါရိုက်တာ ဦးထွန်းရွှေ၏ 'မာယာသယ်' ဇာတ်ကားတွင်လည်း မင်းသားမောင်မောင်အေး၏ဖခင်အဖြစ် လူကြီးခန်းတွင်အလွန်တည်ကြည်လေးနက်စွာ သရုပ်ဆောင်ကပြသွားသေး၏။ အသံထွက်ခေတ်ရောက်၍ ဗြိတိသျှဘားမားရုပ်ရှင် ဒါရိုက်တာ ဆရာခန့်၏ 'ဣတ္ထိယ' အသံထွက်ကားတွင် မောင်မောင်အေး၏ ဖခင် အဖိုးကြီးအသွင်သရုပ်ဆောင်ရင်း မင်းသမီး ခင်ခင်ရီအား ရိုသဲ့သဲ့လုပ်စဉ်

သားနှင့် ပက်ပင်းတိုး၍အူကြောင်ကြောင်ဖြစ်ပုံများကို ပရိသတ် တဝါးဝါး ပွဲကျအောင် ကပြနိုင်ခဲ့ပေသည်။

လူကြမ်းမင်းသား တယောက်အနေဖြင့် ဤမျှ ထူးချွန်စွာ စွမ်းဆောင်နိုင်ခြင်းမှာ လှမောင်ကြီးသည် နံနက်လင်း၍ရုပ်ရှင် ခြံထဲရောက်ရောက်ချင်း ထိုနေ့ရိုက်ကူးရမည့် ဇာတ်ကောင်အသွင် အတိုင်း (လူဆိုး၊ အဖိုးကြီး၊ နောက်ပိုးရှုး စသဖြင့်) သူ့ကိုယ်သူ အာရုံစူးစိုက် ယုံကြည်ထားကာ အဆိုပါ ဇာတ်ကောင်၏ ဟန်ပန် လေသံများ ပြောဆိုလှုပ်ရှား လေ့ကျင့်တတ်ခြင်းကြောင့်ပင် ဖြစ်သည်ဟု ဗြိတိသျှဘားမားကုမ္ပဏီ၌ အလုပ်လုပ်ခဲ့ဘူးသူ ဒါရိုက်တာကြီးများက ပြောပြလေသည်။

လွမ်းခန်းရိုက်ရမည့်နေ့ဆိုလျှင် လှမောင်ကြီးသည် စတူဒီယို အလုပ်သမားကောင်ကလေးတွေနှင့်ပင် ရယ်စရာမောစရာစကား ပြောခြင်း၊ နောက်ပြောင်ခြင်းအလျင်းမလုပ်တော့ချေ။

ထိုခေတ်ကသာ ယနေ့လို ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီ)ပေးမည်ဆိုပါက လှမောင်ကြီးသည် ထိပ်ဆုံးက အကယ်ဒမီရနိုင်သော ရုပ်ရှင်ပညာသည်ဖြစ်သည်ဟုလည်းပြောကြလေသည်။

အဆိုပါ ဦးလှမောင်ကြီးနှင့် ပတ်သက်သော ရုပ်ရှင်ဟန် အမူအရာလေ့ကျင့်ပုံအကြောင်းတွေကို ဇော်ဟိန်းကမေသက်ဝင်းအားတဆင့်ပြောပြလေရာ သူမသည်လည်း ဦးလှမောင်ကြီးလို လေ့ကျင့်ရန် ဆုံးဖြတ်လျက် 'သေနတ်သမားနှင့်လှပျိုဖြူ' ဇာတ်ကားရိုက်ကူးနေချိန်မှစ၍ ကြိုးစားလေ့ကျင့်ခဲ့ပေသည်။

ယနေ့ရိုက်ကူးရမည့် အခန်းကား ဒါရိုက်တာ ဦးအောင်ထူး ရိုက်ကူးနေသည့် 'ဆေးတာသိမ့်သိမ့်' ဇာတ်ကားမှ လွမ်းခန်း တခန်းပင်ဖြစ်၏။ ဇာတ်က သမီးရည်းစား အချစ်ဇာတ်မဟုတ်ဘဲ

www.burmeseclassic.com

www.burmeseclassic.com

အိမ်ထောင်ရှင် ဇနီးမောင်နှံတို့ ကြီးမားသော ချစ်ခြင်းမေတ္တာကို သရုပ်ဖေါ်ပြသည့် ဇာတ်ဖြစ်ပြီး ယခုရိုက်ရမည့် အခန်းတွင် ချစ်စွာသောလင်ယောကျ်ားကို တဖက်လူက လုပ်ကြံ အမှုဆင်သဖြင့် မားပြမှုဖြင့်အဖမ်းခံရရုံမက တရားရုံးတော်ကအလုပ်ကြမ်းနှင့်ထောင်ဒဏ် (၁၀) နှစ် အပြစ်ပေးခံရသည်တွင် ဇနီးသည်ခမြာ တရားခွင်၌ ဝမ်းနည်းကြေကွဲနေရာမှ စိတ်မထိန်းနိုင်ဘဲ သတိလစ်မေ့သွားသည်အထိ အလွမ်း 'မိ' အောင် ရိုက်ပြရန် ဒါရိုက်တာက စီစဉ်ထားလေသည်။

မေသက်ဝင်းက အဆိုပါတရားခံ၏ဇနီးသည်အဖြစ် သရုပ်ဆောင်ကာ အလွမ်းသယ်ရမည် ဖြစ်လေသည်။

ထို့ကြောင့် ယနေ့နံနက် အိပ်ရာမှ နိုးသည့်အချိန်မှစ၍ သူမသည် လွမ်းခန်းကို အပိုင်နိုင်ဆုံး သရုပ်ဆောင်နိုင်ရန် သူ့ကိုယ်သူ ဒုက္ခသည်၊ အပူသည်တယောက်လို သဘောထားကာ လွမ်းစရာ၊ ဆွေးစရာ၊ ကြေကွဲစရာ အကြောင်းတွေချည်း တွေးနေပါတော့သည်။

ထိုမျှသာမကသေး၊ ပင်ကိုယ်သဘာဝအားဖြင့် အလွန် ဖျတ်လတ်သွက်လက်လှသူ မေသက်ဝင်းသည် ထိုနေ့က တကယ် စိတ်ဓာတ်ကျဆင်းပြီး အားအင်ချိနဲ့သည့် အပူသည် မိန်းကလေးတယောက်လို လှမ်းလျှောက်ရာ၌ပင် ခြေလှမ်း တလှမ်း ခပ်လေးလေးလှမ်းလျက် ချစ်လင်အတွက် ပူပင်သောကရောက်၍ အားအင်ချိနဲ့မောပန်းနွမ်းနယ်နေဟန် အမူအရာ လုပ်ကြည့်နေလိုက်ပါသေးသည်။

၁၀-နာရီကျော်ကျော်တွင် ဇာတ်ကားစရိုက်ရန် အားလုံး အဆင်သင့် ဖြစ်နေကြောင်း စတူဒီယိုမှ တယ်လီဖုံး လာသဖြင့်



မေသက်ဝင်းလည်း စောစောက လေ့ကျင့်ထားသည့် အမူအရာ မပျက် အပူသည်ဟန်ဖြင့်ပင် ရုပ်ရှင်ခြံသို့သွားလေသည်။

စတူဒီယိုရောက်ရောက်ချင်း အသင့်စောင့်နေသူ ဒါရိုက်တာ ဦးတင်ထူးသည် မေသက်ဝင်းကိုမြင်လိုက်သောအခါ "အင်း— မချောကတော့ ဒါမျိုးစိတ်ချရတယ်။ အိမ်မှာထဲက လွမ်းခန်းအိုက်တင်ကိုကြိုတင်လုပ်လာခဲ့ပြီ" ဟု သဘောကျ ချီးကျူးဟန်ဖြင့် သူ၏လက်ထောက် မောင်ကိုလေးအား ပြောလိုက်လေသည်။

နောက်ပိုင်းတရားစီရင်ခန်း တကယ်ရိုက်ကူးသော အခါတွင်လည်း မေသက်ဝင်း၏ သရုပ်ဆောင်မှုမှာသဘာဝကျပြီး ပိုင်နိုင်လွန်းလှသဖြင့် နောက်ဆုံးရုံးမင်းက စီရင်ချက်အမိန့် ဖတ်ကြားအပြီးတွင် တရားခွင်ဘက်ဆီသို့တွေကြည့်နေရာမှ စိတ်ထိခိုက်လွန်းကာ အရုပ်ကြိုးပြတ်ပုံရက်သားလဲကျသွားချိန်၌ ရပ်ကြည့်နေသူအချို့က "ဟယ်...." ဟုပင် အာမေဍိတ်သံရေရွတ်လျက် မေသက်ဝင်း အိုက်တင်လုပ်တာမဟုတ်ဘဲ တကယ်ပင် သတိမေ့သွားရှာပြီဟု ထင်မိကြလေသည်။

အဆိုဖါရိုက်ကွက် (ကပ်)မှာ "ဆိုင်းလင်းရှော့"ခေါ် အသံမပါဘဲရိုက်ခြင်းဖြစ်၍သာ တော်ပါတော့သည်။ အသံထွက်ရိုက်ခြင်းဖြစ်ပါမူ ဘေးပရိတ်သတ်၏ "ဟယ်...."ဟူသောအသံကြောင့် ပျက်သွားပြီး ပြန်ရိုက်ရမည်ဖြစ်ပေသည်။

"အိုကေ....ကမ္ဘာမကြေဘဲဟေ့၊ ဒီနေ့အဖို့တော့ပြီးပြီ"

ဟု မောင်ကိုလေးက အော်ပြောလိုက်၍ မေသက်ဝင်းလည်း မျက်လုံးဖွင့်ကာ ထလိုက်တော့မှပင် စတူဒီယိုအတွင်းရှိ ပရိသတ်က မင်းသမီး တကယ်မေ့မြောသွားခြင်းမဟုတ်ကြောင်း သိကြရပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

ဒါရိုက်တာ ဦးတင်ထူးမှာ အကြီးအကျယ် ကျေနပ်သဘော ကျသွားပြီး....

"မသက်တော့ ဒီအခန်းတခန်းထဲနဲ့ နာမယ်ပိုကြီးအုံးမှာ သေချာပါတယ်...."

ဟု ချီးကျူးပြောဆိုလေသည်။

အမှန်က မေသက်ဝင်းသည် လွမ်းခန်းရိုက်နေချိန်၌ စောစောက ကြိုတင်တွေးထားသော သရက်မြို့တွင်နေစဉ် မာမီ ဒေါ်မြတင်နှင့် မောင်မောင် ရေနစ်သေဆုံး၍ ကြေကွဲခဲ့ရပုံ၊ ဖခင် ဦးစံရှိန် စစ်ကိုင်းတွင်ကွယ်လွန်ချိန်က အသက်မှမီလိုက်၍ စိတ်ထိခိုက်ရင်နာခဲ့ရပုံ အကြောင်းများကြောင့် တကယ်ပင် မျက်ရည်ထွက်အောင် ဝမ်းနည်းမိကာ လွမ်းခန်း "အိုက်တင်" ကို ပိုင်ပိုင်ကြီး သယ်သွားနိုင်ခြင်းဖြစ်လေသည်။

"ဆွေးတသိမ့်သိမ့်"ဇာတ်ကားမှ အဆိုပါအလွမ်းခန်းရိုက်ကူးနေစဉ် လာကြည့်သော ဧည့်သည်ပရိသတ်ထဲမှ လူတယောက်သည် မေသက်ဝင်းအားအထူးစိတ်ဝင်စားစွာ ငေးစိုက်ကြည့်နေကြောင်းကိုကား သူမအနေဖြင့် သတိမပြုမိလိုက်ချေ။

*　　*　　*

(၂)

ရုပ်ရှင်ပညာသည်တို့အနေဖြင့် ဓာတ်ပုံကင်မရာရှေ့၌ ဟန်အမူအရာ 'အိုက်တင်' လုပ်ရသည်မှာ တကယ်မဟုတ်၊ သဏ္ဌာန်လုပ်ရုံလုပ်ရသဖြင့် အလွန်သက်သာပြီး ငွေရချောင်သောအလုပ် တခုဟုထင်မှတ်ပါက မှားမည်ဖြစ်ပေသည်။

အရေးမကြီးသော အခန်းများတွင် ပေါ့ပေါ့ဆဆ သရုပ်ဆောင်ရလျှင် မပင်ပန်းလှသော်လည်း စိတ်ထိခိုက်လှုပ်ရှားမှုကို သဘာဝကျကျပေါ်လွင်အောင် ဟန်အမူအရာ လုပ်ပြရသည့် လွမ်းခန်းဆွေးခန်းလိုအခန်းများရိုက်ရသည့်အခါများတွင်မူ စိတ်အာရုံဝင်စားအောင် စူးစိုက်ရသဖြင့် အထူးပင်ပန်းလှပေသည်။

'ဆွေးတသိမ့်သိမ့်' ဇာတ်ကားမှ 'ကလိုင်းမက်စ်' ခေါ် ဇာတ်၏ အမြင့်ဆုံးအခန်းဖြစ်သည့် တရားခွင်ခန်းကို ရိုက်ကူးရာတွင် မေသက်ဝင်းမှာအကြီးအကျယ် စိတ်မောလူမောဖြစ်ခဲ့ရပေသည်။

ထိုကြောင့် နောက်တနေ့ 'ရှူတင်' (ကားရိုက်)အစီအစဉ်ရှိသည့်အတူတူနေမြင့်အောင်အားရပါးရအိပ်လိုက်မည်ဟု သဘောကူးကာ နံနက် ၆ နာရီခွဲချိန်တွင် နိုးနေသော်လည်း မထသေးဘဲ

www.burmeseclassic.com

အိပ်ရာထဲမှာပင်အနားယူနေစဉ် ၇ နာရီသာသာတွင် အိမ်ရှေ့ညေ့ခန်းသို့ညေ့သည်ရောက်လာကြောင်းသိရလေသည်။

ရိုးရိုးညေ့သည်ဆိုလျှင် 'နေမကောင်းလို့ နောက်မှဘဲလာပါ' ဟုပြောခိုင်း၍ ဆက်အိပ်နေလိုက်နိုင်သော်လည်း ယခုလာသူများက ဒါရိုက်တာ ဦးတင်ထူး၊ မင်းသားကြီး ကိုဇော်ဟိန်းနှင့် အခြားမျက်နှာစိမ်း ညေ့သည်တယောက် ဖြစ်ကြောင်း ဆရာမ ရင်ရင်ကခပြောသဖြင့် အတွေ့မခံလျှင် မကောင်းသောကြောင့် မေသက်ဝင်းမှာ အိပ်ရာမှ မထချင်ထချင်နှင့်ထပြီး မျက်နှာသစ်, အဝတ်အစားလဲကာ ညေ့ခန်းသို့ထွက်လာရပါတော့သည်။

အမှန်တော့ ဦးတင်ထူးနှင့် ကိုဇော်ဟိန်းတို့က မေသက်ဝင်းသည် နံနက်နေမြင့်အောင်မအိပ်တတ်ဘဲနေ့တိုင်းနံနက် ၆ နာရီခွဲနောက်အကျဆုံးထား၍ အိပ်ရာမှထလေ့ရှိကြောင်း၊ နံနက်ပိုင်းတွင် ကိုယ်ကာယအလှလေ့ကျင့်ခန်းများ လုပ်တတ်ကြောင်းသိ၍ ၇ နာရီအချိန်တွင် လာကြခြင်းဖြစ်ပေသည်။

သူတို့နှင့်အတူ ပါလာသူမှာ အသက် ၄၅ နှစ်ခန့် ပိန်ပိန်ပါးပါးနှင့် စူးရှတောက်ပြောင်သော မျက်လုံးများ ရှိသူတဦး ဖြစ်သည်။ ယမန်နေ့က 'ဆွေးတသိမ့်သိမ့်' ရုပ်ရှင်ကားရိုက်စဉ် မေသက်ဝင်းအား အထူးစိတ်ဝင်စားစွာ စူးစိုက်ကြည့်နေခဲ့သူ ညေ့သည်ပင်တည်း။

"မသက်ရေ.... ဟောဒါက မန္တလေးက ပန်းပုဆရာကြီး ဦးဉာဏ်မောင်ဆိုတာပါဘဲ။ သူက မနေ့ရုပ်ရှင်ရိုက်တာ လာကြည့်ရင်း မသက်ကို အထူးစိတ်ဝင်စားပြီး တွေ့ဆိုစကားပြောချင်တယ်လို့ ပြောတာနဲ့ ခေါ်လာခဲ့တယ်။ ဦးဉာဏ်မောင်က ကိုဇော်ဟိန်းကြီးကိုလဲ မနှင်က မန္တလေးမှာ ကားရိုက်သွားရင် သိကျွမ်းခင်မင်လာခဲ့တယ်ဆိုဘဲ...."

ဟု ဒါရိုက်တာ ဦးတင်ထူးက မိတ်ဆက်ပေးလိုက်တော့မှပင် မေသက်ဝင်းမှာ ညေ့သည်လူစိမ်းက မည်သူမည်ဝါ ဖြစ်ကြောင်း သိရပါတော့သည်။

ပန်းပုဆရာကြီး ဦးဉာဏ်မောင်၏ နာမည်ကိုကား မေသက်ဝင်းက ကြားဘူးနေပေသည်။ မြန်မာပန်းပုဆရာထဲတွင် အလွန်ထူးချွန်သဖြင့် နိုင်ငံခြားသားများကပင် ချီးကျူးခဲ့ရသည့်ပြင် အနောက်တိုင်းသားတို့၏ ပန်းပုပညာကိုလည်း **အီတလီ**နှင့် ပြင်သစ်နိုင်ငံများသို့ သွားရောက်လေ့လာခဲ့ဘူးသည်။ လွတ်လပ်ရေးရပြီးခေတ်တွင် မြန်မာယဉ်ကျေးမှု မစ်ရှင်အဖွဲ့ဝင် တဦးအဖြစ် တရုပ်ပြည်သူ့သမတနိုင်ငံနှင့် ဆိုဗီယက်ယူနီယံသို့လည်း သွားရောက်ခဲ့ဘူး၏။ အထူးသဖြင့် ဦးဉာဏ်မောင်သည် **အီတလီ**နိုင်ငံမှ ကျောက်ဆစ်ပန်းပုထုနည်းပညာကို ကူးချွန်စွာ တတ်မြောက်ခဲ့လေသည်။

ဤမျှ ထင်ရှားသော နာမည်ကျော် ပန်းပုဆရာကြီးကို ယခင်က နာမည်သာ ကြားဘူးခဲ့ရာ ယခု မိမိထံသို့ လာရောက်ခြင်းမှာလည်း ထူးခြားလှသဖြင့် မေသက်ဝင်းမှာ ဘယ်လိုအကြောင်းကိစ္စများပါလိမ့်ဟု စိတ်ဝင်စားမိလေသည်။

ထိုကြောင့်ပင် သူမ၏ချစ်စဖွယ် အပြုံးဖြင့် ပြုံးလျက်....
"ဟုတ်ကဲ့....ယခုလိုတွေ့ရတာ ဝမ်းသာပါတယ်ရှင်...."
ဟု ရေမွန်စွာပင် နှုတ်ဆက်လိုက်လေသည်။
ဤတွင် ကိုဇော်ဟိန်းကဝင်၍....




www.burmeseclassic.com

www.burmeseclassic.com

"ဆရာဦးဥာဏ်မောင်က အခုရန်ကုန်လာပြီး ယဉ်ကျေးမှု ဌာနအတွက် ပန်းပုလုပ်ငန်းတွေလုပ်ဘို့ တာဝန်ပေးတာနဲ့ လာ လုပ်နေရင်း မနေ့က ရုပ်ရှင်ရိုက်တာ လာကြည့်တော့ မေသက် ဝင်းကိုမြင်ပြီး လူချင်းတွေ့ချင်ပါတယ်ဆိုလို့ ခေါ်လာခဲ့တာဘဲ ကိုယ်တော့ အခုလိုကြုံကြိုက် တိုက်ဆိုင်တာဟာ ဝမ်းသာစရာ ဘဲလို့ ထင်ပါတယ်။ ကိုင်း.... ဆရာကြီးဦးဥာဏ်မောင်က ပြော ချင်တဲ့ကိစ္စပြောပေတော့...."

ဟု ပြောလိုက်ပြီးနောက် ပန်းပုဆရာ ဦးဥာဏ်မောင်က လည်း တိုတိုတုတ်တုတ်ပင် သူလာရသည့်ကိစ္စကို ပြောလေ သည်။

သူ၏ ဆန္ဒကား အခြားမဟုတ်၊ မေသက်ဝင်းက သဘော တူခွင့်ပြုမည်ဆိုလျှင် သူမ၏ ပုံတူ ကျောက်ဆစ်ပန်းပုရုပ်တခု "လိုက်ဖ်ဆိုက်" ခေါ် တကဲ့ လူအရပ်အမောင်း အချိုးအစား အတိုင်း ထုလုပ်ရန်ပင် ဖြစ်လေသည်။

ဦးဥာဏ်မောင်သည် "ဆွေးတသိမ့်သိမ့်"ရုပ်ရှင်ကား ရိုက်ကူး စဉ် ဒါရိုက်တာ ဦးတင်ထူးနှင့် ပတ်သက်ပြီး လာကြည့်ရင်းက မင်းသမီးမေသက်ဝင်းအား ပထမဆုံးအကြိမ် မြင်ဘူးခဲ့ခြင်းဖြစ် သည်။ မေသက်ဝင်း၏ အင်္ဂါရုပ်, မျက်လုံးအမူအရာ၊ ပါးစပ် နှုတ်ခမ်းများနှင့် ကိုယ်လုံးကိုယ်ဟန်ကို မြင်ရသည်တွင် သူ့အနေ နှင့် ယခင်ကမမြင်ဘူးအောင် ထူးထူးခြားခြား လှပနေသည်ကို သတိမူမိခဲ့သည်။ သူမ၏အလှမှာ ပန်းချီပန်းပု အနုပညာရှင်တို့ အကြိုက် အလှမျိုးဖြစ်နေသည်။ သည်လို ထူးခြားသော အလှ ကျက်သရေရှင် မိန်းမတယောက်အား ပုံတူ ကျောက်ဆစ် ပန်းပု ရုပ် ထုလိုက်ရလျှင် အလွန် ကောင်းလေစွဟု စိတ်ကူး ရသဖြင့်



ဦးတင်ထူးနှင့် ကိုဇော်ဟိန်းတို့အကူအညီဖြင့်ယခုလာရောက်ပြော ဆိုကြည့်ခြင်းပင် ဖြစ်လေသည်။

ပုံတူ ကျောက်ရုပ်-ကြေးရုပ် ထုလုပ်သည်ဆိုခြင်းမှာ တကဲ့ နိုင်ငံခေါင်းဆောင်ကြီးများ၊ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးများကိုသာ နောင်လာနောက်သားတို့အတွက် အမှတ်တရဖြစ်စေရန် ထုလုပ် လေ့ရှိကြရာ ယခု မိမိလိုရုပ်ရှင်မင်းသမီးတယောက်အား နာမည် ကျော် ပန်းပုဆရာကြီးတယောက်က ပုံတူ ကျောက်ဆစ်ပန်းပုရုပ် ထုလုပ်ချင်ပါသည် ဆိုခြင်းမှာ ဝမ်းမြောက် ဂုဏ်ယူဖွယ်ရာပင်ဖြစ် ပါတော့သည်။

ထို့ကြောင့် မေသက်ဝင်းလည်း ဦးဥာဏ်မောင် ပြောသည့် အတိုင်း ပုံတူပန်းပုရုပ်ထုလုပ်ရန် ချက်ချင်းပင် သဘောတူလက်ခံ လိုက်လေသည်။

× × ×

အစီအစဉ်က ဦးဥာဏ်မောင်က အစိုးရအလုပ်တွေကိုပါ လုပ် နေရသဖြင့် ခပ်မြန်မြန်ပင် အလုပ် စ,ချင်ပါသည်ဆို၍ ရုပ်ရှင် ကားရိုက်(ရှူတင်)မရှိသည့် နေ့များတွင် တနေ့လျှင် ၂-နာရီ၊ ကားရိုက်ရှိသည့်နေ့ဆိုလျှင် နံနက်ပိုင်း ရုပ်ရှင်စတူဒီယို မသွားမီ တနာရီ မေသက်ဝင်းက ပန်းပုအလုပ်ခန်း စတူဒီယိုသို့သွားရောက် ကိုယ်ဟန်ပြပေးရန်ပင် ဖြစ်လေသည်။

နောက်တနေ့နံနက် ဦးဥာဏ်မောင်၏ ပန်းပုစတူဒီယိုသို့အစီ အစဉ်အတိုင်း သွားသောအခါ မေသက်ဝင်းမှာ မမြှော်လင့်



www.burmeseclassic.com

www.burmeseclassic.com

သော အကြောင်းတရပ်ကို သိရသဖြင့် အံ့အားသင့်သွားမိလေသည်။

ပုံတူ ပန်းပုထုရာတွင် ကိုယ်ဟန်ပြခြင်း ဆိုသည်မှာ အဝတ်အစားအပြည့်အစုံနှင့် မတ်တတ်ရပ်နေလိုက်ရုံဘဲဟု ထင်မိခဲ့သော်လည်း ယခုတော့ ဦးဉာဏ်မောင်ပန်းပုထုနေစဉ် မိမိက အဝတ်အစားလုံးဝမပါ၊ ကိုယ်တုံးလုံးချွတ်၍ ရပ်ပြရမည်ဟု သိရသဖြင့် ရှတ်တရက် ရှက်ကြောက် အံ့အားသင့်သွားမိခြင်း ဖြစ်လေသည်။

ပန်းပု စတူဒီယိုကတော့ အလွန်လုံခြုံစိတ်ချရသော နေရာဖြစ်ပါသည်။ သို့သော် မေသက်ဝင်းမှာ မြီးကောင်ပေါက်အပျိုဖျန်းကလေးတယောက် မဟုတ်လင့်ကစား ဦးဉာဏ်မောင်လို လူစိမ်းတယောက်ရှေ့၌ အဝတ်အစားမပါ ဗလာကျင်း၍ ရပ်ပြရမည်ကို ရှတ်တရက် ရှက်မိခြင်း ဖြစ်ပေသည်။

ဤတွင် ဆရာဦးဉာဏ်မောင်က အနောက်နိုင်ငံမှ ပန်းချီပန်းပု ကိုယ်ဟန်ပြမယ် (မော်ဒယ်လ်)များဆိုလျှင် သည်လိုပင် အဝတ်အစားချွတ်၍ ကိုယ်ဟန်ပြရကြောင်း၊ သို့မှသာခန္ဓာကိုယ်အစိတ်အပိုင်း အချိုးအဆစ်များ၏ သဘာဝအလှကို အသေးစိပ် အနုပညာမြောက်စွာ ဖေါ်ထုတ် ထုလုပ်နိုင်မည် ဖြစ်ရကြောင်း ရှင်းလင်းပြောပြသော အခါ၌ကား မေသက်ဝင်းသည် "ဟယ်.... မထူးပါဘူး၊ တခြားလူတွေမြင်မှာမှမဟုတ်ထာ...."ဟု သဘောထားကာ....

"ဟုတ်ကဲ့ ဆရာ.... ဆရာပြောတဲ့အတိုင်း ကျမ နေပေးပါမယ်...."

ဟု ပြောပြောဆိုဆို ဝတ်လာသော အဝတ် အစားများကို ချွတ်လိုက်လေသည်။

ကြိုတင်ပြင်ဆင်ထားသည့် ခုံမြင့်ကလေးတခုပေါ်တွင် ဝတ်လစ်စလစ် မတ်တတ်ရပ်နေသော မေသက်ဝင်း၏ မိမွေးတိုင်း ဖမွေးတိုင်းကိုယ်လုံးကို သေချာစွာ မြင်ရသောအခါ ပန်းပုဆရာကြီး ဦးဉာဏ်မောင်မှာ ရှတ်တရက် အလုပ်မစ နိုင်အောင်ပင် အံ့အားသင့်ကာ ငေးမောကြည့်ရှု နေမိပါတော့သည်။

သူ့အနေနှင့် မိန်းမတယောက် အဝတ်အစားမပါဘဲ ကိုယ်တုံးလုံးမြင်ရခြင်းမှာ အဆန်းမဟုတ်။ ပထမဆုံး အကြိမ်လည်း မဟုတ်ပေ။ ပြင်သစ်နှင့် အီတလီနိုင်ငံများသို့ သွားရောက် လေ့လာစဉ်က ပန်းချီပန်းပု စတူဒီယိုများ၌ (မော်ဒယ်လ်)ကိုယ်ဟန်ပြမယ် မိန်းကလေး အမြောက်အမြားကို ဝတ်လစ်စလစ်မြင်ခဲ့ဘူးသည် မဟုတ်ပါလော။ အနုပညာမျက်စိဖြင့်သာကြည့်တတ်သော ပန်းပုပညာရှင် တယောက်အနေဖြင့် မိန်းမ၏ ခန္ဓာကိုယ်ကိုမြင်ရ၍နှင့် ညစ်ညမ်းသောတပ်မက်စိတ်, ရာဂစိတ်များပင် ဖြစ်ပေါ်လာခြင်းမရှိအောင် စိတ်ကိုနိုင်သူဖြစ်ပေသည်။

ယခုမေသက်ဝင်း၏ လှပ အချိုးကျနသလောက် ကြီးထွားပြည့်ဖြိုးသည့် ကိုယ်လုံးကို သဘာဝအတိုင်း မြင်ရသောအခါ၌မူ ဦးဉာဏ်မောင်မှာ ကိုယ့်ကိုယ်ကို အာသဝေါကုန်ပြီဟု ထင်ပြီးကာမှ ဈာန်လျှောရတော့မည့် ပုဂ္ဂိုလ်တဦးကဲ့သို့ ဖြစ်လာမိသဖြင့် စိတ်ထဲ လှုပ်ရှားသွားမိခြင်း ဖြစ်လေသည်။

မေသက်ဝင်း၏ ခါး-ရင်-တင်-ပေါင်တံများ၊ လည်တိုင်နှင့် လက်မောင်းအနေအထား အချိုးအစားများမှာ ဦးဉာဏ်မောင် မြင်ဘူးသမျှ မိန်းမတွေထက် ပိုမိုထူးကဲစွာလှသည်ဟု ထင်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com

အထူးသဖြင့် ဦးဥာဏ်မောင်၏ စိတ်ကို ချောက်ချားအောင် ဆွဲဆောင်စေသည်ကား မေသက်ဝင်း၏ ပေါင်[illegible]စ်ခု အလယ် အရင်းရှိ မိန်းမကိုယ် အစိတ်အပိုင်းပင်ဖြစ်လေသည်။ မိန်းမအင်္ဂါ ဇာတ် ပုံသဏ္ဍာန်က အလှဆုံးပါဘဲလားဟုလည်း စိတ်ထဲမှ မှတ်ချက်ချလိုက်မိသည်။

ဦးဥာဏ်မောင်သည် စကားကို ခပ်ဘွင်းဘွင်း ပြောတတ်သည့်အလျောက် ကာယကံရှင် မေသက်ဝင်းကိုပင် အထက်ပါ အကြောင်းကို ပြောင်ဖွင့်ပြော ချီးကျူးလိုက်ပါသေးသည်။

ထို့ပြင် နောက်ပိုင်းကျတော့ ဒါရိုက်တာ ဦးတင်ထူးနှင့် ကိုဇော်ဟိန်းတို့ကိုလည်း မေသက်ဝင်း၏မိန်းမကိုယ်အင်္ဂါ ထူးထူးခြားခြားလှပပုံအကြောင်း ချီးမွမ်းပြောဆို ခဲ့ပါသေးသည်။

လုပ်သက်ဝါရင့်ပြီး အနုပညာစိတ်ဓါတ် ရာခိုင်နှုန်းပြည့်ရှိသူ ဖြစ်သည့်အားလျော်စွာ ဦးဥာဏ်မောင်သည် ချက်ချင်းပင် စိတ်ကိုထိန်းပြီး မေသက်ဝင်း၏ ကျောက်ဆစ်ပန်းပု ထုလုပ်ခြင်းကို စတင်နိုင်ခဲ့လေသည်။

အချိန်ကာလ သုံးလကျော်ကျော်မျှကြာသောအခါ မေသက်ဝင်း၏ ပုံတူကျောက်ဆစ်ပန်းပုရုပ်မှာ ပြီးလုနီးပါးဖြစ်လာရုံမက နောက်ဆုံးတကြိမ် ကိုယ်ဟန်ပြရင်း ဦးဥာဏ်မောင်က အချော သတ်ရန်သာ ကျန်တော့သည့် အခြေအနေသို့ ရောက်ခဲ့လေသည်။

"လိုက်ဖ်ဆိုက်"ခေါ် ပကတိ လူကောင်အရွယ်အစားအတိုင်း ပြုလုပ်ထားသော ကျောက်ဆစ်ပုံတူ ပန်းပုရုပ်မှာ ဦးဥာဏ်မောင် ၏လက်ရာက အနုပညာ မြောက်သလောက် လှပနေလေရာ မေ သက်ဝင်းကိုယ်တိုင်က ပုံတူကျောက်ရုပ်ကို ကြည့်ရင်း ကျေနပ် ပီတိဖြစ်နေပေသည်။



ထုလုပ်ထားပုံကလည်း သူမကိုယ်လုံးကို သဘာဝ အသွင်အတိုင်း အသေးစိပ်အင်္ဂါအစိတ်အပိုင်းအားလုံး အပြည့်အစုံထုထား သဖြင့် ပန်းချီပန်းပု ပညာရှင်များအနေဖြင့် အပြောင်မြောက်ဆုံးလက်ရာ "မာစတာပိစ်"ဟု ဆိုနိုင်သော်လည်း သာမန်လူတို့ မျက်စိတွင်မူ ညစ်ညမ်းသည် ညစ်ပတ်သည်ဟုပင် ဆိုရမလို ဖြစ် နေပေသည်။

ပန်းပုဆရာကြီး ဦးဥာဏ်မောင်ရော ကိုယ်ဟန်ပြသူ မေသက်ဝင်းပါ နှစ်ဦးစလုံးက ပုံတူကျောက်ဆစ်ပန်းပုရုပ် ပြီးစီးအောင် မြင်သွားသည်ကို ဝမ်းမြောက်ပီတိ ဖြစ်နေရှာကြစဉ်မှာပင် ဝမ်းနည်း ကြေကွဲဘွယ်ရာ အကြောင်းတရပ်က ဖြစ်ပေါ်လာလေ သည်။

ကျောက်ဆစ်ရုပ်ကိုဆရာဦးဥာဏ်မောင်က နောက်ဆုံးအကြိမ် အချောကိုင်သည့်နေ့တွင် မေသက်ဝင်းသည်ကိုယ်ဟန်ပြမတ်တတ် ရပ်နေရင်းက ရုတ်တရက် ရင်ပတ်ထဲမှ "အောင့်တယ် နာလိုက် တာ"ဟု ညည်းညူရင်း နောက်ဆုံးမတ်တတ်ရပ်၍ပင် မနေနိုင် တော့ဘဲ ရင်ပတ်ကိုလက်ဖြင့်နှိပ်ကာ ကြမ်းပြင်ပေါ် ထိုင်ချလိုက် ရင်းက သတိမေ့လဲ့ကျ သွားရှာလေသည်။

ဦးဥာဏ်မောင်လည်း မျက်လုံး မျက်ဆန်ပြူးကာ မေသက် ဝင်းနှင့်အတူပါလာသူ ဆရာမရင်ရင်အား ချက်ချင်း အ[illegible] အစား ပြန်ဝတ်ပေးစေကာ ဆရာဝန်ကို ဖုံးဆက်ခေါ်[illegible]လေ သည်။



www.burmeseclassic.com

www.burmeseclassic.com

ကံအားလျော်စွာ ဆရာဝန်၏ ဆေးခန်းက ဦးဉာဏ်မောင်၏ ပန်းပုစတူဒီယိုနှင့် မလှမ်းမကမ်းတွင် ရှိသဖြင့် ဒေါက်တာသည် ဆယ်မိနစ်မျှမကြာမီ ရောက်လာလေသည်။

ဆရာဝန်ရောက်မလာမီ မေသက်ဝင်းသည် သတိပြန်ရလာပါသော်လည်း ရင်ပတ်ထဲမှဝေဒနာကမသက်သာသဖြင့် ဒေါက်တာကိုယ်တိုင် အကြံပေးချက်အရ ဆေးရုံကြီးသို့ တင်ပို့လိုက်ရလေသည်။

မကြာမီ ရင်ရင်က ဖုန်းဆက်အကြောင်းကြားသဖြင့် ကိုဇော်ဟိန်း၊ ဦးတင်ထူး၊ ကိုမျိုးဇင်တို့ ဆေးရုံကြီးသို့ လိုက်လာကြပြီး မျိုးဇင်ကိုယ်တိုင် ထိပ်သီး ဆရာဝန်ကြီးများ၊ သမားတော်ကြီးများကို ခေါ်ယူ၍ မေသက်ဝင်းအား ကြည့်ရှုကုသပေးရန် ပြောဆိုလေသည်။

သူဌေးမျိုးဇင်၏ ဂုဏ်ရှိန်အဆင့်အတန်းနှင့် အပေါင်းအသင်းဆန့်မှုကြောင့် နာမည်ကြီးဆရာဝန်ကြီးများကိုယ်တိုင် အထူးဂရုစိုက်ကြည့်ရှုပေးကြလေသည်။

သို့ရာတွင် ညနေဘက်ကျတော့ အကြီးဆုံး သမားတော်ကြီးက မေသက်ဝင်း၏ရောဂါနှင့်ပတ်သက်၍ သူ၏ယူဆချက်ကို ပြောပြသောအခါ အားလုံးပင် ထိတ်လန့်တုန်လှုပ် သွားကြရပါတော့သည်။

သမားတော်ကြီးက ဆန်းစစ်ကြည့်၍ ရရှိသော ထင်မြင်ချက်ကတော့....

"ကျုပ်တော့ အဆုတ်မှာကင်ဆာဖြစ်တယ်နဲ့တူတယ်၊ ဒီရောဂါမျိုးက သန်သန်မာမာ ဝဝဖြိုးဖြိုးပေမဲ့ လဲဖြစ်နိုင်တာဘဲ။ အခု မမေသက်ဝင်းကိုကြည့်ရတာ သူ့ရဲ့အဆုတ်မှာ ခပ်စောစောကဘဲ ကင်ဆာစဖြစ်နေပုံရတယ်။ ဒါမျိုးက ဒီလိုရှောင်တခင် ခပ်ကြမ်းကြမ်းပေါ်လာနိုင်တဲ့သဘောရှိတယ်...."

ဟူ၍ပင်ဖြစ်ပါသတည်း။

* * *

www.burmeseclassic.com

www.burmeseclassic.com

# (၃)

ပထမတော့ သမားတော်ကြီးက အင်္ဂလိပ်လို "ကင်ဆာ ဆပ်စပိတ်" ဟု ဆိုသဖြင့် မသက်ာ ဖြစ်ရုံဖြစ်ရတာဘဲ။ တကယ် ဟုတ်ချင်မှ ဟုတ်မှာပါ ဟု မြှော်လင့်ချက် ထားကြသေးသော်လည်း နောက်ရက်များတွင် ဆရာဝန်ကြီးများ ထပ်မံ၍ သေချာစွာ စစ်ဆေး ကြည့်ရှုပြန်သောအခါ အဆုတ်မှာ ကင်ဆာ တကယ်ဖြစ်နေပြီဟု အခိုင်အမာသိရကာ အားလုံး စိတ်မကောင်းဖြစ်ကြရပါတော့သည်။

တချိန်တည်းမှာပင် ဆရာဝန်ကြီးများက လုံးဝ အနားယူရမည်ဟု ဆိုသဖြင့် ရုပ်ရှင်ရိုက်ကူးခြင်း အစီအစဉ် အားလုံးကို ရက် အကန့်အသတ်မရှိ ဖျက်သိမ်း ရွှေ့ဆိုင်းလိုက်ရလေသည်။

ရုပ်ရှင်လောကတွင် ဇာတ်ကား ရိုက်ကူးဆဲတန်းလန်း မင်းသမီး နာမကျန်းဖြစ်၍ ကားရိုက် အစီအစဉ် ရပ်ထားရလျှင် သက်ဆိုင်ရာကုမ္ပဏီအဖို့ အလွန်ထိခိုက် နစ်နာတတ်ကြောင်း ရုပ်ရှင်သမားတို့ အသိဆုံး ဖြစ်၏။

ယခု မေသက်ဝင်း ကင်ဆာ ရောဂါကြောင့် အလုပ်ရပ်နားထားချိန်တွင်ကား "ဘုရားသိကြား မ,လို့ ရွှေမင်းသမီးမြန်မြန်ကျန်းမာလာပါစေ" ဟု စေတနာ အစစ်တော့မပါဘဲ မိမိတို့ ရိုက်ဆဲ ဇာတ်ကား ပြီးမြောက်ရေးအတွက် ဆုတောင်းသူများ ရှိသလို မေသက်ဝင်းအားတကယ်သနားကရုဏာဖြစ်ပြီး ဝမ်းနည်းစိတ်မကောင်းစွာဖြင့် မြန်မြန် ကျန်းမာ ချမ်းသာပါစေဟု ဆုတောင်းသူများလည်း ရှိကြပေသည်။

တခု ထူးခြားချက်ရှိသည်ကား မေသက်ဝင်းသည် ကိုမျိုးဇင် အကြံပေးချက်အရ ရိုက်ကူးဆဲ ဇာတ်ကားများ အတွက် သရုပ်ဆောင်ခ စရံငွေယူထားခဲ့သမျှ အားလုံးကို သက်ဆိုင်ရာ ကုမ္ပဏီများသို့ ချက်ချင်း ပြန်ပေးခဲ့ခြင်းပင် ဖြစ်၏။ သူမ, ပြန်လည်ကျန်းမာလာ၍ ကားရိုက်နိုင်ချိန်တွင် ထိုဇာတ်ကားများကို ပြန်ရိုက်ပေးပါမည်ဟုလည်း ဂတိပေးထားပေသည်။

ထိုအတောအတွင်းကိုမျိုးဇင်နှင့် ဇော်ဟိန်းတို့က ရွှေ့ဆောင်ရွေ့ရှက်ပြု၍ သူမ၏ ရောဂါကို ဆရာဝန်ကြီးများဖြင့် အစွမ်းကုန် ကြိုးစား ကုသခဲ့လေသည်။

သို့ရာတွင် ဦးဉာဏ်မောင်၏ ပန်းပု စတူဒီယိုတွင် ဖြစ်ခဲ့သလိုဝေဒနာ ပြင်းထန်စွာ မခံစားရသော်လည်း မေသက်ဝင်းမှာ တဖြည်းဖြည်း အင်အား နည်းလာလေသည်။

ကိုမျိုးဇင်နှင့် ရင်းနှီးသော ဆရာဝန်ကြီးတဦးကမူ....

"ဒီအမျိုးသမီး စိတ်အေး ချမ်းသာစွာ နေဘို့လဲ အရေးကြီးတယ်ဗျ။ ရန်ကုန်မြို့မှာမနေဘဲ ရပ်ဝေးတနေရာရာမှာ အေးအေးဆေးဆေး အနားသွားယူနေရင် ကောင်းမယ်ထင်တယ်...."

www.burmeseclassic.com

www.burmeseclassic.com

ဟု အကြံပေးသဖြင့် "စပယ်ရှယ် နပ်စ်"ခေါ် အထူးသူနာပြု ဆရာမတယောက် အချိန်ပြည့်ငှား၍ ဆေးဝါးပစ္စည်း အစုံအလင်ဖြင့် မေမြို့သို့ သွားရောက် အနားယူစေခဲ့လေသည်။

မေမြို့၏ ရာသီဥတုနှင့် သဘာဝ တောတောင်ရေမြေ ရှုခင်းများကြောင့် မေသက်ဝင်းမှာ စိတ်အေး ချမ်းသာသလိုတော့ ရှိလာပါသည်။

"ကင်ဆာရောဂါဆိုတာ ပျောက်အောင်ကုဘို့ ဆေးနည်းမရှိဘူး။ တနေ့ မုချသေမှာဘဲ"ဟူ၍ ကြားဘူးနားဝရှိသောကြောင့် ရောဂါအကြောင်းတွေးလိုက်တိုင်း သူ့ခမြာ စိတ်ဓာတ် ကျမိပြန်လေသည်။

"တကယ်လို့များ ငါဒီရောဂါနဲ့သေသွားရင် ဘယ့်နဲ့လုပ်ရပါ့မလဲ...."ဟူ၍ပင် တွေးမိသည်အထိ စိတ်မကောင်းဖြစ်မိရှာလေသည်။

အထူးသဖြင့် သူမ၏ ဘဝခရီးတလျှောက် ဖြစ်စဉ်များအကြောင်း ပြန်လည်စဉ်းစားရင်း ယနေ့ အခြေအနေမှာ ငွေရေးကြေးရေး သို့မဟုတ် စားဝတ်နေရေးအတွက် လုံးဝပူပင်စရာမရှိသလောက် ပြည့်စုံနေလင့်ကစား တကယ့်စိတ်၏ချမ်းသာမှု၊တည်ငြိမ်အေးချမ်းမှုကိုတော့ မရရှိသေးပါတကားဟု တွေးမိရင်း မကျေမနပ်ဖြစ်နေရှာပါသေးသည်။

ယင်းသို့ ချမ်းသာမှု အစစ်အမှန်ကို မတွေ့ရသေး၍ ကျေနပ်ရောင့်ရဲမှု အပြည့်အဝ မရရှိမီ မေသက်ဝင်းသည် မသေချင်ရှာသေးပေ။

လောက၌ ရွှေငွေရတနာ ဥစ္စာပစ္စည်းမှန်သမျှ လိုလေသေးမရှိ ပြည့်စုံပါလျက် ငယ်ငယ်ရွယ်ရွယ် ပျော်လို့ပါးလို့ကောင်းတုန်းအရွယ်တွင် လူတိုင်းအံ့သြလောက်အောင် သူ့ကိုယ်သူသတ်သေသွားရှာသော ကမ္ဘာကျော် မင်းသမီးချော မာရီလင်မွန်ရိုး၏အကြောင်းကိုပါ ဆက်စပ်တွေးတော နေမိလေသည်။

မေသက်ဝင်းခမြာ မသိရှာသောအချက်တခုကား လောက၌ တကယ်ပြည့်စုံသော ချမ်းသာမှုအစစ်သည် ရွှေငွေ တိုက်တာ အိုးအိမ် စည်းစိမ်တည်းဟူသော ပစ္စည်းများလည်းမဟုတ်၊ ကိလေသာ တဏှာ ရာဂအလိုကို ဖြည့်စွမ်း ခံစားသည့် ဖိုနှင့်မ "အတွေ့" စည်းစိမ်လည်း မဟုတ်၊ သူမ၏ဖခင် ဦးစံရှိန်မကွယ်လွန်မီ ရှာတွေ့သွားသော ဗုဒ္ဓရှင်တော်ဘုရား၏ တရားဓမ္မသာလျှင် ဖြစ်သည်ဟူသော အချက်ပင်တည်း။။

× × ×

မေမြို့သို့ရောက်ပြီး သုံးလပြည့်လုနီးသောတနေ့သ၌ ဇင်ရှပ်ရှင်ကုမ္ပဏီနှင့် ဇင်စက်မှုလက်မှု လုပ်ငန်းပိုင်ရှင် သူဌေးဦးမျိုးဇင်ထံသို့ ကြေးနန်းစာတစောင် ရောက်လာရာ ကြေးနန်းစာတွင်....

"မေသက်ဝင်း ယနေ့နံနက် ၆-နာရီခွဲက ဆုံးသွားပြီ"

ဟူ၍ ပါရှိလေသည်။

ဥစ္စာပေါ, ရုပ်ချော, နာမည်ကြီး ရုပ်ရှင်မင်းသမီး မေသက်ဝင်းခမြာ လောက၌ တကယ့်ချမ်းသာမှု အစစ်အမှန်က ဘာပါလိမ့်ဟူသော ပြဿနာ၏အဖြေကို ရှာမတွေ့သေးမီ ငယ်ငယ်ရွယ်ရွယ်နှင့်ပင် ကွယ်လွန်အနိစ္စ ရောက်သွားရရှာပေပြီ။

www.burmeseclassic.com

နှစ်သိမ့်စရာတခုကတော့ ရန်ကုန်မြို့မှ မျိုးဇင်နှင့် ဇော်ဟိန်း တို့ခေါင်းဆောင်လျက် ဦးတင်ထူး၊ ဦးသာမြတ်၊ ဦးတုတ်ခိုင်၊ ဦးဘအေးတို့လို ခင်မင်ရင်းနှီးသော ရုပ်ရှင် လောကသားများ ကိုယ်တိုင် မေမြို့သို့လိုက်သွားပြီး စီမံ ခန့်ခွဲချက်ဖြင့် သွားလေသူ မေသက်ဝင်း၏ရျာပန အခမ်းအနားမှာ မကြုံစဘူးထူးကဲစွာ စည်ကားသိုက်မြိုက်ခြင်းပင် ဖြစ်လေသည်။

BURMESE CLASSIC

× × ×

ရက်လည်သပိတ်သွတ် ဆွမ်းကပ်၍ မေသက်ဝင်းအား အမျှအတမ်းပေးဝေပြီးနောက် ၂-ရက်မျှ ကြာသောအခါ သူဌေး ကိုမျိုးဇင်၏အိမ်၌ ဇော်ဟိန်း၊ ဦးတင်ထူး၊ ဦးသာမြတ်၊ ဦးတိုင်းကျော်၊ ဦးတုတ်ခိုင်၊ ဦးဘအေးနှင့် ပန်းပုဆရာ ဦးဉာဏ်မောင် တို့ ထိုင်၍စကားပြောနေကြလေသည်။

မေသက်ဝင်း၏ ပုံတူကျောက်ဆစ်ပန်းပုရုပ်ကိုဦးဉာဏ်မောင်က လုံးဝလက်မလွှတ်ချင် သော်လည်း မျိုးဇင်က အကြောင်းအမျိုးမျိုးပြ၍ အတင်းအဓမ္မ ငွေသုံးသောင်းပေး၍ ဝယ်ယူ သဖြင့် ထိုနေ့နံနက်ကပင် ကျောက်ရုပ်ကို ယူဆောင်လာပြီး သူဌေး ကိုမျိုးဇင်၏တိုက်အိမ် သီးသန့်အခန်းတခန်း၌ ထားရှိလေသည်။

ယင်းအစီအစဉ်ကိုဆရာဦးဉာဏ်မောင်နှင့်ပူးလုပ်ပြီးမှ မျိုးဇင်က ဇော်ဟိန်းနှင့် ရုပ်ရှင်နယ်မှ ရင်းနှီးသူအချို့ကို လဖက်ရည်သောက် ဖိတ်လိုက်ခြင်းဖြစ်ပေသည်။

နီညို့ရောင် ဇိန်ကတ္တီပါလိုက်ကာကြီးကို ပြည်ဖုံးကားသဖွယ် တပ်ဆင် ဖုံးအုပ်ထားရာမှ ဧည့်သည်များစုံချိန်တွင် မျိုးဇင်က ဇာတ်သိမ်းကြိုးဖြင့် ဆွဲဖွင့်လိုက်သောအခါ မြင်ရသူအားလုံးမှာ အံ့အားသင့်ပြီး စိတ်လှုပ်ရှားမိကြကုန်ပါတော့သည်။

အောက်ခံခပ်မြင့်မြင့်ပေါ်တွင် ရပ်နေသည့် အနေအထားဖြင့် ထုလုပ်ထားသော ကျောက်ဆစ်ပန်းပုရုပ်ကား အလွန်လှပ, အနုပညာမြောက်သလောက် အသက်ဝင်လှပေသည်။

ခန္ဓာကိုယ်အချိုးအစား အစိတ်အပိုင်းတွေက လှပသလို မျက်လုံးနှင့် နှုတ်ခမ်းတို့က အသက်ရှင်နေစဉ်က ကဲ့သို့ပင် ပရိသတ်အား ညှုတုတုကြည့်ကာ သူမ၏ကိုယ်ကာယအလှကို ကြွားဝင့်ပြနေရော့သလားဟု ထင်ရပေသည်။

ဒါရိုက်တာ ဦးတင်ထူးသည် မေသက်ဝင်း၏ ပုံတူ ရုပ်တုအား စိတ်မကောင်းဖြစ်ဟန်ဖြင့်ကြည့်ရင်း....

"အင်း....သူလိုမင်းသမီးမျိုးတော့ မရှိပါဘူးဗျာ...."

ဟု သူပြောနေကျစကားကိုပင် ထပ်ပြောလိုက်လေသည်။

ရုပ်ရှင်မင်းသားကြီး ဇော်ဟိန်းကမူ....

"ဒီအမျိုးသမီးရဲ့ မိန်းမကိုယ် အင်္ဂါဇာတ်ကတော့ အလှဆုံးပါဘဲဗျာ...."

ဟု ပန်းပုဆရာ ဦးဉာဏ်မောင် ပြောဘူးသည့် စကားကိုသာ ပြန်လည်ကြားယောင်မိရင်း မသိမသာ သက်ပြင်းချလိုက် မိပါတော့သတည်း။ ။

တက္ကသိုလ်နေဝင်း





www.burmeseclassic.com